www.burmeseclassic.com

# ၈၈ မမ

# လေယာဉ်ပျံပစ် အမြောက်ကြီးတပ်

ဝမ်းအိုဝမ်းကျော်ဝင်းမောင်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

3 / 58
K-1400/-

သမိုင်းကြောင်းကိုပြောရလျှင်
ရေးရလျှင် မပါမပြီးသည့်
ကဏ္ဍတစ်ခုရှိပါသည်။
ဤသည်ကား ဂျာမန်ခေတ် ဘီဒီအေ
လေယာဉ်ပျံပစ်အမြောက်ကြီးတစ်
အကြောင်းပင်ဖြစ်သည်

BURMESE CLASSIC .com

# ၈၈ လေယာဉ်ပျံပစ် အမြောက်ကြီးတစ်

ဝမ်းအိုဝမ်းကျော်ဝင်းမောင်

design anti Swara (stars)

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အခန်း | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | ထီးကျိုးစည်ပေါက် ကျွန်ဘဝရောက် | ၆ |
| ၃။ | မြန်မာ့လွတ်လပ်ရေးတပ်မတော်ကို ထူထောင်ခြင်း | ၇ |
| ၄။ | ဘီအိုင်အေ လေယာဉ်ပျံပစ်အမြောက်ကြီးတပ် ပေါ်လာခြင်း | ၉ |
| ၅။ | လေယာဉ်ပျံပစ်အမြောက်ကြီးတပ်ဖွဲ့စည်းပုံ | ၁၃ |
| ၆။ | လေယာဉ်ပျံပစ်အမြောက်ကြီးတပ်တွင် ကိုင်တွယ်သည့် လက်နက်နှင့် ကျည်ဆန် | ၁၇ |
| ၇။ | ခံစောကူ (ခေါ်) တိုင်းတာရေးကိရိယာ | ၂၃ |
| ၈။ | လေယာဉ်ပျံပစ်အမြောက်ကြီးတပ်သို့ | ၂၈ |
| ၉။ | ဗိုလ်အေးမေ | ၄၀ |
| ၁၀။ | ဧရှုတာန်းစစ်မျက်နှာနှင့် နီးလာသောအခါ | ၅၀ |
| ၁၁။ | ၁၉၄၅-ခု၊ မတ်လ (၁၇)ရက် စစ်ထွက်ခြင်း | ၈၂ |
| ၁၂။ | ဦးကျား | ၉၀ |
| ၁၃။ | သခင်မ ပေါ်ထွန်းခင် | ၁၁၀ |
| ၁၄။ | ရဲဘော်မောင်မောင်ခင် (ခေါ်) တပ်ကြပ်တင်ထွန်း | ၁၂၀ |
| ၁၅။ | ဦးအုန်းမောင် ( ရှမ်း ) | ၁၂၇ |
| ၁၆။ | မတ်လ (၂၇) ဝန်းကျင်နေ့များက ရန်ကုန် | ၁၅၅ |
| ၁၇။ | ဆိုရှယ်လစ်ပါတီခေါင်းဆောင် ဦးကျော်ငြိမ်းနှင့် တွေ့ခဲ့စဉ်က | ၁၅၇ |
| ၁၈။ | နိဂုံး | ၁၇၁ |


BURMESE CLASSIC .com

ယဉ်မျိုးစာအုပ်

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းအိုဝမ်းကျော်ဝင်းမောင်ကို အဖဦးဟာနစ်၊ အမိ ဒေါ်စိန်ညွန့်တို့မှ ကချင်ပြည်နယ်၊ ဝန်းမော်မြို့တွင် (၁၂၈၁)ခု၊ တပို့တွဲလပြည့်ကျော် (၁၃)ရက်၊ (၁၆-၂-၁၉၂၀) တွင်မွေးဖွားသည်။ (၃)လသားအရွယ်တွင် ဖခင်ကွယ်လွန်သည်၊ (၃)နှစ်သားအရွယ်တွင် မိခင်ကွယ်လွန်သည်။ မောင်နှမ(၂)ယောက် ကျန်ရစ်ခဲ့သည်။ ဦးလေးလုပ်သူ ဦးအီဘရာဟင်က ကောက်ယူမွေးစားခဲ့သည်၊ အစ်မလုပ်သူသည် (၁၁)နှစ်အရွယ်တွင် ကွယ်လွန်သွားပြန်သည်။ ဝန်းမော်၊ မိုးကုတ်၊ ကသာမြို့များတွင် ပညာသင်ကြားခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာ၍ ကျောင်းများပိတ်လိုက်သည်၊ (၁၀)တန်းနဲ့ပဲ ပြီးခဲ့သည်။ (၁၉၄၃)ခု၊ ဩဂုတ်လ (၁၀)ရက်နေ့တွင် ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ)သို့ဝင်ခဲ့သည်။ ရေနံချောင်း လေယာဉ်ပစ် အမြောက်ကြီးတပ်တွင် အမှုထမ်းခဲ့သည်၊ ဂျပန်ခေတ် မင်္ဂလာဒုံစစ်တက္ကသိုလ် ဗိုလ်သင်တန်း တတိယအပတ်ကို တက်ခဲ့သည်၊ ကျောင်းဆင်းခါနီးတွင် ဗိုလ်ချုပ်အောင်ဆန်း၏ လျှို့ဝှက်တာဝန်ပေးချက်အရ မဟာမိတ်တပ်များနှင့် သွားရောက်ဆက်သွယ်ခဲ့သည်၊ ယင်းတာဝန်ကို ထမ်းဆောင်ရာတွင် စစ်ကိုင်းမြို့နယ် မင်းကွန်းရွာတွင် ဂျပန်၏ဖမ်းဆီးခြင်းခံရသည်၊ အသတ်ခံရမည့်ဆဲဆဲတွင် ဂျပန် တော်လှန်ရေးရဲဘော်များ၏အကူအညီနှင့် အချုပ်မှဖောက်၍ ထွက်ပြေးလွတ်မြောက်ခဲ့သည်၊ စစ်ကြီးပြီးသောအခါ ၁. ဆ. ပ. လ၊ ဗမာ-မွတ်စလင် ကွန်ကရက် (ဗမက) ကွန်မြူနစ်ပါတီတို့တွင် တာဝန်ယူခဲ့သည်၊ (၁၉၄၆)ခု ကွန်မြူနစ်ပါတီ နှစ်ခြမ်းကွဲသောအခါ အလံနီဖြစ်လာသည်။ (၁၉၄၈)ခုနှစ်တွင် အလံနီအဖြစ် တောခိုခဲ့သည်၊ (၁၉၅၄-၁၉၅၅)ခုနှစ်တွင် အလံနီတွင် အယူအဆကိုက်ပွဲဖြစ်ရာ ပါတီမှအထုတ်ခံရ သည်။ အထုတ်ခံရသည့် ရဲဘော်များစုပေါင်း၍ အလုပ်သမားညီညွတ်ရေးပါတီကို ဖွဲ့စည်းထောင်ခဲ့သည်။ (၁၉၆၂)ခုနှစ် ဒီဇင်ဘာလတွင် ဥပဒေတွင်းဝင်ခဲ့သည်၊ နိုင်ငံရေးလုပ်ရာတွင် (၁၉၅၆)ခုနှစ် ကသာခရိုင် သူထုတိုက်ပွဲတွင် အသေခံဗိုလ်အဖြစ် ခေါင်းဆောင်ခဲ့ရာတွင် အဖမ်းခံရသည်၊ ထောင်ထဲမှာ ရှစ်လလောက်နေခဲ့ရသည်။ (၁၉၆၂)ခုနှစ်တွင် ငြိမ်းချမ်းရေးကိစ္စလာရင်း အဖမ်းခံရပြီး မန္တလေး၊ ရန်ကုန်တွင် အချုပ်ခံခဲ့ရသည်၊ ဥပဒေတွင်းရောက်လာပြီး အမျိုးမျိုးသော အလုပ်များကို လုပ်ကိုင်ခဲ့သည်။ သို့သော် စီးပွားရေးလုပ်ငန်းများကို စွန့်လွှတ်ကာ သမိုင်းပေးတာဝန်များရှိသည့်အတွက် ကလောင်ကိုင်ခဲ့သည်။ "ဝမ်းအိုဝမ်းနှင့်ဗမာ့မြေအောက်တော်လှန်ရေး" ဆိုတဲ့ စာအုပ်ပြုစုရင်း စာပေနယ်ထဲသို့ ဝင်ခဲ့သည်။ ရုပ်ရှင်၊ ဝတ္ထု၊ ဇာတ်ညွှန်း၊ ဆောင်းပါးများနှင့် သုတေသနစာအုပ်များ ရေးသားခဲ့သည်၊ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲ အဆင့်ဆင့်တွင် ပါဝင်လှုပ်ရှားမှုကြောင့် (၁၉၇၂)ခု မတ်လ (၂၇)ရက်နေ့တွင် လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယအဆင့်နှင့် (၁၉၈၀)ခု မေလ (၂၈)ရက်နေ့တွင် နိုင်ငံဂုဏ်ရည်ဘွဲ့ ဒုတိယအဆင့်တို့ကို နိုင်ငံတော်သမ္မတက ချီးမြှင့်ခဲ့သည်၊ ကန်တော့ခံ သက်ကြီးစာဆိုပညာရှင်အဖြစ်နှင့် ယနေ့တိုင် သမိုင်းဝင်စာပေများကို အမြဲမပြတ်ရေးသားပြုစုလျက် ရှိနေပါသည်။

**ယဉ်မျိုးစာပေ**



စာရေးသူ ရဲဘော်ဝင်းမောင်(ခေါ်) ကျော်ဝင်းမော
၁၉၄၅ခုနှစ် ကသာမြို့တွင် ရိုက်ကူးသည်။

www.burmeseclassic.com

www.burmeseclassic.com




ဘီဒီအေ(ဗမာ့ကာကွယ်ရေးတပ်မတော်)
လေယာဉ်ပျံပစ်အမြောက်ကြီးတပ် ရဲဘော်ဟောင်းများ
၁၉၇၀ပြည့်နှစ် ဗိုလ်ချုပ်ပန်းခြံတွင် ရိုက်ကူးသည်။



ဗိုလ်မှူးကြီးခင်ညို(ငြိမ်း)
ဘီဒီအေ လေယာဉ်ပစ်အမြောက်ကြီးတပ် တပ်ရင်းမှူး အမြောက်ကြီးတပ်နှင့်
ပတ်သက်သော အချက်အလက်များကို စာရေးသူမှ မေးမြန်းနေစဉ်။

www.burmeseclassic.com

www.burmeseclassic.com



ယခုအခါ အနေနှင့် စစ်ကြီးပြီးသွားသည့် နှောင်တစ်ချိန်ချိန်မှာ ဤသို့ လေယာဉ်ပျံပစ် အမြောက်ကြီးတပ်အကြောင်းကို စာတစ်စောင် ပေတစ်ဖွဲ့နှင့် ရေးရ လိမ့်မည်ဆိုတာ စိတ်လည်းမကူးခဲ့ဘူးပါ၊ အိမ်မက်လည်း မမက်ဘူးပါ။

ထို့ကြောင့် လေယာဉ်ပျံပစ် အမြောက်ကြီးတပ်နှင့် ပတ်သက်ပြီး ဘယ်လိုမှ မှတ်တမ်းမှတ်ရာများ မရေးခဲ့ပါ။ ဥပမာ- လေယာဉ်ပျံပစ် အမြောက်ကြီးတပ်၏ နောက်ခံသမိုင်း၊ ကျည်ဆံများ၏ နောက်ခံသမိုင်း၊ လေယာဉ်ပျံပစ်အမြောက်ကြီး အစားစား၏ ဓါတ်ပုံနှင့်တကွ မှတ်တမ်းများ၊ ယင်းလေယာဉ်ပျံပစ် အမြောက်ကြီးတပ် တပ်စွဲထားသည့် နေရာများ၏ ပုံရိပ်များကို ဘာတစ်ခုမှ မလုပ်ခဲ့မိပါ။

ပြီး ယင်းအမြောက်ကြီးတပ်၏ တပ်ရင်းမှူး၊ တပ်ဗိုလ်များ၊ တပ်သားများ တပ်စုအလိုက် ဓါတ်ပုံများ ရိုက်ယူထားခြင်းမပြုမိခဲ့ပါ။

စသည့်စသည့် နှောင်သမိုင်းမှာ အထင်ကရ ရှိနေရန်လိုသည့် အချက် အလက်များတို့ကို ဓါတ်ပုံဖြင့် မှတ်တမ်းပြုခြင်း၊ စုဆောင်းခဲ့ခြင်းများလည်း လုံးဝ လုံးဝ မလုပ်ခဲ့မိပါ။

မန္တလေး လူထုသတင်းစာဆရာ၊ စာရေးဆရာကြီး လူထုဦးလှ မသေခင် ရေးထားခဲ့တဲ့ အကြောင်းကို သွားသတိရပါသည်။

သမိုင်းရည်းစားစာများ၊ ဈေးဝယ်စာရင်းများသည် နှောင် သမိုင်းအကြောင်း ကို ပြောပြလိမ့်မည်ဟု ရေးသားဖော်ပြထားတာကို သွားသတိရပါသည်၊ ဟုတ်ပါ သည်၊ မှန်ပါသည်။ သမိုင်းရည်းစားစာများကအစ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး စသည်တို့ကို သမိုင်းသုတေသီများအတွက် ကြီးစွာသော အထောက်အကူပြုသည် ဆိုသည့်အချက်ကို ယခုလို သမိုင်းကြောင်းတွေရေးသားတော့မှ ဆရာကြီးလူထုဦးလှ စာများသည် အင်မတန်အဖိုးတန်လှပါကြောင်းဟု လက်ခံရပါတော့သည်၊

ဤသို့ လေယာဉ်ပျံပစ်အမြောက်ကြီးတပ်အကြောင်းကို ရေးသားတော့မှ မိမိ ထိုစဉ်က ပြုလုပ်သင့်သည့် မှတ်တမ်းမှတ်ရာများ၊ ဓါတ်ပုံသတင်းများကို မလုပ်ခဲ့ သည့်အတွက် အခုလို စာတစ်တန် ပေတစ်ဖွဲ့ရေးတော့ သမိုင်းအထောက်အထားတွေ မရှိသည့်အတွက် အခက်အခဲများနှင့် ကြုံရသည်၊ စာဖတ်သူများအနေနှင့် ယုံရ အခက် မယုံရအခက်ဖြစ်နေမှာပါ။ ဤကြောင့် မလုပ်မိသည့်အတွက် ယူကျုံးမရ ဖြစ်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ထင်ပါသည်၊ စာရေးဆရာဆိုသည်မှာ အကြမ်းဖျင်းအားဖြင့် (၃)မျိုး၊ (၃)စားရှိသည်ဟု ပြောပါရစေ၊ ထိုသုံးမျိုးသုံးစားမှာ-

(၁) ဝါသနာအရ စာရေးခြင်း၊

(၂) စီးပွားရေးအတွက် တစ်နည်းပြောရရင် မိမိဝမ်းဝဖို့ လုပ်ဖို့ စာရေးခြင်း၊

(၃) တာဝန်အရ စာရေးခြင်း။

ဤအချက် (၃)ချက်အနက် ကျွန်တော်သည် တာဝန်အရရေးသည့် စာရေးဆရာ (သို့မဟုတ်) စာပေလုပ်သားတစ်ဦးဖြစ်ပါသည်၊ တာဝန်အရရေးသည့် စာရေးဆရာဆိုတော့ "ဘယ်သူက မင်းကိုတာဝန်ပေးသလဲ"ဟု မေးလာလျှင် မိမိတာဝန်ထမ်းဆောင်ခဲ့သည့်ဘဝက မိမိကိုတာဝန်ပေးသည်ဟူ၍ ဆိုရပါမည်။

ဥပမာပြောရလျှင် ကျွန်တော်ရေးခဲ့သည့် ဝမ်းအိုဝမ်းနှင့် မြန်မာ့ မြေအောက်တော်လှန်ရေး မန္တလေး (၁၃၀၀)ပြည့် အရေးတော်ပုံမှသည် နယ်ချဲ့တော်လှန်ရေးဆရာကြီးမစ္စတာရာဇတ်၊ နယ်ချဲ့ကိုဒူးမထောက်သည့် သခင်နက်ပေ၊ ဂျပန်ဖက်ဆစ်တော်လှန်ရေးလေထီးသမားများ စသည့်အကြောင်းများကို အကြမ်းဖျင်း သိသူရှိချင်လည်းရှိမည်၊ အမှုမဲ့ အမှတ်မဲ့နေ၍ မသိသူလည်း ရှိချင်ရှိမည်၊

အကြမ်းဖျင်းသိရှိသူများကတော့ မိမိဖာသာသိကာပဲဖြစ်မည်။ မိမိ သေသွားသောအခါ မိမိနှင့်တစ်ပါတည်း သချိုင်းကုန်းထဲ ဒါမှမဟုတ် မီးသပြိုဟ်သည့် လောင်စာတိုက်ထဲ မိမိနှင့်အတူ ပါသွားပေတော့မည်၊

ထို့ကြောင့် မိမိအနေနှင့် သမိုင်းအချက်အလက်တွေကို ကျကျန်နေရစ်တာမျိုးမရှိအောင် ရေးသားခြင်းဖြစ်သည်၊ ထို့ကြောင့် တာဝန်အရရေးသည့် စာရေးဆရာ (သို့မဟုတ်) အမြည့်ခံစာရေးဆရာဟု မိမိကိုယ်မိမိ ကင်ပွန်းတပ်လိုက်ခြင်းဖြစ်သည်၊

မြန်မာပြည်ကို ဗြိတိသျှနယ်ချဲ့အစိုးရ အုပ်စိုးစဉ်အခါက နယ်ခြားစောင့်တပ် **(Burma Frontier Force)** နှင့် အလုပ်သမားတပ် **(Sappers and Miners)**တွေ ရှိပါသည်၊

နယ်ခြားတပ်မှာတော့ အိန္ဒိယပေါက်သည့် ဆစ်ပန်ချာဘီတွေ၊ ပြည်တွင်းပန်ချာဘီတွေ ဂေါ်ရခါးတွေနှင့် မြန်မာပြည်မှ တောင်ပေါ်သားများဖြစ်သည့် ချင်း ကချင်နှင့် ကရင်ပြည်နယ်မှ ကရင်များနှင့် ဖွဲ့စည်းထားခြင်းဖြစ်သည်၊

ဤနယ်ခြားတပ်တွင် မြန်မာပေါက်ဆစ်ပန်ချာဘီနှင့် ပန်ချာဘီတွေကို တောင်လက်မခံပါ၊ မြန်မာပြည်ပေါက်ဆိုတော့ တစ်နည်းနည်းနှင့် မြန်မာပြည်ပေါ်မှ သစ္စာစောင့်သိနိုင်သည်ဟုယူဆပြီး နယ်ခြားစောင့်တပ်တွင်လက်မခံခြင်းဖြစ်နိုင်သည်





အလုပ်သမားတပ်တွင် စောစောပိုင်းက အိန္ဒိယသားတွေနှင့် ဖွဲ့စည်းသည်၊ နောက် ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာခါနီးတွင် ထိုတပ်တွင် မြန်မာများကို လက်ခံခဲ့သည်၊ ဤသည်မှာလည်း စိစစ်ပြီးမှ လက်ခံသည်။ ဤတပ်သည် တိုက်ခိုက်ရေးတပ်မဟုတ်၊ အင်ဂျင်နီယာ အလုပ်သမားတပ်မို့ လက်ခံသည်၊

လက်နက်ကိုင်တပ်တွေမှာ မြန်မာတွေကို လက်မခံပါ၊ သူတို့သင်ပေးသည့် စစ်ပညာနှင့် သူတို့ကို ပြန်တိုက်မှာစိုးလို့ဖြစ်သည်၊ သို့သော် တက္ကသိုလ်တွေမှာတော့ U.T.C (ခေါ်) တက္ကသိုလ် အမြောက်တမ်းတပ်တွေကိုတော့ ဖွဲ့စည်းပေးထားသည်။ ထိုတပ်ထဲသို့ဝင်လျှင် ဗိုလ်နာမည်နှင့်ဝင်မှရသည်၊ ဥပမာ- ပီတာအောင်ခင်၊ အက်ဒဝပ်မောင် စသည့်နာမည်များမှ ဝင်ခွင့်ပြုသည်၊ ခရစ်ယာန်ဘာသာဝင်များဆိုလျှင်တော့ ပိုပြီးဦးစားပေးသည်။ အင်္ဂလိပ်ကလည်း ခရစ်ယာန်တွေဆိုတော့ လူမျိုးမတူပေမယ့် ဘာသာတူတော့ သူတို့အပေါ် သစ္စာစောင့်သိနိုင်သည်ဟု ယူဆခြင်းကြောင့်ဖြစ်သည်၊

ဒုတိယကမ္ဘာစစ်မီးသည် အရှေ့တောင်အာရှဘက်သို့ ကူးလာသောအခါ တက္ကသိုလ်ဘွဲ့ရပြီး U.T.C တက္ကသိုလ်တပ်ရင်းထဲက ကျောင်းသားတွေကိုမှ လက်ခံခဲ့သည်၊ သူတို့ဘုရင်မ အမြောက်တပ်တို့ လေယာဉ်ပျံပစ်အမြောက်တပ်တို့ ဘုရင်မရေတပ်တို့မှာ ဦးစားပေးလက်ခံသည်၊

တက္ကသိုလ်ဘွဲ့ရသည့် ကျောင်းသားများကိုတော့ ဗြိတိသျှဖက်နှာဖြူများစာရင်းကိုသွင်းပြီး ဗြိတိသျှစစ်သားတွေနဲ့ တန်းတူရည်တူအခွင့်အရေး ခံစားခွင့်ပေးသည်၊ ရိက္ခာကိုလည်း British Ration ပေးသည်။ ရာထူးကိုလည်း British တွေလိုပေးသည်၊ ကပ္ပတိန်တို့ မေဂျာတို့ ကာနယ်တို့စသည့် အရည်အချင်းလိုက်တန်းတူပေးသည်။

အိန္ဒိယစစ်သားများ၊ မြန်မာတိုင်းရင်းသား စစ်သားများကိုတော့ ဗြိတိသျှစစ်သားတွေလိုမပေးပါ၊ Indian Ration လို့ခေါ်တဲ့ ရိက္ခာကိုသာပေးသည်၊ ရာထူးကိုလည်း ဂျမဒါ၊ ဆူဗေဒါလို့ပဲပေးသည်၊ ထိုသို့ အတန်းအစားခွဲထားသည်။

ဘွဲ့ရသူမဟုတ်လျှင်တော့ ဗြိတိသျှလက်နက်ကိုင်တပ်တွေမှာတော့ ဝင်ခွင့်မပြုပါ၊ လေယာဉ်ပျံပစ်အမြောက်ကြီးတပ်၊ စက်အမြောက်တပ်၊ အမြောက်တပ် ရေတပ်တွေမှာ ပါဝင်ခွင့်မပြုပါ၊

ယခု ဂျပန်ကလွှဲပေးသည့် လေယာဉ်ပျံပစ် အမြောက်ကြီးတပ်တွေမှာတော့ ပညာအရည်အချင်းလည်း မလိုပါ၊ အရုပ်အမောင်းတောင်းဖို့လည်း မလိုပါ။ အမျိုးကို



www.burmeseclassic.com

www.burmeseclassic.com



ချစ်ပြီး ကျန်းမာဖို့သာလိုပါသည်၊ အင်္ဂလိပ်က ကြီးကြပ်ထားသည့်တပ်တွေ၊ လက်နက်တွေကို မြန်မာတွေ လွယ်လွယ်ကူကူနှင့် သယ်ယူကိုင်တွယ်နိုင်ကြသည်။

ဂျပန်ကလွှဲပေးသည့် လေယာဉ်ပျံပစ်အမြောက်ကြီးတပ် ကျမြန်တော့လည်း ဂျပန်လိုအမိန့်ပေးသည့် ဂျပန်စကားမတတ်သည့် မြန်မာတွေအတွက် စောစောပိုင်းတွင် အခက်အခဲတွေ့ရသည်။ နောက်ပိုင်းတော့ ဂျပန်စစ်မိန့်တွေကို ကြိုးစားပြီးသင်ယူတော့ နောက်ပိုင်းမှာ အခက်အခဲမရှိတော့ပါ။

လေယာဉ်ပျံပစ် အမြောက်ကြီးတပ်သည် မြန်မာ့တပ်မတော်တစ်ခုလုံးရှိ ခြေလျင်တပ်ရင်းများနှင့် မတူပါ။ စောစောပိုင်း (၁၉၄၃)ခုနှစ်လောက်က ဂျင်နရယ်ဝင်းဂိတ်၏ အင်္ဂလိပ်ထိုးစစ်တွေနှင့် မြန်မာပြည်မြောက်ပိုင်းဝင်စဉ်က အချို့သော မြန်မာ့တပ်များ သွားရောက်တိုက်ခိုက်ရသည်မှအပ ကျန်အချိန်များတွင် အေးအေးဆေးဆေး မိမိတို့တပ်စခန်းများမှာသာ အနားယူနေကြပါသည်။သို့သော်လည်း မြန်မာပြည်အရပ်ရပ်ရှိ လေယာဉ်ပျံပစ်အမြောက်ကြီးတပ်နှင့် စက်အမြောက်တပ်တို့ကမူ အနားယူခွင့်မရပါ။ ရန်သူလေယာဉ်ပျံတွေအား တိုက်ခိုက်နေကြရပါသည်။ တချို့လည်း ရန်သူ့ကျည်ဆံများဖြင့် ကျဆုံးသူ ကျဆုံး၊ ဒဏ်ရာရသူရ အဖမ်းခံရပြီး အိန္ဒိယအချုပ်ထောင်များသို့ ရောက်သူရောက်။

မတ်လ (၂၇)ရက်နေ့ တပ်ထွက်ကြမြန်တော့လည်း မလွယ်ပါ၊ လေယာဉ်ပျံတွေလာတိုင်း မိမိတို့ မဟာမိတ်လေယာဉ်ပျံများ ဖြစ်လေတော့ မပစ်မြန်ရင်လည်း ဂျပန်တွေ မိမိကျောနောက်က ဓားရှည်ကိုင်လို့၊ လက်နက်မျိုးစုံကိုင်လို့ အသင့်စောင့်နေတာကြုံရသည်၊

ပစ်မြန်ရင်လည်း မဟာမိတ်ဆိုသူအား ထိခိုက်နစ်နာစေမည်။ တနည်းအားဖြင့်ဆုတ်စူးစားရှူးဘဝလို့ ဆိုရမယ့်ဘဝပါ။

၎င်းသမိုင်းဖြစ်ရပ်ကို ၎င်းသမိုင်းတွင် ပါဝင်ခဲ့ကြသော တပ်မတော်အရာရှိကြီးငယ်များဖြစ်သည့် ဗိုလ်ကြီးခင်ညို၊ ဗိုလ်တင်အုန်း၊ ဗိုလ်လှညွန့်၊ ဗိုလ်ထွန်းကြည်၊ အရာခံဗိုလ်အုန်းမောင်၊ ဗိုလ်အေးမေ၊ ဦးကျားတို့ထံမှ မေးမြန်းရရှိခဲ့သည့် အချက်အလက်နှင့် ကျွန်တော်ကိုယ်တွေ့ အတွေ့အကြုံများတို့နှင့် ပေါင်းစပ်ရေးသားထားခြင်းဖြစ်ပါသည်။

"မတ်လ (၂၇)ရက် ပတ်ဝန်းကျင်နေ့များက ရန်ကုန်" ဆိုသည့်အခန်းပါ ဆောင်းပါးဖြစ်ပေါ်ခဲ့ခြင်းကိုမူ (၁၆-၈-၈၄)နေ့ မွန်းလွဲ (၁)နာရီက ဆိုရှယ်လစ်ပါတီ ခေါင်းဆောင်ဟောင်းလည်းဖြစ်၊ ဖဆပလဝန်ကြီးဟောင်းလည်းဖြစ်သည့် ဦးကျော်





ငြိမ်းအိမ်သို့ သွားရောက်၍ သူ့အား မေးမြန်းမှတ်တမ်းပြုစု ရေးသားခဲ့သည့် အနက်အချို့သော အစိတ်အပိုင်းလောက်ကိုသာ ရေးသားဖော်ပြခြင်းဖြစ်ပါသည်။

လက်ရှိတပ်မတော်သည် ကျွန်တော်၏ တပ်မတော်ဖြစ်ပါသည်၊ ၎င်းတပ်မတော်တွင် ကျွန်တော့်အနေနှင့် သဲတစ်ပွင့်၊ အုတ်တစ်ချပ်အဖြစ် ပါဝင်ခဲ့ပါသည်။ ၎င်းသမိုင်း၏ သမိုင်းကြောင်းကိုပြောရလျှင်၊ ရေးရလျှင် မပါမပြီးသည့် ကဏ္ဍတစ်ခုရှိပါသည်၊ ၎င်းသည်ကား ဂျပန်ခေတ် ဘီဒီအေလေယာဉ်ပျံပစ်အမြောက်ကြီးတပ် အကြောင်းပင်ဖြစ်သည်။

ထို့ကြောင့် ဘီဒီအေ လေယာဉ်ပျံပစ် အမြောက်ကြီးတပ် အကြောင်းကို အပြည့်အစုံမဟုတ်သော်လည်း မျိုးဆက်သစ်များ သိရှိလေ့လာနိုင်ရန် ဂျပန်ခေတ် ဘီဒီအေ လေယာဉ်ပျံပစ်အမြောက်ကြီးတပ်၏ သမိုင်းကို တစ်စေ့တစ်စောင်းလောက်သာ ရေးသားထားခြင်းဖြစ်ပါသည်။

• • • • • • • •



www.burmeseclassic.com

www.burmeseclassic.com

## ထီးကျိုးစည်ပေါက် ကျွန်ဘဝရောက်

မြန်မာပြည်သည် ဘကြီးတော်လက်ထက် ပထမအင်္ဂလိပ်မြန်မာစစ်ပွဲ (၁၈၂၃-၁၈၂၆)၊ ပုဂံမင်းလက်ထက် ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲ (၁၈၅၂) ဧပြီ(၅)ရက်မှ (၁၈၅၂) ဒီဇင်ဘာ (၂၀)ရက်၊ သီပေါမင်းလက်ထက် တတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲ (၁၈၈၅)ခု နိုဝင်ဘာလ (၁၄)ရက်မှ (၁၈၈၆)ခု ဇန်နဝါရီလ (၁)ရက်နေ့ဟူသော စစ်ပွဲကြီးသုံးပွဲ၏နောက် ဗြိတိသျှအစိုးရက မြန်မာပြည်ကို အပြီးအပိုင် သိမ်းပိုက်လိုက်သည်၊

မြန်မာပြည်သည် ထိုသို့ ထီးကျိုးစည်ပေါက် ကျွန်ဘဝရောက်ခဲ့ပြီး မြန်မာတိုင်းရင်းသားများက လွတ်လပ်ရေးအတွက် နယ်ချဲ့အင်္ဂလိပ်ကို အခါမလပ်ဆန့်ကျင်ခဲ့ကြသည်၊ လွတ်လပ်ရေးအတွက် အမျိုးမျိုးအနစ်နာခံခဲ့သည်။ ထောင်ကျခံခဲ့သည်။ ဆရာတော်ဦးဝိစာရသည် ထောင်ထဲ၌ (၁၆၆)ရက် ဆွမ်းအငတ်ခံလျက် ကျဆုံးခဲ့သည်။ ဆရာစံခေါင်းဆောင်သော လယ်သမားသူပုန်ကြီးထခဲ့သည်၊ (၁၃၀၀)ပြည့် အရေးတော်ပုံကြီး ပေါ်ပေါက်ခဲ့သည်။ မရေမတွက်နိုင်သည့် ပြည်သူများ၏ ချွေးများ၊ သွေးများ ပေးဆပ်ခဲ့ရသည်။ အိုးအိမ်စည်းစိမ်များ နစ်နာဆုံးရှုံးခဲ့သည်၊ နောက်ဆုံးလက်နက်နှင့် ဆန့်ကျင်တိုက်ခိုက်သည့်နည်းမှလွဲပြီး တခြားနည်းမရှိသည့်အတွက် သခင်အောင်ဆန်းဦးစီးသည့် ရဲဘော်သုံးကျိပ်က ဂျပန်ဆီမှ စစ်ပညာ (လက်နက်ကိုင်ဆောင်မှုပညာ)ကို သွားရောက်သင်ကြားခဲ့သည်၊





## မြန်မာ့လွှပ်လပ်ရေးတပ်မတော်ကို တည်ထောင်ခြင်း

(၁၉၄၁)ခု၊ ဒီဇင်ဘာလ (၂၇)ရက်နေ့၌ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ မြန်မာသွားစိုက်ဆရာ ဦးထွန်းဝေ၏အိမ်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် မြန်မာခေါင်းဆောင်များ၊ မြန်မာများနှင့် မြန်မာသွေးပါသည့် ထိုင်းမြန်မာများသည် မြန်မာလွတ်လပ်ရေးတပ်မတော်၏ ပထမဆုံးအုတ်မြစ်ချအနေနှင့် သွေးဖောက်ပြီး သွေးသောက်ပွဲကြီးလုပ်ခဲ့ကြပါသည်။

(၁၉၄၁)ခု၊ ဒီဇင်ဘာ (၃၀)ရက်နေ့တွင်တစ်ခါ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သည့် ရဲဘော်သုံးကျိပ်ဝင်များသည် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်း စတည်းချသည့်အိမ်တွင် ထပ်မံတွေ့ဆုံပြီး လက်မောင်းသွေးဖောက်၍ အဓိဋ္ဌာန်ပြုခဲ့ကြပြန်သည်၊

(၁၉၄၃)ခု၊ ဩဂုတ်လ (၁)ရက်နေ့တွင် ဂျပန်ဖက်ဆစ်အစိုးရသည် မြန်မာပြည် လွတ်လပ်ရေးကို မပေးချင်ပေးချင်နှင့် ပေးခဲ့သည်၊ ဒေါက်တာဘမော်က နိုင်ငံတော်အဓိပတိ ဖြစ်လာပါသည်၊ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြ၊ သခင်နုစသည့် ဝန်ကြီးများအဖွဲ့ကို ဖွဲ့ပေးခဲ့သည်၊ လွတ်လပ်ရေးပေးသည်ဆိုသော်လည်း အတုအယောင် လွတ်လပ်ရေးသာဖြစ်ပါသည်။ အစိုးရဆိုသော်ငြားလည်း ရုပ်သေးသဘောသာဖြစ်သည်၊

မြန်မာပြည်အရပ်ရပ်၌ တပ်စွဲထားသည့် ဘီအိုင်အေ (မြန်မာ့လွတ်လပ်ရေး

www.burmeseclassic.com



တပ်မတော်)မြို့စောင့်တပ်များမှလွဲလျှင် ကျန်ဘီအိုင်အေတပ်များကို မန္တလေးတွင် စုရုံးတပ်ချထားသည်။ မန္တလေးကို စုပြုရောက်လာသည့် ဘီအိုင်အေတပ်များသည် တပ်စခန်းရုံးဖွင့်စရာ မရှိတော့သည့်အတွက် မစိုးရိမ်ကျောင်းတိုက်တွင် ခေတ္တရုံးဖွင့် နေပါသည်။ ထိုမှ မန္တလေးကျောက်သွေးတန်း၊ နောက်ဆုံး၌ အမရပူရမြို့ကို ပြောင်းရွှေ့ခဲ့ပါသည်။

မန္တလေး အမရပူရ၌ ဘီအိုင်အေတပ်များ စုရုံးနေစဉ် အစားအသောက်က မကောင်း၊ ဆေးဝါးကလည်း မလုံလောက်တော့ဘဲ ရဲဘော်များ နာမကျန်းဖြစ်ကြ သည်။ ဝမ်းရောဂါဖြစ်ကြသည်။ ဤတွင် ဘီအိုင်အေတပ်မတော်ကို ဖျက်သိမ်းမည်ဆို သည့် သတင်းကြားရသောအခါ ရဲဘော်များ ယူကျုံးမရဖြစ်ကြသည်။ ငိုသူကငိုသည်။ တစ်ချို့ကလည်း စိတ်ပျက်လက်ပျက်နှင့် မိမိတို့ရည်ရွယ်ချက်ဖြစ်သည့် တိုင်းပြည် လွတ်လပ်ရေးမရသေးခင် တပ်မတော်ကြီးဖျက်သိမ်းရသည့်အတွက် စိတ်ပျက် ဝမ်းနည်းကြသည်။

တပ်မှူးတွေကလည်း အမျိုးမျိုးသောနှစ်သိမ့်စကားများ ပြောပြသည်။ "မကြာခင် ရဲဘော်တို့နဲ့ ပြန်ဆုံကြရမှာပါ၊ အခုဟာက ခဏတာခွဲခွာခြင်းပါ" ဟု အခြေအနေကို ရှင်းပြပြီး နှစ်သိမ့်ကြသည်။

နေဝင်းတော့ လက်ထောက်

မြန်မာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ)ကို ဖျဉ်းမနား၌ တပ်ရင်း (၃) ရင်းနှင့် စတင်ဖွဲ့စည်းခဲ့သည်။ တပ်ရင်း (၁)က ဗိုလ်မှူးကလေးနေဝင်း၊ တပ်ရင်း (၂) ဗိုလ်မှူးကလေးရန်နိုင်၊ တပ်ရင်း (၃) ဗိုလ်မှူးကလေးဇေယျတို့ဖြစ်သည်။

ဖျဉ်းမနား၌ မြန်မာ့ကာကွယ်ရေး တပ်မတော်ကို စတင်ဖွဲ့စည်းလိုက်သည်။ မြန်မာ့ကာကွယ်ရေးတပ်မတော်၏ စစ်မြို့တော်ဟုလည်းခေါ်နိုင်သည်။ ထိုတွင် မြန်မာပြည်အနှံ့အပြားမှ တပ်သားသစ်များ တဖွဲဖွဲရောက်ရှိလာကြသည်။

(၁၉၄၃)ခု၊ ဩဂုတ်လ (၁)ရက်နေ့၌ မြန်မာပြည်ကို ဂျပန်ပေးသည့် အတုအယောင်လွတ်လပ်ရေးကို ကြေညာခဲ့သည်။ မကြာမီ ဖျဉ်းမနား၌ လူသစ်စခန်း ဖွင့်သည်။ ရန်ကုန်မင်္ဂလာဒုံ (ယခင် လမ်းစဉ်ပါတီခေတ်၊ ဗဟိုနိုင်ငံရေးသိပ္ပံကျောင်း ကြီး ဖွင့်ခဲ့သည့် အဆောက်အအုံ)မှာ မူလတန်းစစ်သင်တန်း၊ အကြပ်သင်တန်း၊ ဗိုလ်သင်တန်းစသည့် သင်တန်းများပေးသော မင်္ဂလာဒုံစစ်တက္ကသိုလ်ကိုလည်း ဖွင့်ခဲ့ သည်။



ဘီဒီအေလေယာဉ်ပစ်ပစ် အမြောက်ကြီးတပ်ပေါ်လာခြင်း

ဘီဒီအေရဲဘော်တစ်ချို့ကို တပ်ရင်း (၁) တပ်မှူးဗိုလ်မှူးကလေးနေဝင်း ဦးစီးသောတပ်ရင်းက ရခိုင်မှ ရန်ကုန်သို့ချီတက်ခဲ့သည်။ လေယာဉ်ပစ်ပစ် အမြောက် ကြီးတပ်ဖွဲ့ရန်ဖြစ်သည်။ ဂျပန်ပြန် ဗိုလ်မိုးညို၏ တပ်ခွဲ (၁)၊ ဗိုလ်ခင်ညို၏ တပ်စု(၁)၊ နောက် ဗိုလ်သိန်းမောင်ကြီး၊ ဗိုလ်သိန်းတို့ ရန်ကုန်စမ်းချောင်းဘောလုံးကွင်း၌ တပ် စခန်းချသည်။ စမ်းချောင်းဘောလုံးကွင်း (ယခု ပဒုမ္မာကွင်း)ကို သွတ်ပြားများ ကာရံ ထားသည်။

ပဒုမ္မာကွင်းသည် ဘီဒီအေမြန်မာ့သော တပ်သားသစ်များကို သင်တန်းပေး သည့် စခန်းဖြစ်သည်။ ယခု တော်လှန်ရေးပန်းခြံလုပ်ထားသည့်ကွင်း၊ အာဇာနည် ကုန်း၊ ဦးဝိစာရကျောက်တိုင်အနီးမှ မဟာမြိုင်၊ သရက်တောစသည်တို့သည် ရဲဘော် သစ်များကို သင်တန်းပေးသည့် နေရာများဖြစ်သည်။ ထိုသင်တန်းသို့ တပ်သား၊ တပ်ကြပ်၊ အရာရှိများအားလုံး ပူးပေါင်း၍သင်ကြားကြရသည်။ ရဲဘော်များက အမြောက်ကျည်ဆံကို သယ်၍ပြေးရသည့် လေ့ကျင့်ခန်းများကို လုပ်ရသည်။

ဘီဒီအေလေယာဉ်ပစ်ပစ်အမြောက်ကြီးတပ် စတင်ဖွဲ့စည်းစဉ်ကဗိုလ်ခင်ညို ကို ဦးစီးစေသည်။ သို့သော် ဗိုလ်ကြီးရာထူးနှင့် မဟုတ်သေးပါ။ (၁၉၄၃)ခု ဩဂုတ် (၁)ရက်နေ့တွင် ဘီဒီအေ လေယာဉ်ပစ်ပစ်အမြောက်ကြီးတပ်ကို တပ်ရင်းအဖြစ် အသိအမှတ်ပြုခံရပြီး ဗိုလ်ခင်ညိုအားလည်း ဗိုလ်ကြီးအဆင့်သို့ တိုးမြှင့်ပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မူလ ဘီဒီအေလက်ဟောင်း တပ်ခွဲမှူးအဆင့်ရှိသည့် ရဲဘော်တွေလည်း ဆက်ပြီး ဘီဒီအေဖွဲ့သောအခါ တပ်ခွဲမှူးအဖြစ် ပြန်အပ်နှင်းခံရသည်။ ဘီဒီအေ လေယာဉ်ပျံပစ်အမြောက်ကြီးတပ် ဘီဒီအေအဝိုလ်များ၊ ပထမပတ် မင်္ဂလာဒုံကျောင်းဆင်း အလုပ်သင်ဗိုလ်၊ (ဗိုလ်ကလေးသုံးလိုင်းကြယ်တစ်ပွင့်)များ မင်္ဂလာဒုံသင်တန်းမှ တပ်ကြပ်နှင့်ဆင်းလာသူများ ဘီအိုင်အေရဲဘော်များမှ တချို့ကို တပ်ကြပ်အထိ တိုးမြှင့်ပေးသည်၊ ထိုရဲဘော်များနှင့် စတင်ဖွဲ့စည်းခဲ့သည်၊ စုစုပေါင်း (၅၀)ကျော် (၆၀)လောက်ရှိသည်။

## လေယာဉ်ပျံပစ် အမြောက်ကြီးသင်တန်း

အထက်တွင်ဖော်ပြခဲ့သည့် အရာရှိ အကြပ်တပ်သားများသည် ပဒုမ္မာကွင်းစခန်းမှ အလုံဆင်မင်းကွက်သစ်၊ လှိုင်မြစ်ကမ်းနားတွင် တည်ဆောက်ထားသည့် လေယာဉ်ပျံပစ် အမြောက်ကြီးတပ်သို့ နေ့စဉ်သွားရောက် သင်တန်းတက်ကြရပါသည်။ ဂျပန်များကိုင်တွယ်လျက်ရှိသည့် အမြောက်တပ်ဖြစ်ပါသည်၊ အမြောက်ကျည်ဆံမွှေပြီး ပြေးရသည်၊ အမြောက်ကျည်ဆံသည် (၇၅)ပေါင် လေးသည်၊ လေယာဉ်ပျံပစ် အမြောက်ကြီးတပ်ကို ဂျပန်တွေဦးစီးထားသည့်အတွက် လေယာဉ်ပျံပစ်သင်တန်းကို ဂျပန်လိုပဲ သင်ကြားကြရသည်၊ လေယာဉ်ပျံအေးနေသည့် အချိန်တွင် ဂျပန်လေယာဉ်ပျံက ရန်သူလေယာဉ်ပျံအသွင်ပျံပေးသည်၊ ထိုအခါ အမြောက်ကလိုက်ချိန်ရပါသည်။ ဤသို့ဖြင့်လည်း သင်တန်းတက်ကြရသည်၊ ဤသို့သင်ကြားရပြီး အင်္ဂလိပ်လေယာဉ်ပျံတွေလာသောအခါ လက်တွေ့ပစ်ကြရပါသည်။

ဂျပန်လေယာဉ်ပျံပစ် အမြောက်ကြီးတပ်များအပြင် ဂျပန်ကြိုးမဲ့ကြေးနန်းတပ်စိတ်များလည်း ရှိနေသည်၊ ၎င်းတို့ကို ဂျပန်များသာ ချုပ်ကိုင်ထားသည်၊ မြန်မာပြည်ထဲသို့စတင်၍ အင်္ဂလိပ်အမေရိကန် လေယာဉ်တွေ ဝင်လာတာနှင့်တပြိုင်နက် အဆင့်ဆင့်သတင်းပို့ရာက နောက်ဆုံးလေယာဉ်ပျံပစ် အမြောက်ကြီးတပ်စခန်းတွင်ရှိသည့် တယ်လီဖုန်းစခန်းကိုရောက်လာသည်၊ ဂျပန်က သံချောင်းခေါက် အကြောင်းကြားတော့မှ လေယာဉ်ပျံပစ်အမြောက်ရှိရာသို့ ပြေးပြီး ကိုယ်စီချပေးထားသည့် နေရာတွင် အပြေးအလွှား တာဝန်ယူကြရသည်။

(၁၉၄၃)ခု၊ မြန်မာပြည်ကို ဂျပန်က လွတ်လပ်ရေးကြေညာလိုက်သည့်အခါ ဘီဒီအေတပ်တွေကို မြန်မာအစိုးရလက်အောက်သို့ လွှဲပြောင်းပေးလိုက်သည်။ သို့သော် ဘီဒီအေ လေယာဉ်ပျံပစ်အမြောက်ကြီးတပ်၊ စက်အမြောက်တပ်တွေကို





တော့ အရေးကြီးတဲ့လက်နက်မို့ ဂျပန်တွေကိုယ်တိုင်ပဲ ကိုင်ထားသည်၊ မြန်မာအစိုးရကို လွှဲမပေးပါ၊ ဒီလိုပဲ ရိက္ခာတွေကိုလည်း ဂျပန်တွေက တာဝန်ယူသည်၊

ဘီဒီအေ လေယာဉ်ပျံပစ်အမြောက်တပ်မှာ ဂျပန်အကြံပေးအရာရှိ ထားပါသည်၊ သို့ပေမယ့် သူတို့ဟာ ဂျပန်ကင်ပေတိုင်အဖွဲ့ဝင်တွေလို့ ရဲဘော်တွေက နားလည်ထားကြသည်၊ ပထမဂျပန်အကြံပေးအရာရှိက Captain Takahashi ပါ၊ သူက Japanese Military Academy က အောင်ခဲ့သည့် ဗိုလ်ကြီးတာကာဟာရှိပါ၊ သူပြောင်းသွားတော့ Captain Watanabe ဗိုလ်ကြီးဝါတာနာဘီ ရောက်လာပါသည်၊ နောက်ဆုံး အကြံပေးအရာရှိက Hayashi (ဗိုလ်ကြီးဟာရာရှိ) ဖြစ်ပါသည်။ ဗိုလ်ကြီးခင်ညိုက စာရေးသူကျွန်တော့်ကို ပြောပြတာက "ဒီအကြံပေးအရာရှိတွေဟာ သဘောကောင်းတဲ့ ပုဂ္ဂိုလ်တွေချည်း ဖြစ်ပါတယ်တဲ့"၊

ဘီဒီအေလေယာဉ်ပျံပစ်အမြောက်ကြီးတပ်ဟူ၍ပေါ်မလာခင် စမ်းချောင်း ပဒုမ္မာကွင်းမှာကတည်းက လေယာဉ်ပျံပစ် အမြောက်တပ်ရဲဘော်သစ်များသည် နေ့စဉ် အလုံဆင်မင်းကွက်သစ်ရပ်၊ လှိုင်မြစ်ကမ်းနဘေးရှိ လေယာဉ်ပျံပစ် အမြောက်ကြီးတပ်သို့သွားရောက်ခါ ပညာသင်ကြားကြရသည်၊ လေယာဉ်ပျံပစ် အမြောက်ပစ်နည်းနှင့် ခံစောကုခေါ် လေယာဉ်ပျံ ပျံသန်းပုံကိုလိုက်ဖမ်းပြီး ဘယ်၍ ဘယ်မျှနှင့် ပစ်ရမလဲဆိုသည့် ခံစောကုပညာတွေကို နှစ်လကျော် သင်ကြားပြီးသောအခါ စမ်းချောင်းပဒုမ္မာကွင်းမှ အလုံဆင်မင်းကွက်သစ်သို့ ပြောင်းရွှေ့စခန်းချ နေထိုင်ပါတော့သည်။

ဤသို့ နှစ်လခန့်သင်တန်းတက်ရပြီးလျှင် အလုံဆင်မင်းကွက်သစ်ကို ပြောင်းရွှေ့ကြရသည်၊ ဂျပန်တွေလက်ထဲက အမြောက်ကြီးတပ်ကိုပါ ပြောင်းလဲကိုင်တွယ်ကြရပါသည်၊

စစ်ကိုင်းလေယာဉ်ပျံပစ် အမြောက်တပ်ရဲဘော်များသည် မိုးဇာချောင်းမှာ တပ်စခန်းချနေကြရပြီး မနက် (၄)နာရီထကာ ရွာထောင်လေယာဉ်ပျံပစ် အမြောက်စခန်းချသည့်နေရာကို မနက် (၅)နာရီ အရောက်သွားကြရသည်၊ ည (၅)နာရီဆိုလျှင် စစ်ကိုင်းရှိမိုးဇာချောင်းကို ပြန်ကြရသည်။

ဤသို့ရွာထောင်ရှိ လေယာဉ်ပျံပစ် အမြောက်ကြီးတပ်တွင် သင်တန်းတက်ရောက်ပြီးသောအခါ တပ်စုတပ်ခွဲ (၂)ခွဲနှင့် တပ်စု (၄)စုခွဲလိုက်သည်။ စစ်ကိုင်းတပ်ခွဲ (၃)၊ မုံရွာတပ်ခွဲ (၄)စသည်ဖြင့် ခွဲလိုက်သည်။

မုံရွာ ဇောတိကာရာမကျောင်းတိုက် မုံရွာနှင့်ရှောက်ခါးကြား ထိုနေရာတွင်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ဂျပန်နှင့်တွဲ၍ တစ်လလောက်နေကြရသည်၊ ဂျပန်က မြေကတုတ်ပေါ်တွင်(၂)ယောက်၊ တိုင်းတာရေးဘက်မှ (၃)ယောက် စသည်ဖြင့် တာဝန်ပေးသည်၊ မုံရွာတပ်ခွဲကို ဂျပန်ကလွှဲပေးပြီး တစ်ပတ်လောက်ကြာမှ ဘီဒီအေလက်သို့ လေယာဉ်ပစ်အမြောက်တပ်ကို လွှဲပေးသည်၊

◆ ◆ ◆ ◆ ◆ ◆ ◆ ◆



## လေယာဉ်ပစ်ပစ် အမြောက်ကြီးတပ်ဖွဲ့စည်းပုံ

(၁၉၄၃)ခု၊ ဩဂုတ်လ (၁)ရက်နေ့တွင် မြန်မာပြည်ကို ဂျပန်ကလွတ်လပ်ရေးပေးလိုက်သောအခါ ဘီဒီအေလေယာဉ်ပစ်ပစ် အမြောက်ကြီးတပ်နှင့် စက်အမြောက်တပ်ကလွှဲရင် ကျန်ဘီဒီအေတပ်များကို မြန်မာအစိုးရသို့ လွှဲပေးခဲ့သည်။ အရေးကြီးသည့် လက်နက်ကြီးတပ်များ ဖြစ်သည့်အတွက် ဒါရိုက်အုပ်ချုပ်မှုအောက်မှာ ထားသည်၊ ရိက္ခာကိုလည်း သူတို့က တာဝန်ပေးသည်။

(၁၉၄၃)ခု၊ ဩဂုတ်လ (၁)ရက်နေ့တွင် မြန်မာပြည်ကို ဂျပန်က လွတ်လပ်ရေး ပေးသည်၊ ထိုအခါ လေယာဉ်ပစ်ပစ်အမြောက်ကြီးတပ်ကို တပ်ရင်းအဖြစ် ဂျပန်ကအသိအမှတ်ပြုလိုက်သည်။ ဗိုလ်ခင်ညိုအားလည်း တပ်ရင်းမှူးဗိုလ်ကြီးအဖြစ် မြှင့်တင်ပေးလိုက်သည်။ တပ်ရင်းရုံးအုပ်က ဗိုလ်ဝေလင်းဖြစ်ပါသည်၊ တပ်ရင်းရုံးတွင် လေယာဉ်ပစ်ပစ် အမြောက်ကြီးတပ်၊ တပ်ခွဲ (၁)အဖြစ် သတ်မှတ်ပြီး တပ်ခွဲ (၁) တပ်ခွဲမှူးမှာ ဗိုလ်ကလေးတင်အုန်းဖြစ်ပါသည်။

နောက်တိုးချဲ့သည့် တပ်ခွဲ (၂)တပ်စု (၁)မှာ မန္တလေးမျက်ပါးပေါ်မှာ ဖြစ်သည်။

တပ်ခွဲ (၂) တပ်ခွဲမှူးက BIA လက်ထက်က ဗိုလ်အဆင့်ရှိသည့် ဗိုလ်အာဠာဝကပါ။ တပ်စု (၁)တွင် ဗိုလ်စောမောင်၊ အရာခံဗိုလ် ဗိုလ်ညွန့်မောင်ကြီး၊ တပ်ကြပ် ကြီးမင်းမောင်၊ တပ်ကြပ်မောင်လှ၊ တပ်သားဝင်းမောင် (ရွှေဂူ-ဝန်းမော်)တို့

www.burmeseclassic.com



ဖြစ်ကြပါသည်။

တပ်ခွဲ (၂)တပ်စု (၂)မှ တပ်စုမှူးက ဗိုလ်အေးမေဖြစ်ပါသည်။ ဗိုလ်ညွန့်မောင်ကလေး၊ တပ်ကြပ်ကြီးထွန်းအေး၊ တပ်ကြပ်သန်းမြင့်၊ တပ်ကြပ် စိန်မောင် (ရွှေဂူ-ဗန်းမော်)၊ တပ်ကြပ်မောင်ထွန်း၊ တပ်သားကြီးမြဒေါင်း (နောင် စစ်ကိုင်းအမြောက်တပ်ပြောင်းသွားပြီး တပ်ကထွက်တော့ ငပိငံပြာရည်ကုန်သည် အဖြစ် ကွယ်လွန်)၊ တပ်သားကြီးကျော်ဇံ၊ တပ်သားကြီးသိန်းမောင် (ရန်ကုန်)။

(၄-၅)လလောက်ကြာသောအခါ ဗိုလ်အေးမေ မန္တလေးတပ်ခွဲ (၂)မှတဆင့် စစ်ကိုင်းတပ်ခွဲ (၃)ဖွဲ့စည်းသောအခါ စစ်ကိုင်းတပ်ခွဲ (၃)တပ်ခွဲမှူးအဖြစ် ပြောင်းရွှေ့သွားသည်။ သူ့နေရာကို မန္တလေးတပ်ခွဲ (၂)တပ်စု (၁)မှ ဗိုလ်ကလေးဗိုလ်စောမောင် (နောင် မန္တလေးမြို့တော်ဝန်ဖြစ်ခဲ့သူ) ရောက်လာပါသည်။

ဗိုလ်ကလေးဗိုလ်စောမောင်လည်း မန္တလေးတပ်ခွဲ (၂)သို့ ပြောင်းသွားရသည်။ သူ့နေရာကို ရန်ကုန် လေယာဉ်ပျံပစ်အမြောက်ကြီးတပ်မှ အရာခံဗိုလ်ဗိုလ်တင်အောင်က ဗိုလ်ကလေးရာထူးနှင့် ရေနံချောင်းအမြောက်တပ်သို့ ပြောင်းလာသည်၊ တတိယအပတ် ဗိုလ်သင်တန်းဆင်းသောအခါ အလုပ်သင်ဗိုလ် မောင်ကျားသည် ဗိုလ်တင်အောင်လက်အောက် ဒုတပ်စုမှူးအဖြစ် ပြောင်းလာပြီးတာဝန်ယူရသည်၊

မန္တလေးမြက်ပါးရပ် လေယာဉ်ပျံပစ်အမြောက်ကြီးတပ်ခွဲ (၂)တပ်စု (၁) ဖွဲ့စည်းပြီးသောအခါ စစ်ကိုင်းတွင် တပ်ခွဲ (၃)ကို ဆက်လက်ဖွဲ့စည်းခဲ့ပါသည်။ ထိုတပ်ခွဲ (၃)တပ်စုမှူးမှာ ယခုရေနံချောင်းတပ်ကို ဖော်ထုတ်ခဲ့သော ဗိုလ်အေးမေပင်ဖြစ်ပါသည်။ ရေနံချောင်းကပြောင်းသွားပြီး မန္တလေးမှတဆင့် စစ်ကိုင်းရောက်ပါသည်။

စစ်ကိုင်းတွင် တပ်ခွဲ (၃)နှင့် တပ်စု (၁)၊ နမ္မတူးတွင် တပ်ခွဲ (၃) တပ်စု (၂)အဖြစ် ဖော်ထုတ်ပါသည်။ စစ်ကိုင်းတွင် ဗိုလ်အေးမေနှင့်အတူ ဗိုလ်သိန်းဦးတို့ တာဝန်ယူပြီး တပ်ခွဲ (၃)တပ်စု (၂) နမ္မတူးတွင်မူ ဗိုလ်ကျော်ဦး၊ စောသင်းမောင်တို့ တာဝန်ယူကြသည်၊

တပ်ကြပ်ကြီးမြ၊ တပ်ကြပ်ကြီးစိုး (ပုဏ္ဏားမောင်စိုး)၊ တပ်ကြပ်ကြီးစိန်မောင် (မင်းဘူး)တို့က လေယာဉ်ပျံပစ် အမြောက်ကြီးဗဗွင့်ကတည်းက ပါလာသူများဖြစ်သည်၊ ဒုတိယပတ် ဗိုလ်သင်တန်းကျောင်းဖွင့်တော့ ဗိုလ်သင်တန်းတက်သွားသူများဖြစ်သည်။ သို့သော် အကြပ်များဖြင့် သင်တန်းဆင်းခဲ့သူများဖြစ်သည်၊ စစ်ကိုင်း





အမြောက်ကြီးတပ်တွင် ဗိုလ်အေးမေနှင့်အတူ တာဝန်ယူခဲ့ကြရသည်။ ဗိုလ်အေးမေ ရန်ကုန်တပ်ရင်းမှူးထံတွေ့ရန် ဆင်းသွားသောအခါ ဗိုလ်သန်းဦးက တပ်ခွဲမှူး (၃) အဖြစ် ဆက်တာဝန်ယူသည်၊

စစ်ကိုင်းတပ်ခွဲ(၃)ကို ဖော်ထုတ်ပြီးသောအခါ မုံရွာနှင့်ကလေးဝတို့တွင် လေယာဉ်ပျံပစ်အမြောက်ကြီးတပ်ကို တိုးချဲ့ဖော်ထုတ်ပါသည်၊

မုံရွာတပ်ခွဲ (၄)တပ်ခွဲမှူးက ဗိုလ်သန်းဆွေဖြစ်ပါသည်။ ကလေးဝတပ်ခွဲ (၄)တပ်စု (၂)ကိုတော့ ဗိုလ်ကျော်လှ၊ တပ်ကြပ်ကြီးဗိုလ်ရဲဝင်း၊ မင်းဘူးစိန်မောင်တို့ဖြစ်ပါသည်၊

စစ်ကိုင်းလေယာဉ်ပျံပစ် အမြောက်ကြီးတပ်တွင်မူ တပ်ခွဲမှူး ဗိုလ်ကလေးဗိုလ်သိန်းဦးက တာဝန်ခံတပ်ဖွဲ့မှူးအဖြစ် တာဝန်ဆက်ယူထားသည်၊ တစ်ဖန်ဗိုလ်သိန်းဦးတပ် ဖျောက်လိုက်သောအခါ တပ်ရင်းမှူးဗိုလ်ကြီးခင်ညိုက ရန်ကုန်က တပ်စုတစ်စု ရဲဘော်များနှင့် အလုပ်သင်ဗိုလ်များဖြစ်သော ဗိုလ်ထွန်းကြည်၊ ဗိုလ်ဖေတင်တို့နှစ်ယောက်နှင့်အတူ မန္တလေးကို ချီတက်လာသည်၊ မန္တလေးတပ်ခွဲ (၂)မှ ဗိုလ်ကလေးဗိုလ်စောမောင်ကိုပါ ခေါ်ကာ စစ်ကိုင်းလေယာဉ်ပျံပစ် အမြောက်ကြီးတပ်ကို ဖွဲ့စည်းလိုက်သည်၊

မဂ်လာဒုံစစ်တက္ကသိုလ် တတိယအပတ် ကျောင်းဆင်းသောအခါ အလုပ်သင်ဗိုလ်များဖြစ်သော ဗိုလ်လှညွန့်၊ ဗိုလ်ကိုကြီးတို့ကို မန္တလေးလေယာဉ်ပျံပစ်အမြောက်ကြီးတပ် တပ်ခွဲ (၂)သို့လည်းကောင်း၊ မောင်ကျားအား ရေနံချောင်းလေယာဉ်ပျံပစ် အမြောက်ကြီးတပ်သို့လည်းကောင်း၊ အခြားဗိုလ်လောင်းများကို မိခင်တပ်ရင်းတွင်သို့ပင် တာဝန်ချထားလိုက်သည်၊

တပ်ရင်းမှူးဗိုလ်ကြီးခင်ညို၊ ဗိုလ်ကလေးတင်အုံး၊ ဗိုလ်ဝေလင်း၊ ဗိုလ်အာဠာဝက၊ တပ်ဗိုလ်တပ်ကြပ်များကတော့ ဗိုလ်အေးမေ၊ ဗိုလ်စောမောင်၊ ဗိုလ်ညွန့်မောင်ကလေး၊ ဗိုလ်သိန်းဆွေ၊ ဗိုလ်သိန်းဦး၊ ဗိုလ်ကျော်ဦး၊ ဗိုလ်ကျော်လှ၊ ဗိုလ်ရဲဝင်း၊ ဗိုလ်မြ၊ တပ်ကြပ်ကြီးစိုး (ပုဏ္ဏားမောင်စိုး)၊ တပ်ကြပ်ကြီးမောင်ကြီး၊ တပ်ကြပ်ကြီးစိန်မောင် (မင်းဘူးသား)၊ ဗိုလ်ညွန့်မောင်ကြီး၊ တပ်ကြပ်ကြီးအုန်းမောင် (ရှမ်း)၊ တပ်ကြပ်ကြီးအေးမေ (ကသာဗိုလ်ကေ)၊ အရာခံဗိုလ် ဗိုလ်တင်အောင်၊ တပ်ကြပ်ကြီးထွန်းအေး၊ တပ်ကြပ်သန်းမြင့်၊ တပ်ကြပ်မောင်ထွန်း၊ တပ်ကြပ်စိန်မောင် (ရွှေဂူ-ဗန်းမော်)၊ စောသင်းမောင်၊ တပ်သားကြီးမြဒေါင်၊ ကသာမောင်လှ၊ ပျဉ်းမနားအေးဝင်း၊ တပ်သားကျော်ဇံ၊ တပ်သားဝင်းမောင် (ရွှေဂူ-ဗန်းမော်)၊ တပ်သား မောင်သိန်း ရန်ကုန်



www.burmeseclassic.com

www.burmeseclassic.com



သိန်းမောင်၊ တပ်သားကျော်ရှိန် (နောင် ဗိုလ်ကျော်ရွှေ)၊ တပ်သားတင်ဦး၊ တပ်ကြပ်ကြီးမင်းမောင်၊ တပ်ကြပ်မောင်လှ၊ တပ်သား ကလေးကြီး၊ တပ်ကြပ် မောင်မောင်ခင် (ခေါ်) တပ်ကြပ်တင်ထွန်း၊ တတိယအပတ် ဗိုလ်သင်တန်းတက်သွားသူများမှာ ဗိုလ်မောင်မောင်ခ၊ ဗိုလ်တင်ထွန်းအောင်၊ ဗိုလ်မောင်ကျား၊ ဗိုလ်ဖေတင်၊ ဗိုလ်ထွန်းကြည်၊ ဗိုလ်တင်လှ၊ ဗိုလ်လှညွှန့်၊ ဗိုလ်လှမော်၊ ဗိုလ်ကိုကြီးနှင့်စာရေးသူ၊ စတုတ္ထပတ် ဗိုလ်သင်တန်းတက်သွားသူ ဗိုလ်ကျော်ထင် (နောင် ဗိုလ်ချုပ်ကြီး)စသည်တို့ဖြစ်ကြသည်။ ထိုအထဲက တစ်ချို့ကနောက်မှ လေယာဉ်ပျံပစ် အမြောက်တပ်ထဲသို့ ရောက်လာသူများဖြစ်သည်။

အခြားရဲဘော်တွေကို စာရေးသူမသိလို့ ဖော်မပြနိုင်ခြင်း၊ တစ်ချို့နာမည်တွေကို မေ့သွားပြီဖြစ်၍ ဖော်မပြနိုင်ခြင်းတို့အတွက် စာရေးသူအား ခွင့်လွှတ်ကြပါရန်။

* * * * * * * *



## လေယာဉ်ပျံပစ် အမြောက်ကြီးတပ်တွင် ကိုင်တွယ်သည့် လက်နက်နှင့် ကျည်ဆံ

လေယာဉ်ပျံပစ် အမြောက်ကြီးတပ်တွေကို သေနင်္ဂဗျူဟာ အချက်အခြာကျသည့်နေရာများတွင် ချထားသည်။ စက်ရုံ၊ အလုပ်ရုံများရှိတဲ့ နေရာများ၊ အရေးကြီးသည့်မြို့ကြီးများ၊ ရေနံတွင်း၊ ဘော်တွင်းရှိတဲ့နေရာများတွင် ရွေးချယ်ပြီး အင်္ဂလိပ်က ချထားခဲ့သည်။ ဤအတိုင်းပင် ဂျပန်ကလည်း ဆက်၍ထားသည်။

ဂျပန်တွေ ဘီဒီအေ လေယာဉ်ပျံပစ် အမြောက်တပ်ကိုလွှဲပေးတဲ့ အမြောက်က နှစ်စားရှိသည်။ တစ်ခုက (၃. ၇)လက်မအချင်းရှိတဲ့ အမြောက်နှင့် (၃)လက်မအချင်းရှိတဲ့ အမြောက်ဖြစ်သည်။

ဂျပန်က ဘီဒီအေကို လွှဲပြောင်းပေးလိုက်တဲ့ ဒီအမြောက်နှစ်စားကို ဘယ်က သယ်လာသလဲတော့မသိပါ။ ဒါပေမယ့် (၃. ၇)လက်မ အမြောက်ကိုတော့ အင်္ဂလိပ်တွေလက်ထက်က အသုံးပြုတဲ့ လက်နက်ဖြစ်ဖို့များသည်။ ဘာကြောင့်လဲဆိုရင် ဒီ(၃. ၇)လက်မ အမြောက်တွေကို မြေမှာ အင်္ဂတေ၊ ကွန်ကရစ်ကိုင်ပြီးထားတဲ့ အတွက် ဂျပန်က လျှပ်တစ်ပြက်ထိုးစစ်ဆင်လာတဲ့အခါ ဖျက်ဆီးဖို့ အချိန်မရလိုက်တဲ့ အတွက် ဒီအတိုင်းပဲ ပစ်ထားခဲ့သည်။ အင်္ဂလိပ်တွေက တပ်ဆုတ်တဲ့အခါမှာ လမ်းတံတားတွေ၊ မီးရထားတွေ၊ သင်္ဘောတွေ၊ အမြောက်လက်နက်ကိရိယာတွေစတဲ့ ကုန်ထုတ်ကိရိယာတွေကို ဖျက်ဆီးပြီးမှ သွားလေ့ရှိသည်။ အချိန်မရရင်တော့ ဒီအတိုင်းပဲ ပစ်ထားခဲ့ သည်။ သူတို့ရဲ့ရန်သူတွေဟာ ဒီပစ္စည်းတွေ၊ စက်ကိရိယာတွေ၊



www.burmeseclassic.com

www.burmeseclassic.com



ကုန်ထုတ်ကိရိယာတွေကို ဆက်လက်သုံးမှာကို စိုးရိမ်တဲ့အတွက် အကုန်မီးရှို့၊ ဖောက်ခွဲတန်ဖောက်ခွဲ၊ ဖျက်ဆီးတန်ဖျက်ဆီး၊ ဒါ စစ်ရှုံးသူတို့ရဲ့ ဝါဒပဲဖြစ်သည်။ သူတို့ အဝင်စောတဲ့အတွက် အမြောက်တွေ ကျည်ဆံတွေ ဒီအတိုင်းရလိုက်သည်။ (၃)လက်မ အချင်းရှိတဲ့ လေယာဉ်ပစ်အမြောက်တွေကတော့ တစ်နေရာနဲ့တစ်နေရာ ရွှေ့နိုင်ပြောင်းနိုင်တဲ့ ဘီးတွေပါသည်၊ ဒါတွေကို ဂျပန်က စင်ကာပူခံတပ်ကို သိမ်းပြီးတဲ့နောက် မြန်မာပြည် ကို သယ်ဆောင်ခဲ့တယ်လို့ ပြောကြသည်။ ပါကတော့ ဖြစ်နိုင်ပါသည်။ (၃. ၇)လက်မ အမြောက်တွေကို အင်္ဂလိပ်တွေက အချက်အချာကျတဲ့နေရာတွေမှာ အခိုင်အမာတည်ဆောက်ထားတာဖြစ်တဲ့အတွက် ဒါတွေဟာ နဂိုထဲက အင်္ဂလိပ်ပစ်ပြေးခဲ့တဲ့ အမြောက်တွေဖြစ်တယ်လို့ ရဲရဲတင်းတင်းပြောနိုင်ပါသည်။ (၃. ၇)ပြောင်းအတွက် အံကိုက်ဖြစ်တဲ့ ကျည်တွေအမြောက်အများကိုလည်း စက်ရုံက ရရှိခဲ့တယ်လို့ ပြောကြပါသည်။ ဟုတ်မဟုတ် အတိအကျမပြောနိုင်ပေမယ့် ဟုတ်နိုင်တယ်လို့ပဲ ခန့်မှန်းနိုင်ပါသည်။ အတိအကျ သုတေသနလုပ်ခဲ့တာမျိုး၊ (၃)လက်မနှင့် (၃. ၇)လက်မ အမြောက်တွေရဲ့ သမိုင်းဖြစ်ရပ်ကို အတိအကျ မပြောနိုင်ပါ။

(၃. ၇)လက်မ အမြောက်ပဲဖြစ်ဖြစ် (၃)လက်မ အမြောက်ပဲဖြစ်ဖြစ် အမြောက်တစ်လက်ကို "ဂန်းပစ်"ခေါ် မြေကတုတ်အတွင်းမှာ ထားရသည်။ မြေကတုတ် က လူဝင်ပေါက်ကိုချန်ပြီး ပတ်ချာလည် မြေကတုတ်တွင်းတူးထားသည်။ (၃. ၇)လက်မအမြောက်ရဲ့ မြေကတုတ်က အချင်း ခန့်မှန်းပေ (၁၅-ပေ၊ ၁၆-ပေ) လောက် ရှိပါသည်၊ မြေကတုတ်အမြင့် (၆)ပေသာသာလောက် ရှိပါသည်၊ မြေကတုတ်ရဲ့ ထုဟာ (၃)ပေလောက်ရှိသည်၊ အမြင့်ကတော့ ပြောင်းအောက်ချထားရင် ပြောင်းလွတ်ရုံထားရသည်၊

အမြောက်က အရပ်မျက်နှာအမျိုးမျိုးလှည့်နိုင်သည်၊ ဘာကြောင့်လဲဆိုရင် ဆုံလည်မို့ပါ။ အရပ်ရှစ်မျက်နှာမှာ (၆၄၀၀)ဒီဂရီ ရှိရသည်၊ ပြောင်းကို အရပ်ရှစ်မျက်နှာလှည့်ဖို့ ရဲဘော်နှစ်ယောက်ရှိရမည်။ ပြီးတော့ အမြောက်ပြောင်းကို မြင့်ဖို့၊ နိမ့်ဖို့က ရဲဘော်နှစ်ယောက်လိုသည်။ မြေကတုတ်က ပစ်ရမယ့်ကျည်ကို ပထမဇလားထဲထည့်ဖို့ ရဲဘော်တစ်ယောက်က သယ်လာသည်၊ ဇလားထဲမှ လက်ဆင့်ကမ်းယူပြီး ပြောင်းနဲ့တေ့ဆိုထားရသည်။ အဲဒီမယ် ပြောင်းထဲကို အမြောက်ဆံဝင်သွားသည်၊ ပြောင်းထဲ ကျည်ဆံဝင်သွားပြီးပြီးချင်း ဇလားကို ပြောင်းနဲ့လွတ်အောင် အနောက်ကို ဆွဲယူလိုက်ရသည်၊ အဲဒီ ရဲဘော်က နံပါတ် (၅)ဖြစ်ပါသည်။





အဲဒီနံပါတ် (၅)ဟာ တခြားရဲဘော်တွေထက် ပျာပျာသလဲ မလုပ်ရပါ။ ခေါင်းအေးအေးထားရသည်။ သတိအင်မတန်ရှိရသည်။ ဘာကြောင့်လဲဆိုရင် သက်ဆိုင်ရာ တပ်မှူးက ပစ်လို့ အမိန့်ပေးရင် နံပါတ် (၅)နဲ့ ယှဉ်ရပ်နေတဲ့ နံပါတ် (၆)က တစ်ခါတည်း ပစ်မောင်းကို ဆွဲလိုက်ရသည်။

အဲဒီလို ပစ်လိုက်တဲ့အခါ လေယာဉ်ပစ်အမြောက်ဆံဝင်တဲ့ အံကြီးဟာ (၁၄)လက်မ နောက်ကို ဆုတ်ကန် ကန်သွားပြီး မူလနေရာကို ပြန်သွားသည်၊

အဲ့ဒီတော့ နံပါတ် (၅)နေရာကို ကိုင်တဲ့သူဟာ အမြောက်ဆံကို ဇလားထဲထည့်တဲ့အခါဖြစ်ဖြစ်၊ ပြောင်းထဲ ကျည်ဆံထည့်တဲ့အခါ ဇလားကို အံဝင်ခွင်ကျမလုပ်ခဲ့ရင်ဖြစ်ဖြစ်၊ ကျည်ဆံကို ဇလားထဲကနေ ပြောင်းထဲကိုဆွဲသွင်းလိုက်ပြီး ဇလားကို မိမိရရ အနောက်ကို ပြန်ဆွဲမထားလိုက်လို့ဖြစ်ဖြစ်၊ ကျည်ဆံဟာ အဲဒီနေရာမှာပဲ ပေါက်ကွဲပြီး တပ်စိတ်တစ်စိတ်လုံး ကိစ္စတုံးသွားနိုင်သည်။ အမြောက်ပြောင်း ဘယ်ညာ လှည့်ပေးတဲ့ ရဲဘော်နှစ်ယောက်ရယ်၊ နံပါတ် (၅)နဲ့ (၆)တို့ဟာ လေယာဉ်ပျံပစ် အမြောက်ကြီး ဆုံလည်ပေါ်မှာ ရှိနေရမည်။

ကျန်တဲ့ ရဲဘော်တစ်ယောက်က ပေါက်ကွဲချိန် ထိပ်ဖူးကို လှည့်ပေးရတဲ့သူ။ အဲဒီ ပေါက်ကွဲချိန်လှည့်တဲ့သူက ဂန်းပစ်တွင်းမှာ ဆောင့်ကြောင့်ထိုင်နေရသည်။ သူလည်း ခေါင်းအေးအေးထားပြီး ပေါက်ကွဲချိန် ဘယ်လောက်ဆိုပြီး ပြောလာရင် အဲဒီရဲဘော်က ကျည်ဆံထိပ်ဖူးမှာ ပေါက်ကွဲချိန်ကို လှည့်ပေးရသည်။ လှည့်ပေးပြီးမှ တခြားတစ်ယောက်က သူလှည့်ပေးထားတဲ့ ကျည်ဆံကို ဇလားကိုင်တဲ့ နံပါတ် (၅)ဆီ သွားပို့ပေးရသည်။ ကျန်တဲ့ ရဲဘော်တွေကတော့ ကျည်ဆံသယ်တာ ပြောင်းထဲကျည်ကိုဆွဲသွင်းတာနဲ့ လိုအပ်တဲ့နေရာမှာ ပါဝင်ဆောင်ရွက်ဖို့ပဲဖြစ်သည်၊ အဲဒီနည်းနှင့် အမြောက်တစ်လက်မှာ ရဲဘော် (၁၂)ယောက်ကနေ ရဲဘော် (၁၅)ယောက်ထိ တာဝန်ယူရတာဖြစ်သည်။

အပေါ်ကောင်းကင်ယံမှာ ဒါမှမဟုတ် အမြောက်တပ်ခေါင်းပေါ် လဟာပြင်မှာ လေယာဉ်ပျံတွေ ဘယ်လိုပဲ ဝဲနေဝဲနေ၊ ဘယ်လိုပဲ စက်သေနတ်တွေ ပစ်နေပစ်နေ ဘယ်လိုပဲ ဗုံးတွေချချ၊ ဒါတွေကို အာရုံမစိုက်ရပဲ မိမိယူထားတဲ့တာဝန်ကို လေးနက်စွာ ခေါင်းအေးအေးထားပြီး ရဲဘော်စိတ်ရှိရှိနဲ့ ကိုင်တွယ်ဆောင်ရွက်ကြရမှာဖြစ်သည်။ တစ်ယောက်ယောက်က ကြောက်ရွံ့ပြီး တစ်ခုခု ခြေချော် လက်ချော်ဖြစ်သွားမယ်ဆိုရင် ကိုယ့်ကျည်ဆံနဲ့ကိုယ် ပွဲချင်းပြီးသွားလိမ့်မည်၊ ဒါဟာ အဖွဲ့အစည်းတစ်ရပ်ရဲ့ အလုပ်ဖြစ်တဲ့အတွက် အားလုံးဟာသတိရှိရှိ၊ သစ္စာရှိရှိလုပ်မှ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းဟာ အောင်မြင်မယ်လို့ ပြောလို့ရပါသည်။

(၃.၇)လက်မရှိသည့် လေယာဉ်ပျံပစ် အမြောက်စခန်းများကတော့

(၁) ရန်ကုန်အလုံဆင်နှင်းကွက်သစ် လေယာဉ်ပျံပစ် အမြောက်စခန်းမှာ အမြောက်ကြီး (၄)လက်၊

(၂) မန္တလေးမြက်ပါးရပ်ရှိ လေယာဉ်ပျံပစ်အမြောက်ကြီးစခန်းမှာ အမြောက်ကြီး (၂)လက်၊

(၃) ရေနံချောင်းခံကုန်း (အောင်မြေကုန်း) လေယာဉ်ပျံပစ်စခန်းမှာ အမြောက်ကြီး (၂)လက်၊

(၄) နမ္မတူ၊ ဘော်တွင်း လေယာဉ်ပျံပစ် အမြောက်ကြီးစခန်းမှာ (၂)လက်။

(၅) မုံရွာ လေယာဉ်ပျံပစ် အမြောက်ကြီးစခန်းမှာ (၂)လက်၊

(၆) ကလေးဝ လေယာဉ်ပျံပစ် အမြောက်ကြီးစခန်းမှာ (၂)လက်ပေါင်း

(၃.၇)လက်မ အမြောက်ကြီး (၁၂၄လက်၊

(၃)လက်မရှိသည့် လေယာဉ်ပျံပစ် အမြောက်ကြီးတပ်စခန်းက

(၁)စစ်ကိုင်းရွာသောင် လေယာဉ်ပျံပစ် အမြောက်ကြီးတပ်မှာက (၂)လက်။

(၃.၇)လက်မ အမြောက်တွေက အင်္ဂလိပ်တောနှင့် အသေကိုင်ထားတော့ အမြောက်ပစ်ရဖန်များသဖြင့် အင်္ဂလိပ်တွေ ကြွကြွလာတတ်သည်၊ ပုံလာသည်၊ ဒါကြောင့် ထပ်ထပ်လောင်းရလေ့ရှိသည်၊

**အမြောက်ကျည်ဆံ**

အမြောက်ကျည်ဆံတစ်တောင့်ဟာ (၇၅)ပေါင်လေးသည်။ စက္ကန့် (၃၀) အကြာအထိပဲ ပေါက်ကွဲနိုင်သည်၊ စက္ကန့် (၃၀)ပေးလို့ရှိရင် ကျည်ဆံဟာ ပေ (၂၄၀၀၀) အကွာအဝေးမှာရှိတဲ့ (သို့) အမြင့်ပေ (၂၄၀၀၀)မှာရှိတဲ့ လေယာဉ်ပျံကို ပစ်နိုင်သည်၊ ကျည်ဆံဟာ နှစ်မျိုးနှစ်စားရှိသည်။ တစ်မျိုးကတော့ လိုအပ်တဲ့ ပေါက်ကွဲချိန်ကိုပေးထားပြီး ပေါက်ကွဲသွားတဲ့အခါမှာ အရှေ့ကိုတိုးပြီးသွားသည်။ ဒါက လေယာဉ်ပျံတစ်စင်းထဲ လာတဲ့အခါမှာ ပစ်တာဖြစ်သည်၊

နောက်ကျည်ဆံတစ်မျိုးက လိုအပ်တဲ့စက္ကန့်မှာ ပေါက်ကွဲတဲ့အခါ ကျည်ဆံဟာဖြာပြီးမှ ကွဲသည်။ အဲဒီကျည်ဆံမျိုးဟာ လေယာဉ်ပျံအစုအအုပ်လာတဲ့အခါမှာ ပစ်တဲ့ ကျည်ဆံမျိုးဖြစ်သည်။

ကျည်ဆံတွေနဲ့ အမြောက်တပ်နဲ့အတူ မထားရပါ၊ လိုအပ်သလောက်ပဲ





အမြောက်စခန်းထဲမှာပဲ ထားရသည်။ (၁)မိုင်၊ (၂)မိုင်အကွာအဝေးမှာ သွားထားရပါသည်၊ ဘာကြောင့်လဲဆိုရင် ရန်သူက ဗုံးချခဲ့လို့ရှိရင် အမြောက်တပ်နဲ့နီးနေလို့ရှိရင် ကျည်ဆံတွေပေါက်ကွဲပြီး အတုန်းအရုံးကျဆုံးသွားမှာဖြစ်တဲ့အတွက် ကျည်ဆံဂိုဒေါင်ကို အမြောက်တပ်နဲ့ဝေးတဲ့နေရာမှာ ထားရခြင်းဖြစ်သည်၊ ပေါက်ကွဲချိန်ဟာ စက္ကန့်ကို တစ်စက္ကန့်၊ နှစ်စက္ကန့်ထားလို့ရှိရင် မိမိတပ်အတွက် အန္တရာယ်ရှိနိုင်သည်။

ရေနံချောင်းလိုမြို့မှာ အမြောက်က ခံကုန်းရပ်မှာ။ ဒါပေမဲ့ ကျွဲညီနောင်ဆိုတဲ့ လေယာဉ်ပျံတွေက ချိုင့်ဝှမ်းထဲကနေ ပျံသန်းပြီး မြို့ပေါ်ဘွားကနဲပေါ်လာပြီး စက်သေနတ်ပစ်၊ ဗုံးကြဲတော့ အမြောက်က သူ့ကို ဘယ်လိုမှ မလုပ်နိုင်ပါ၊ အမြောက်ရဲ့အောက်က ဖြစ်နေတဲ့အတွက်ဖြစ်သည်။ ပစ်ပြန်လို့ရှိရင်လည်း ဂန်းပစ်ခေါ် မြေကတုတ် လုပ်ထားတာကြီး ပျက်စီးသွားရုံပဲရှိသည်။ ဒါကြောင့် မြောင်းထက်နိမ့်တဲ့ နေရာကနေ ပျံလာလို့ရှိရင်လည်း ဘာမှမလုပ်နိုင်ဘဲ ကြည့်သာနေရမည်၊

တစ်ခါကတော့ ရေနံချောင်းမှ ကျွန်တော်တို့ လေယာဉ်ပျံအသံကြားတော့ အသင့်နေရာယူကြရသည်၊ လေယာဉ်ပျံပစ် အမြောက်တပ်နေရာယူထားတာက ခံကုန်းပေါ်မှာ၊ ဒီတော့ လေယာဉ်ပျံကိုပစ်ဖို့ အသင့်စောင့်နေကြသည်၊ ပေါက်ကွဲချိန် စက္ကန့်ကိုလည်း (၂)စက္ကန့်လှည့်ထားသည်။ အမြောက်မြောင်းထဲမှာ ကျည်ဆံအသင့်ထည့်ပြီး စောင့်နေသည်။ မကြာမီ ကျွဲလို့ခေါ်တဲ့ လေယာဉ်ပျံ အနိမ့်ပိုင်းကနေ လေယာဉ်ပျံပစ် အမြောက်ရှိရာကို ဘွားကနဲပေါ်လာသည်။ လေယာဉ်ပျံအသံကြားရာကို နဂိုကတည်းက လိုက်ချိန်ထားတော့ နံပါတ် (၆)ရဲဘော်က ပစ်ထည့်လိုက်သည်။ လေယာဉ်ပျံလည်း ကြောက်အားလန့်အားနဲ့ ချက်ချင်း တစ်နေရာကို ပျံသွားပါတော့သည်၊ မြောင်းကလည်း ဂန်းပစ်ပေါ်တင်ပြီး ကျည်ဆံပေါက်ကွဲချိန်ကလည်း (၁)စက္ကန့်၊ (၂)စက္ကန့် ဖြစ်နေတော့ ဒိုင်းဆိုကာ ကျည်ဆံကိုပစ်လိုက်တဲ့အသံ နောက်မှ ဝုန်းဆိုတဲ့ ပေါက်ကွဲသံကိုကြားလိုက်တော့ ကမ္ဘာမြေကြီး တုန်ဟီးသွားသလား ထင်ရသည်။ လေယာဉ်ပျံလည်း ကြောက်ကြောက်လန့်လန့် တဖက်သို့ ပျံသန်းသွားသည်။ ရဲဘော်တွေလည်း ချိန်ပစ်ရတာမဟုတ်တော့ လေယာဉ်ပျံကိုတော့ မထိပါ၊ မဟုတ်ရင် လေယာဉ်အစိတ်စိတ်အမွှာမွှာဖြစ်ပြီး ပျက်စီးသွားနိုင်သည်။ ရဲဘော်တွေ ကမန်းကတမ်း ပစ်လိုက်တော့ မြေကတုတ်လွတ်ရုံပဲရှိသည်၊ ဒီတော့ မြေကတုတ် စုတ်ပြတ်သွားသည်၊ လေယာဉ်ပေါ်က လူတွေကတော့ ဘယ်လိုနေမလဲ မသိဘူး။

အမှန်ကတော့ လေယာဉ်ပျံပစ် အမြောက်ကြီးတပ်နဲ့ စက်အမြောက်တပ် က မနီးမဝေးမှာထားရသည်။ စက်အမြောက်တပ်နဲ့ လေယာဉ်ပျံပစ် အမြောက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တပ်ဟာ ပြောရလို့ရှိရင် သားအဖလို့လည်းခေါ်နိုင်သည်၊ ညီအစ်ကိုလို့လည်းခေါ်နိုင်သည်။ ရန်သူလေယာဉ်ဟာ အဲဒီလို အနိမ့်ပိုင်းက ဖျံလာလို့ရှိရင် အမြောက်ကြီးတပ်ကတော့ လေယာဉ်ပျံက ပြောင်းအောက်ထက်နိမ့်နေတာ အမြောက်နဲ့ဘာမှ မလုပ်နိုင်ဘူး။ အဲဒီလိုအခါမှာ စက်အမြောက်ရဲ့ အကူအညီကိုယူပြီး ပစ်ရပါသည်၊ အဲဒီလေယာဉ်ဟာ အဲ့ဒီနေရာတွင်ပင် ပွဲချင်းပြီးသွားနိုင်ပါသည်၊

ကံကောင်းတယ်လို့ပဲ ဆိုရမှာပဲ။ ရန်သူလေယာဉ်ကလည်း သူ့ရဲ့ စက်သေနတ်နဲ့ပစ်လိုက်မယ်ဆိုရင် ရဲဘော်တွေမြင်မကောင်း ရှုမကောင်း အတုံးအရုံးတွေဖြစ်သွားမှာပဲ။ အမြောက်တပ်သားတွေက ဝုန်းဒိုင်းနဲ့ တစ်ခါမှာလှမ်းပစ်လိုက်တော့ ဖုံအားသင့်သွားပြီး မြေမကိုင်မိ လက်မကိုင်မိ ကမန်းကတန်းနဲ့ပဲ ခြေဦးတည့်ရာ ပျံပြေးသွားသည်၊ လေယာဉ်ပျံပစ်ရဲဘော်တွေ ဗီမဲမဲပုတ်ပုတ်လေယာဉ်ကြီးကို မျက်စိထဲကမထွက်သလို မမျှော်လင့်ပဲ အမြောက်ဆံပေါက်ကွဲတာကိုလည်း လေယာဉ်ပေါ်က လူတွေ မျက်စိထဲကလည်း မထွက်ဘဲ အသည်းထဲ စိမ့်ကနဲအေးကနဲ ဖြစ်နေမှာကိုတော့ တွေးမိပါသေးသည်၊

* * * * * * * *



## ခံစောကု (ခေါ်) တိုင်းတာရေးကိရိယာ

စောစောပိုင်းကတော့ အဲဒီရေဒါနဲ့ ပစ်ပြီးပစ်တာကို အစပိုင်းမှာ စက္ကူပေါ်မှာတွက်ချက်ထားတာရှိသည်။ ပထမဆုံး အမြင့်ဘယ်လောက် ပျံသန်းနေတယ်၊ ဒါရိုက်ရှင်း angle ကဘယ်လို၊ လေယာဉ်ပျံ ပျံတဲ့နှုန်းက ဘယ်လောက်၊ အဲဒီလိုပုံသေတွက်ချက်ပြီးသား စာအုပ်ရှိသည်၊ Angle ဘယ်လောက်ရှိရမယ်ဆိုတာကို တပ်မှူးက လှမ်းအမိန့်ပေးသည်။ ကျည်ဆံပေါက်ကွဲချိန်တွေလည်း လှည့်ပြီးပြီဆိုရင် ပစ်ဖို့အဆင်သင့်လုပ်ထားသည်။ စက္ကူပေါ်မှာ တွက်ချက်ထားတာတွေနဲ့ လေ့ကျင့်ရသည်၊ အဆင်သင့်ဖြစ်ပြီဆိုပေမယ့် အချိန်မစေ့ခင် ခဏစောင့်နေရသည်။ "ပစ်" ဆိုပြီး အမိန့်ပေးမှ ပစ်ရသည်၊

အဲဒီနောက်ပိုင်းကျမှ ဂျပန်ကနေ တွက်ပြီးသားကွန်ပျူတာလို စက်ကြီးရောက်လာသည်၊ လူ (၇)ယောက် ကိုင်ရသည်။ ကျန်တာကတော့ စောစောထဲကရှိပြီးသား မှန်ပြောင်းလေးက ကျင်းတစ်ကျင်းမှာ။ မှန်ပြောင်းကြီးက ကျင်းတစ်ကျင်းမှာ၊ အဲဒီ (၂)ခုအောက်မှာက စက်ကြီးတစ်ခု တပ်ဆင်ထားတယ်။ မြေကတုတ်ကျင်းထဲမှာ ဆက်သွယ်ရေးတပ်စိတ်လည်းရှိသည်၊ တယ်လီဖုန်းတပ်စိတ်ကိုတော့ အမြင့်တိုင်းတဲ့မှန်ပြောင်းက မှန်ပြောင်းလေးနဲ့ပဲ အတူတူထားတယ်။ သူက အရှည်ကြီးဖြစ်ပြီး တစ်လံလောက်ရှိသည်။

အဲဒါကို "ခံစောကု"လို့ ဂျပန်လိုခေါ်သည်၊ တွက်ချက်ပြီးအဖြေရှာတဲ့ကိရိယာပဲ၊ ကြည့်ရင် လေယာဉ်ပျံ ပျံသန်းနေတဲ့အမြင့်က ပျံသန်းဆဲနှုန်း အကွာ



www.burmeseclassic.com

www.burmeseclassic.com



အဝေး ဘယ်လောက်ရှိတယ်၊ အဲဒီလေယာဉ်ကို စက္ကန့်ဘယ်လောက်နဲ့ ပစ်ရမယ်ဆိုတာ အဖြေထွက်သည်။ အဲဒီတော့မှ အဖြေကို အမြောက်ကွပ်ကဲတဲ့သူဆီ ပို့ရသည်၊ အဲဒီ တော့မှ သက်ဆိုင်ရာတာဝန်ခံက အမိန့်ပေးရသည်။ ပစ်လို့ဆိုတာနဲ့ ပစ်ရသည်။ ဒီ ခံစောကုအဖွဲ့အောက်မှာ ဆက်သွယ်ရေးအဖွဲ့ငယ်ကလေးရှိသည်။ ဒါကို စုရှင်းဘွန်တိုက်လို့ခေါ်သည်၊

လေယာဉ်ပျံပစ် အမြောက်ကြီးတပ်မှာမှ ဆက်သွယ်ရေးအတွက် ကယ်လီဖုန်း တပ်စိတ်ဟာ ရှိစမြဲပဲ။ လေယာဉ်ပျံသံမကြားခင်ကပင် အမြောက်တပ်ကို လေယာဉ်ပျံ ဝင်လာနေပြီဆိုတာကို ချက်ချင်းအကြောင်းကြားရသည်၊ ချက်ချင်း ဒီလေယာဉ်ပျံတွေဟာ ရန်သူလား၊ မိမွန်လေယာဉ်ပျံလားဆိုတာကို စစ်ဆေးပြီး ရန်သူလေယာဉ်ပျံများဆိုရင် သံချောင်းခေါက် အကြောင်းကြားရသည်၊ ဆက်သွယ်ရေးတယ်လီဖုန်းက ရန်သူလေယာဉ် ဝင်လာပြီဆိုတဲ့ သတင်းရတာနဲ့ ကိုယ့်နေရာကို ကိုယ် အမြန်ဆုံးပြေးပြီး နံပါတ်(၁)ရောက်ပြီ၊ နံပါတ်(၂)ရောက်ပြီ၊ နံပါတ် (၃) ရောက်ပြီ စသည်အားဖြင့် ချက်ချင်းသတင်းပို့ရသည်။

နေရာယူပြီးနောက် တစ်စတစ်စ လေယာဉ်ပျံသံကြားလာတဲ့အခါ အားလုံး အသင့်ဖြစ်နေရသည်။ ခံစောကု (ခေါ်) တိုင်းတွာရေးကိရိယာမှန်ပြောင်းက ရန်သူ ရှာဖွေတွေ့ရှိပြီး ပစ်ချိန်ပေးထားသည်၊ တပ်ခွဲမှူး၊ တပ်စုမှူးတို့က အဆင့်ဆင့်အမိန့် ပေးတာနဲ့ "ပစ်"ရသည်။

တပ်ခွဲဆိုရင် တပ်ခွဲမှူးက အမိန့်ပေးရသည်၊ တစ်ခါတစ်ခါ တပ်ခွဲမှူး မရှိရင် တပ်စုမှူး အမိန့်ပေးရမည်။

တချို့နေရာမှာ မျှော်စင်ဆောက်ထားသည်၊ အဲဒီမျှော်စင်က အမြဲတာဝန်ကျတဲ့ ရဲဘော်က လေယာဉ်ပျံ လာမလာ စောင့်ကြည့်ဖို့ဖြစ်သည်၊ အဲဒီမျှော်စင်ပေါ်မှာ တပ်ခွဲမှူး ဒါမှမဟုတ် တပ်စုမှူးတို့က နေရာယူထားရသည်။ အဲဒီကနေ အမိန့်ပေးတာပဲ၊ တပ်စုမှူးတွေကတော့ မြေကတုတ်ပေါ်ကနေရပ်ပြီး အမိန့်ပေးလေ့ပေးထရှိသည်၊

သင်တန်းတုန်းက ဂျပန်တွေရှိတော့ ဂျပန်လို အမိန့်ပေးသည်၊ ဒါပေမယ့် နယ်အမြောက်တပ်တွေကျတော့ မြန်မာလိုပဲပေးသည်။ ခံစောကုဆိုတဲ့ တိုင်းတာရေး ကိရိယာက ရန်ကုန်၊ မန္တလေးမှာပဲရှိသည်၊ ကျန်တဲ့ ဘီဒီအေ လေယာဉ်ပျံပစ် အမြောက်ကြီးတပ်တွေကတော့ မျက်မြင်နဲ့ လှမ်းပစ်ကြသည်။

တချို့နေရာတွေမှာ လေယာဉ်ပျံက (၃-စင်း၊ ၅-စင်း၊ ၇-စင်း)ကနေ (၁၀၀)





ကျော် အုပ်လိုက်အပြုံလိုက် လာတဲ့အခါကတော့ ငှက်တွေအပြုံလိုက် ပျံသန်းသွားတဲ့အခါ ကံဆိုးကံကောင်းဆိုပြီး လောက်လေးတို့ သားရေပတ်တို့နှင့် လျှောက် ပစ်သလို လိုက်ပစ်ကြရသည်၊ စနစ်တကျ မဟုတ်တော့ပါ၊

ပြီးတော့ ဂျပန်တွေက သင်တန်းမှာပြောထားတာက "လေယာဉ်ပျံ ကိုယ့်ဘက်ကို ဒါရိုက်လာနေရင် မပစ်ဘဲငြိမ်နေရမယ်။ (၄၅°)ကျော်ပြီဆိုတော့မှ ပစ်ရမယ်" လို့ သင်တန်းမှာပို့ချထားတယ်။ ဘာကြောင့်လဲဆိုရင် (၄၅°)အတွင်းမှာ ပစ်ခဲ့လို့ရှိရင် အမြောက်တပ်ကို ထိဖို့လွယ်သည်။ ဒါပေမယ့် (၄၅°)ကျော်လာမှ ပစ်လို့ အကယ်၍ ဗုံးဖြုတ်ချခဲ့ရင် ကိုယ့်ကိုကျော်သွားပြီမို့ ကိုယ့်ကိုမထိတော့ဘူး၊ ဂျပန်က ဒီသဘောတရားအတိုင်း လိုက်နာပြီး မပစ်ဘဲစောင့်သည်၊ ဘီဒီအေရဲဘော်တွေကတော့ ကိုယ့်မြေထဲ မိစ္ဆာအင်္ဂလိပ်တွေ တစ်လက်မမှ အဝင်မခံဘူးဆိုတဲ့ စိတ်ဓါတ်နဲ့ လေယာဉ်ကို မြင်ကတည်းက ပစ်တော့တာပဲ၊ အဲဒီလိုပစ်တော့ တစ်ခါမှ ဘီဒီအေလေယာဉ်ပျံပစ် အမြောက်ကို ဗုံးချတာမျိုး မကြုံဘူးပါ၊

ဘီဒီအေ လေယာဉ်ပျံပစ် အမြောက်ကြီးတပ်နှင့် မနီးမဝေးမှာ ဂျပန်တပ် တစ်တပ်ချထားလျက်ရှိနေပါသည်၊ အဲဒီ ဂျပန်တပ်တွေကတော့ လေယာဉ်ပျံသူတို့ ရှေ့ကိုတူရှုပျံလာရင် လုံးဝမပစ်ဘဲ ရပ်ထားသည်၊ ဒါပေမယ့် (၄၅°)ကျော်တဲ့အခါမှ ပစ်သည်။

တချို့မြို့တွေမှာ ကျွဲညီနောင်ခေါ်တဲ့ အမေရိကန်၊ အင်္ဂလိပ်လေယာဉ်ပျံဟာ မြို့ပေါ်ပျံဝဲပြီး စက်သေနတ်ပစ်ရင် ဂျပန်တွေကလည်းအောက်ကနေ စက်သေနတ်တွေ သူတို့ ရိုင်ဖယ်သေနတ်တို့နဲ့ ပစ်လေ့ရှိသည်။

သူတို့ပစ်လို့ လေယာဉ်ပျံတစ်စင်းမှလဲ မကျတဲ့အပြင် သူတို့အထဲက တချို့ဟာ အင်္ဂလိပ်အမေရိကန် လေယာဉ်ပေါ်က ဒက် ဒက် ဒက် စက်သေနတ်ပစ်လိုက်ခြင်းကို ခံကြရတဲ့အတွက် ကျဆုံးသွားကြရသည်၊

အဲဒါက အင်္ဂလိပ်အမေရိကန်တွေ မြန်မာပြည်ကို ပြန်ပြီးတိုက်ခါနီး စောစောပိုင်းအခြေအနေတုန်းက ကြုံတွေ့ရတဲ့ အဖြစ်အပျက်ပါ။ သူတို့က လျှပ်တစ်ပျက်စစ်ဆင်ရေးနဲ့ မြန်မာပြည်တပြည်လုံးကို သိမ်းလိုက်နိုင်တယ်ဆိုတဲ့ အချိန်က အင်မတန်စိတ်ဓါတ်တက်ကြွနေတဲ့ အချိန်မို့ ဒီလို ကျွဲညီနောင်တွေ နိမ့်နိမ့်ဆင်း စက်သေနတ် ပစ်တာကို ပြန်ခံပစ်တာပဲဖြစ်သည်။

နောက်ပိုင်းတော့ ဒီလို ကျွဲညီနောင်ဆိုတဲ့ လေယာဉ်ပျံတွေကို ရပ်ပစ်တာမျိုး မကြုံတွေ့တော့ပါ၊



www.burmeseclassic.com

www.burmeseclassic.com



ဆက်သွယ်ရေးညံ့လှချည်လား

ဒါပေမယ့် ဆက်သွယ်ရေးက တစ်ခါတစ်ခါ အင်မတန်ညံ့ဖျင်း၊ အင်မတန် ကြောင်သည်ဟု ဆိုရမည်။ မြန်မာပြည်ထဲကို ရန်သူလေယာဉ် ဝင်သည်နှင့်တပြိုင် နက် အဆင့်ဆင့်ဖြင့် အမြန်ဆုံးဆက်သွယ်ရန်ရှိပေမယ့် တစ်ခါတစ်ရံတွင် ဆက်သွယ် ရေးညံ့လို့ ဘီဒီအေသမိုင်းမှာ မှတ်မှတ်ရရ အခံကြီး ခံလိုက်ရတာတွေရှိပါသည်။

(၁၉၄၃)ခုနှစ်တုန်းက မှည်းမနားလူသစ်စခန်းမှာ သင်တန်းဆင်းနေသည့် အချိန် အင်္ဂလိပ်လေယာဉ်ဝင်လာသည်။ ဂျပန်က လက်မြောက်ပြီး လေယာဉ်ဖျံကို နှုတ်ဆက်ကြသည်၊ ထိုအခါ အင်္ဂလိပ်လေယာဉ်ပျံက စက်သေနတ်နှင့်ပစ်ရာ ဘီဒီအေရဲဘော်များ အတုံးအရုံးနှင့် ကျဆုံးကုန်သည်။ ဤဖြစ်ရပ်သည် ဘီဒီအေ သမိုင်းတွင် မေ့မရ နိုင်သည့် မှတ်တိုင်ပင်ဖြစ်ပါတော့သည်၊

မြန်မာပြည်အလယ်ပိုင်းကို အင်္ဂလိပ်စစ်တပ်က စစ်ဆင်ရေးကို လုပ်လာပါ သည်။ ကလေးဝလေယာဉ်ပျံပစ် အမြောက်ကြီးတပ်သည် စစ်ကြောင်းနှင့် အနီးကပ် ဆုံး မြန်မာ့တပ်မတော်ဖြစ်ပါသည်။

ထို့ကြောင့် ကလေးဘောက်ကို ထိုးစစ်တွေမဝင်ခင် အင်္ဂလိပ်အမေရိကန် လေယာဉ်ပျံတွေက ရှေ့ပြေးအနေနဲ့ ဂျပန်စခန်းတွေကို ရှင်းလင်းကြရပါသည်။ ရန်သူစခန်းကို စက်သေနတ်ပစ်ခြင်း ဗုံးကြဲခြင်း အလုပ်တွေကို ခပ်စိပ်စိပ်ကလေး လုပ်လာသည်။ ဤသည်မှာ သူတို့၏ အစဉ်အလာဖြစ်သည်။

တစ်နေ့မှာ လေယာဉ်ပျံသံကြားသည်။ ကြားကြားချင်း ကလေးဝ လေယာဉ်ပျံပစ် အမြောက်ကြီးတပ်က ရဲဘော်တွေက ပြေး၍ နေရာယူကြသည်။ ချက်ချင်းပင် ဂျပန်ဆက်သွယ်ရေးက ဖုန်းနဲ့ "ရန်သူလေယာဉ်ပျံ မဟုတ်ဘူး၊ 'နီပွန်ကီး' ဂျပန် လေယာဉ်ပျံဖြစ်ကြောင်း" သတင်းပို့လိုက်သည်၊ ထိုအချိန် လေယာဉ်သည် နိမ့်နိမ့် လေးပျံသန်းလာသည်၊ လေယာဉ်ကို ဘယ်ညာယိမ်းပြီးပြသည်။

ဤသို့ ဘယ်ညာယိမ်းပြခြင်းသည် ဂျပန်လေယာဉ်တွေသုံးသည့် သင်္ကေတ ဖြစ်သည်။ လာသည့် လေယာဉ်ပျံသည် "ဂျပန်လေယာဉ်ပျံအသွင် လုပ်လာသဖြင့် ဂျပန်လေယာဉ်ပျံ"ဟုပင် ထင်နေကြသည်။

ဂျပန်လေယာဉ်ကိုမှားပြီး ပစ်မိပြန်ရင်လည်း တစ်ဒုက္ခ၊ ရန်သူလေယာဉ်ပျံ ကို ဂျပန်လေယာဉ်ဆိုပြီး မပစ်ပါရင်လည်း ကိုယ့်ကို ရန်သူက တိုက်ခိုက်သွားနိုင် သည်။

"ဂျပန်လေယာဉ်ပျံလား ရန်သူလေယာဉ်ပျံလား" ဆိုတာမသိ ဇဝေဇဝါ



classic.com



ဖြစ်နေ၍ ပစ်ရန်အခက်ဖြစ်နေသည်။ ဤတွင် ဂျပန်တွေလည်း "နီပွန်ကီး ဂျပန် လေယာဉ်ပျံ"ပါလို့ သတင်းပို့လိုက်သည်။ ဂျပန်ကလည်း "သူတို့ လေယာဉ်ပျံ"ပဲဆိုပြီး "နီပွန်ဘိ ရှမာဘန်ဆိုင်း" "မြန်မာဂျပန် အောင်ရမည် မြန်မာဂျပန် အောင်ရမည်"လို့ ကြွေးကြော်သည်၊ ကလေးဝအမြောက်တပ်ကလည်း အမြောက်ကိုပြန်ချပြီး ထိုသို့ "နီပွန်ဘိရှားမာဘန်ဆိုင်း"ဆိုပြီး လက်ခုပ်လက်ဝါးတီးပြီး လေယာဉ်ကို ကြိုဆိုသည်။

ဤကြွေးကြော်သံမဆုံးမီ လေယာဉ်က စက်သေနတ်ပစ်ပါတော့သည်၊ ထိုအခါမှ တော့ချမှ တေးပြမှန်းသိသလို ရန်သူမှန်းသိတော့ ပြန်ခုခံရန် နောက်ကျ သွားပါပြီ၊ အချိန်မရလိုက်ပါ၊ ရန်သူလေယာဉ်က စက်သေနတ်နဲ့ပစ်တော့ အမြောက် (၂)လက်ရှိတဲ့အနက် တပ်ကြပ်ကြီးစိန်မောင်တို့ တပ်စိတ်ကို အပစ်ခံလိုက်ရသည်၊ တပ်စိတ်တစ်စိတ်လုံး အနည်းအများ ဒဏ်ရာရသွားသည်။ တပ်ကြပ်ကြီးစိန်မောင်နှင့် ရဲဘော်များကို ဆေးရုံအမြန်ဆုံးပို့လိုက်သည်၊ တပ်ကြပ်ကြီးရဲဘော်စိန်မောင် (မင်းဘူး) ခြေတစ်ဖက် ဖြတ်လိုက်ရသည်။

တပ်ကြပ်ကြီးစိန်မောင်သည် သူကျဆုံးခါနီးမှာ-

"ကျုပ်အတွက် ဘာမှမစိုးရိမ်ကြပါနဲ့။ ကျုပ် တိုင်းပြည်တာဝန်ကို ကျေကျေ ပွန်ပွန် ထမ်းဆောင်သွားတယ်၊ ရဲဘော်တို့ ရှေ့ဆက်တိုက်ပွဲဝင်ကြပါ၊ ကျုပ်တို့နိုင်ငံ အတွက် ဆက်ချီတက်ကြပါ" လို့ ပြောရင်းကျဆုံးသွားပါသည်။

ဤသို့ဖြစ်ပြီးမကြာပါ၊ အင်္ဂလိပ်အမေရိကန်တပ်များ ကလေးဝကို သိမ်း ပိုက်လိုက်သည်၊ လေယာဉ်ပျံပစ်အမြောက်တပ်က ရဲဘော်တော်တော်များများ ကိုလည်း ဖမ်းပြီး အိန္ဒိယအကျဉ်းထောင်များဆီ ပို့လိုက်ပါသည်။ ဤသို့ မှည်းမနားတွင် သင်တန်းဆင်းနေသည့် ဘီဒီအေရဲဘော်များနှင့် ကလေးဝ လေယာဉ်ပျံပစ်အမြောက် ကြီးတပ်မှ တပ်ကြပ်ကြီးရဲဘော် ဒဏ်ရာရကျဆုံးသွားရခြင်းသည် ဂျပန်တို့၏ ဆက်သွယ်ရေးညံ့ဖျင်း၍ ဖြစ်ရသည်ဆိုသည့် သမိုင်းဖြစ်ရပ်ကို မေ့ရနိုင်မည် မဟုတ်ပါ။

* * * * * * * *



www.burmeseclassic.com

www.burmeseclassic.com

## လေယာဉ်ပျံပစ်အမြောက်ကြီးတပ်သို့

ရဲဘော်အုံခေါ် ရဲဘော်လှ၊ ရဲဘော်မောင်မောင်နှင့် ကျွန်တော် (စာရေးသူ) တို့ သုံးယောက် ဘီဒီအေတပ်ကို ဝင်ရောက်ဖို့ တသာမြို့မှနေ၍ ပျဉ်းမနားမြို့သို့ သွားသည်။ ကျွန်တော်တို့ ဤသို့သွားသည့်ခရီးသည် အသည်းထိတ်စရာ ရင်ဖို့စရာ ကောင်းလောက်အောင် လေကြောင်းရန်နှင့် တစ်လမ်းလုံး ဆုံရပါသည်။

ပျဉ်းမနားရောက်သောအခါ ပျဉ်းမနားခရိုင် တို့ဗမာဆင်းရဲသားအစည်းအရုံးလုပ်ထားသည့်အိမ်မှာ ခဏတည်းခိုပါသည်။ အိမ်ရှင်မှာ တို့ဗမာအစည်းအရုံး ဥက္ကဋ္ဌဖြစ်သည်။ ထိုအိမ်သို့ ရောက်ရောက်ခြင်း ဘီဒီအေတပ်ထဲသို့ ဝင်ရန်ဖြစ်သော်လည်း ရဲဘော်လှသည် သူ၏ ခြေထောက်တွင် ဂျပန်နာခေါ်သည့် ဖက်ခွက်နာ ပေါက်နေသဖြင့် ထိုရောဂါကုသရန် ခဏဆိုင်းငံ့နေရသည်။

ရောဂါကို အတော်အတန်ပျောက်တော့မှ ပျဉ်းမနားလူသစ်စခန်းသို့ သွားရောက်ဝင်ကြသည်။ ဝင်သည့်နေ့သည် ၁၉၄၃-ခု၊ ဩဂုတ်လ (၁၀) ရက်နေ့တွင် ဖြစ်ပါသည်။ ထိုအချိန်က ဂျပန်က လွတ်လပ်ရေးပေးပြီးပြီဖြစ်သည်။ ဂျပန်က လွတ်လပ်ရေးကို ၁၉၄၃ ခုနှစ်၊ ဩဂုတ်လ၊ (၁) ရက်မှာပေးသည်။

ပျဉ်းမနားလူသစ်စခန်း (သစ်တောကျောင်း)မှ တစ်ဆင့် အုံးတောကျောင်း တပ်ရင်း (၄)ကို ကျွန်တော်ရောက်သွားပါသည်။ အဲဒီမှာ ရက်ပိုင်းလောက်နေရတဲ့ အတွက် လေယာဉ်ပျံပစ်အမြောက်ကြီးတပ်က တပ်စုတစ်စုဟာ ရေနံချောင်းမှာ





တပ်စွဲဖို့ချီတပ်လာရင်း ပျဉ်းမနားမှာ ဝင်နားပါတယ်။ အဲဒီတပ်စုအတွက် တပ်သားများလိုတယ်ဆိုတာနဲ့ လူသစ်စခန်းမှာပဲ လူရွေးပါတယ်။ အင်္ဂလိပ်-မြန်မာ အထက်တန်းရောက်ပြီ အရပ်အမောင်း ကောင်းကောင်း ဗလကောင်းကောင်းရှိတဲ့ သူများကို ရွေးချယ်ယူပါတယ်။ အဲဒီအထဲမှာ ကိုလှနဲ့ကျွန်တော်ပါ အရွေးခံရတယ်၊ ကိုမောင်မောင်က ပုလို့တစ်ကြောင်း၊ ထိုအချိန်တွင် ဝမ်းလျှောနေ၍တစ်ကြောင်း အရွေးမခံရဘဲ ကျန်ရစ်ခဲ့သည်။

ထိုကဲ့သို့ အရွေးခံရသည့် ရဲဘော်တွေကို တူညီဝတ်စုံ ထုတ်ပေးပါသည်။ လူသစ်စခန်းမှာတုန်းက တူညီဝတ်စုံများ၊ ယူနီဖောင်းများ ထုတ်မပေးပါ။ ကိုယ်ပါသော အဝတ်အစားနဲ့ပဲ သင်တန်းတက်နေရပါသည်။

လူသစ်စခန်းမှ ထွက်ခွာရတော့မည်ဆို၍ ရဲဘော်များအလွန်ပျော်ရွှင်ကြပါသည်။ အဘယ်ကြောင့်ဆိုသော် လူသစ်စခန်းတွင် ညအိပ်ချိန်တွင် အိပ်သည့်အခါ ပယာမက အိပ်၍မပျော်ပါ၊ ကြမ်းပိုးကိုက်၍ ဖြစ်သည်။

တချို့လည်း အဝတ်အစားလျှော်ရန် ဆပ်ပြာမရှိ၊ ဆပ်ပြာနှင့်မလျှော်ရသော အဝတ်ကို ဒါဝတ် ဒါလျှော်စနစ်နှင့်ပင် ဝတ်နေကြတော့ သန်းကြီးမများ ပွနေပါသည်၊ သင်တန်းအားသည့်အခါ အဝတ်အစားများချွတ်ပြီး သန်းရှာသည့်အလုပ်ကလည်း တာဝန်တစ်ခုလို ဖြစ်နေပါသည်။

တိုင်းပြည်က ကျွေးသောထမင်းကို အလေးပြုဆိုပြီး တပ်ကြပ်က အမိန့်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် ကိုယ့်ရှေ့ကထမင်းပုံကို မျက်နှာရောက်သွားသည်။ မျှစ်တွင် အမဲသားဖြတ်ပြေးသွားသည့်ဟင်းကို မြင်လိုက်ရတော့ စိတ်မချမ်းသာ၊ ထမင်းကလည်း ပျော့မနပ်တူး၊ အမဲသားဖြစ်ဖြစ်၊ ဝက်သားဖြစ်ဖြစ် လက်မလောက် အတုံးကလေး၊ ဒါကိုဝေဖန်လျှင် တပ်ကြပ်က ခါးပတ်ကိုင်ပြီး စောင့်နေတယ်၊ ထို့ကြောင့် မကောင်းလည်းစားရမည်၊ ကောင်းတဲ့ထမင်းဟင်းဆိုတာ မရှိပါ၊ ထို့ကြောင့် ကြမ်းပိုးကိုက်တာတို့၊ ထမင်းမကောင်းတာတို့ဆိုတဲ့ ဆင်းရဲမှုကို မခံနိုင်တဲ့ရဲဘော်တွေ လူသစ်စခန်းက ထွက်ပြေးကြတာမျိုးတွေလည်း ရှိတယ်၊ အများအားဖြင့် ပညာ မတောက်တစ်ခေါက်တတ်သည့် မြို့သားတွေ လူသစ်စခန်းက ထွက်ပြေးကြတာတွေ များပါသည်။

စာရေးသူတို့ အမြောက်တပ်ကို လိုက်ပါမယ့်ရဲဘော်တွေကို ထုတ်ပေးသည့် ဖျဉ်ကြမ်းအကျီ၊ ဘောင်းဘီ လုံကွတ်တီ (၆-လက်မခန့် ဖျင်ရှည်ပြီး အရှည်တစ်ကိုက်လောက်ရှိသောပိတ်စ)၊ ဖျဉ်ကြမ်းဦးထုပ် (ခေါင်းကိုဆိုင်တပ်လျှက်)



www.burmeseclassic.com

www.burmeseclassic.com



ဖျဉ်ကြမ်းမြေပတ်အတွင်းသားရေကို အပြင်လှန်ထားပြီးချုပ်ထားတဲ့ စစ်ဖိနပ်အညို တို့ကို "မြန်မြန်သရှိ" "မြန်မြန်သရှိ"လို့ အော်ငေါက်အမိန့်ပေးနေသော ဂျပန် အကြံပေးတပ်ကြပ်ရဲ့ အမိန့်အတိုင်း အမြန်ဆုံးဝတ်ကြ ဖိနပ်စီးကြ၊ ခြေပတ် ပတ် ကြရသည်။

တော်ပါသေးသည်။ လူသစ်ခေန်းမှာတုန်းက လူသစ်စခန်း အလျင်ရောက် နှင့်သည့် ရဲဘော်တွေဆီ၊ ဆရာတွေဆီက လက်ကင် ခေါ် ခြေပတ်ကို ခဏတစ်ဖြုတ် ငှားရှားပြီး ခြေပတ်ပတ်ပုံ သင်ထားလို့၊ အခု မိမိတို့အတွက် ထုတ်ပေးတော့ လွယ် လွယ်နှင့် ပတ်နိုင်ပါသေးသည်။ ထိုအထဲ "မြန်မြန်သရှိ" "မြန်မြန်သရှိ"လို့ မြန်မြန် လုပ်ကြလို့အမိန့်ပေးသည့် ဂျပန်ရိုက်မည်ကို စိုးရိမ်သည့်အတွက် ဗျာယီး ဗျာယာပတ် ကြရသည်၊ အမြီးအမောက်မတည့်သူက များပါသည်။ တော်ပါသေးသည်။ ဂျပန်က သေသေချာချာ မစစ်ဆေးသဖြင့် အတောင်းမခံကြရပါ။

လူသစ်ခေန်းမှ ရဲဘော်များတန်းစီပြီး ဖျဉ်းမနားမီးရထားဘူတာကို ခြေကျင် ခပ်သုတ်သုတ်ချီတက်ကြရသည်။ ကျွန်တော်တို့လူသစ်စခန်းက ရဲဘော်(၁၀) ယောက်နှင့် မြန်မာဗိုလ်ကလေးနဲ့ ဂျပန်အကြံပေးတပ်ကြပ်တို့ မကြာခင် ဖျဉ်းမနား ဘူတာကို ရောက်ကြပါသည်၊ ဖျဉ်းမနားဘူတာကို ကြိုတင်ရောက်နေသည့် ရန်ကုန်မှ လာသည့် ရဲဘော်များနှင့် ဆုံကြပါသည်။

ကျွန်တော်တို့ ဘယ်ကိုသွားပြီး ဘယ်ကိုလာရမည်မသိပါ။ ခေါ်ရာလိုက်၊ စေရာသွားရမယ်ဆိုတာပဲ သိကြသည်၊ ဘာပဲဖြစ်ဖြစ် ငြိမ်းပြည်ဟု ရဲဘော်များ နာမည် ပေးထားသည့် လူသစ်စခန်းနဲ့တော့ နောက်သွားရောက်တာဝန်ယူရမည့် စခန်း ကတော့ "သာယာမှာပါ" ဟု တွက်ကြရပါသည်။

ညနေ ဖျဉ်းမနားဘူတာရုံကို ရောက်ပါသည်၊ ဘူတာ ခဏရောက်တယ် ဆိုရင်ပဲ လေကြောင်းရန်အချက်ပေး သံချောင်းခေါက်တော့ ဘယ်ကိုပြေးရမှန်းမသိ၊ ဘူတာနှင့်ခပ်ဝေးဝေးကိုတော့ စွတ်ပြေးကြသည်၊ လေကြောင်းရန်အေးပြီဆိုတော့မှ ပြန်လာကြသည်။ တော်တော်လေးကို လူပြန်စုကြရသည်၊ ဂျပန်လည်း တရှူးရှူးနဲ့ ရဲဘော်တွေကို ဆဲလိုက်သေးသည်။

နေ နည်းနည်းစောင်းသည့်အချိန်တွင်မှ ရဲဘော် (၄၀)ယောက်သည် ဖြစ် သလို နေရာယူစီးရသော မီးရထားသည် ဖျဉ်းမနားက စတင်ထွက်ခွာတော့သည်။ ကျောက်ပန်းတောင်းကို နောက်တစ်နေ့မနက်တွင် ရောက်ပါသည်၊ ကျောက်ပန်း တောင်းမှာနေပြီး ညနေစောင်း ကျောက်ပန်းတောင်းက မော်တော်ကားများနှင့်





ထွက်ကြပါတော့သည်။ နေဝင်မီ ရေနံချောင်း ခံကုန်းကိုရောက်ကြပါသည်၊

ယခင်က မျက်နှာဖြူအရာရှိများနေခဲ့သော အဆောက်အဦးတစ်ခုတွင် ရဲဘော်များ စခန်းချပါသည်၊ ထိုနေရာတွင် ကျွန်တော်တို့ မရောက်မီ ဂျပန်တွေ တာဝန်ယူနေကြသည်၊ ကျွန်တော်တို့ မြန်မာတပ်တွေ လာမည်ဆို၍ နေရာဖယ်ပေး ထားသည်၊ ဒေါက သရဲများ မရှိတော့ပါ၊ ဂျပန်များ ရိုက်ချိုးပြီး ထင်းဆိုက်ထား ပြီးပါပြီ။ အမိုးနှင့်အခင်းပဲ ကျန်ပါတော့သည်။

ရေဘုံဘိုင်မှာ ကောင်းကောင်းရေချိုးမည်ဆိုပြီး ဘုံဘိုင်ခေါင်းဖွင့်လိုက် တော့ ရေပူများ ထွက်လာသည်၊ ဝိုလ်တွေတော်တော် စည်းကမ်းတကျနေသွားသည်၊ ရေပူပိုက် ရေအေးပိုက်တွေနှင့်ဟုထင်ပြီး အထင်ကြီးနေကြသည်။ နောက်တစ်နေ့မှ အဖြစ်မှန်ကိုသိရပြီး "ငါနှယ်နော် အ,ရန်ကော"လို့ ကိုယ့်ကိုယ်ကိုပြောပြီး ရယ်ရသေး တယ်၊ အမှန်က ရေနံမြေက နေ့လယ်ခင်းဆိုလျှင် အလွန်ပူပြင်းသည်၊ ပိုက်များကို မြေထဲမြှုပ်ထားသဖြင့် ရေများပင်လိုက်၍ပူတုန်သည်။ ညအတော်လေး ညဉ့်နက် သည်အထိ အပူရှိန်က ရှိနေသေးသည်၊

နောက်တစ်နေ့ မနက်တွင်မှ ရေက အေးစက်သွားသည်။ ကျွန်တော်တို့ စက်တင်ဘာလကုန်ခါနီးမှာ ရေနံချောင်း အမြောက်တပ်မှာ တာဝန်ယူကြရသည်။ ထိုလတွင်လည်း နေ့ခင်းတွင် အပူရှိန်က ပြင်းနေဆဲရှိသေးသည်၊ ပြီး မြေပေါ်တွင် ဖိနပ်မပါဘဲ သွားရန်ခက်ခဲလှသည်၊ မြေက အလွန်ပူရှိတင်မက သုံးမြောင့်ဆူးများ ကမြေပေါ်ကို ဖြန့်ကြဲထားသလိုပါပဲ၊ ဟိုနားဒီနားသွားလျှင်ပင် ဖိနပ်မပါလျှင် မဖြစ်သည့်နေရာဖြစ်သည်။

နေ့မှာ အလွန်ပူသလောက် ညပိုင်းကျတော့လည်း အလွန်အေးသည်၊ ကျွန်တော်နေသော အဆောက်အဦး၏ ထရံများကို ဂျပန်တွေက ရိုက်ချိုးပြီး ထင်း ဆိုက်သဖြင့် ကုန်သွားပါပြီ၊ တောင်ကုန်းကလည်းဖြစ်နေ၊ လေက တဖြူးဖြူးတိုက်၍ အလွန်အေးသည်၊ ရဲဘော်လေးတွေမှာ ဘာဘူစောင် တစ်ယောက် တစ်ထည် ပေးထားသော်လည်း ညမအိပ်နိုင်လောက်အောင် အေးလွန်းသဖြင့် ညဘက်တွင် ရဲဘော်များ လေကွယ်တွင် ပူးပူးကပ်ကပ် အိပ်ကြရသည်။

ဘီဒီအေတပ်မှာ ဆက်သွယ်ရေးတယ်လီဖုန်းတပ်စိတ် မရှိပါ၊ ဂျပန်တပ် စိတ်တစ်စိတ်ရှိသည်၊ အမြောက်ကို ဘီဒီအေလွှဲပြောင်းပေးခဲ့ပေမယ့် ဆက်သွယ်ရေး တယ်လီဖုန်းတပ်စိတ်ကိုတော့ လွှဲမပေးပါ၊

ရဲဘော်များအိပ်သည့် အဆောက်အဦးနှင့် မလှမ်းမကမ်းတွင် အခြား



www.burmeseclassic.com

www.burmeseclassic.com



အဆောက်အဦးတစ်ခုရှိသည်။ ထိုအဆောက်အဦးမှာလည်း ရေနံအရာရှိ မျက်နှာဖြူများ၏ အဆောက်အဦးပင်ဖြစ်သည်။ ထိုအဆောက်အဦးမှာတော့ အပျက်အစီးအလွန်နည်းသည်။ ထိုအဆောက်အဦးတွင် အရာရှိများနေကြသည်။ တပ်ကြပ်ကြီးသန်းမြင့်နှင့် တပ်ကြပ်ကြီးထွန်းအေးတို့က အောက်ထပ်တွင် ရုံးခန်းလုပ်ထားသည်။

တပ်ကြပ်ကြီးသန်းမြင့်တို့နေသည့်အိမ်နှင့် လမ်းခြားသည့်အဆောက်အဦးတွင်တော့ ဗိုလ်ကလေး ဗိုလ်အေးဖေတို့လင်မယား နေကြသည်။ သူတို့နေသည့်အဆောက်အဦးက နှစ်ထပ်အိမ်ဖြစ်သည်၊ အလွန်ကောင်းသည့် အိမ်ဖြစ်သည်။

ရေနံချောင်းရောက်ပြီး အမြောက်ကြီးပညာမှ မသင်ရသေးခင် ရန်သူလေယာဉ်ပျံလာတိုင်း အမြောက်နှင့် ပစ်ခတ်တိုက်ခိုက်နေရသည်။ ထိုအချိန်တွင် တပ်ကြပ်အပြူးက ပုန်းနေရမယ်ဆိုသောစကားအရ ပုန်းများနေမိလျှင် တပ်ကတာဝန်ပျက်ကွက်မှုနှင့် အရေးယူလေမလားဘဲ။ ဤကဲ့သို့ လေယာဉ်ပျံလာလျှင် မပုန်းရဘဲ ရဲရဲဝံ့ဝံ့ ပြောင်တိုက်ခိုက်ရသည့်နေရာမှာ ရောက်နေလေတော့ တပ်ကြပ်အပြူးရဲ့စကားကို တွေးမိတိုင်း ပြုံးမိပါသည်။

ဘီအိုင်အေ လေယာဉ်ပျံတပ်ရောက်လာသည်ဆိုသဖြင့် မြို့ပေါ်က နိုင်ငံရေးသမားတွေနှင့် မြို့ပေါ်ရှိ လူဝတ်တန်အမျိုးသား၊ အမျိုးသမီးတွေလည်း လာရောက်ကြသည်။ မိတ်ဆက်ကြသည်။ ထိုအထဲတွင် ရွှေကြောင့်၊ ဒေါ်လှိုင်၊ သခင်မမအုန်းခင်၊ မခင်ခင်တို့လည်း ပါကြသည်၊ သူတို့က တပ်မတော်ကို ငွေရေး ကြေးရေးကအစ အဖက်ဖက်မှ ထောက်ပံ့ပေးသော ပုဂ္ဂိုလ်များဖြစ်ကြသည်။ ရေနံချောင်းမြို့သူ မြို့သားများ၏ အသက်အိုးအိမ်တို့ကို ကာကွယ်ပေးနေသော ဘီဒီအေလေယာဉ်ပျံ ပစ် အမြောက်ကြီးတပ်ကို အလွန်အားကိုးကြသည်။

ယခင်က တင်ပြခဲ့သည့်အတိုင်း လေယာဉ်ပစ်အမြောက်တပ်က (၃. ၇) လက်မ အမြောက်ပါ။ အမြောက်က နှစ်လက်ဖြစ်ပါသည်။ အမြောက်ကို မြေပေါ်မှာ ထွန်ကရစ်နှင့် ကိုင်ပါသည်။ အမြောက်တစ်လက်ကို လူတစ်ရပ်ခန့်မြင့်သည့် မြေကတုတ်တစ်ခုစီမှာ ဆင်ထားပါသည်။ ထိုအမြောက်နှစ်လက်ကို ဗြိတိသျှအစိုးရက အချိန်မရသဖြင့် ဖျက်ဆီးမပစ်နိုင်ဘဲ ပစ်ပြေးကြသည်ဖြစ်မည်ဟုထင်ပါသည်။ (၃. ၇) ကျည်ဆံများကိုတော့ တောင်ကုန်းတောင်ပိုင်းရှိ ဥမင်လှိုဏ်မှာ ထားပါသည်။

ယခုမူ လေယာဉ်ပျံလာသောအခါ ထွက်ကြည့်ရုံတင်မက လေယာဉ်ပျံများကို ရွပ်ရွပ်ချွံချွံ တိုက်ခိုက်နေရပါသည်။ ဤအဖြစ်ကို တပ်ကြပ်အပြူးလာရောက်မြင်စေချင်ပါဘိတော့သည်။





ရဲဘော်လှနှင့် ကျွန်တော်တို့နှစ်ယောက်က အရပ်အမောင်းကလည်း ကောင်းကောင်း၊ ဇလလည်းကောင်းသည့်အတွက် အမြောက်တစ်လက်ဆီမှာ နံပါတ် ၅ ဖြစ်တယ်။ အမြောက်ပြောင်းထဲ ကျည်ဆံထည့်ဇလား ကိုင်သည့်သူများ ဖြစ်ပါသည်။ ကျွန်တော်တို့ လေယာဉ်အမြောက်တပ်က ရေနံချောင်းနှင့် ပြည်သူများကို ကာကွယ်ရသောအမြောက်တပ်များဖြစ်၍ နေ့စဉ်လိုလို တိုက်ပွဲ ဖြစ်ကြရသည်၊ အနိမ့်ဆုံး လော့ကီ (ခေါ်) ပီ-၃၈ အမေရိကန် ကင်းထောက်လေယာဉ်ပျံနှင့် တိုက်ခိုက်ရသည်။ တစ်ခါတလေ မြစ်ရိုးလှေတွေကို စက်သေနတ် နှင့်ပစ်သော ကျွဲညီနောင် လေယာဉ်နှစ်စင်းကို တိုက်ကြရသည်။ တစ်ခါတစ်ခါကျတော့ လေယာဉ်ပျံ အစိတ်သုံးဆယ်မှ ၄-၅-၆ ဆယ်စင်း အထိ တိုက်ရသည့်အခါလည်း ရှိပါသည်။

လေယာဉ်အုပ်စုသည် ချောက်၊ ရေနံချောင်း၊ မကွေး၊ မင်းဘူး၊ တောက်လျှောက် စသည့်မြို့များကို ဖုံးကြသည်၊ ထိုအခါတွင် တစ်မြို့လုံး မှောင်မည်းသွားပါသည်။

ထိုကဲ့သို့ အုပ်စုလိုက်လာသော လေယာဉ်များလာရင် ၅-စင်းအုပ်၊ ၇-စင်းအုပ်၊ ၁၁-စင်းအုပ်၊ ၁၅-စင်းအုပ်များနှင့် လာကြသည်၊ ထိုအခါမျိုးတွင် ဖြာထွက်ပေါက်ကွဲသော ကျည်ကိုလည်းသုံး၊ ထွေ့သည့်ကျည်နှင့်လည်း ပစ်ကြတော့တယ်။ အတိ အကျမချိန်နိုင်၊ ပျံသန်းနေသော အပိုင်းကိုပဲ ကြိုကြိုပစ်ရသည်၊ ဒါလောက်ပစ်သော် လည်း တစ်စင်းတလေမျှ ကျတာမျိုးမရှိခဲ့ပါ။ သို့သော် မီးခိုးများသန်းသွားသော လေယာဉ်ပျံတစ်စင်းနှစ်စင်းကိုတော့ တွေ့ရသည်။

ဤကဲ့သို့ တိုက်ပွဲများပြီးသွားလျှင် ရဲဘော်များလည်း နုံးချိသွားတော့သည်၊ ရဲဘော်များ၏ ကိုယ်များလည်း မည်းမှောင်သွားတော့သည်။

ထိုသို့နေရင်း ဗိုလ်အေးဖေတို့၊ ဗိုလ်ညွှန့်မောင်ကလေးတို့ကလည်း ရေနံချောင်း အမြောက်ကြီးတပ်ကနေ မန္တလေး၊ မန္တလေးက စစ်ကိုင်းကိုပြောင်းသွားပါသည်။ ဗိုလ်အေးဖေအစား မန္တလေးတပ်ခွဲက ဗိုလ်ကလေး ဗိုလ်စောမောင် ပြောင်းလာသည်။ သူပြောင်းလာသည့်အခါ ဗိုလ်အေးဖေ လက်ထက်တုန်းက တပ်နှင့်ခင်မင်ရင်းနှီးသော ဒေါ်လှိုင်၊ သခင်မ မအုံးခင်၊ သခင်မ မခင်ခင်တို့နှင့် မြို့မိမြို့ဖတွေနဲ့ပါ ပြန်ဆက်သွယ်ပါသည်။

ဘီဒီအေလေယာဉ်ပျံပစ် အမြောက်ကြီးတပ်သည် ဂျပန်တိုက်ရိုက် အုပ်ချုပ်မှုအောက်မှာ ရှိသည့်အတိုင်း ရိက္ခာကို ဂျပန်တပ်က ထောက်ပံ့သည်၊ သို့သော် လုံလောက်မှုမရှိပါ။ ထိုကိစ္စကို ဗိုလ်စောမောင်က ဂျပန်များထံ တင်ပြရာ ဂျပန်တွေက



www.burmeseclassic.com

www.burmeseclassic.com



ယခင်ပို့သည်ထက် ပို၍ပြီးပေးခဲ့ပါသည်။

ပြီး ဒေါ်လှိုင်တို့ အမျိုးသမီးများထံ တင်ပြသည်။ အဲဒီတော့ ဒေါ်လှိုင်တို့ ဈေးသည်ဈေးသားများအသင်းကို တင်ပြတော့ ဈေးပတ်တိုင်း တပ်မတော်အတွက် ရိက္ခာတွေကို စုဆောင်းပြီး တပ်ကို ပို့ပါတယ်။

ဈေးတစ်ပတ်တစ်ပတ် ပို့သောရိက္ခာများသည် မကုန်ဘဲ ပိုလို့တောင်နေပါတော့သည်။

ရဲဘော်များ၏ စုတ်ပြဲနေသော ယူနီဖောင်းများကို လျှော်ဖွတ်ပေးပြီး စုတ်ပြဲနေသော ယူနီဖောင်းများကို ဖာထေးပေးကြသည်။

ရေနံချောင်းရောက်စက ရဲဘော်တွေ ဝေါ်လွန်းတော့ ကြောင်ကလေး တစ်ကောင် တွေ့လျှင်ပင် အလွတ်မပေးဘဲ လေးဘက်လေးတန်က ဝိုင်းပြီးဖမ်းတော့ မိသည်။ မိသောအခါ ချက်စားကြသည်။

တစ်ခါကလည်း နွားတစ်ကောင် လမ်းမှားပြီးဝင်လာတော့၊ ထိုနွားကို ရအောင်ဖမ်းကြသည်။ ဖမ်းပြီး သတ်စားလိုက်သည်။ ဝေါ်နေတာကြာပြီဖြစ်၍ ထိုနေ့မှပင် အဝအပြဲ စားကြရသည်။ နွားရှင်းသည်း လိုက်မလာလို့ တော်သေးသည်။

ဤကဲ့သို့ပင် မြို့ပေါ်မှာနေပြီး တော်တော်ပြတ်ပြတ် ရေလုံပြုတ် စားနေကြရသည်။ ထိုအဖြစ်များကို ဒေါ်လှိုင်တို့၊ သခင်မ မအုန်းခင်တို့က မကြည့်ရက်ဘဲ၊ ဈေးထဲက မျိုးချစ်စိတ်ရှိသော အမျိုးသားတွေနှင့် တွေ့ဆုံဆွေးနွေးပေးတော့မှပဲ ဈေးတစ်ပတ် ပတ်လျှင် ရိက္ခာတွေ၊ သား၊ ငါးတွေ စားမကုန်အောင် ဖြစ်တော့သည်။ ဆီပြန်ဟင်းများကိုလည်း စားကြရသည်။

မျိုးချစ်စိတ်ရှိသော အမျိုးသား၊ အမျိုးသမီးများကိုလည်း လေယာဉ်ပစ် အမြောက်ကြီးအကြောင်းကို ရှင်းပြဆွေးနွေးပြသည်။ ထိုကဲ့သို့ ပြည်သူများနှင့် တသီးတခြားမနေဘဲ တစ်သားတည်းရှိနေတော့ ရဲဘော်များ အစားအသောက် အခက်အခဲသည် ပြေလည်လျက်ရှိခဲ့ပါသည်။

တစ်ခါတလေ ကျွန်တော်တို့ မြို့ထဲအလည်အပတ်သွားသည့်အချိန်တွင် လေကြောင်းရန်အချက်ပေးတော့ မြို့ထဲမှာပဲ ဗုံးခိုကျင်းထဲဝင်ပုန်းရသည်။ နည်းနည်းမှ ကျော့မလုံပါ။ တပ်ထဲတွင် ထိုကဲ့သို့ကျော့မလုံသည့်အဖြစ်မျိုး တစ်ခါမှ မဖြစ်ဘူးပါ။ လက်နက်ကို လက်နက်ချင်း သူပစ် ကိုယ်ပစ်ဆိုတော့ သတ္တိရှိသည်။ ကျော့လုံသည်၊ မြို့ထဲလျှောက်လည်သောအခါတွင်တော့ သူပစ်တာကိုပဲ ခံနေရတော့ ကျော့မလုံပါ၊ ထို့ကြောင့် နောက်ဆုံးတော့ အမြောက်တပ်ကိုစွန့်ပြီး မြို့ထဲလျှောက် မလည်တော့ပါ။





တစ်ခါတစ်ခါလည်း ညဘက် လေကြောင်းရန် အချက်ပေးတော့ ချမ်းချမ်းအေးအေးနှင့် အမြောက်ထဲမှာပဲ နေရာသွားယူရသည်။ ည လကလေးသာသည့် အခါ လေယာဉ်ပျံသံကို အနောက်ဖက်မှ ကြားနေရသည်၊ ရေနံချောင်းကျော်ပြီး အသံပျောက်သွားသည်။ ယိုအခါ အိပ်ဆောင်ပြန်ကြရသည်။ အိပ်တော့မည်ဆိုပြီး အိပ်ရာထဲဝင်တော့ အရှေ့ဘက်က လေယာဉ်သံကြားရတော့ အမြောက်ထဲ ဝင်နေရာယူရပြန်သည်၊

အဆောင်နှင့် အမြောက်ထားသည့်နေရာက ခဲတစ်ပစ်လောက် ကွာဝေးသည်၊ လေယာဉ်ပျံသံကြားတိုင်း ပြေးပြေးပြီး နေရာယူကြရသည်မှာ တစ်နေ့တစ်ခါ လည်းမဟုတ်၊ နှစ်ခါလည်းမဟုတ် ဖြစ်နေသည့်အတွက် နောက်တစ်ခါ လေယာဉ်ပျံ သံကြားသည့်အခါ အမြောက်ရှိသည့်နေရာကို မသွားဘဲ ပေအိပ်နေကြသည်၊

နဆောင်းဥတုကလည်း ဖြစ်နေ၍ ချမ်းချမ်းအေးအေးဖြစ်နေသည့်အပြင်၊ နလေကလည်း တဟူးဟူးတိုက်နေသည်၊ သထသွားရသဖြင့် ချမ်းလွန်းပြီး တစ်ကိုယ်လုံး တုန်တုန်ရင်ရင်၊ အနွေးထည်ကလည်းမရှိ၊ ဖျင်အကျီ ဖျင်ဘောင်းဘီကလည်း တစ်ထည်က နှစ်ထည် လဲစရာမရှိ၊ အစိမ်းပုပ်ရောင်ဆိုးထားသည့် ဖျင်အကျီနှင့် ဘောင်းဘီကလည်း မကောင်း။ ဖျင်သားများဖြစ်၍ မကြာခဏ ပြဲပြဲသွားသည်၊ ဈေးသမဂ္ဂက ထိုယူနီဖောင်းများကို လျှော်ပေး ဖာပေးနေသဖြင့် လူလို သူလို နေရသည့် ဘဝဖြစ်သည်။

ခဏခဏသွားပြီး အမြောက်ထဲနေရာယူပြီး ပစ်ရတာလည်း မဟုတ်တော့ မသွားဘဲ ဗွတ်ပေပြီးအိပ်နေလိုက်သည်။ ထိုအခါ တပ်စုမှူး ဗိုလ်ကလေး ဗိုလ်စောမောင်က ဒေါ်ပွပြီး ညကြီးသန်းခေါင် တစ်တပ်လုံးကို တန်းစီခိုင်းသည်၊ ပြီး အကျီ ဘောင်းဘီချွတ်ထားခိုင်းပြီး လန်ကွတ်တီပဲ ဝတ်ခိုင်းထားသည်၊ သူလည်း လန်ကွတ် တီနှင့်ပင်ဖြစ်သည်၊ ဗိုလ်စောမောင်က "ဒီလိုတာဝန်ပျက်ကွက်ရမလား၊ တို့တာဝန်က လေယာဉ်ကို တို့နယ်မြေထဲကို တစ်လက်မမှ အဝင်မခံရဘူးဆိုတာ သိတယ် မဟုတ်လား" ဆိုကာ ကျွန်းမာရေးလေ့ကျင့်ခန်းများကို သူကိုယ်တိုင်ဦးစီးပြီး လုပ်ပါသည်။

ပထမတော့ ချမ်းချမ်းအေးအေးနှင့် ခိုက်ခိုက်တုန်နေသည်၊ ပြေးခိုင်းသည်၊ နောက်ဆုံးတော့ လေ့ကျင့်ခန်းတွေ လုပ်ရင်းလုပ်ရင်း ကိုယ်တွေ နွေးထွေးလာသည်။ တစ်နာရီလောက်ကြာသွားသည်၊ "နောက်မင်းတို့ ဒီလိုမလုပ်နဲ့၊ ပစ်ရသည်ဖြစ်စေ၊ မပစ်ရသည်ဖြစ်စေ တို့တာဝန်က လေယာဉ်ပျံသံကြားရင် လေယာဉ်ပျံပစ် အမြောက် ခံကတုတ်ထဲမှာ အသင့်ရှိနေကြရမယ်" ဟု ညွှန်ကြားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်စောမောင်က စိတ်ပြေသွားပြီး တန်းဖြုတ်လိုက်သည်။ အိပ်ဆောင် ပြန်ကြရသည်။ ထိုအချိန်မှစ၍ လေယာဉ်ပျံသံကြားတိုင်း အမြောက်ကျင်းထဲကို ပြေးကြရသည်။

(နောက်ပိုင်း ကျွန်တော် အမေရိကန်ဝမ်းအိုဝမ်း စစ်ဌာနချုပ် ရောက်တော့မှ လသာသောညများတွင် လေယာဉ်ပျံ ပျံသန်းခြင်းသည် လေထီးသမားများကို ချဖို့လာခြင်းသက်သက်ဖြစ်ကြောင်း သိရသည်။)

တပ်ရင်းမှူးဗိုလ်ကြီးခင်ညိုက တပ်ကို စစ်ဆေးဖို့လာသည်။ တစ်ခါတစ်ခါ တပ်ခွဲမှူး ဗိုလ်အာဋ္ဌဝကလည်းပါသည်။

ကျွန်တော်က တစ်ခါတစ်ခါ လချုပ်နှင့် အစီရင်ခံစာများ၊ ရုံးအလုပ်များကို တပ်ကြပ်ကြီးထွန်းအေးကို ကူညီလုပ်ကိုင်ပေးရသည်။

မကြာခင် ရဲဘော်လှကို တပ်ကြပ်ကလေးရာထူး တိုးမြှင့်ပေးပြီး မုံရွာကလေး၀ အမြောက်တပ်ကို ပြောင်းရွှေ့ပေးလိုက်သည်။ ရဲဘော်မောင်ကျားလည်း တပ်ကြပ်ကလေးအဆင့်ဖြင့် ရေနံချောင်းအမြောက်တပ်ကို ပြောင်းရွှေ့ခဲ့ရပါသည်။

ထို့နောက် တတိယပတ် မင်္ဂလာဒုံ ဗိုလ်သင်တန်းဖြေဆိုရန် ရဲဘော်လှညွန့်နှင့်ကျွန်တော်တို့ ရန်ကုန်မိခင်တပ်ရင်းရုံးကို သွားကြရသည်။ လမ်းမှာ (၅)ညလောက် အိပ်ပြီးမှ ရန်ကုန်ရောက်ပါသည်၊ ရန်ကုန်ကို ကျွန်တော်စီးသွားတဲ့ လော်လီကားဆိုရင် မနက်ထွက်ဖို့ကားစက်နှိုးရင် မီးတုတ်ကို အင်ဂျင်စက်ထဲ ထိုးသွင်းထားရပါသည်။ စက်တွေပူအောင် လုပ်ရသည်။ စက်ပူလာတော့မှ စက်နှိုးလို့ရသည်၊ ဓာတ်ဆီခေတ်ကမဟုတ်တော့ ချက်ဓာတ်ဆီတို့ကို အသုံးပြုကြရသည်။ အဲဒီလိုနဲ့လေကြောင်းရန်ကို ကြည့်ပြီး ခရီးသွားကြရသည်။

ရန်ကုန်၊ အလုံဆင်မင်းကွက်သစ် တပ်ရင်းရုံးသို့ သွားသတင်းပို့ပြီး တည်းခိုပါသည်၊ ဗိုလ်သင်တန်းအတွက် အထက်တန်းစာမေးပွဲကို ဖြေဖို့စောင့်ရင်း မိခင်တပ်ရင်းမှာပဲ ရန်သူလေယာဉ်ပျံလာတဲ့အခါ လိုအပ်သလို ကူညီဆောင်ရွက်သလို ကူညီဆောင်ရွက်ပေးလျက်ရှိသည်၊

အဲဒီလိုနေရင်း ဧပြီလရဲ့ ညတစ်ညမှာ အင်္ဂလိပ်၊ အမေရိကန် လေယာဉ်တွေဝင်လာသည်။ မီးကျည်တောင့်တွေ အပြွတ်လိုက်ဖြုတ်ချသည်၊ ဆင်မင်းကွက်သစ်ရှိ စိန်ပေါ်ကြီးလို့ ကင်ပွန်းတတ်ခံထားရတဲ့ အမြောက်တပ်ကွင်း အပါအဝင် ဆင်မင်းကွက်သစ် တစ်ရပ်လုံးဟာ လင်းထိန်သွားပါသည်။

အဲဒီအချိန် လေယာဉ်ပျံပစ် အမြောက်ကြီးတပ်ရင်းသို့ ရောက်ရှိနေသော





တတိယအပတ် ဗိုလ်သင်တန်းဖြေဆိုမည့် ဧည့်သည်ရဲဘော်တွေက တပ်ကွင်းအပြင်မှာ အပြွတ်လိုက်ကျနေတဲ့ မီးကျည်တွေကို တပ်ဝင်းအတွင်းတွင် အသင့်ရှိနေသည့် သဲ အသင့်ထည့်ထားသည့် ပုံးများကို သယ်ပြေးပြီး မီးကျည်တွေ သွားငြိမ်းသတ်ကြရသည်၊

အဲဒီမှာ အမြန်ပြေးလွှားပြီး သဲနှင့်လောင်းမီးသတ်နေစဉ် တစ်ခုသော ကျွဲခြေရာကွက်တွင် ကျွန်တော် (စာရေးသူ)ရဲ့ ညာဘက်ခြေဝင်ပြီး ခြေခွင်သွားပါတော့သည်။ အဲဒီနေရာမှ ထိုင်ရာက မထနိုင်တော့ပါ၊

အဲဒီကွင်းသည် လှိုင်မြစ်ကမ်းနားတစ်လျှောက်ဆိုတော့ မိုးတွင်းဆိုရင် ကျွဲတွေ လာကျက်စားပါသည်၊ ကျွဲခြေရာကွက်တွေနဲ့ ပြည့်နေပြီး ဧပြီ၊ မေဆိုရင် ကျွဲခြေရာကွက်တွေဟာ မာကျစ်ပြီးနေသည်။

အဲဒီခြေရာခွက်ထဲ ခြေဝင်သွားတော့ ခြေခွင်သွားခြင်းဖြစ်သည်၊ လေယာဉ်ပျံတွေလည်း ရန်ကုန်မြို့ထဲ ဗုံးတွေဝအောင်ချပြီးတော့ လာလမ်းအတိုင်း ဘင်္ဂလားပင်လယ်အော်ကိုဖြတ်၍ အိန္ဒိယသို့ ပြန်သွားပါတော့သည်။

ကျွန်တော် (စာရေးသူ)သည် တတိယအပတ် ဗိုလ်သင်တန်းဖြေဆိုဖို့ လာရင်း ဤသို့ခြေထောက်ခွင်ပြီး လမ်းမလျှောက်နိုင်ရင် "မိမိဘဝတော့ ရေတိမ်မှာ နစ်တော့မှာပဲ" လို့ စိုးရိမ်အားငယ်စိတ်တွေ ဝင်လာသည်။ "ဤသို့ဘဝကိုတော့ အရှုံးမခံဘူး"ဆိုပြီး ဗိုလ်သင်တန်းစာမေးပွဲမဖြေခင် ကုမယ်လို့ စိတ်ကိုတင်းထားလိုက်ပါသည်။ ဂျပန်ဆရာဝန်အပြင် အရင်ဗြိတိသျှလက်ထက်က ဆရာဝန်တွေနှင့်ကုပါသည်၊ မရပါ။ ဒါနဲ့ စမ်းချောင်းထဲက ဗမာအနှိပ်သည် ဆရာကြီးတစ်ဦးကိုသိတဲ့ ရဲဘော်က သွားခေါ်ပေးသည်၊ အဲဒီဆရာကြီးက အသက် (၅၀)ကျော်၊ (၆၀)ထဲမှာ ရှိနေပါပြီ၊ နှစ်ခါပဲ နှိပ်လိုက်ရသည်၊ လမ်းထလျှောက်နိုင်သည်။ ဒါပေမယ့် လူကောင်းပကတိလိုတော့ မဟုတ်သေးပါ၊ အနှိပ်သည်ဆရာကြီးလည်း စမ်းချောင်းကနေ အလုံ၊ ဆင်မင်းကွက်သစ်လာပြီး နှိပ်ရတော့ သူ့ခမျာ တာဝန်ကြီးသည်၊ တပ်ထဲမလာရဲပါ၊ နောက် မလာတော့ပါ။

ကျွန်တော်လည်း သူ့အိမ်ကို မသိတော့ နောက်ထပ်သွားမနှိပ်ရတော့ပါ။ (အခု အသက် ၈၀-ကျော်၊ ၉၀ ထဲ ရောက်လာပေမယ့် ညာဘက်ခြေမျက်စေ့ကို ဟိုဘက် ဒီဘက် လှည့်ကစားလိုက်ရင် အသံတွေမြည်နေဆဲပါ)။ ဗိုလ်သင်တန်းရေး ဖြေကို ကောင်းစွာဖြေဆိုနိုင်ပြီး လူတွေ့စစ်ဆေးတော့ ဘာမှမဖြစ်သလိုလျှောက်သွားသည်။ ဗိုလ်မှူးကြီးလက်ျာက ရိပ်မိတော့ "ဘာဖြစ်တာလဲရဲဘော်" လို့မေးသည်၊



www.burmeseclassic.com

www.burmeseclassic.com



အကျိုးအကြောင်းပြောပြလိုက်သည်။ "ဒီအတိုင်းမင်းသင်တန်းတက်လို့ တော ရမလား"လို့မေးသည်။ "ရပါတယ် ဗိုလ်မှူးကြီး"လို့ ဖြေလိုက်သည်။ သူလည်း ဆက် မေးမနေတော့ဘဲ နှုတ်မေးခွန်းတွေပဲမေးပါသည်။ ဗိုလ်သင်တန်းအောင်စာရင်း ထွက် လာတော့ ကျွန်တော်လည်း တတိယအပတ် ဗိုလ်သင်တန်းအတက်ခွင့်ရပါသည်။

(အကယ်၍သာ ကျွန်တော် ဗိုလ်သင်တန်းစာမေးပွဲမှာ ကျ၍ ဗိုလ်သင်တန်း တက်ခွင့်မရခဲ့ပါလျှင် ကျွန်တော်လေယာဉ်ပျံပစ် အမြောက်ကြီးတပ်မှာပဲ တာဝန်ယူ ရပါမည်။ ကျွန်တော်ဘဝလည်း တစ်မျိုးတစ်မည်ဖြစ်မှာ သေချာသည်။ ယခုကဲ့သို့ နိုင်ငံ့ဂုဏ်ရည်ဘွဲ့လည်း ရမည်မဟုတ်သလို စာရေးဆရာ သို့မဟုတ် စာပေလုပ်သား လည်း ဖြစ်လိမ့်မည်ဟု မထင်ပါ၊ နိုင်ငံရေးသမားတစ်ယောက်လည်း ဖြစ်မည် မဟုတ်ပါ၊ ဘခုလိုဘဝမျိုးသို့ ဆိုက်ရောက်လိမ့်မည်ဟု လည်းမမျှော်လင့်ပါ။ ကျွန်တော့်ဘဝ ဘယ်လိုအခြေနဲ့ နိဂုံးချုပ်လေမည်ကို မစဉ်းစားတတ် တော့ပါ။)

ကျွန်တော်တို့ မိခင်တပ်ရင်းမှ ဗိုလ်သင်တန်းတက်ခွင့်ရသည့် ရဲဘော်များ မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၎င်းတို့မှာ

| | |
|---|---|
| ၁။ ရဲဘော်မောင်ကျား | ( မြစ်ကြီးနား ) |
| ၂။ ရဲဘော်ဖေတင် | ( ။ ) |
| ၃။ ရဲဘော်စန်းအောင် | ( ။ ) |
| ၄။ ရဲဘော်တင်လှ | ( မျိုးမနား ) |
| ၅။ ရဲဘော်လှညွန့် | ( မြစ်ဝကျွန်းပေါ် ) |
| ၆။ ရဲဘော်တင်ထွန်းအောင် | ( အောက်ဗမာပြည် ) |
| ၇။ ရဲဘော်ကိုကြီး | ( ။ ) |
| ၈။ ထွန်းကြည် | ( စစ်ကိုင်း ) |
| ၉။ ကျွန်တော်ဝင်းမောင် | ( စာရေးသူ ) |

တတိယပတ် မင်္ဂလာဒုံဗိုလ်သင်တန်းတက်ကြရမည့် ကျွန်တော်တို့ ဗိုလ်လောင်းတွေကို တပ်ရင်းရုံးမှာ တန်းစီပြီး တပ်ရင်းမှူးဗိုလ်ကြီးခင်ညိုက မှာကြား စရာရှိတာတွေကို မှာကြားပြီး ကျွန်တော်တို့ မင်္ဂလာဒုံစစ်တက္ကသိုလ်ကို ခြေလျင် သွားကြရပါတယ်။

ဤသို့ အမြောက်တပ်ရင်းမှူး၏ တန်းစီမှာကြားခြင်းသည် နောက်ဆုံးတွေ့ ဆုံခြင်းဟု၍ ကျွန်တော်မထင်မှတ်ခဲ့ပါ။





ဗိုလ်သင်တန်းကျောင်းဆင်းလာသောအခါ အလုပ်သင်ဗိုလ်အဖြစ် မိခင် တပ်ရင်းကို ပြန်ရလိမ့်မည်ဟု မျှော်လင့်ခဲ့သော်လည်း မျှော်လင့်သကဲ့သို့ ဖြစ်မလာ ပါ။ ဗိုလ်သင်တန်းမတက်ခင် ဗိုလ်ချုပ်အမိန့်နှင့် ဆက်သွယ်ရေးတာဝန်ကို ယူရသဖြင့် မိခင်တပ်ရင်းသို့ သွားရောက်တာဝန်မယူရတော့ပါ။

လူဆိုသည်မှာ မိမိမျှော်လင့်ထားခဲ့သလို ဖြစ်ချင်မှလည်းဖြစ်မည်၊ မဖြစ် ချင်လည်းနေမည်၊ မိမိမျှော်လင့်မထားခဲ့သော အဖြစ်အပျက်သည်လည်း ဖြစ်ချင် ဖြစ်မည်ဆိုသည့် တရားသည်အင်မတန်မှန်ကန်ကြောင်း မိမိဘဝနှင့်ယှဉ်၍ နားလည် မိပါတော့သည်။

• • • • • • • •



www.burmeseclassic.com

www.burmeseclassic.com

## ဗိုလ်ခအေးမေ

ကြုံတုန်း ဗိုလ်အေးမေအကြောင်း တစေ့တစောင်းပြောပါရစေ၊ ဗိုလ်အေးမေသည် (၁၉၃၇-၃၉) မြန်မာတစ်ပြည်လုံး ကျောင်းသားသပိတ် အရေးတော်ပုံတုန်းကတော့ ရွှေကျင်အင်္ဂလိပ်-မြန်မာအစိုးရ အထက်တန်းကျောင်းမှာ ပညာသင်ကြားလျက်ရှိပါသည်။ ထိုအချိန်တုန်းက ရွှေကျင်အစိုးရ အထက်တန်းကျောင်းမှာ သူသည် ကျောင်းသားသမဂ္ဂအသင်းဥက္ကဋ္ဌ၊ (၁၉၃၈-၃၉) သပိတ်မှောက် ခေါင်းဆောင်၊ (၃၈-၃၉)သပိတ်လှန်ပြီးနောက်ပိုင်း ရွှေကျင်ကျောင်းမှာ ဆက်လက်မနေတော့ဘဲ ဖျဉ်းမနား KEN အထက်တန်းကျောင်းသို့ ပြောင်းရွှေ့နေခဲ့ရသည်။ ၁၉၄၂-ခုနှစ် ဒုတိယကမ္ဘာစစ်ကြီးဖြစ်သောအခါ သူ့မိဘများက ရွှေကျင်မှာရှိနေသည်က တစ်ကြောင်း၊ ထိုစဉ်က ဒုတိယကမ္ဘာစစ် မြန်မာပြည်ကို ကူးသန်းလာတဲ့ အချိန်ပါ။ ရွှေကျင်ကို ပြန်လာခဲ့ပါသည်၊ ရွှေကျင်ပြန်ရောက်တဲ့အခါ BIA ထဲ ဝင်လိုက်သည်။

ဂျပန်ပြန် ရဲဘော်သုံးကျိပ်ဝင် စောအောင်ကို ဗိုလ်အေးမေက ကမကထပြုနေပြီးနောက် ရွှေကျင်တိုက်ထဲမှာပဲ ကျောင်းသားတွေနှင့် ဗိုလ်စောအောင်ပူးပေါင်းပြီး အင်္ဂလိပ်ကိုတိုက်သည်၊ ဗိုလ်စောအောင်ကျသွားသည်၊ ဗိုလ်စောအောင်ကျတော့ ကသီလင်တမြစ်သွားသည်၊ ကျောင်းသားတွေနဲ့ ကျန်တဲ့တပ်ဖွဲ့ဝင်တွေကို ဗိုလ်အေးမေတို့ပဲ တစ်ပတ်လောက် ထိန်းသိမ်းထားရသည်၊

ထို့နောက်မှာ ဂျပန်ပြန် ဗိုလ်ဇင်ယော်တပ်ဖွဲ့တက်လာသည်။ ဗိုလ်ဇင်ယော်





နဲ့ ဗိုလ်အေးမေတို့တပ် ပူးပေါင်းလိုက်သည်၊ ဗိုလ်ဇင်ယော်ထံတွင် ဗိုလ်အေးမေက တပ်စုမှူး။

ရွှေကျင်ကျောင်းသားတွေထဲမှာ သံမဏိခင်မောင်၊ သူရိန်၊ တင်ရွှေ၊ ဝင်းတင်တို့လည်း အတူရှိနေကြသည်၊ ကျောင်းသားတွေ ဖာပွန်စစ်ကြောင်းအတိုင်း ချီတက်လာပြီးနောက် BIA ကနေ BDA ကို ပြန်ဖွဲ့ဖို့ ဖြစ်လာသည်၊ မင်္ဂလာဒုံ ဗိုလ်သင်တန်း ပထမပတ်တက်ဖို့ အရွေးခံရသည်၊ ဗိုလ်သင်တန်း ပထမပတ် ဗိုလ်လောင်းဘဝနဲ့ဆင်းလာသည့်အခါ တပ်ရင်း(၂)မှာ မှတ်မိသလောက် ဗိုလ်အေးမေနဲ့အတူ (အခုဗိုလ်မှူးကြီးဖြစ်သွားတဲ့ ချစ်မြိုင်) ဗိုလ်စောမောင်၊ ဗိုလ်ညွန့်မောင်တို့ တပ်ရင်း(၂)ကို ရောက်ကြသည်။ ထိုအချိန်မှာ တပ်ရင်းမှူးက ဗိုလ်ရန်နိုင်။

(၃-၄)လလောက် ရဲဘော်ဟောင်းတွေကို သင်တန်းပို့ချနေရသည်၊ ရန်ကုန်ရှိ တော်လှန်ရေးပန်းခြံကြီးကတော့ ဟိုတုန်းက စစ်လေ့ကျင့်ကွင်းကြီး၊ အာဇာနည်ကုန်းတို့၊ ဦးဝိစာရနားမှာ မရမ်းမြိုင်တို့၊ သရက်မြိုင်တို့ဆိုတာတွေရှိသည်၊ ဝင်ဒါမီယာ ဘေးပတ်ပတ်လည်ကတော့ သင်တန်းပို့ချတဲ့ စစ်မြေပြင်ကြီးပါပဲ။

(၃-၄)လလောက် လုပ်ပြီးနောက် လေယာဉ်ပျံပစ်အမြောက်သင်တန်း ခေါ်တာနဲ့ ဗိုလ်အေးမေရယ်၊ ဗိုလ်စောမောင်ရယ်၊ ဗိုလ်ညွန့်မောင်လေးရယ် အလုံကို ရောက်သွားကြပြန်သည်၊ ထိုအချိန် အလုံမှာ ဂျပန်က သင်တန်းပို့ချတဲ့အချိန်၊ လေယာဉ်ပျံပစ်အမြောက်ကြီးတစ်ရှိသည်၊ ဒီအမြောက်များသည် စင်္ကာပူက ဂျပန်တွေယူလာတဲ့ အင်္ဂလိပ်အမြောက်ကြီး။ ပြီးတော့ မြေပေါ်မှာ ကွန်ကရစ်ကိုင်ပြီးတော့ ပစ်ရတဲ့အမြောက်၊

ထိုသင်တန်းချိန်မှာ ဗိုလ်ကြီးခင်ညို၊ ဗိုလ်သိန်းဆွေ၊ ဗိုလ်တင်အုန်းလေး၊ ဗိုလ်စောမောင်၊ ဗိုလ်ညွန့်မောင်၊ ထို့အပြင် အရာခံဗိုလ် ဗိုလ်ညွန့်မောင်ကြီးဆိုတာ ပါသေးတယ်၊ နောက်တပ်ကြပ်အေးမေ (ကသာ)တို့၊ ဗိုလ်အေးမေ၊ တပ်ကြပ်ကြီးထွန်းအေးတို့ပါသေးသည်၊ ကျန်တဲ့လူတွေကို ဗိုလ်အေးမေ သိပ်မမှတ်မိပါ၊ ထိုသင်တန်းမှာ ဘာသင်ရလဲဆိုလျှင် "ခံစောကု" ဂျပန်အခေါ် ခံစောကုရဲ့ အဓိပ္ပါယ်က လေယာဉ်ပျံကို မှန်ပြောင်းနဲ့ဖမ်းလိုက်တဲ့အခါ လေယာဉ်ပျံရဲ့အမြင့်၊ လေယာဉ်ပျံပျံသန်းနှုန်းတွက်ချက်ပြီး ရေဒါသဘောမျိုး၊ တွက်ချက်ပြီးလျှင် အမြင့် ဘယ်လောက်ရှိတယ်၊ အကွာအဝေးဘယ်လောက်ရှိတယ်၊ ပစ်ရမဲ့အမြောက်တပ်က ဘယ်လောက်စက္ကန့်နဲ့ ပစ်ရမယ်ဆိုတာ တွက်နည်းပညာတစ်ရပ်ပါပဲ၊ အဲဒီ တွက်နည်းက အဖြေထွက်လာသည်၊ အဲဒီတော့မှ အမိန့်ပေးပြီး ပစ်ရသည်၊



www.burmeseclassic.com

www.burmeseclassic.com



ထိုသင်တန်းကို ဂျပန်တွေကိုယ်တိုင်က ဦးစီးပြီး ဂျပန်လိုပဲ အမိန့်ပေးရသည်။ ထိုအချိန်တုန်းက ဂျပန်တွေက ဂျပန် အမြောက်ကြီးတပ်ကို ဦးစီးထားတဲ့ အပိုင်းမှာရှိသည်။ အဲဒီသင်တန်းမှာ (၂)လလောက်ပြီးတော့ တပ်ခွဲ (၂)ခွဲ ခွဲလိုက်သည်။ အလုံမှာ အမြောက်ကြီး (၄)လက်။ သုံးဒသမ ခုနစ်လက်မ လို့ခေါ်သည်။

ထိုတပ်မှာ တပ်ခွဲတစ်ခုဆိုပြီး သင်တန်းပြီးတော့ ဗိုလ်ခင်ညိုက တပ်ခွဲမှူးနဲ့ ကျန်ရစ်ခဲ့သည်။ နောက် ဗိုလ်တင်အုန်း သူလည်းကျန်နေခဲ့သည်။ တပ်ခွဲ (၂) လက်အောက်မှာ တပ်စု(၂)စုထားတယ်၊ (၂)လက်က မန္တလေးမှာ၊ နှစ်လက်က ရေနံချောင်းမှာ။ ဗိုလ်အေးမေအနေနဲ့ ရေနံချောင်းမှာရှိတဲ့ အမြောက် (၂)လက်ကို တာဝန်ခံ တပ်စုမှူးအနေနဲ့ တာဝန်ယူရသည်။ ဗိုလ်အာဠာဝကနဲ့ ဗိုလ်ညွန့်မောင်ကြီးကတော့ တပ်ခွဲရုံးအနေနဲ့ မန္တလေးမှာပဲနေရသည်။ ဗိုလ်ညွန့်မောင်လေးလဲ ရေနံချောင်းမှာပဲ နေရသည်။ ဦးဝင်းမောင် (စာရေးသူ ဝမ်းအိုဝမ်းကျော်ဝင်းမောင်)တို့ကလည်း အဲဒီမှာ တစ်ပါတည်း ပါလာပြန်ရသည်။

ပြီးတော့ အဲဒီမှာပါလာသူတွေကတော့ မြဒေါင်းတို့၊ တပ်ကြပ်ကြီး ထွန်းအေးတို့ ပါလာသည်။

တပ်ကိုတော့ ခံကုန်းမှာတပ်စွဲထားသည်။ အများဆုံး တပ်မတော်သားတွေ အင်မတန်မှ ချစ်ချစ်ခင်ခင်နဲ့ ပြုစုသူတွေက ဒေါ်လှိုင်း (ရွှေကြာငုံ ဒေါ်လှိုင်း)၊သခင်မ ဒေါ်အုန်းခင်၊ သခင်မ မခင်ခင်၊ အဲဒီအချိန်တုန်းကတော့ တပ်မတော်ကို တော်တော်လေး အဖက်ဖက်က၊ ငွေရေးကြေးရေးက အစထောက်ပံ့ပေးတဲ့ပုဂ္ဂိုလ်တွေ။ ဗိုလ်အေးမေ ကြာကြာမနေရပါ။ (၆)လ တောင်မနေရပါ။ အဲဒီကနေပြီးတော့မှ လေယာဉ်ပျံပစ် အမြောက်ကြီးတပ်ရင်း ဖွဲ့လိုက်ပြီး တပ်ခွဲ (၂) ခွဲ ထပ်ဖွဲ့တယ်။ တပ်ခွဲ (၃) က စစ်ကိုင်းမှာ တပ်ခွဲရုံးထားပြီးတော့ နမ္မတူမှာ တပ်စုတစ်စုထားတယ်။ ပြီးတော့ မုံရွာမှာ တပ်ခွဲ (၂) တပ်စု ကလေးဝမှာ တပ်စုတစ်စုထားသည်။

ဗိုလ်အေးမေက တပ်ခွဲ(၃)မှာ၊ တပ်ခွဲမှူး ဗိုလ်သိန်းဆွေက အလုံမှာ ကျန်နေခဲ့လားတော့ မပြောတတ်ပါ။ နောက်ပိုင်း ဗိုလ်သိန်းဆွေက တပ်ခွဲ (၄) ရှိတဲ့ မုံရွာကို ရောက်သွားသည်။ အလုံသင်တန်းမှာတုန်းက ဗိုလ်သိန်းဆွေလည်း ပါသည်။ စစ်ကိုင်းကို တပ်ခွဲတာဝန်နဲ့ ဗိုလ်အေးမေသွားခါနီးမှ ဗိုလ်စောမောင်ကို လွှဲပေးလိုက်ရသည်။ ဗိုလ်စောမောင်က မန္တလေးက တပ်ခွဲ (၂)က လာသည်။

ဗိုလ်အေးမေ စစ်ကိုင်းရောက်သွားသည်။ စစ်ကိုင်းအမြောက်တွေက ၃-လက်မ အမြောက်တွေ၊ ဒါက အင်္ဂလိပ်အမြောက်တွေ။ စက်ဘူတာ ယူလာခြင်း





ဖြစ်သည်။ အမြောက်တွေကို ရွာတောင်လယ်ကွင်းထဲမှာ ချထားလိုက်သည်။ အဲဒီ အမြောက်တွေမှာတော့ ခံစောကုမပါ။

ဘာလိုင်း(ရမ်းပြီး)ပစ်တာတွေ။ အမှန်တော့ လေယာဉ်ပျံဖမ်းတဲ့ မှန်ပြောင်းတွေရှိသည်။ အဲဒီထဲမှာ ဘာပါလဲဆိုတော့ လေယာဉ်ပျံရဲ့အမြင့်၊ လေယာဉ်ပျံရဲ့ အတွာအဝေးတွေ တွက်လို့ရသည်။ ဘယ်လောက်အမြင့်လဲဆိုရင် ဘယ်လောက် စက္ကန့်ပဲ အများဆုံးပစ်နိုင်သည်။ အမြင့်ကတော့တသား၊ အကွာအဝေးကိုတော့ အမြောက်ကနေ အဲဒီလေယာဉ်ပျံ ဘယ်လောက်ဝေးလဲ၊ ကျည်ဆံရဲ့အသွားနှုန်းနဲ့ လေယာဉ်ပျံလာမယ့်နှုန်း မှန်းပြီးတော့ အဲဒီလိုအမိန့်ပေးပစ်ရသည်။

(၃. ၇)ကတော့ ခံစောကုက ကြည့်ပြီးတော့ တယ်လီဖုန်းလေးတွေနဲ့ ဘယ်လောက် ဘယ်လောက်ဆိုတော့ တစ်ခါထဲပြီးသွားသည်။ (၃)လက်မ အမြောက်ကတော့ ဒီလိုမဟုတ်ပါ၊ စစ်ကိုင်းကို တပ်ခွဲမှူး တာဝန်နဲ့ ဗိုလ်အေးမေရောက်သွားသည်။ ဗိုလ်သိန်းဦးက တပ်စုမှူးတာဝန်နဲ့စစ်ကိုင်းမှာ၊ ဗိုလ်ကျော်ဦးက နမ္မတူမှာ စောသင်းမောင်ဆိုတာ (အခုဗိုလ်ကြီးဖြစ်နေပြီ၊ ပြည်မှာရှိသည်။ ကြက်မွေးမြူရေးတွေ ဘာတွေလုပ်သည်။) ရွာထောင်ရောက်ပြီး (၄၊ ၅)လ နေတော့ အဲဒီမှာ စွန့်စွန့်စားစား မိုက်မိုက်ကန်းကန်း လုပ်တတ်တဲ့ သတ္တိကြောင့် ဗိုလ်အေးမေ မြောက်စားခြင်းခံရသည်။ တစ်ညနေမှာ လေယာဉ် (၄)စင်းလားမသိဘူး၊ ရွာထောင်ကို ရောက်လာပြီးဗုံးချသည်။ ဒီကောင်တွေက (၃)လက်မအမြောက်ဆိုတော့ မသယ်နိုင်ဘူး။ ဗုံး(၂)လုံးပဲပါသည်။ ဗိုလ်အေးမေတို့က လယ်ကွက်ချုံပုတ်တွေထဲမှာ အမြောက်တွေထားသည်။ လေယာဉ်တွေဝင်လာတာ ပက်ပင်းတွေ့သည်၊ ဘေးလောက်မြင်ရင် အမြီးလောက်မြင်ရင် လိုက်ပစ်သည်။ အမြောက်ပစ်နှုန်း စက္ကန့်တစ်ဝက် ပစ်သည်။

ထိုသို့ မိုက်မိုက်ကန်းကန်းလှမ်းပစ်တာ (၂)စီးတောင် ကျသည်။ တစ်စီးကတော့ လေယာဉ်ပျံရဲ့ နောက်ကအမြီးကြီး ပြုတ်ထွက်သွားသည်။

တစ်စီးက မုံရွာ ချင်းတွင်းမြစ်နားမှာ သွားကျသည်။ နောက်တစ်စီးက မြစ်ငယ်မှာ သွားကျသည်။ သုံးစီးလုံး မိုက်မိုက်ကန်းကန်းချလိုက်သည်။ ချက်ချင်းပဲ ဂျပန်ကလိုက်သွားပြီး အဲဒီညနေမှာပဲ ခြောက်လုံးပြူးတွေဘာတွေ ဂျပန်က ရလာသည်။ နောက်နေ့မှာ ဂျပန်တွေကလာပြီး "ဗိုလ်အေးမေတို့တပ်ကို ချီးကျူးတာပဲ" မှတ်မိသလောက်ကတော့ ငွေ (၃၀၀၀)ချီးမြှင့်သည်။

နောက် ဂျပန်တာနယ်ကြီး ရောက်လာသည်။ လှည်း (၄)စီးနဲ့ ဘာတွေပါလာလဲဆိုတော့ တက်နေဝင်းရမ်၊ ဝက်လည်းပါသည်။ ကြက်လည်းပါသည်၊ ချီးကျူး



www.burmeseclassic.com

www.burmeseclassic.com



ရာမှာ "မင်းတို့က တစ်နှစ်အတွက် တာဝန်ကျေသွားပြီ" တဲ့။

"တစ်နှစ်အတွက် တာဝန်ကျေတယ်ဆိုတာ နွေ၊ မိုး၊ ဆောင်းဆိုတာ ရှိတယ်၊ ရာသီတစ်ကြိမ်မှာ တစ်စင်းစီချပေးရမှာဖြစ်ပေမယ့် ရာသီတစ်ချိန်မှာ မင်းတို့ (၃)စင်း ပစ်ချလိုက်တော့ မင်းတို့တစ်နှစ်အတွက် တာဝန်ကျေတယ်"လို့ ပြောသည်။

ထိုအချိန်မှစပြီးတော့ ရိက္ခာဆိုရင် သွားယူတိုင်းရသည်၊ ဗိုလ်အေးဖေ တို့ကတော့ ဘီဒီအေ လေယာဉ်ပစ်အမြောက်ကြီးတပ်က လေယာဉ် (၃)စီး ပစ်ချ တယ်ဆိုပြီးတော့ ကမ္ဘည်းထိုးထားသည်။ ဗိုလ်အေးဖေ အမြောက်တပ်ရဲဘော်တွေက မြို့ထဲမှာတော့မျက်နှာပွင့်သည်၊ စစ်ကိုင်းမှာ တော်တော်လေး နာမည်ရခဲ့သည်၊

အဲဒီကနေပြီး မိုးတွင်းကျတော့ လာချပါလေရော၊ လက်စားချေတယ်လို့ ပြောနိုင်တယ်။

စစ်ကိုင်း ဆင်မြတ်ရှင်ဘုရားက ကုန်း၊ အဲဒီကုန်းကတော့ ပန်ချာပီကုလား သင်္ချိုင်းကုန်းလို့လည်း ပြောသည်။ အုတ်ဂူလေးတွေ ဘာလေးတွေရှိသည်၊ ကုန်းမှာ ရက်ရက်စက်စက်လာချတာ၊ ဗိုလ်အေးဖေတို့ ပစ်တုန်းက နွေကုန်ခါနီးလောက်မှာ မိုးတွင်းကျတော့ ဒီကုန်းကို ရွှေ့လာသည်၊ မိုးကုန်ပြီး ဆောင်းပေါက်အထိ လေယာဉ် ပျံတွေနဲ့ တော်တော်တိုက်ခံရသည်။ မနက်ဆိုရင် (၁၁)နာရီလောက်ဆိုရင် ရောက် လာတာပဲ၊ လေယာဉ် (၇)စင်း၊ (၈)စင်းလာသည်။

သူတို့မလာခင် နေ့ (၁၁)နာရီ (၁၂)နာရီလောက်မှာ ပီ-၃၈ (ဂျပန်လိုတော့ ပီဆန်ကြူဟပ်ချီးလို့ခေါ်သည်) အဲဒီလေယာဉ်ပျံက ပြန်သွားပြီး (၁၁)နာရီ ကျော် ကျော်လောက်ဆိုရင် ဗုံးကြဲလေယာဉ်ပျံ အစီတ်သုံးဆယ်အုပ်နှင့်အတူ သူတို့ကို စောင့်ရှောက်ဖို့ စပစ်ဖိုင်းယားတို့လို တိုက်လေယာဉ်ပျံက အပေါ်ကပျံလိုက်လာ သည်။ ဗုံးကြဲလေယာဉ်တွေက ဗုံးချသည်၊ ဗုံးတွေချပြီး ဗုံးကြဲသည့်လေယာဉ်တွေ ပျံသန်းသွားသည်၊ အဲဒီတိုက်လေယာဉ်တွေက သူတို့ကိုပစ်တဲ့အမြောက်တပ်နှင့် မြို့ထဲစက်သေနတ်နဲ့ ဆွဲတယ်၊ ဗိုလ်အေးဖေတို့ ဂမ်းပစ်ဘေးမှာ ကျည်ဆန်တွေ ပွနေတာဘဲ၊ သူတို့ရဲ့ဘော်တွေကလည်း ပြန်ပစ်နေတာဘဲ၊ စောစောကချသလိုပဲ မိုက်မိုက်ကန်းကန်းချတာပဲ။ အောက်ကလည်း နိုင်ဖယ်နဲ့လည်းပစ်တာဘဲ။ ဘရင်း ဂမ်းနဲ့လဲချတာပဲ။ ဘယ်နေရာကျလို့ ဘာဖြစ်သလဲဆိုတာကို မသိရဘူး။ ဒီကောင် တွေက ဆင်မြတ်ရှင်ဘုရားကြီးကနေ ပတ်ပြီး၊ ကွယ်ပြီးတော့ ဗိုလ်အေးဖေ တို့ကိုပစ် သည်။ ဆင်မြတ်ရှင်ဘုရားနဲ့ ဗိုလ်အေးဖေတို့နဲ့ဆို ကိုက် (၄၀၀)လောက် ဝေးသည်။ အဲဒီကနေ ပတ်ပတ်ပြီးချတာ ဒီကောင်တွေက (၃-၄)ပတ်လောက်ပတ်ပြီး ပြန်သွား





ကြသည်၊ အထိအနိုက်တော့ မရှိပါဘူးလို့ဆိုရပေမယ့် မြေကတုတ်ထဲကိုပါ ပစ်တော့ ရဲဘော်တစ်ယောက် နည်းနည်း ရှပ်ထိသွားတာပဲရှိသည်။

ကလေးဝမှာ တပ်ကြပ်ကြီးစိန်မောင်လည်း ကျသွားရရှာသည်၊ အင်္ဂလိပ် တွေဝင်လာသည့်အခါ တပ်မှရဲဘော်များကိုဖမ်းပြီး အိန္ဒိယထောင်သို့ပို့လိုက်သည်။ မုံရွာတပ်ခွဲမှူး ဗိုလ်သိန်းဆွေပြောသည်၊ တပ်ဖျောက်ရတဲ့အပိုင်းလည်း ရှိလာသည်။ ဖျောက်ရတဲ့အပိုင်းကို ဗိုလ်သိန်းဦးက တာဝန်ယူသည်၊ လေယာဉ်ပစ်ရဲဘော်တွေ အလူးအလဲခံနေရသည်။ အုပ်ချုပ်ထားတဲ့ အပိုင်းပဲရှိသည်၊ အမြောက်တပ်က လွတ်လွတ်လပ်လပ် လှုပ်ရှားလို့မရ၊ ခြေလျင်တပ်တွေလို သွားချင်သလိုသွားလို့ မရဘူး၊ ဂျပန်အကြံပေးတွေ အောက်မှာနေရတဲ့အပိုင်းရှိသည်။ ဗိုလ်သိန်းဦးနဲ့ တိုင်ပင်ပြီး အမြောက်တွေချိုးပစ်လိုက်ရသည်၊ နောက်တော့ ဗိုလ်အေးဖေလည်း ရန်ကုန်ကို တပ်ရင်းမှူးဆီ သွားသတင်းပို့ဖို့ ဆင်းခဲ့ရသည်။

တပ်ရင်းမှူးဆီ သတင်းပို့ပြီးနောက်ပိုင်း တပ်ရင်းမှူးက "မင်းမပြန်နဲ့တော့ တပ်ရင်းရုံးမှာပဲ မင်းနေတော့"လို့ ညွှန်ကြားတော့ ရန်ကုန်မှာပဲနေလိုက်သည်။ ဗိုလ်အေးဖေ ရန်ကုန်ရောက်သည့်အချိန်မှာလည်း တပ်တွေက ရှေ့တန်းစစ်ဆင်ရေး ထွက်သွားကြသည်၊

ဗိုလ်အေးဖေအနေနဲ့က မြစ်ဝကျွန်းပေါ်မှ တပ်တွေ ဖျောက်ထားတယ်ဆို တာသိတယ်။ သူ့အနေနဲ့ မြို့ထဲမှာ ထင်ထင်ပေါ်ပေါ်နေလျှင် တစ်နေ့တော့ အဖမ်း ခံရမှာပဲဆိုပြီး အလိုလိုသိနေသည်၊ တွံတေး ခလှေကြီးဆိုသည့် ရွာရှိသည်၊ ထိုရွာဘက်ကို ခြေကုတ်ယူပြီး (၂၆)ရက်နေ့ တော်လှန်ရေးမလုပ်ခင် တစ်ရက်နှစ်ရက် မှာပဲ ဗိုလ်အေးဖေလစ်ထွက်သွားသည်။ ခလှေကြီးရွာကနေ ရှေ့ဆက်မယ်အလုပ်မှာ သူ အဖမ်းခံရသည်။

စစ်ကိုင်းထဲမှာ ဗိုလ်အေးဖေနဲ့အတူပါလာသည့် ကောင်လေးကိုတော့ လယ်တဲဆောက်နေခိုက်မို့ သူတို့လည်းမရိပ်မိတာကြောင့် ဗိုလ်အေးဖေပဲ အဖမ်းခံ လိုက်ရသည်၊ တွံတေးရွှေဆံတော်ဘုရားကြီးမှာ (၄-၅)ရက်အချုပ်ခံလိုက်ရပြီး ဂျပန်ထမင်းစားရသည်။ ညကျရင် လက်ပြန်ကြိုးတုပ်လျက်၊ အိပ်ရင် ခါးကို ကြိုးနှံ ချည်ထားသည်၊ တစ်ရက်နှစ်ရက်လောက်နေသောအခါ ဗိုလ်ကြည်ဆိုတာလည်း အဖမ်းခံရသည်၊ ဗိုလ်ကြည်ဆိုသူသည် မြင်းတပ်ကပါ၊ အခြားအမည်မသိသည့် ရဲဘော်လေးတစ်ယောက်၊ အားလုံး (၃) ယောက်ပေါ့၊ ည (၇)နာရီလောက်ကျတော့ "မင်းတို့ကို ရန်ကုန်ပို့မယ်" ဆိုပြီးတော့ ဂျပန် (၄) ယောက်က ဗိုလ်အေးဖေတို့ကို



www.burmeseclassic.com

www.burmeseclassic.com



ကြိုးနဲ့တုတ်ပြီး သမ္မာန်ကူး၊ ရန်ကုန်မြေနီကုန်းဘောလုံးကွင်းကြီးပို့သည်။ မနက်စောစောရောက်သွားသည်။ ဖမ်းထားတဲ့ ရဲဘော်တွေက (၂၀၀-၃၀၀)လောက်။

ရဲဘော်တွေကလည်း အလုံ အမြောက်ကြီးတပ် ပြည်တင်းရေးတပ်က ဖြစ်သည်၊ ရန်ကုန်မှာ မသွားတတ် မလာတတ်ဖြစ်နေသည်၊

ဗိုလ်အေးမေတို့ အမြောက်ကြီးတပ်က အများဆုံးပဲ၊ တပ်ခွဲတစ်ခွဲလုံး တပ်ရင်းတစ်ရင်းလုံးလိုလိုပါ၊

စုစုပေါင်း (၁၀၀)လောက်တော့ရှိမည်၊ ထိုထက်တော့ များစရာမရှိပါ၊ မြေနီကုန်းမှာ (၁၄)ရက်လောက်နေပြီး အင်းစိန်ထောင်ပို့လိုက်သည်။

ဗိုလ်အေးမေတို့ ထောင်ထဲနေသည့်အခါ ဘုရားဂုဏ်တော်ဖိပြီး ရွတ်ကြသည်၊ သဘောကတော့ တို့လည်း ငှက်ကလေး၊ ကြက်ကလေးတွေကို ဖမ်းခဲ့လို့ ဒီ့ဒီလိုပဲ အဖမ်းခံရတယ်လို့ သံဝေဂရသည်၊ (၂)လ၊ (၃)လ နေပြီးသည့်အခါမှာတော့ ဗိုလ်သင်တန်းတုန်းက တပ်ကြပ်ကြီးတစ်ယောက်လာသည်၊

"မင်းတို့အခန်းထဲမှာ အင်္ဂလိပ်၊ မြန်မာ (၁၀) တန်းတက်တဲ့လူတွေ ထွက်ပါ"လို့ခေါ်တယ်၊ ဗိုလ်အေးမေက ထွက်ရသည်၊ ထွက်တော့ အောက်ကိုခေါ်သည်။ အောက်ရောက်တော့ စည်သည်တွေဘာတွေ တွေ့ရတဲ့နေရာ၊ အဲဒီရောက်သွားသည်၊ အခြားအဆောင်က လူတွေရော၊ ဗိုလ်တွေရော ဗိုလ်အေးမေတို့နဲ့ လာဆုံကြသည်။ ဆုံတော့ (၂၀-၂၅)ယောက်လောက်တော့ရှိမည်၊ အဲဒီမှာ သူတို့ အမျိုးမျိုးမေးသည်၊

အဲဒီမှာ ထောင်ထဲကပဲ လွှတ်ချင်လို့လား မသိဘူး။ ကပ္ပတိန်အင်နားသားကြီးဆိုတာ ရောက်လာတယ်။ ဒီကပ္ပတိန်ကြီးက ဗိုလ်အေးမေတို့ ဗိုလ်သင်တန်းကျောင်းတုန်းက တပ်ခွဲ(၁)ရဲ့တပ်ခွဲမှူး၊ တွေ့တော့ "အေးမေ ကော်ဆေး" ဟေ့ကောင်မင်းဘယ်လိုဖြစ်လာတာလဲ"လို့ မေးတယ်၊ ဒီလို ဒီလိုပါပဲဟု ပြောရတယ်။ တပ်ကြပ်ကြီးကို သူမေးတော့ တပ်ကြပ်ကြီးက သူမပါဘူးဆိုတာနဲ့ ဗိုလ်မှူးကြီးဘဟန်တို့ ရွေးထားတဲ့အထဲက ဗိုလ်အေးမေပါသွားသည်။ သူ့ခမျာ ဆီးရောဂါကလည်း အတော်လေးဖြစ်တုန်း၊ မကျန်းမာပါဘူး၊ နောက် BIA, BDA တုန်းကလည်း ငှက်ဖျားရောဂါ ပြန်ပေါ်လာသည်။ ကပ္ပတိန်အင်နားသားကြီးပဲ ဗိုလ်အေးမေကို ဆေးတွေဘာတွေ ကုပေးသည်။ ကပ္ပတိန်အင်နားသားက ဘယ်ခေါ်သွားလဲဆိုတော့ နှစ်ပြားတန်စောင်း ရဲရှေ့ RAF ကွင်းကိုခေါ်သွားသည်၊ ဟိုတုန်းက အဲဒီနေရာဟာ စစ်ရဲလုပ်ထားတဲ့ ကွင်းကြီး၊ တိုက်ကလေးတွေရှိတယ်။ အခုတော့ ဖျက်ပစ်လိုက်ပြီ။





ဗိုလ်အေးမေကို အကျယ်ချုပ်သဘောမျိုးထားသည်။ "ဘုရားသွားဖူးချင်တယ်"ဆိုလျှင် စစ်တပ်ထဲက အရပ်ဝတ်နဲ့ကောင်တွေ လိုက်ပို့သည်၊ ဗိုလ်မှူးကြီးဘဟန်ရယ်၊ တင်အုန်းလေးရယ်၊ ဗိုလ်အေးမေရယ် နောက်တော့ ကျန်တဲ့သူတွေကိုတော့ ဗိုလ်အေးမေ သိပ်မမှတ်မိတော့ဘူးတဲ့။" ထိုနေရာကနေပြီးတော့ လက်ပံတန်းပို့သည်။ လက်ပံတန်းရောက်ပြီးတော့ လက်ပံတန်းမှာ (၁၄-၁၅)ရက် လောက်နေသည်၊ သူတို့က အဲဒီကနေပြီး ရိုးမတက်မယ့် အခြေအနေရှိသည်၊ ရိုးမတက်ရင် ဗိုလ်အေးမေတို့ကို သုံးချင်လည်းသုံးမည်၊ ရိုက်သုံးမလား၊ ရှေ့ပြေးခိုင်းမလားမသိ၊ ထိုအချိန်မှာ ဗိုလ်အေးမေ တော်တော်လေး နေမကောင်းပါ။ ဘုန်းကြီးကျောင်းမှာ တည်းရသည်၊ ဦးပုညာ၊ ဒေါ်ပုတို့အိမ်ဆိုတာရှိသည်၊ ဗိုလ်အေးမေတို့ရဲ့ ကျေးဇူးရှင်ပါပဲ၊ သူတို့နဲ့ ဆက်သွယ်ပြီး ပြေးရတာပဲ၊ ဗိုလ်မှူးဘဟန်လည်း ညမှာ သူ့နည်းသူ့ဟန်နဲ့ ထွက်ပြေးရသည်။ ဗိုလ်အေးမေ ညောင်ကုန်းကနေ (၂) မိုင်လောက်ဝေးတဲ့ နတ်စင်ကုန်းရွာကို ရောက်သွားသည်။

မင်းလှလောက်မှာ အမြောက်သံတွေ ကြားရသည်။ ဂျပန်တွေလည်း နင်းကန် မြေကုတ်ယူ၊ ရိုးမတက်တဲ့အချိန်မှာ မဟာမိတ်တပ်ကလည်း လက်ပံတန်းဝင်တဲ့အချိန် ရောက်လာပြီ၊ အတော်လေးမမာတာနဲ့ ရန်ကုန်ထွက်လာနိုင်သည်၊ ရန်ကုန်ထွက်လာပြီး လောင်းဝစ်လမ်းရောက်သည်၊ တပ်တွေဟာ တော်တော်လည်း ခေါက်သိမ်းပြီးပြီနဲ့ တူပါသည်၊ ဗိုလ်အေးမေသတင်းပို့သည်။ ပို့တော့လည်း သူတစ်ယောက်ပဲ ရှိတော့တာကိုး။ သတင်းပို့ပြီးနောက်ထပ်လည်းမသွားတော့ဘူး၊ အပြင်မှာဘဲ ထွက်ထိုင်နေသည်၊

(၁၉၄၆)ခုနှစ်လောက်မှာ ဗိုလ်မှူးစိန်ဟန်နဲ့တွေ့သည်။ သူက "ဟေ့ကောင်တွေ မင်းတို့ဘာလုပ်နေလဲ"ဆိုတော့ "ဘာမှမလုပ်ဘူးဗိုလ်မှူး"လို့ဖြေသည်၊ ဗိုလ်မှူးက "ဒို့တိုင်းပြည်မလွတ်လပ်သေးဘူး မင်းတို့ ရရာလက်နက်လေးတော့ဆွဲထားဦး"လို့ပြောသည်၊ ဘားမားနေဗီ (ရေတပ်)မှာ ဗိုလ်အေးမေ ဝင်လုပ်ကြည့်သေးသည်။ အဲဒီမှာဝင်လုပ်တော့ ဘယ်လိုမှစည်းရုံးနိုင်တဲ့ အပိုင်းမရှိပါ၊ ကရင် တိုင်းရင်းသားတွေနဲ့ ကုလားကပြားတွေများသည်၊ ကရင်တောင် နည်းနည်းပဲရှိသည်၊ (၉)လ (၁၀)လ လောက်လုပ်ပြီးတော့ ရဲအုပ်သင်တန်းကျောင်းတက်ရမယ်"ဆိုပြီး စာတစ်စောင်ရောက်လာသည်၊ သူက လျှောက်တာလည်းမဟုတ်ဘူး၊ သိလည်း မသိဘူး၊ ဗိုလ်မှူးစိန်ဟန်နဲ့ တွေ့တော့မှ "ဒါမင်းတို့ အလုပ်မရှိတဲ့ကောင်တွေအတွက် အလုပ်ပေးတာပဲ"လို့ ပြောသည်၊



www.burmeseclassic.com

www.burmeseclassic.com



ရဲဘော်ဟောင်းအစည်းအရုံးဆိုတာဟာရှိသည်၊ အလုပ်ရှာဖွေရေးအဖွဲ့ ရှိသည်။ သူတို့ကနေပြီးတော့ လုပ်ပေးသည်။ တော်တော်လေးများပါသည်၊ တစ်ချို့ကျတော့လည်း ဓာတ်ဆီပန့်တွေရှိတော့ ဓာတ်ဆီဆိုင်ရောက်တဲ့လူလဲ ရောက်သည်၊ အလုပ်အမျိုးမျိုးရှိတဲ့ နေရာခွဲပြီးပေးလိုက်သည်၊ တပည့်လက်သားတွေ အလုပ်မရှိလို့ အလုပ်ရအောင်ဆိုပြီး ရှာပေးလိုက်ခြင်းဖြစ်သည်၊ အဲဒီလိုနဲ့ သိမ်ကြီးဈေး ရဲဘော်ဟောင်း အစည်းအရုံးမှာ ဗိုလ်အေးဖေ ဝင်လုပ်သေးသည်၊ ထိုအချိန်တုန်းက ပုလိပ်ကလည်း တော်တော်လေးနှိပ်စက်တဲ့ အချိန်မို့ လူလည်းမုန်းသည်၊ "ပုလိပ်မလုပ်ချင်ဘူး"လို့ ဗိုလ်မှူးစိန်ဟန်နဲ့ တော်တော်ပြောရ သည်။ "ဒါ ဘယ်ဟုတ်မလဲ - ဒို့တိုင်းပြည် မလွတ်လပ်သေးလို့ တိုင်းပြည်လွတ်လပ်တဲ့အခါ ပုလိပ်ဟာ မရှိလို့မဖြစ်ဘူး"လို့ ရှင်းပြသည်၊ "ဥပဒေလေး ဘာလေး သင်ထားဦး"လို့ အကြံပေးသည်။

သင်တန်း (၇)လ တက်ရသည်၊ အင်းစိန်မှာ သင်တန်းပြီးနောက် ADSP ဆိုပြီးတော့ တပ်မတော်ကလာတဲ့ ဗိုလ်တွေဖြစ်တဲ့ ဗိုလ်သိန်းတုတ်တို့၊ ဗိုလ်ချစ်ခိုင်တို့ ဗိုလ်သောင်းတို့၊ သူတို့လည်း လာတက်တာတွေ့ရသည်။ သူတို့က (၃-၄)လလောက်နဲ့ပဲ ပြီးသွားသည်၊ ဗိုလ်အေးဖေကတော့ (၇)လ တက်ရသည်၊

ဗိုလ်အေးဖေ သင်တန်းပြီးတော့ တောင်ငူရောက်သွားသည်၊ (၄၈) ခုနှစ် လွတ်လပ်ရေးရတော့ တောင်ငူမှာ၊ အဲ တောင်ငူရောက်သွားပြီး တစ်နှစ်လောက်လုပ်ပြီးတော့ KNU တောခို၊ ကွန်မြူနစ် တောခိုကြတော့ KNU ကိုရော ကွန်မြူနစ်ကိုပါ လိုက်ပြီး တိုက်ခိုက်ရတော့တာပေါ့။

နောက်ဆုံးအဆင့်ဆင့်နဲ့ ဒုရဲမှူးဝန်ထောက်အဆင့် ရောက်လာသည်၊ (၁၉၈၀)ခုနှစ်မှာ ပင်စင်ယူလိုက်သည်၊ (၈၁)ခုနှစ်မှာ ပြည်သူ့ကောင်စီရဲ့ တာဝန်ပေးချက်အရ မြို့နယ်တရားသူကြီး အဖွဲ့ဝင်တာဝန်ထမ်းဆောင်ရသည်။

ထောင်ထဲတုန်းက သူမှတ်မိသလောက်တော့ တင်အုန်းလေးက ထမင်းချက်သည်၊ ရေဆိုတာကတော့ တော်တော်လေးငတ်ပါသည်။ ဗိုလ်အေးဖေ ရေမသောက်ရတာလည်း တင်အုန်းလေးကသိသည်၊ ဗိုလ်အေးဖေက သူ့ရဲ့တပ်စုမှူး တစ်ချိန်က ဖြစ်ခဲ့တာကိုး။ အဲဒီတုန်းက စိမ်းစားဥ လက်သီးဆုပ်လောက်ရှိတယ်။ ရော့ ဗိုလ်ကြီး ရေဆာရင် ဒါလေးငုံငုံပေးလို့ ပြောခဲ့ရဘူးတယ်။ ဒီအချိန်မှာ တပည့်ကောင်းတွေ့ခဲ့ရသလို ခု ထောင်ထဲမှာ ပြန်တွေ့ရတာ၊ ဟိုတုန်းက ရေ မသောက်ရတဲ့ကောင်တွေဆိုရင် ဗိုလ်အေးဖေက တစ်ကိုက်စီ ဖဲ့ဖဲ့ပေးရသည်။ စိမ်းစားဥလေးတွေကို ငတ်တာကတော့ မပြောပါနဲ့တော့။ အခုဆိုရင်တပ်ခွဲလေးမှာရှိတာ ဗိုလ်သိန်းဆွေ။





သူလည်း ဆုံးသွားပြီ၊ သူ့ တပ်စုမှူး ဗိုလ်ရဲဝင်းလည်း မရှိတော့ဘူး ဆုံးသွားပြီ။ ဗိုလ်စောလှိုင်ဆိုတာ ရှိသေးသည်၊ ဗိုလ်ကြီးစောလှိုင်၊ သူက ဇီးကုန်းမှာ န. လ. တ ဥက္ကဋ္ဌ၊ သူက အခု အနားယူပြီးတော့ မြောက်ဥက္ကလာပမှာလား၊ တောင်ဥက္ကလာမှာလားရှိသည်၊ သည်တုန်းက သူကတပ်ကြပ်ဗျ။ ရဲဘော်ဟောင်း အစည်းအရုံးမှာ စုံစမ်းရင်တော့ ရပါလိမ့်မယ်၊ စစ်ပြန်စစ်မှုထမ်းဟောင်းမှာ မေးရင်တော့ရပါလိမ့်မည်။

နောက် ဒီဘက်က သိန်းမောင်ဆိုတာ အေလာမှာရှိတယ်ကြားသည်၊ သူက တော်တော်နှံ့စပ်ပါသည်။ ကိုမျိုးကျော်သူကတော့ တလောက သယံဇာတကျွန်း ပါတီ ယူနစ်ဥက္ကဋ္ဌ လုပ်သေးသည်၊ စစ်ကိုင်းမှာ တော်တော်လေး ကျန်နေသေးသည်၊ စစ်ကိုင်းမှာ မြဒေါင်းရှိသည်၊ ကျော်ရွှေလည်း ရှိသည်၊

တပ်ခွဲ(၁) တပ်ခွဲမှူး၊ ဗိုလ်မှူးတင်အုန်းကတော့ ထောင်မှာ ဒု-ညွှန်ကြားရေးမှူး လုပ်နေသည်။ အခုရန်ကုန်ထောင်ကြီးရှေ့မှာ နေသည်လို့ ပြောသည်၊

ဗိုလ်အေးဖေက စာရေးသူ ကျွန်တော်ဝင်းမောင် (ဝမ်းအိုဝမ်း ကျော်ဝင်းမောင်)နှင့် ရန်ကုန်မှာ (၁၉၈၅)ခုနှစ်တွင် တွေ့ရစဉ်က သူ့ရဲ့လေယာဉ်ပျံ အမြောက်ကြီးတပ်တွင် ပါဝင်ခဲ့ပြီး တော်လှန်ရေးပြီးခဲ့သည်အထိ သူ့ဘဝအကြောင်း အကျဉ်းချုပ်ကို ပြောခဲ့ခြင်းတို့ကို မှတ်တမ်းပြုထားလိုက်ခြင်း ဖြစ်ပါသည်။ (စာရေးသူ)

• • • • • • • •



www.burmeseclassic.com

www.burmeseclassic.com

## ရှေ့တန်းစစ်မျက်နှာနှင့်နီးလာသောအခါ

ရှေ့တန်းစစ်မျက်နှာတွေဟာ မန္တလေးနှင့် စစ်ကိုင်းမြို့နား ကပ်လျက်ရှိနေပါပြီ။ ဒါကြောင့် မဟာမိတ်လေယာဉ်ပျံတွေဟာလည်း နေ့တိုင်းလိုလို မန္တလေးကို ဗုံးကြဲ၊ စက်သေနတ်ပစ်နဲ့ မပြတ်အောင်ဖြစ်နေပါသည်၊ တစ်နေ့ထက်တစ်နေ့ လေကြောင်းရန်အတွက် စိုးရိမ်နေရပါသည်၊ မျက်ပါးရပ် ဘိဒီအေ လေယာဉ်ပစ်အမြောက်ကြီးတပ်မှာ (၃. ၇)လက်မ အမြောက်ကြီးနှစ်လက် ရှိပါသည်။ မဟာမိတ်ဆိုသည့် တိုက်လေယာဉ်၊ ဗုံးကြဲလေယာဉ်တွေလာတိုင်း ပစ်ခတ်နေတဲ့ တာဝန်ကလည်း မသေးဘူး၊ ရန်သူလို့ သတ်မှတ်ထားသည့် ဖက်ဆစ်ဂျပန်ကို ပေါင်းနေရပြီး မဟာမိတ်ဆိုသူတွေနှင့်ကျတော့ တိုက်ခိုက်နေရတာ သဘာဝမကျလှဘူး၊ မဟာမိတ်လေယာဉ်တွေကို မတိုက်လည်းခက် တိုက်လည်းခက်ပဲ၊

အဲဒီလို မဟာမိတ်လေယာဉ်တွေလာတိုင်း မပစ်လိုက်ပြန်ရင်လည်း အင်္ဂလိပ်၊ အမေရိကန်တွေနဲ့ပေါင်းပြီး ဂျပန်ကိုတော်လှန်ကြတော့မည်ဆိုသည့် သတင်းမျိုး၊ သစ္စာဖောက်တွေက သတင်းပေးထားရှိ မယုံတစ်ဝက် ယုံတစ်ဝက်ဖြစ်တဲ့ ဂျပန်တွေအဖို့ လုံးလုံးယုံသွားမည်။ ဒီသတင်းကို လုံးဝအတည်ပြုလိုက်နိုင်သည်၊ အဲဒီတော့ တပ်ကလောလောဆယ် အရေးယူခံရသည်၊

လေယာဉ်ပစ်အမြောက်ကြီးတပ်အနေနှင့် လေယာဉ်က အနိမ့်ကလေးပျံသန်းလာပြီး ဗုံးကြဲစက်သေနတ်ပစ်တာကို ခုခံနိုင်ဖို့ လက်နက်စသဖြင့် ဘာမှ





မရှိခဲ့ပါ၊ နောက်ပိုင်း ကလေးဝ လေယာဉ်ပျံပစ်အမြောက်ကြီးတပ်ကို အင်္ဂလိပ်လေယာဉ်က လာဗုံးကြဲ၊ စက်သေနတ်ကြီးပစ်တော့မှ လေယာဉ်ပျံပစ် အမြောက်ကြီးတပ်တွေကို စက်အမြောက် လက်နက်တွေ ချထားပေးတော့သည်။

တကယ်က ရန်သူဆိုသည့် ဂျပန်နဲ့ပေါင်းနေရပြီး မဟာမိတ်ဆိုသည့် အင်္ဂလိပ် အမေရိကန်တွေကို တိုက်နေရသည့်အဖြစ်ပါ။ နယ်ချဲ့သမားများ မြန်မာပြည်တွင်းကို တစ်လက်မမှ အဝင်မခံဘူးဆိုသည့် ဆောင်ပုဒ်တို့ ကြွေးကြော်နေရပေမယ့် တကယ့်လက်တွေ့မှာ ဖက်ဆစ်ဂျပန်တွေသည် မြန်မာပြည်ကို ကိုယ်ထိလက်ရောက် ကျူးကျော်စော်ကားနေတာ မသိကျိုးကျွံပြုနေရသည်၊ သည်ကြွေးကြော်သံဟာလည်း ရယ်စရာ ပြက်လုံးတစ်ခုလို ဖြစ်နေခဲ့ရသည်၊

အဲဒါကြောင့် မလွဲသာဘဲ ပစ်နေရပါသည်။ ပစ်ပြန်ရင်လည်း လေယာဉ်ကို မထိအောင် လွဲချော်ပြီး ပစ်နေရသည့် ဒုက္ခကလည်း မသေးပါ၊ အမြောက်တွေ ဖျက်လိုက်ရမှာလည်း အချိန်မကျသေးပါ၊ အမြောက်တွေ မကောင်းတော့ဘူးဆိုတာ ဂျပန်တွေသိအောင်လုပ်ဖို့ မလွယ်သေးပါ၊ ဖျက်ပစ်ရသည့်တာဝန်ကလည်း မလွယ်လှပါ၊ နောက်ဆုံး မတတ်သာတော့ နှစ်လက်အနက် တစ်လက်ကို ဖျက်ဆီးပစ်လိုက်ရပါသည်၊ ပစ်လို့မရအောင် ဖြစ်နေတယ်လို့ ဂျပန်ကိုလည်း အကြောင်းကြားထားသည်၊ အမြောက်တစ်လက်တည်းနဲ့လည်း ပစ်ရပြန်၊ ပစ်သမျှလည်း မထိအောင်ပစ်နေရတော့ မဟာမိတ်လေယာဉ်ပျံတွေက ဒါကို အကွက်ကောင်းယူပြီး နိမ့်နိမ့်ကလေးပျံလာပြီး ဗုံးလာကြဲ၊ စက်သေနတ်ပစ်တတ်ပါသည်၊

### အမြောက်ကြီးတပ်ထဲသို့ ဗုံးကြဲခြင်း

၁၉၄၄ ၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့က ဖြစ်ပါသည်၊ နေ့လယ် (၁၂)နာရီ ကျော်ကျော်လောက်မှာ သံချောင်းခေါက်သံ ကြားလိုက်ပါသည်၊

လေယာဉ်ပျံပစ်အမြောက်ကြီးတပ်၊ အမြောက်ကြီးနှစ်လက်အနက် တစ်လက်က ပျက်နေတဲ့အတွက် တစ်လက်သာ လေယာဉ်များလာနေမယ်ဟု သတင်းရရှိသည့် မြောက်ဘက်မျက်နှာဆီကို မြောင်းဝထားရင်း စောင့်[illegible]နေတာ မြင်ရပါသည်၊

မကြာမီ လေယာဉ်ပျံတွေ မိုးပြိုမတတ် မိုးလုံးညီမျှ တဝုံးဝုံး ဆူညံလှတဲ့အသံများကို ကြားရပါသည်၊ လေယာဉ်အုပ်သည် မြောက်ဘက်တည့်တည့်မှဝင်လာပြီး အမြောက်ကြီးတပ်ကို ဖြတ်ကျော်တာ တောင်ဘက်ကို တူရူပျံသန်းသွားပါသည်၊



www.burmeseclassic.com

www.burmeseclassic.com



တဖန်လှည့်လာပြီး လာလမ်းအတိုင်း မြောက်ဘက်ကို ဆန်တက်သွားပြန်ပါသည်။ ၃-စင်းအုပ် ၅-စင်းအုပ်ဖြင့် မြားဦးသဏ္ဌာန် ပျံသန်းနေခြင်း ဖြစ်ပါသည်။ ဗုံးကြဲလေယာဉ်များကို တိုက်လေယာဉ်ပျံများက ခြံရံလျှက်ရှိပြီး စုစုပေါင်း ၂၅-စင်း ဖြစ်ပါသည်။

လေယာဉ်ပျံတွေ မြောက်ဘက်က စဝင်လာကတည်းက အမြောက်တပ်ကြီးမှ ကျန်ရှိနေသည့် အမြောက်တစ်လက်နှင့် မဟာမိတ်လေယာဉ်တွေကို မလွဲမကင်းသာ ပစ်ခတ်တိုက်ခိုက်နေရပါသည်။ မြန်မာအမြောက်ကြီးတပ်ကလည်း အရင်ကလို ရန်သူသဘောနှင့် ထိမှန်အောင် မတိုက်ခိုက်တော့သည့်အတွက် ခါတိုင်း မီတာ ၄၀၀၀ ကျော်မှ ပျံသန်းပြီး ဗုံးကြဲလေ့ရှိရာမှ၊ ယခုမီတာ (၂၅၀၀)မှ (၃၀၀၀) အကြား အမြင့်မှာ ပျံသန်းလျက်ရှိပါသည်၊

၂၅-စင်းအုပ်သည် မြောက်ဘက်ရောက်သွားမှ တောင်ဘက်ကို မူလလမ်းအတိုင်းလှည့်ကာပျံ၍ ဗုံးတွေကို အပြွတ်လိုက် အစုလိုက်သွန်ချတော့သည်။

တိုက်လေယာဉ်ပဲဖြစ်ဖြစ်၊ အထူးသဖြင့် ဗုံးကြဲလေယာဉ်ပျံတွေသည် ပစ်မှတ်ပိုင်းထဲသို့ စတင်ဝင်ဝင်ချင်း ဘယ်တော့မှ စက်သေနတ်ပစ်ခြင်း၊ ဗုံးကြဲခြင်း မရှိဘဲ [illegible] ကြော့ပြန် ကြော့ပြီးမှသာ ဗုံးကြဲ၊ စက်သေနတ်ပစ်လေ့ပစ်ထ ရှိပါသည်။

[illegible]အောက်က ဘယ်လိုပဲပစ်ခတ်နေပေမယ့် ကိုယ်နဲ့မဆိုင်သလို ကိုယ့်ပျံလမ်းအတိုင်း ဗုံးများကို "ပစ်မှတ်"ထဲ အပြုံလိုက်၊ အပြွတ်လိုက် ဖြုတ်ချခဲ့ ပါသည်။ သည်လို ပျံသန်းဗုံးကြဲပုံသည် ညနေဆည်းဆာချိန်မျိုးမှာ ဗျိုင်းအုပ်ဟာ စားကျက်မှ မိမိတို့အိပ်တန်းရှိရာသို့ တူရှု အစုလိုက်၊ အအုပ်လိုက် မြားဦးသဏ္ဌာန်ဖွဲ့ကာ တောင်ပံကို အချက်ကျကျ ခပ်မှန်မှန် ဂုဏ်ရြေရရ ပျံသန်းလာရင်း ချေးပန်းချခဲ့တာနဲ့ တူလှ ပါပါသည်။

လေယာဉ်ပျံတွေ [illegible]ပစ်အမြောက်တပ်ဆီသို့ ဆက်လာနေပါသည်။ [illegible] ဗုံးတန်းတန်းမတ်မတ်လာနေရင် စိုးရိမ်ရပါသည်။ [illegible] (၄၅) ဒီဂရီမှရောက်ခင် ဗုံးဖြုတ်ချလိုက်ရင် [illegible] (၄၅) [illegible]ကျော်မှ ဗုံးဖြုတ်ချရင် ကြောက်စရာမရှိပါ၊ ကိုယ့်ကိုကျော်ပြီး သွားကျသည့်အခါ ကိုယ့်အတွက် အန္တရာယ်မရှိပါ၊

[illegible] တဝုန်းဝုန်း၊ အောက်ကလည်း [illegible] တဒိုင်းဒိုင်း၊ ခေါင်းပေါ်မှာ [illegible] အလွန်





ကြောက်မက်ဖွယ်ကောင်းလှပါသည်၊

ဗုံးသံတွေ၊ အမြောက်သံတွေရဲ့ ပေါက်ကွဲသံတွေကြောင့် မြေပြင်တစ်ခုလုံး အသည်းနှလုံး မြုတ်ထွက်မတတ် တုန်လှုပ်မြည်ဟီးလျက် နေပါသည်၊ အမြောက်တပ်ထဲကို ဗုံးတစ်လုံးမှ မကျပေမယ့် မြေပြင်တစ်ခွင်လုံး ဗုံးကျမီးလောင်မှုကြောင့် အလိပ်လိုက် အလိပ်လိုက် တဟုန်ထိုး လူးလွန့်တက်လာသည့် မီးခိုးလုံးများနှင့် အမြောက်ကြီးတပ်မှ ပစ်လိုက်သည့် ကျည်ဆံများမှ ပေါက်ကွဲဖြာထွက်သည့် မီးခိုးလိပ်တွေက ရောနှောယှက်တင်ပေါင်းစပ်ပြီး ကောင်းကင်တစ်ခုလုံး မှောင်ကျပြီး နေဝင်သွားသလို ဖြစ်နေပါတော့သည်။

နောက် လေယာဉ်တွေ သားစားလို့ဝသွားပြီး ပြန်လည်ထွက်ခွာသွားရင်း မီးခိုးတိမ်ထဲ ပျောက်ကွယ်သွားကြပါသည်၊

လေယာဉ်ပျံသံတွေ စဲသွားသည့်အတွက် လေယာဉ်ပျံပစ်အမြောက်ပြောင်းကြီးကိုလည်း နဂိုအတိုင်း ပြန်ချထားပြီး အမြောက်ပြောင်းတိုက်ဖို့ တာဝန်ရှိသူများမှအပ ကျန်ရဲဘော်များက "ဂန်ပစ်" ခေါ် အမြောက်ထားတဲ့ ကတုတ်တွင်းမှ ထွက်လာကြပါတော့သည်၊

ဒီအချိန်မှာပဲ လေယာဉ်ပျံသံ ချက်ချင်းကြားရပြန်တော့ ရဲဘော်များ မြေကတုတ်ထဲကို ချက်ချင်းပြန်ဝင်ပြေးပြီး အမြောက်ကို အသင့်လုပ်ထားလိုက် ပါသည်။

အသံများ နီးသထက်နီးလာရာမှ မီးခိုးများကြားမှ "စပစ်ဖားယား" အမျိုးအစားတိုက်လေယာဉ် ၄-စင်း ရုတ်တရက်ပေါ်လာပါတော့သည်။

အမြောက်က လေယာဉ်ကို မြင်မြင်ချင်း ပစ်ကြပါသည်။ လေယာဉ်တွေလည်း တစ်ပတ်ဝဲလိုက်သည့်အတွက် ကျွန်တော်တို့လည်း အရင်အတိုင်း ရေမြောင်းဆီသို့ သုတ်ခြေတင်ပြီးဝပ်ကာ နေရာယူလို့မဆုံးမီ မျက်ပါးရပ်အမြောက်ကြီးတပ်ထဲ လေယာဉ်တစ်စင်းပြီးတစ်စင်း ဒိုက်ထိုးကာ ဗုံးကြဲချတော့သည်။

အဲဒီအချိန်မှာ ဗိုလ်မှူးဗထူးကတော့ သူ့ရုံးနားက သစ်ပင်အောက်မှာ ဂုဏ်ရြေမပျက် ပက်လက်ကုလားထိုင်မှာ ထိုင်ရင်း ၂၅-စင်း အုပ်လာရောက် ဗုံးချစဉ်ကလိုမထဘဲ ထိုင်နေပါသည်၊

ဗုံးတွေချမှ ရဲဘော်များ ထွက်ခေါ်လို့ အနားရှိ ဗုံးကျင်းထဲ မလိုက်ချင် လိုက်ချင်နှင့် ဝင်ခိုလိုက်ပါသည်၊

အဲဒီအချိန်မှာ ရဲဘော်တွေလည်း အမြောက်ကိုဆက်မပစ်တော့ဘဲ ပုဝပ်



www.burmeseclassic.com

www.burmeseclassic.com



နေလိုက်ကြပါသည်၊

လေယာဉ်တွေက ဗုံး ၈-လုံးချထားခဲ့ပြီး မီးခိုးမှိုင်းများထဲတွင် ပျောက်ကွယ်သွားတော့သည်။

လေယာဉ်တွေချထားသည့် ဗုံးတွေကလည်း ခံစောကုလို့ ဂျပန်ခေါ်တဲ့ လေယာဉ်ကို ရှာဖွေတွက်ချက်တဲ့ စက်နဲ့ အမြောက်နှစ်လက်ထားရာ "ဂန်ပစ်" မြေကတုတ်ကျင်း အပြင် ပတ်ပတ်လည်ပေါက်ကွဲခဲ့ပါသည်၊

ရဲဘော်များရှိနေသည့် မြေကတုတ်ထဲကို ဗုံးတစ်လုံးပေါက်ကွဲခြင်းမရှိသည့်အတွက် တော်ပါသေးသည်၊ အတော်ကံကောင်းတယ်လို့ ဆိုရမှာတော့ပဲ။

ပြီးတော့ လေယာဉ်တွေက စက်သေနတ်မပစ်ဘဲ ဗုံးသာဖြုတ်ချခဲ့တဲ့အတွက် ဆေးတပ်သား ရဲဘော်လေးတစ်ယောက်သာ အမြောက်ဆံထိမှန် သွားပါသည်၊

## ဗိုလ်သိန်းဦးနှင့် ရဲဘော်များတပ်ပျောက်သွားကြခြင်း၊

မုံရွာတပ်ခွဲ (၄)သည် တပ်ပျောက်လိုက်ကြရသည်။ ထို့နောက် စစ်ကိုင်း ဗိုလ်သိန်းဦးတပ်လည်း တပ်ပျောက်လိုက်သည်၊

လေယာဉ်ပျံပစ် အမြောက်ကြီးတပ်က ဗိုလ်သိန်းဦးတပ် ပျောက်သွားတော့ ဂျပန်စစ်ဌာနချုပ်က ဗိုလ်ကြီးခင်ညိုအားခေါ်တွေ့ပြီး ဗိုလ်သိန်းဦးအကြောင်း မေးသည်။ "လေယာဉ်ပျံပစ်အမြောက်ကြီးသားတွေ ပျောက်သွားတယ်။ ဘာဖြစ်တာလဲ"လို့ မေးသည်။ "ကျွန်တော်လည်း ဒီအကြောင်းအခုမှဘဲ သိရတယ်၊ ဒါပေမယ့် အင်္ဂလိပ်တွေနီးလာတော့ တပ်သားတွေရော တပ်မှူးတွေပါ စိတ်ဓာတ်ကျပြီး ထွက်ပြေးကုန်တာပဲ ဖြစ်မယ်ထင်တယ်"လို့ ဗိုလ်ကြီးခင်ညိုက ဖြေသည်။ "ကလေး၀ တပ်က တပ်သားတွေလို အင်္ဂလိပ်ဖမ်းမှာစိုးလို့ ကြိုတင်ပြီး ထွက်ပြေးတာဖြစ်မယ်"လို့ ထင်ဟပ်ပြပါသည်။

အဲဒီလိုဆိုရင် စစ်ကိုင်းအမြောက်တပ်ကို အမြန်ဆုံးသွားဖော်ထုတ်ပါလို့ ဂျပန်စစ်ဗိုလ်ချုပ်က အမိန့်ပေးသည်၊ ထို့ကြောင့် ဗိုလ်ကြီးခင်ညိုလည်း ဗိုလ်ချုပ်အောင်ဆန်းဆီ သွားသတင်းပို့သည်၊ ဗိုလ်ချုပ်က သိနှင့်နေဟန်တူသည်၊ ဗိုလ်ကြီးခင်ညိုကိုလည်း ဘာမှမမေးပါ။ စစ်ကိုင်းကိုသာသွားပြီး လေယာဉ်ပျံပစ်အမြောက်တပ်ဖော်ထုတ်ရန် ညွှန်ကြားလိုက်သည်။

ဗိုလ်ချုပ်အောင်ဆန်းအား သတင်းပို့ပြီး ရန်ကုန်လေယာဉ်ပစ် အမြောက်





တပ်ရင်းက အလုပ်သင်ဗိုလ်များဖြစ်သည့် ဗိုလ်ဖေတင်၊ ဗိုလ်ထွန်းကြည်နှင့်အတူ ရဲဘော် ၄၀ ကို ခေါ်ပြီး မန္တလေးကို လော်လီကားနှင့်သွားသည်။ ဗိုလ်မှူးဗထူးအား သတင်းပို့ပြီး မန္တလေးစစ်နယ်တာဝန်ခံ ဂျပန်စစ်ဘက်က အရာရှိချုပ်အား ဗိုလ်ကြီးခင်ညိုသွားရောက်ပြီး သူ့အစီအစဉ်ကို တင်ပြပါသည်။

မန္တလေးအမြောက်ကြီးတပ်မှ ဗိုလ်ကလေးဗိုလ်စောမောင်ကို ခေါ်သွားပြီး စစ်ကိုင်းအမြောက်ကြီးတပ်ကို ထပ်မံဖော်ထုတ်လိုက်သည်၊ ဗိုလ်သိန်းဦးကို တပ်ခွဲမှူး၊ ဗိုလ်စောမောင် ဒုတပ်ခွဲမှူး ဗိုလ်ထွန်းကြည်နဲ့ ဗိုလ်ဖေတင်တို့ (၂)ဦးကို တပ်စုမှူးများအဖြစ်တာဝန်အသီးသီး ခွဲဝေပေးခဲ့ပါသည်။

ဤသို့ ဗိုလ်ကြီးခင်ညို စစ်ကိုင်းသို့မသွားခင် တပ်ရင်းမှူးဗိုလ်ကြီးခင်ညိုနှင့် ကျွန်တော်မန္တလေးတစ်နေရာတွင် မမျှော်လင့်ပဲ ပက်ပင်းတွေ့လိုက်သည်၊

ကျွန်တော်သည် ထိုအချိန်က စစ်ကိုင်း ဂျပန်အချုပ်ခန်းကို ဖောက်ထွက်လာပြီး၊ ဗိုလ်မှူးကြီးဗထူး ရုံးစိုက်ထားသော မန္တလေးမျက်ပါးရပ် လေယာဉ်ပျံပစ်အမြောက်ကြီးတပ်တွင် ဗိုလ်မှူးဗထူးနှင့်တွေ့၍ သတင်းပို့သည်။ မဟာမိတ်များနှင့် ဆက်သွယ်ခဲ့ပြီး ဗိုလ်မှူးဗထူးရှိရာ မန္တလေးကိုအလာ စစ်ကိုင်းမင်းကွန်းတွင် ဂျပန်အဖမ်းခံရကြောင်း စစ်ကိုင်းမှရဲဘော်များ၏ အကူအညီနှင့် အချုပ်ခန်းကို သော့တူဖြင့်ဖွင့်ထွက်ခဲ့ကြောင်း မဟာမိတ်များပေးခဲ့သည့်စာကို ဝါးလုံးခေါင်းထဲ လိပ်၍ထည့်ခဲ့ပြီး ထိုဝါးလုံးကို အမှတ်တမဲ့ချထားလိုက်ကြောင်း ဂျပန်က ဝါးလုံး၏ အရေးပါအရာရောက်ပုံကိုမသိ၍ မဟာမိတ်တပ်မှ မြန်မာ့တပ်မတော်သို့ ပေးသည့် မိတ်ဆက်စာကို ရမသွားကြောင်း၊ လူကိုသာ သဲသဲမဲမဲထားပြီး ဖမ်းခြင်းဖြစ်ကြောင်း ရဲဘော်များ၏ အကူအညီနှင့် ယခုလိုလွတ်လာခြင်းဖြစ်ကြောင်းနှင့် မဟာမိတ်ဆို သည့် အမေရိကန် ဝမ်းအိုဝမ်းတပ်ဖွဲ့မှ ဗိုလ်မှူးကြီးကာနယ်ပီအား၏ မှာကြားချက်ကို အစီရင်ခံလိုက်သည်၊

ဤသို့ ဗိုလ်မှူးဗထူးအား အစီရင်ခံလိုက်ပြီး အမြောက်တပ်ထဲတွင် ဂျပန်များ မတော်တဆတွေ့၍ ပြန်ဖမ်းသွားမည်စိုး၍ လေယာဉ်ပျံပစ်အမြောက်ထဲတွင် တည်းခိုခြင်းမပြုတော့ဘဲ မန္တလေးမြင်းပြိုင်ကွင်းဘက်ရှိ ကွန်မြူနစ်ပါတီ ကလပ်စည်းရုံးသို့ သွားရောက်နေရန် အထက်မြန်မာပြည် ကွန်မြူနစ်ပါတီတာဝန်ခံ ရဲဘော်ကျော်သန်း ခေါ် ရဲဘော်စံညွှန့်နှင့် အတူထွက်လာစဉ် ဗိုလ်ကြီးဗိုလ်ခင်ညိုနှင့် ပက်ပင်းတိုးပါသည်။

ကျွန်တော့်ကိုတွေ့သောအခါ ဗိုလ်ကြီးခင်ညိုက ဂျပန်အချုပ်ခန်းတွင်



www.burmeseclassic.com

www.burmeseclassic.com



အဖမ်းခံပြီး ထွက်ပြေးလွတ်မြောက်ခဲ့သည့် အဖြစ်အပျက်ကိုဘာမှမသိပါ။ ရေနံချောင်း လေယာဉ်ပျံပစ်အမြောက်ကြီးတပ်ကမှန်းတော့ သိသည်။ သို့သော် ဗိုလ်သင်တန်း တက်နေသည်ဆိုခြင်းအပေါ်လည်း ဝိုးတဝါးဖြစ်နေသည်။ သူနှင့် တွေ့သောအခါ ကျွန်တော်နှင့်ပါလာသော ရဲဘော်စံညွန့်ကို ကွန်မြူနစ်ဖြစ်ကြောင်း သိဟန်တူသည်။ သူ့အား သေသေချာချာကြည့်ပြီး ကျွန်တော့်ဘက်ကို ပြန်ကြည့်ပြီး "ဒီညနေ လေယာဉ်ပျံပစ်အမြောက်တပ်ထဲမှာ ငါရှိမယ်၊ ငါ့ကို လာတွေ့ပါ"ဟု မှာပြီး သွားသည်။

သူက ကွန်မြူနစ်ပါတီကို မုန်းသူဖြစ်သည်၊ ထို့အပြင် တပ်ထဲတွင် နိုင်ငံရေးသင်တန်းတွေ ပေးနေခြင်းကိုလည်းမလိုလားပါ၊ "စစ်သားဟာ စစ်သားပဲလုပ်၊ နိုင်ငံရေးမလုပ်ရဘူး"ဟုဆိုသည့်အချက်ကို ပြင်းပြင်းထန်ထန် လက်ခံထားသူဖြစ်ပါသည်။

သူက "ညနေလာတွေ့ပါ"ဟု အမိန့်ပေးသောအခါ "ဟုတ်ကဲ့"ဟုသာ သတိနှင့်ပြောကာ အလေးပြု၍ ပြန်ခဲ့သည်။

ထိုအချိန်က ကျွန်တော်က စစ်ဝတ် စစ်စားနှင့်မဟုတ်ပါ၊ အရပ်ဝတ် အရပ်စားနဲ့ ဖြစ်ပါသည်။ ကျွန်တော်လည်း ရဲဘော်စံညွန့်ခေါ်ရာသို့သာ လိုက်ပါသွားတော့သည်။

စစ်ကိုင်းတောင်ရိုး၊ ဝါးချက်ရွာ အထက်ချောင်ဂူတစ်ခုမှာနေသော မြောက်ပိုင်းစစ်မျက်နှာ ဂျပန်တပ်မတော်စစ်ဌာနချုပ်ကိုလည်း တပ်ရင်းမှူးကြီး ဗိုလ်ကြီးခင်ညိုကိုယ်တိုင် တပ်စုမှူးနှင့်သွားရောက်၍ လေယာဉ်ပျံပစ်အမြောက်တပ်ကို ပြန်လည်ဖွဲ့စည်းပြီးကြောင်း သတင်းပို့သည်။

ဗိုလ်ကြီးခင်ညိုသည် မုံရွာလေယာဉ်ပျံပစ် အမြောက်ကြီးတပ်ကို စစ်ဆေးဖို့ ဆက်လက်သွားပါသည်။ ထိုမှ ရန်ကုန်ပြန်သွားသည်။

ဗိုလ်သိန်းဦးနှင့် စစ်ကိုင်းအမြောက်ကြီးတပ်မှရဲဘော်များ ညောင်ကုန်းအစရှိသည့် ရွာရိုးတစ်လျှောက်မှ တပ်ဖျောက်နေရာကနေ မသိလိုက် မသိဘာသာ ကျွန်ုမြေမပျက် တပ်ထဲပြန်ပြီး ဝင်လာကာ ပေါ်ပေါ်လွင်လွင် တာဝန်ယူကြပါသည်။

မြန်မာလိုအမည် ကိုအေးလို့ နာမည်ပေးထားသည့် ဂျပန်အကြံပေးအရာရှိကတော့ နာမည်နှင့်လိုက်အောင်လည်း အေးတော်အေးရှာသည်၊ ဘီဒီအေတပ်အပေါ်လည်းစိတ်မချ။ သံသယရှိလို့ပဲလား၊ သို့မဟုတ် ပင်ကိုယ်ကပင် အေးအေးဆေးဆေး နေတတ်တဲ့ သဘောကြောင့်ပဲလားမသိ၊ အရင် တပ်ဖျောက်ကတည်းက တပ်တွင်းမှာ





လာမနေတော့ဘဲ စစ်ကိုင်းတောင်ရိုးမှာ သွားနေသည်။ အမှန်ကတော့ ဘီဒီအေ အကြံပေးအရာရှိများဟာ တပ်ဝင်းထဲမှာပဲ နေလေ့ရှိသည်။ ဒီအကြံပေးအရာရှိများက ဘီဒီအေအပေါ် သံသယပိုများပြီး စိတ်မချလို့ မနေတာနဲ့ တူဟန်ရှိပါသည်။

မတ်လ (၂)ရက်လောက်မှာ ကိုလှိုင်က ဗိုလ်သိန်းဦးနဲ့ လာတွေ့ပြီး ဆွေးနွေးတင်ပြသည်။ ဂျပန်တိုက်ဖို့အတွက် မဟာမိတ်တပ်နှင့် ဆက်သွယ်ရာမှမြန်ခဲ့ကြောင်း၊ အင်္ဂလိပ်က သူကိုမယုံ၍ "ကျားမင်းကြီးရွာ"အချုပ်မှာဖမ်းပြီး "ဆားတောင်ရွာ" မှာရှိတဲ့ စစ်ရုံးကိုပို့သည်။ သူက စစ်ရေးတာဝန်ခံကို ခေါ်ပေးရမယ်ဟု တောင်းဆိုတာနဲ့ သူလာ၍ ဗိုလ်သိန်းဦးနဲ့တွေ့ရကြောင်း ပြောပြပြီးလျှင် သူနဲ့အတူ မဟာမိတ်တပ်ဆီကိုလိုက်၍ မကြာခင် ပြန်လာမည်ဖြစ်ကြောင်း ပြောပြသည်၊

အဲသည်တော့ ဗိုလ်သိန်းဦးက ဗိုလ်စောမောင်၊ ဗိုလ်ထွန်းကြည်၊ ဗိုလ်ဖေတင်နဲ့ တပ်ကြပ်ကိုရှိန်တို့ကို "သူ ကိုလှိုင်နဲ့ လိုက်သွားမှာဖြစ်တယ်"ဆိုပြီး ကိုလှိုင်တင်ပြချက်ကို တစ်ဆင့် ထပ်မံတင်ပြသည်၊ "အကယ်၍ သူမရောက်ခင် ဗိုလ်မှူးဗထူးဆီမှ ဂျပန်ကိုတိုက်ဖို့ အမိန့်ရလျှင် သူ့ကိုစောင့်မနေတော့ဘဲ ဗိုလ်စောမောင်က ဦးစီးကာ တပ်ဖျောက်၍ တော်လှန်ရေးကို စတင်ဆောင်ရွက်ရန်ကို မှာထားသည်။ ဗိုလ်သိန်းဦးသည် ထိုနေ့တွင်ပဲ ကိုလှိုင်နှင့်အတူ မဟာမိတ်တို့နှင့် ဆက်သွယ်ဖို့ ခရီးထွက်သွားလေသည်၊ ၃-၄ ရက်ကြာသွားသည့်တိုင်အောင် ဗိုလ်သိန်းဦးတို့ တစ်တွေ ပေါ်မလာတဲ့အတွက် ထပ်မံပြီး သူ့အတွက် စိတ်ပူနေကြရမြန်သည်၊

မတ်လ ၈-ရက်နေ့မှာ ညနေမှာ ဗိုလ်မှူးဗထူးဆီကို လွှတ်ထားတဲ့ စစ်ကိုင်းအမြောက်ကြီးတပ်မှ ဆက်သားရဲဘော်လှဆောင် ပြန်ရောက်လာတယ်၊ ဒီည တပ်များအားလုံး တပ်ဖျောက်ဖို့ အသင့်ပြင်ထားရမည်။ မန္တလေးအမြောက်ကြီးတပ်မှ အမြောက် ၇-ချက် ဆင့်ပစ်ပြီး အချက်ပေးမည်၊ အဲဒီအသံကြားရင် တပ်များ သတ်မှတ်သည့်နေရာသို့ တပ်ဖျောက်သွား၍ တော်လှန်ရေးစရန် ညွှန်ကြားလိုက်ကြောင်း ပြောပြပါသည်၊

ထို့ကြောင့် ထိုညတွင်ပင် တပ်များ ချက်ချင်းအသင့်ပြင်၍ အမြောက်သံကို နားစွင့်ကြစဉ်မှာ ည ၁၀-နာရီခန့် မန္တလေးဗိုလ်မှူးဗထူးဆီမှ အရာရှိဆက်သား ဗိုလ်ကိုကြီးရောက်ရှိလာပြီး ယခုချက်ချင်း တပ်ဖျောက်ရမည်ဖြစ်ကြောင်း၊ မန္တလေးမှာ ဂျပန်နှင့် ထမင်းစားပွဲလုပ်ကာ ဂျပန်အရာရှိများကိုဖမ်းရာမှ လွတ်ထွက်သွားကြောင်း၊ ထို့ကြောင့် အစီအစဉ်အားလုံးဖျက်ကာ မန္တလေးမြန်မာ့တပ်မတော်အားလုံး တပ်ဖျောက် လိုက်ရကြောင်း၊ အချိန်မစောင့်ရန်၊ နောက်မှ တိုင်းက အဆက်အသွယ်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ယူမည်ဖြစ်ကြောင်း သတင်းပို့ပါသည်။

ထိုအခါ ချက်ချင်းပင် တပ်ခွဲတစ်ခွဲလုံး ဒုတပ်ခွဲမှူး ဗိုလ်စောမောင်က ဦးဆောင်ပြီး တာဝန်အသီးသီး ခွဲဝေသတ်မှတ်ပေးလိုက်ပါသည်။ တပ်စုမှူး ဗိုလ်ထွန်းကြည်ကို မြန်မာ့ကာကွယ်ရေးတပ်မတော်သား မြေအောက်ရဲဘော်များကို ဦးစီးစေကာ တောင်ရိုးတစ်လျှောက်အခြေခံပြီး စစ်ကိုင်းတောင်ရိုးရှိ ဂျပန်များကို နောက်ပိုင်းမှ ပျောက်ကျားစနစ်ဖြင့် တိုက်ခိုက်ရန် တာဝန်ပေးလိုက်သည်။

ဗိုလ်စောမောင်ကိုယ်တိုင်ကမူ ကျန်တပ်များကိုဦးစီးပြီး စစ်မျက်နှာဆီကို ချီတက်ကာ ဂျပန်တွေကိုတိုက်ခိုက်ရန် တာဝန်ယူသည်။ တပ် (၂)တပ်အမြန်အလှန် အလေးပြုကာ တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်မယ်ဆိုပြီး သတင်းပို့အလေးပြု ကြရင်း ဆိုင်ရာတာဝန်ကို ထမ်းဆောင်ဖို့ခွဲခွာခဲ့ကြပါသည်။ ဗိုလ်စောမောင်နှင့် သူ့ရဲဘော်များက စစ်မျက်နှာစခန်းရှိရာ စစ်ကိုင်းမြို့နယ်၊ ဖြတရော်ရွာကို ချီတက် သည်။ ဗိုလ်ထွန်းကြည်တို့ကတော့ လူမမာရဲဘော်လုမြင့်ကိုထမ်းကာ ဂျပန်များ ကြားက သတိဝီရိယနှင့်ဖြတ်ကျော်ပြီး တောင်ရိုးပေါ်ရှိ ရေဦးကျောင်းတိုက်ကို လာခဲ့ ပါသည်။

ရေဦးကျောင်းတိုက်ရှိ ဆရာဝန်ကြီး ဒေါက်တာဘထူးထံအပ်နှံရာ ဆရာဝန် ကြီးမှာ မျိုးချစ်စိတ်ဓာတ်ထက်သန်စွာနဲ့ ပေးအပ်တဲ့တာဝန်ကို ကျေပွန်စွာ တာဝန်ယူဆောင်ရွက်ပါမယ်လို့ ကတိပေးပြီး လက်ခံထားလိုက်ပါသည်။ ထိုသို့ အပ်နှံ ပြီး၍ "ချမ်းအေးချောင်"ကို ဆက်လာခဲ့ကြပါသည်။ ချမ်းအေးချောင်ရှိ ကိုဘအေး နေထိုင်ရာဇရပ်မှာသွားပြီး စခန်းချသည်။ ထိုမှစ၍ စစ်ကိုင်းတောင်ရိုးဝန်ထမ်း တပ်ဗိုလ်သခင်သန်းတင် (ဗိုလ်မဲကြီး)ထံ ဆက်သွယ်သည်။ သူ့ဆီကမှတစ်ဆင့် စစ်ကိုင်းမြို့ အနောက်ဘက်ရှိ ပြောက်ကျားတပ်စခန်းရှိရာ ညောင်ကုန်းရွာ တာတိုင် ရပ်ကို ရောက်ခဲ့သည်။

ဗိုလ်ထွန်းကြည် ခေါင်းဆောင်သည့် ပြောက်ကျားတပ်သားများသည် ထိုအချိန်ကစပြီး စစ်မျက်နှာမှာရှိနေတဲ့ တပ်တွေနှင့် အဆက်အသွယ်ပြတ်သွားသည်။ ညစဉ်ဆိုသလိုပင် သရက်ပင်ဆိပ်ရှိ ဝန်ထမ်းတပ်ဗိုလ်သခင်သန်းတင်ဆီ လျှို့ဝှက် တောင်ပေါ်ဖြတ်လမ်းမှ သွားရောက်ဆက်သွယ်သည်။ ဝန်ထမ်းတပ်တွေနှင့် တပ် မတော်သားများ ပူးပေါင်းကာ ဂျပန်သတင်းရယူပြီး လစ်လျှင်လစ်သလို ဝင်တိုက် တော့သည်။ တောင်ပေါ်ခရီးလမ်းများအတွက် ဗိုလ်အေးဖေမှ တာဝန်ယူကာ စခန်း ထောက်အဖြစ် မြွေဒူးကျောင်းတိုက်ဆရာတော် ဦးပဏ္ဍိတက တာဝန်ယူသည်။





ဦးစိန်ငွေ၊ ဦးထင်အောင်တို့က တပ်မတော်သားများကို ဂျပန်ရန်က ကင်းဝေးအောင် တာဝန်ယူဆောင်ရွက်စေသည်။

နဂိုကတည်းက လေယာဉ်ပျံပစ်အမြောက်တပ်ဖြစ်တဲ့အတွက် အမြောက် သားများမှာ ကိုယ်စီလက်နက်မရှိကြပေ။ တပ်ကင်းအတွက်ကိုင်ရန် လက်နက် နည်းနည်းပါးပါးသာရှိသည်။ ရှိစုမဲ့စု လက်နက်များစုဆောင်းပြီး ရွှေတန်းစစ်မျက်နှာ ကို သွားရမယ့် တပ်များကိုသာ ဦးစားပေးတပ်ဆင်ပေးလိုက်ရသဖြင့် ဗိုလ်ထွန်းကြည် ၏အဖွဲ့မှာ လက်နက်များမရှိသလောက် ဖြစ်သွားသည်။ အမြေးအလွှားရေတွက် ကြည့်မှ ခြောက်လုံးပြူးတစ်လက်၊ ဒင်မရှိသောတော်မီတစ်လက်၊ ဂျပန်သေနတ်ရှည် တစ်လက်နှင့် လက်ပစ်ဗုံးဆယ်လုံးလောက်ပင်ရှိသည်။

ပြောက်ကျားတိုက်ခိုက်ရာမှာ ဝန်ထမ်းတပ်ပေါ် ဂျပန်များက သံသယမဖြစ် ရလေအောင် သူတို့နှင့်ကင်းလွတ်သည့်နေရာများကို ရွေးချယ်သည်။ ဂျပန်များကို တိုက်ခိုက်သည်။ ထိုနေရာရွေးချယ်ခြင်းသည် ဗိုလ်ထွန်းကြည်တို့အဖွဲ့အတွက် အခက်အခဲတစ်ရပ်ဖြစ်သည်။ ပထမဆုံးသော ပြောက်ကျားများ၏ တိုက်ကွက်မှာ စစ်ကိုင်းမြို့တွင်းမှ တောင်ပေါ်သို့ကားလမ်းဓာတ်စက်ရုံကွေ့မှာ ဖြစ်သည်။ ထိုလမ်းမှ ဂျပန်ကားများ တောင်ရိုးပေါ်ရှိ ဂျပန်တပ်များဆီသို့ လက်နက် ရိက္ခာပို့သည့်အတွက် တိုက်ခိုက်ရန် အကောင်းဆုံးနေရာဖြစ်သည်။

ည (၁၀)နာရီခန့်တွင် ဗိုလ်ထွန်းကြည် ခေါင်းဆောင်ပြီး၊ ရဲဘော်တစ်ဦး နှင့်အတူ လက်ပစ်ဗုံးကိုင်၍ အသင့်စောင့်နေသည်။ ဂျပန်ကား (၂)စီးနှင့် လှည်းတပ် ချီလာသည့်အခါ လက်ပစ်ဗုံး ၆-လုံး ပစ်ထည့်လိုက်ပါသည်။ ပေါက်ကွဲသံမှာ စစ်ကိုင်း နယ်တွင် ပထမဆုံး ဂျပန်ကိုတော်လှန်ပြီဆိုသည့် ကျေညာသံဖြစ်သည်။ ထိုတိုက်ပွဲမှာ ဂျပန် ၂-ယောက်၊ အရပ်သား ၃-ယောက်၊ ကားတစ်စီး၊ လှည်းနှင့်နွားပါ သုံးလေးစီး ခန့် ပျက်စီးသွားသည်။

ဂျပန်တွေကတော့ အင်္ဂလိပ်စစ်တပ်က ပြောက်ကျားလာပစ်သည်ဟု ထင်မြင်ယူဆရပါသည်။ ထိုအချိန်တွင် အင်္ဂလိပ်တို့၏ တပ်ဦးသည် အုန်းတောရွာ တွင် တပ်စွဲထားချိန် ဖြစ်ပါသည်။

ထို့နောက် ဆက်တိုက် ဂျပန်ကင်းပေတိုင် (စစ်ရဲ)စခန်း၊ ရိက္ခာစခန်း ဓာတ်ဆီသိုလှောင်ရာဌာနများကို ရှိသမျှဂျပန်လက်ပစ်ဗုံးနှင့် ပစ်ခတ်တိုက်ခိုက်သည်။ သို့သော် ပြောက်ကျားများက လက်ပစ်ဗုံးအကြောင်းမသိသည့်အတွက် လက်ပစ်ဗုံး ထိပ်ရှိ ဝက်အူကိုလှည့်သွင်းကာ အမှာတစ်ခုနှင့်မဆောင့်ဘဲ ဒီအတိုင်းပင် "ပင်"



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ကာ ဆောင့်၍ပစ်သဖြင့် ပေါက်ကွဲခြင်းမရှိပါ။ ပျက်စီးသင့်သလောက် မပျက်စီးပါ။

ညစဉ် တောင်ပေါ်တက်ကာ လှည့်လည်တိုက်ကွက်ရှာ တိုက်ခိုက်၍ နံနက်လင်းအားကြီးအချိန် ပြောက်ကျားတပ်စခန်းရှိရာ ညောင်ကုန်းရွာနှင့် ၂-မိုင်ခွဲအကွာလောက် စခန်းမှာ ပုန်းနေရသည်၊ ထို လှည့်လည်လှုပ်ရှားနေစဉ် တစ်နေ့တွင် ဗိုလ်ထွန်းကြည်နှင့် တပ်သားလေးယောက် တောင်ပေါ် အတက် လမိုက်ရက် ည(၈) နာရီခန့် 'မရှိခဏဘုရား'စခန်းအနီး ၈-ပေခန့်နက်သည့် ချောက်ကမ်းပါးထဲ ဗိုလ်ထွန်းကြည် လိမ့်ကျသွားသည်။ ထိုအခါ သူ့ဘယ်လက်တွင် ကိုင်ထားသည့် ဓါးမှာ ဘယ်ဘက်လက်ညှိုးရင်း ပြတ်လုနီးအထိ ဒဏ်ရာရရှိသွားသည်၊

တစ်ညတွင် တပ်သားကြီးရဲဘော်ကျော်ရွှေ (ယခု စစ်ကိုင်းဗိုလ်ကျော်ရွှေ) နှင့် ဝန်ထမ်းတပ်သား လက်ရွေးစင်အချို့ ကင်းလှည့်ရင်းကိုက်ခိုက်ရန် နေရာကြည့်ရှုရန် ချီတက်စဉ် တောင်ပေါ်ကနီကွေ့ထောင့်မှာ ခေတ္တတပ်ချနေသည့် ဂျပန်တပ်နှင့်ပက်ပင်းသွားတွေ့သည်။ ဂျပန်ဗိုလ်ထံ ဆေးလိပ်မီးတောင်းတို့ပြီးတော့ အမြန်သေနတ်နဲ့ပစ်ပြေးကြသည်။ ထိုအခါကျမှ ဂျပန်များကို နေရာအနှံ့အပြားလိုက်လံပြောက်ကျားပစ်နေကြသူများသည် အင်္ဂလိပ်မှ ပြောက်ကျားများမဟုတ်ဘဲ မြန်မာများ သာဖြစ်ကြောင်း သိသွားတော့သည်၊ ထို့နောက်တော့ ဂျပန်တွေက တောင်ပေါ်မှာ မြန်မာများ ခရီးသွားတာတွေ့လျှင် ဖမ်းဆီးသတ်ဖြတ်ခြင်းများလုပ်တော့သည်။ ဂျပန် တွေက သူတို့ကျောရိုး ဓားထောက်ခံရပြီဆိုသည်ကို သိရှိသွားပြီး ကျောမလုံဖြစ်ကာ တောင်ရိုးပေါ်မှ ရှောင်ပြေးသွားတော့သည်။

ထိုသို့ (အေအက်ဖ်အို)တပ်တွေက ဂျပန်ကို လက်တွေ့တော်လှန်တိုက်နေသည့်အချိန်အတွင်းမှာပဲ ဗိုလ်သိန်းဦးထံ အထောက်တော် ရောက်လာသည်၊ သူတို့အင်္ဂလိပ်တွေနဲ့ သွားဆက်သွယ်တော့ ဂျပန်ကို အေအက်ဖ်အိုတပ်တွေက တော်လှန်မယ်ဆိုသည်ကို မဟာမိတ်ဆိုသူအင်္ဂလိပ်တို့က မဖြစ်နိုင်ဘူး။ အမေရိကန် စီ-၃၈ လော့ဟိး လေယာဉ် ၃-စင်းကို ပစ်ချတဲ့အမှုနှင့် ဗိုလ်သိန်းဦးကို ချုပ်ထားသည်၊ အကျဉ်းထောင်ထဲတွင် သေးအိုးများပင်သွန်ခိုင်းသည်ထိ ညှင်းဆဲခဲ့သည်၊ အေအက်ဖ်အိုတပ်တွေက ဂျပန်ကိုတော်လှန်ပြီဆိုသည်ကိုသိတော့မှ အကျယ်ချုပ်သဘောထားသည်၊ သို့သော် လုံးဝယုံကြည်စိတ်မရှိသေးတော့ ဗိုလ်သိန်းဦးကို မြန်မလွှတ်သေးပါ။ လက်တွေ့ဂျပန်ကို တော်လှန်တိုက်ခိုက်နေပြီဆိုသည့် အထောက်အထားပြမှ ဖြစ်မယ်ဆိုသည့် အခြေအနေမျိုးမှာရှိသည်၊





ဂျပန်ကို တော်လှန်ရာမှာ ဂျပန်ကို အရှင်ရရ အသေရရ အင်္ဂလိပ်တွေဆီပို့ပေးရန်ဖြစ်သည်။ လူကိုမအပ်နိုင်တောင် ဂျပန်ထံမှသိမ်းမိသည့်ပစ္စည်းများ ပေးအပ်ရန်ဖြစ်သည်၊ ဤသည်မှာ အရေးကြီးသည့်တာဝန်တစ်ရပ်ဖြစ်နေတော့ ထိုတာဝန်အတွက် အမြန်ဆုံးမပျက်မကွက် ဆောင်ရွက်ပေးရန် ဗိုလ်သိန်းဦးက အထောက်တော်လွှတ်ပြီး ညွှန်ကြားခြင်းဖြစ်သည်။

ထို့ကြောင့် ဗိုလ်စောမောင်နဲ့ ရဲဘော်များသည် ထိုတာဝန်အတွက် အပူတပြင်းလုံးပမ်းကြပါသည်၊ ဗိုလ်ထွန်းကြည်နဲ့ ရဲဘော်လေးဦးပါ ဂျပန်ကို အရှင်ရရအသေရရဆိုပြီး ရှာဖွေလိုက်လံဆောင်ရွက်ရင်း ညတစ်ညတွင် သရက်ပင်ဆိပ်ရှိ သခင်သန်းတင်အိမ်ကို ရောက်ခဲ့သည်၊

ဗိုလ်သိန်းဦး၏ အမိန့်အရ ဖမ်းလို့ရနိုင်မည့် ဂျပန် ရှိမရှိ သခင်သန်းတင်(ဗိုလ်မဲကြီး)ကို မေးကြည့်တော့ ထိုည ၁၀-နာရီလောက်မှာ ဂျပန်ကင်ပေတိုင်တပ်ကြပ်စံရှား။ ပုလိပ်မြို့ကိုကူးမည့် ငှက်နှင့်လိုက်ပို့ပေးရန် ပြောထားကြောင်း ပြောပြပြီး အောက်ပါအတိုင်း စီစဉ်ခိုင်းသည်။ ပို့မည့်ငှက်သမားနှင့် ငှက်အသင့်ပြင်ထား။ တုပ်နှောင်ဖို့ကြိုးတစ်ချောင်း၊ သေနတ်မသုံးဘဲ ရိုက်ရန်တုတ်တစ်ချောင်း၊ ငှက်အတွင်းအသင့်ထည့်ထားရန် ညွှန်ကြားလိုက်သည်၊ လုပ်မည့်အစီအစဉ်က စံရှားကို မူးအောင်တိုက်၊ မြစ်လယ်မှာရိုက်ချ၊ ကြိုးတုပ်၊ နွားချေးကျွန်းရွာအထိ တစ်မိုင်ခန့် စုန်သွားပြီး၊ အဲဒီကမှ ကုန်းလမ်းဖြင့် တပ်စခန်းအရောက်ပို့ရန်၊ စံရှားကို လိုက်ပို့သူရှိကပြန်လမ်းမှဖမ်းဆီးရန် တပ်မတော်သားတစ်ဦးနှင့် ဝန်ထမ်းလက်ရွေးစင်များ ပေါင်းစောင့်ရန်ဖြစ်သည်။ ထိုသို့ အသေးစိတ်အစီအစဉ်လုပ်ကာ စောင့်နေကြသည်။

ဗိုလ်ထွန်းကြည်က ဝန်ထမ်းတပ်သား ဟန်ဆောင်ကာ သခင်သန်းတင်နှင့်လက်ထောက်ဝန်ထမ်း တပ်ဗိုလ် ဗိုလ်မင်းဟန်ပါ သခင်သန်းတင်အိမ်မှတစ်ဆင့်အသင့်စောင့်နေကြသည်။ ည (၁၁)နာရီခန့်မှာ မြန်မာတစ်ယောက် ပေါက်လာပြီး ဗိုလ်ကြီးစံရှားလွှတ်လိုက်ကြောင်း၊ အလုပ်နည်းနည်းမပြီးသေး၍ တစ်နာရီခန့်စောင့်ပါရန် ပြောခိုင်းကြောင်း ပြောပြသည်။ "ကောင်းပြီ စောင့်နေပါမယ်လို့ အကြောင်းပြန်" အပြောခိုင်းလိုက်သည်၊ စောင့်နေကြသည်။

ည (၁၁)နာရီခန့်မှာ မြန်မာအဝတ်အစားဝတ်ထားသော ဗိုလ်ကြီးစံရှားသည် စကားပြန် (၂)ဦးနှင့်အတူ ရောက်လာ၍ သခင်သန်းတင်အိမ်ရှေ့စားပွဲ ဗိုလ်ထွန်းကြည်တို့ ထိုင်နေရာသို့ လာပါသည်၊ မျက်နှာစိမ်းဖြစ်နေသည့် ဝန်ထမ်းလက်ပတ်ပတ်ထားသူ ဗိုလ်ထွန်းကြည်ကိုကြည့်ပြီး "သူကဘယ်သူလဲ"လို့ မြန်မာ



www.burmeseclassic.com

www.burmeseclassic.com



လို့မေးရာ သခင်သန်းတင်က "သူ့ဝန်ထမ်းတပ်သားပါ၊ လိုက်ပို့မယ်သူပါ၊ စိတ်ချရပါတယ်"လို့ ဖြေလိုက်သည်။ စိတ်ချသွားသည်။ ဒီနောက်စံရှားက "ခဏစာရေးပါရစေ"လို့ပြောတော့ သခင်သန်းတင်က မီးခွက်ရှိရာအိမ်ပေါ်တက်ရေးရန် ပြောပြသည့်အတွက် အိမ်ပေါ်တက်ရေးသည်။ ထို့နောက် စံရှားက သခင်တန်းတင်ရဲ့ ကလေးများကို မုန့်ဖိုးပေးကာ လိုက်ပို့သူစကားပြန်အား စာကိုပေးရန် ဆင်းလာသည်။

"သူ့ အခုခွဲသွားရမှာ အလက်အမိန့်အရဖြစ်လို့ မသွားချင်ဘဲ သွားရမှာဖြစ်ကြောင်း၊ လမ်းမှာ သေမယ်ရှင်မယ်ဆိုတာ မပြောနိုင်ပါ။ ဒါကြောင့် ကောင်းစွာနေကြရန်နဲ့ သတိရကြောင်း သူ့ဇနီးများဖြစ်သော တင်တင်ကြည်နဲ့ မအုံးကြည်တို့ကို ပြောပါ"လို့ စကားပြန်ကို မှာကြားလိုက်သည်။

ထို့နောက်တွင်တော့ သခင်သန်းတင်က ခွဲခွာခါနီး နှုတ်ဆက်တဲ့သဘောနဲ့ အရက်သောက်ရန် တောင်းပန်ရာ အတန်တန်ငြင်းပြီးမှ အားနာပါးနာနှင့်ပဲ လက်ဖက်ရည်ပန်းကန်တစ်လုံးပြည့် အရက်ကို မော့ချလိုက်သည်၊ နောက်ထပ်တိုက်၍ မရတော့ပါ။ (၁၁)နာရီခွဲမှာ စံရှားကပဲ "သွားကြစို့"ဟု ပြောသည့်အတွက် ငှက်ထားရာ သရက်ပင်ဆီပ်ဆီသို့ ဆင်းခဲ့ကြသည်။

စကားပြန်များကတော့ စံရှားအထုပ်နှစ်ခုကို ငှက်ပေါ်တင်ပေးခဲ့ပြီး ပြန်သွားကြသည်၊ စံရှားမှာ ငှက်ပေါ်မတက်သေးတဲ့ သောင်ခုံပေါ်မှာထိုင်ပြီး ပုညရှင်စေတီကိုဦးချ၍ ဘုရားရှိခိုးနေသေးသည်၊ (၅)မိနစ်ခန့်ကြာမှ ငှက်ပေါ်တက်ခဲ့သည်။

သခင်သန်းတင်မှာ ငှက်ဦးမှ အတွင်းဘက်သို့ လှည့်ထိုင်၍ သူ့ရှေ့ အလယ်လောက်မှာ စံရှားထိုင်သည်၊ "နောက်မှ လက်ထောက် ဝန်ထမ်းတပ်မှ ဗိုလ်မင်းဟန်က ငှက်ဝမ်းထဲတွင် ထိုင်ပါသည်။ နောက်မှ ငှက်ခတ်သူ သခင်သန်းတင်၏ယောက်ဖ၊ တပ်သားမောင်ဘစိန်၊ ထက်မခုံပေါ်မှာတော့ ဗိုလ်ထွန်းကြည်ထိုင်၍ အသင့်ပါသော (၃၈)ဘို့ ခြောက်လုံးပြူးကိုကိုင်၍ ဂွကြွေရရ ထိုင်နေသည်၊

မူလအစီအစဉ်အတိုင်း တံတားအောက်ကို မရောက်ခင် မြစ်လယ်အရောက် ဗိုလ်မင်းဟန်က လောင်းကုတ်အင်္ကျီအတွင်း ဝှက်ယူလာသော သံဒုတ်ဖြင့် စံရှားဦးခေါင်းကို နှစ်ချက်ဆင့်ရိုက်လိုက်ရာ သခင်သန်းတင်ဘက် လဲကျသွားပါတယ်၊ ဗိုလ်ထွန်းကြည်က ကြိုးတောင်း၍ လက်ကိုချည်ရာ သူ့ဘယ်လက်မှာ "မရှိခဏ" ဘုရားစခန်းအနီး ချောက်ကမ်းပါးထဲကျစဉ်က ရထားသည့် မားဒဏ်ရာကြောင့် လုံးဝမချည်နိုင်ဘဲ သခင်သန်းတင်ကို အချည်ခိုင်းလိုက်သည်၊ ဗိုလ်ထွန်းကြည်က မျက်နှာ





ချင်းဆိုင်မှာ ခြောက်လုံးပြူးကိုင်၍ အသင့်စောင့်ကြည့်နေသည်၊

ဂျပန်ကင်ပေတိုင်များသည် ဂျူဒိုနှင့် သေနတ်ပစ်ကျွမ်းကျင်သူတွေ၊ သတိရှိသူတွေများသည်၊ စံရှားခါးကြားမှ (၃၂)ဘို့ ပစ္စတိုကိုဖြုတ်ရန် သတိမရ ကြိုးချည်လို့ လက်နှစ်ဖက်ကို နှစ်ပတ်ခန့် ပတ်မိစဉ်မှာပင် ပါးစပ်မှပြန်မာလို "ဒါဘာလုပ်တာလဲ" လို့ သတိလက်မလွတ်ဘဲ အောင်ရင်းကုန်းအထာမှာ ဗိုလ်ထွန်းကြည်က ခြောက်လုံးပြူးနှင့် နှစ်ချက်ဆင့်ပစ်ထည့်လိုက်သည်။ ပက်လက်လဲအကျ ငှက်တစ်ဘက်ကို အစောင်းမှာ ရေထဲသို့ အတင်းထိုးဆင်းကျသွားတော့သည်၊

လှေပ်တပြက်အတွင်း မမျှော်လင့်တာ ဖြစ်ပျက်လိုက်သည့်အတွက်ကြောင့် တစ်ကြောင်း၊ ရေစီးအတွင်းလည်းဖြစ်၍ နေသည့်အတွက်ကြောင့် တစ်ကြောင်း ထိုအကြောင်းများကြောင့် စံရှားမှာ ငှက်နှင့်ဝေးသွားပြီး မြုတ်ချီပေါ်ချီ ဖြစ်နေသည်။ ငှက်ကိုလှည့်၍ အကပ်ခိုင်းရာ အနားရောက်ခါနီးတွင်မှမြုပ်သွားတော့ မဆယ်လိုက်နိုင်တော့ပါ။

စစ်ကိုင်းကင်ပေတိုင်စံရှားတို့က ရဲဘော်စံထွန်းကို ဓားနှင့်ခုတ်သတ်ပြီး ဧရာဝတီမြစ်ထဲမှာပစ်ချခဲ့သဖြင့် မရှုမလှကျဆုံးသွားရသလို တော်လှန်ရေးသမားတွေကလည်း လက်စားချေသည့်အနေနှင့် စံရှားကို သုတ်သင်ပစ်လိုက်လို့ စစ်ကိုင်းမြစ်ထဲမှာပဲ မရှုမလှ သေဆုံးရပြီမဟုတ်ပါလား။ "ပျံလေတဲ့ငှက်ခါး နားခါမှ သိရပြီမဟုတ်လား"

စံရှားရေထဲမြုပ်သွားပြီး မရှေးမနှောင်းမှာပင် ငှက်ခတ်သံကြားသည့်အတွက် နီးရာဆိပ်ကမ်းဖြစ်သော "ထုံးဘို" ဆိပ်ကမ်းကို ကပ်လိုက်ကြသည်။ အဘယ့်ကြောင့်ဆိုသော် ယခုကဲ့သို့ ညအချိန်မျိုးတွင် မြစ်အတွင်း ကူးလူးသွားနေကြသူများမှာ ဂျပန်များသာဖြစ်သည်။ သေနတ်သံနှစ်ချက် ထွက်သွားသည့်အတွက် သူတို့နောက် လိုက်လာသည့် ဂျပန်ငှက်တွေပဲ ဖြစ်မလားဆိုပြီး စိုးရိမ်ရခြင်းဖြစ်သည်၊ ကမ်းရောက်သည့်အခါ သခင်သန်းတင်က စံရှား၏ ပစ္စည်းလွယ်အိတ်နှစ်လုံးဆွဲပြီး၍ သူ့အိမ်ကို အရောက်ပြန်ကာ ဗိုလ်ထွန်းကြည်တို့တတွေကို ခေတ္တရှောင်နေခိုင်းသည်၊ ခဏအကြာတွင် သခင်သန်းတင်၊ ဗိုလ်မင်းဟန်နှင့် ဗိုလ်ထွန်းကြည်ပါအတူ ဝန်ထမ်းတပ်ရင်းရုံးကိုသွားပြီး အခြေအနေကို ရုံးမှာစုံစမ်းရာ ယခုပင် ဂျပန်ကင်ပေတိုင်မှတ်ကြီးပြန်လာ၍ သခင်သန်းတင်ကိုမေးရာ စံရှားကိုသွားပို့မည်ဟု ပြန်ပြောလိုက်ရကြောင်း သတင်းပို့သည်။

ဂျပန်ကင်ပေတိုင် မှတ်ကြီးကို ထပ်မံဖမ်းဆီးဖို့ သခင်သန်းတင်နှင့် ဗိုလ်



www.burmeseclassic.com

www.burmeseclassic.com



မင်းဟန်ကိုခေါ်၍ ခြောက်လုံးပြူးနှစ်လက်နှင့် မှတ်ကြီး နေတတ်၊ သွားတတ်သည့် လမ်းများ၊ နေရာများကိုလိုက်ရှာသည်၊ လုံးဝရှာမတွေ့တော့မှ လက်လျှော့လိုက်ကာ တပ်ကို သတင်းအပို့နိုင်းသည်။ ကင်ပေတိုင်စံရုံး၏ လွယ်အိတ်နှစ်လုံးမှ ဖိုး လုံချည် တစ်ထည်၊ ချည်လုံချည် တစ်ထည်၊ မျက်နှာသုတ်ပုဝါတစ်ထည်၊ ဘီးတစ်ချောင်း၊ ဓာတ်ပုံအချို့နှင့် ဂျပန်ငွေနှစ်ထောင် ရရှိလိုက်သည်၊

"စစ်ကိုင်းမှာ ဗိုလ်စောမောင်ဦးစီးတဲ့ တပ်တွေနဲ့ ဗိုလ်ထွန်းကြည်ရဲ့ ပြောက်ကျားတပ်တွေက ဂျပန်တွေကို စတင်တိုက်ခိုက် နေပြီ" ဆိုသောသတင်းကို ယုံကြည်၍ အတည်ပြုလိုက်တော့မှ ဗိုလ်သိန်းဦးကို အင်္ဂလိပ် စစ်အချုပ်မှ လွှတ်လိုက်ပါတော့သည်၊

ဗိုလ်စောမောင်နှင့် ဗိုလ်သိန်းဦးတို့ ပြန်လည်ဆုံဆည်းမိပြီးသည့် နောက်ပိုင်းမှာ အင်္ဂလိပ်စစ်တပ်က ပူးပေါင်း၍ ဂျပန်ကို တိုက်ခိုက်ရန် သဘောတူညီခဲ့သည်၊

ဗိုလ်စောမောင်၊ ဗိုလ်သိန်းဦးတို့ အင်္ဂလိပ်စစ်တပ်နှင့် ဆွေးနွေးသည့်အခါမှာ အင်္ဂလိပ်စစ်အရာရှိက သူတို့စစ်ကိုင်းကို သိမ်းပိုက်ရန်အတွက် အချိန် (၃)လ ကြာမယ်လို့ ခန့်မှန်းထားကြောင်း ပြောပြသည်။ ဗိုလ်စောမောင်တို့က (၃)လကြာအောင် တိုက်စရာမလိုဘူး၊ ဘီဒီအေတပ်က တစ်ပတ်ကျော်ကျော်လောက်နဲ့ တိုက်ပေးမည်ဟုပြောသည်။ ကျေနပ်သဘောကျပြီး အင်္ဂလိပ်စစ်အရာရှိတွေက ဗိုလ်စောမောင်၊ ဗိုလ်သိန်းဦးတို့ကို ကျောပွတ်သတ်လိုက်သေးသည်၊

ဗိုလ်သိန်းဦး၊ ဗိုလ်စောမောင်တို့၏ တပ်များသည် မိုးကြိုးရွာမှာ စခန်းချနေစဉ် ရွှေတန်းစစ်မြေပြင်က ဆုတ်ခွာလာသည့် ဂျပန်တပ်တို့နှင့် ဝင်တိုးသည်။ ဂျပန်၏ စတင်ပစ်ခတ်တိုက်ခိုက်ခြင်းကို ခံလိုက်ရသည်၊ နှစ်ဖက်စလုံး ခုခံရင်းဆုတ်ကြသည်၊

ထို့နောက် မြန်မာ့တပ်မတော်ဘက်မှ စတင်ပြီး ဂျပန်တပ်ဖွဲ့ထားသည့် နေရာများကို ဝင်ရောက်တိုက်ခိုက်ပါတော့သည်၊ "ဖြတလော်" နဲ့ "ဆင်ရွာကြီး" စသည့် ရွာများမှနေ စတင်ပြီး တစ်ရွာပြီးတစ်ရွာ ဆက်တိုက်ခိုက်လာရင်း သမြေပင်ရွာကို ရောက်ခဲ့သည်၊

မဟာမိတ်တပ်တွေနှင့် ပူးပေါင်းထားသည်ဆိုသော်လည်း တိုက်စရာရှိလျှင် မြန်မာ့တပ်မတော်ကပဲ စောလျှင်စွာ ထွက်ထွက်တိုက်ခိုက်ပါသည်၊သမြေပင်ရွာမှာ ဂျပန်တပ်တစ်တပ်က မဟာမိတ်များ ရုတ်တရက် တက်မလာနိုင်အောင် မိုင်းများ အနှံ့အပြားထောင်ရန် လုပ်နေသည်၊





ထိုအကြံကိုသိသည့်အတွက် ဗိုလ်သိန်းဦးက တောင်ပံတစ်ဖက်၊ အခြားတောင်ပံတစ်ဖက်မှာ ဗိုလ်စောမောင်စသည်ဖြင့် တာဝန်ခွဲလိုက်သည်၊ တောင်ပံတစ်ခုစီမှာ တပ်စုတစ်စုစီသာ အင်အားရှိသည်။ ထိုတိုက်ပွဲတွင် ဗိုလ်ကိုကြီး၊ ဗိုလ်မေတင်၊ ဗိုလ်ကျော်ဦး၊ ဗိုလ်မျိုးကျော်၊ ကိုကျော်ရွှေအစရှိသော ရဲဘော်များပါဝင်ခဲ့ကြသည်၊

မနက် ဝေလီဝေလင်းအချိန်တွင် တပ်စုနှစ်စုဖြန့်ပြီး ဂျပန်စခန်းကို တက်ခဲ့သည်၊ ဗိုလ်သိန်းဦးဖြန့်တက်တဲ့နေရာက ကွင်းပြင်ကိုဖြတ်၍ တက်ရပြီး ဗိုလ်စောမောင်က တောရိပ်အကာအကွယ်နှင့် တက်ရသည်၊ ဗိုလ်သိန်းဦးတို့ မတက်ခင်ကတည်းက ချောင်းပစ်တပ်သား သို့မဟုတ် လက်ဖြောင့်စစ်သားတွေက သစ်ပင် အမြင့်တွေမှာ နေရာယူထားနှင့်ပြီးဖြစ်သည်၊ ထို့ကြောင့် ကွင်းလယ်ခေါင်က တက်လာသည့် ဗိုလ်သိန်းဦးတို့ကို ချိန်ရွယ်ပြီးပစ်ခတ်နိုင်သည့်အတွက် ဗိုလ်သိန်းဦးကို ကျည်သင့်သွားသည်၊ ဗိုလ်သိန်းဦးသွားကောက်တဲ့ ရဲဘော်တွေလည်း တစ်ယောက်ပြီး တစ်ယောက်ကျည်သင့်ကုန်သည်။

ဗိုလ်စောမောင် တပ်စုကတော့ ရန်သူကြားကို ရောက်ခဲ့သည်၊ မြေအနေအထား အကာအကွယ်ကောင်းသည့်အတွက် ရန်သူကြားရောက်ပေမယ့် အန္တရာယ်မရှိခဲ့ပါ၊ မွန်းလွဲကျော်တိုင် ရဲဘော် (၁၁)ဦးသည် မြန်မာ့လွတ်လပ်ရေးကန်တော့ချိုးမှာ အသက်စတေးခံသွားရရှာပါသည်။

မဟာမိတ်တပ်နှင့် ပူးတွဲတပ်စခန်းချသည့် စခန်းကို ဗိုလ်စောမောင်နှင့် ရဲဘော်များ ပြန်ရောက်ခဲ့သည်၊ ဗိုလ်သိန်းဦးကျဆုံးသည့်အတွက် ဗိုလ်စောမောင်ကပဲ ဆက်တာဝန်ယူခဲ့ပါသည်၊ နောက် ပူးတွဲတပ်နှင့်ပဲ သမြေပင်နှင့် မလှမ်းမကမ်း ဘုန်းကြီးကျောင်းဝင်းမှာ နေရာယူတပ်စွဲလိုက်သည်။ အဲသည်မှာ မဟာမိတ်တပ်မှ ဗိုလ်ကြီးဘားနက်၊ ဗိုလ်ကျောနီတို့နှင့် သမြေပင်တိုက်ပွဲထပ်မံဆင်နွှဲရန် မြေပုံတိုက်ပွဲဆင်နွှဲပါသည်၊

ရွှေတန်းလေတပ်ကို အကြောင်းကြားလိုက်တော့ ရွှေတန်းလေတပ်က သမြေပင်ရွာကို ဗုံးကြဲတိုက်ခိုက်သည်၊ နောက် ဗိုလ်စောမောင်နဲ့တပ်က သမြေပင်ရန်သူစခန်းကို မော်တာစိန်ပြောင်းများနှင့် ပစ်ခတ်တိုက်ခိုက်ပါသည်၊

နောက်တစ်နေ့ သမြေပင်ရွာကို ဝင်ရောက်သိမ်းပိုက်ခဲ့ပါသည်။ ထိုင်းမှာပင် ဂျပန်မိုင်းများကိုလဲ သိမ်းပိုက်လိုက်ကြပါသည်။

စစ်ကိုင်းကျသွားပြီးနောက် မဟာမိတ်စစ်သတင်းနဲ့ မြန်ကြားရေးဌာနမှ



www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့တပ်မတော်သားများကို ရုပ်ရှင်လာရိုက်၍ သွားပါသည်။

မဟာမိတ်တပ်မှ ဗိုလ်မှူးချုပ် တစ်ယောက်ကလည်းလာရောက်ပြီး မြန်မာ့တပ်မတော်ကို စစ်ဆေးသွားသေးသည်။ ဗိုလ်စောမောင်က ထိုဗိုလ်မှူးချုပ်အား တိုက်ပွဲမှရခဲ့သော ဂျပန်ဓားကို မြန်မာ့တပ်မတော်၏ ကိုယ်စားလက်ဆောင်ပေးလိုက်ပါသည်။

ထို့နောက် ပြောက်ကျားတပ်နှင့် ခြေလျင်တပ်ခွဲပါပေါင်းကာ စစ်ကိုင်းအနောက် "မြူကန်"တွင် အင်္ဂလိပ်စစ်တပ် (၁၂၉)တပ်မဟာနှင့်တွဲ၍ တပ်ချပြီး မြန်လည်ဖွဲ့စည်းရာ တပ်မတော်တပ်မှူးများမှာ တပ်ခွဲမှူး ဗိုလ်စောမောင်၊ တပ်စုမှူးများမှာ ဗိုလ်ကျော်ဦး၊ ဗိုလ်မျိုးကျော်၊ ဗိုလ်ကိုကြီး၊ ဗိုလ်ထွန်းကြည်၊ ဗိုလ်ဖေတင်နှင့်ပြောက်ကျားတပ်မှူး ဆရာသိန်းကြီး၊ ကိုစိန်ဝင်း၊ ကိုမောင်လေးတို့ဖြစ်၍ တပ်သားနှစ်ရာကျော်ရှိသည်။

ထိုစခန်းတွင် တပ်နားပြီးနောက် ဧပြီလဆဲတွင် အင်္ဂလိပ်တပ်ခွဲမှူး ကပ္ပတိန်ဘားနတ်၊ လက်ဖတင်နင်ဂျော်နီဦးစီးသောတပ်ခွဲနှင့်အတူ "ငါးရွှန်းမြို့သား" စစ်ကြောင်းမှ မြင်းခြံသို့ချီတက်ရန် တပ်ခွဲမှူးအား ပြောကြားသည်။ မြန်မာ့တပ်မတော်တွင် တိုင်းမှူး တပ်မှူးရှိကြောင်း ၎င်းတို့အမိန့်ရမှ ဆက်လိုက်နိုင်မည်ဟု ဗိုလ်စောမောင်က ပြောကြားရာ "မလိုက်လိုလျှင် သူတို့ထံမှ ယူထားသော လက်နက်များအားလုံးပေးအပ်ရန်" တောင်းဆိုပြီး သူတို့လက်နက်များအားလုံးကို သိမ်းဆည်းလိုက်သည်။

ဗိုလ်စောမောင်နဲ့ ကျန်ရဲဘော်များကတော့ ဗိုလ်မှူးဗထူးရှိရာ ကျောက်ဆည်နယ်ဘက်သို့ ဆက်လိုက်သွားကြသည်။

ကျွန်တော်တို့ မန္တလေးက ထွက်လာကြပြီး မကြာမီကိုစံညွှန့်၊ ကိုခင်မောင်ကြီးတို့လည်း စစ်ကိုင်းဘက်ကို ကူးသွားကာ ရွှေပန်းစစ်မြေပြင်စခန်းတွင် အင်္ဂလိပ်စစ်တပ်နှင့်တွေ့ပြီး အက်ဖ် (၁၃၆)တပ်ဌာနချုပ်ရှိရာ (ဦးသိန်းဖေတို့ရှိရာ) အိန္ဒိယပြည်သို့ လေယာဉ်ဖြင့် လိုက်ပါသွားကြသည်။

မန္တလေးအခြေအနေကို ပြန်ကြည့်မည်ဆိုလျှင် ဗိုလ်မှူးဗထူးနှင့်ဆက်သွယ်ဆက်ဆံ့ကျင့်ရေးအဖွဲ့များသည် တော်လှန်ဖို့ အချိန်နီးကပ်နေပြီဖြစ်၍ ကိုယ်စီကိုယ်စီ အလုပ်နှင့်လက်မပြတ်အောင် အပတ်တကုတ် အလုပ်လုပ်နေကြသည်။ ဗိုလ်မှူးဗထူးနှင့် နိုင်ငံရေးမှူးများ တပ်မှူးများလည်း များပန်းခပ်မျှ အလုပ်များ ဝိုင်းလုပ်နေကြသည်။





မဟာမိတ်တပ်တွေ မန္တလေးကို ဦးတည်ချီတက်နေပြီ ဖြစ်သည့်အတွက် ဂျပန်များလည်း ဆုတ်ခွာပေးနေသည်။ ထိုအချိန်တွင် ရှမ်းပြည်နယ်ဘက်မှာရှိသော ဘီဒီအေတပ်များကိုလည်း ဗိုလ်မှူးက မန္တလေးကို ဆုတ်ခဲ့ရန် အမိန့်ပေးထားသည်။ ထိုကဲ့သို့ ဘီဒီအေတပ်များ မန္တလေးကို ဆုတ်လာသည့်အထဲမှာ ဗိုလ်စိုးသိမ်း ကွပ်ကဲသည့် မြင်းနှင့်ရိက္ခာပို့သည့် တပ်စုလည်း အပါအဝင်ဖြစ်သည်။ ဂျပန်တို့က မယုံကြည်သည့်အတွက်ရော အကူအညီ မရသည့်အတွက်ပါ ဗိုလ်စိုးသိမ်းရဲ့ တပ်စုတစ်ခုလုံးကို ဖမ်းလိုက်သည်။

ဗိုလ်စိုးသိမ်း၏တပ်မှ ရဲဘော်ကိုထင်က မင်းကွန်းဘက်ကို ခွင့်နှင့်သွားသည်။ အင်္ဂလိပ်စစ်တပ်လည်း မင်းကွန်းဘက်နှင့် သိပ်မဝေးတော့ပါ။ ရဲဘော်ကိုထင်ကို ဂျပန်က ဖမ်းဆီးလိုက်သည်။

ကိုထင်ဆီက အင်္ဂလိပ်ငွေဒင်္ဂါးတွေ့သည်ဆိုသော အကြောင်းပြချက်နှင့် တပ်တစ်ခုလုံး ဖမ်းလိုက်သည်။ အမှန်တော့ မြန်မာ့ကာကွယ်ရေးတပ်မတော်ကို သွေးတိုးစမ်းကြည့်လိုက်ခြင်း ဖြစ်သည်။ ရဲဘော်တွေကို ဂျပန်စစ်ရဲဗိုလ်မှူးကိုယ်တိုင်စစ်ဆေးသည်။ "ဘီဒီအေက ဂျပန်တိုက်မယ်ဆိုတာ ဟုတ်သလား"ဆိုတာတွေကို ရဲဘော်တိုင်းအား စစ်ဆေးမေးမြန်းသည်။ မေးသည့်အခါတွင် ရိုက်နှက်ပြီးမမေးဘဲ အေးအေးဆေးဆေးပဲ မေးပါသည်။

ယင်းအချိန်တွင် ဗိုလ်မှူးဗထူးသည် အထက်မြန်မာပြည် ဂျပန် တော်လှန်ရေးကိစ္စနဲ့ ပတ်သတ်ပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်ဆွေးနွေးရန် ရန်ကုန် ရောက်နေချိန်ဖြစ်သည်။ ထိုသတင်းကို ကြားကြားခြင်း ဗိုလ်မှူးဗထူးမန္တလေးကို အမြန်ဆုံး ပြန်ခဲ့ပါသည်။ ရောက်ရောက်ချင်းပဲ ဗိုလ်မှူးဗထူး၊ ဗိုလ်အာဥာဝကတို့ ဂျပန်စစ်ရဲရုံးသို့ သွားရောက်ပြီး အရေးဆိုကြသည်။ ဂျပန်တွေက အရှုံးပိုင်းဖြစ်နေ သောအချိန်မှာ ဗိုလ်မှူးဗထူးဆီမှာ အကူအညီရယူလိုသည်ကတစ်ကြောင်း၊ ဗိုလ်မှူးဗထူးရဲ့ မဟုတ်မခံ သတ္တိရှိရှိ လုပ်ဆောင်တတ်သည့်အတွက်ကြောင့်တစ်ကြောင်း၊ သူတို့ရန်သူအဖြစ်မခံဘဲ၊ သူတို့မိတ်ဆွေဖြစ်အောင် ဆွဲဆောင်ချင်တာရော မြန်မာ့တပ်မတော်၏ လှုပ်ရှားမှုတွေကိုပါ သိချင်တာတွေအတွက်ပါ ဗိုလ်မှူးဗထူးကို ဂုဏ်ပြုထမင်းစားပွဲလုပ်ရင်း ဆွေးနွေးဖို့ ဖိတ်ကြားသည်။

ဂျပန်စစ်ရဲကင်ပေတိုင်က ဆွေးနွေးဖို့ကျင်းပသည့် ထမင်းစားပွဲတက်ရောက်ပါရန် စကားကမ်းလှမ်းဖိတ်ကြားမှုကို ဗိုလ်မှူးဗထူးက ဖမ်းထားတဲ့ ဗိုလ်စိုးသိမ်းရဲ့ မြင်းဝန်တင်တပ်စုကို အရင်လွှတ်ပေးမှ ဆွေးနွေးနိုင်မည်ဟု ပြန်ကြားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ ဗိုလ်စိုးသိမ်း၏ တပ်စုတစ်စုလုံးကို လွှတ်ပေးသည်။ ထိုအချိန်တွင် ဗိုလ်မှူး ဗထူးသည် ကောင်းကောင်းမကျန်းမာပေ။ သို့သော်လည်း ဂျပန်ဖိတ်ခေါ်သည့် ထမင်းစားပွဲကို ဗိုလ်အာဇ္ဇာဝကနှင့်အတူ တက်ရောက်ခဲ့သည်။

ယင်းသို့ ထမင်းစားပွဲမတက်ရောက်ခင်မှာ ဂျပန်ကင်ပေတိုင်များကို လုံးဝ အယုံအကြည်မရှိသော ဗိုလ်မှူးဗထူးသည် နိုင်ငံရေးမှူးများနှင့် တပ်စုမှူးများကို တွေ့ဆုံပြီး မှာစရာရှိသည်များကို မှာကြားခဲ့သည်။ ဂျပန်တွေကို ယုံကြည်နိုင်စရာ မရှိဘူး။ အကောက်ကြံပြီး ဖမ်းချင်ဖမ်းမယ်။ ဂျပန်တော်လှန်ရေးလုပ်ငန်းများကို မလိမ့်တစ်ပတ်နှင့် အစ်မေးချင်မေးမယ်။ အကယ်၍များ အဖမ်းခံလိုက်ရရင် လုပ်စရာရှိတဲ့ တော်လှန်ရေးလုပ်ငန်းကိုတော့ အပျက်မခံဘဲ ဆက်လက်ဆောင်ရွက်သွားပါရန် ဆိုသည်ကိုသာ မှာကြားခဲ့သည်။

ထို့နောက် လိုရမယ်ရဆိုပြီး သတိကြီးလှသည့် ဗိုလ်မှူးက ဗိုလ်ကလေး ဗိုလ်လှညွန့်ကို တပ်စိတ်တစ်စိပ်ခေါင်းဆောင်စေပြီး လက်ပစ်ဗုံးနှင့် လက်နက်များ ယူစေကာ ထမင်းစားပွဲကို သူနှင့်အတူ ခေါ်ခဲ့သည်။ အကယ်၍ ဂျပန်များ အခြေအနေ ဟန်ပုံမပေါ်လျှင် ပစ်ခတ်ကာ ဗိုလ်မှူးဗထူးနှင့် ဗိုလ်အာဇ္ဇာဝကကို လုယူရန်၊ အကယ်၍ ဘယ်လိုမှ လုပ်မရရင် အားလုံးအသေခံပြီး ဂျပန်အရာရှိတွေကို တိုက်ခိုက်ရန်၊ ထိုသို့ခုခံသည့်အခါ သူ၏အသက် သေချင်သေပါစေ။ အသက်တွေကို ပဓာန မထားဘဲ ဂျပန်တွေကို ခုခံတိုက်ခိုက်ပါလို့ ဗိုလ်မှူးက ဗိုလ်လှညွန့်နှင့် ရဲဘော်တွေကို ညွှန်ကြားခဲ့ပါသည်။ သို့သော် ဆွေးနွေးပွဲမှာ သေနတ်တစ်ချက်မှ မပစ်ဖောက်ရဘဲ အေးဆေးစွာ ပြီးမြောက်ခဲ့သည်။ ဂျပန်ကင်ပေတိုင်တွေကို ဗိုလ်မှူးလည်း အချိုသတ် လှည့်စားပြီး တပ်ကို အားလုံးချောမောစွာ ပြန်ခဲ့ကြသည်။

မဟာမိတ်တပ်များ၏ စစ်အခြေအနေမှာလည်း ခန့်မှန်းတွက်ချက်ထား ထက် အဟုန်ပြင်းစွာ မန္တလေးဘက်ကို ထိုးဖောက်ဝင်ရောက်လာနိုင်ကြောင်း တွက်ချက်မိသည့်အတွက် တော်လှန်ရမည့်ရက်ထက်စောစွာ အရေးယူဆောင်ရွက် ရမှာဖြစ်သည့်အတွက် မန္တလေးအရှေ့ဘက်၊ ရန်ကင်းတောင်အနီးရှိ ကဘိုင်း၊ ဖောင်ပင်လယ်၊ ဆင်ရွာကြီး၊ ပုသိမ်ကြီး၊ ရွှေတချောင်းစသည့်နေရာများနှင့် မြင်ဦးလွင် သွား ကားလမ်းတစ်လျှောက်မှာ လျို့ဝှက်ရိက္ခာများ သိုလှောင်ကြသည်။

(၁၉၄၅)ခု မတ်လ (၄၊ ၅၊ ၆)ရက်များမှာ မန္တလေး၊ စစ်ကိုင်းမှ တပ်အသီး သီးကို တော်လှန်ရန်အတွက် တပ်တွေ စတင်ဖျောက်ကြရန် မန္တလေးမှက်ပါးရပ်ရှိ ဗိုလ်အာဇ္ဇာဝက အမြောက်ကြီးတပ်မှ အမြောက်ပစ်ဖောက်၍ အချက်ပေးမယ်ဆို





သည့်အကြောင်း ကြိုတင်အကြောင်းကြားပြီး ဖြစ်နေချိန်ဖြစ်သည်။

မတ်လ (၈)ရက်နေ့မှာ တော်လှန်ဖို့အတွက် တပ်ထွက်တော့မည့်မှာ သေချာသဖြင့် ဂျပန်စကားပြန် သခင်ဗစောကို လုံ့စွပ်နဲ့ထိုးပြီး ကွပ်မျက်ပစ်လိုက်ကြ သည်။ (၈)ရက်နေ့ နေဝင်ရီသရောအချိန်မှာ သူလျှိုများနှင့် အခြားဖမ်းထားသူ ဂျပန်သတင်းပေးဟု မသင်္ကာသူ (၃၊ ၄)ဦးကို ရဲဘော်များ ရိုက်နှက်ဆုံးမကာ ပြန်လွှတ်လိုက်ပါသည်။ အင်္ဂလိပ်သူလျှိုအဖြစ်ဖမ်းထားသူ ကုလားအရှုလိုလူကိုတော့ ရိုက်နှက်ခြင်းမလုပ်ဘဲ ပြန်လွှတ်လိုက်သည်။

အဲဒီအချိန်အထိ တပ်များကို အကြောင်းကြားရန် လွှတ်ထားသူများ ပြန်မ ရောက်သေးပါ။

တပ်ထွက်ရန် အချက်ပေးရေးအတွက် အမြောက် (၃)ချက်ပစ်ဖောက်ရန် နှင့် တပ်တွင်းဂျပန်အကြံပေးအရာရှိအား သုတ်သင်ပစ်ရန် ဗိုလ်လှညွန့်အား တာဝန် ပေးသည်။

ထိုအချိန်တွင် ဗိုလ်မှူးဗထူးနှင့် ဗိုလ်ကြီးအာဇ္ဇာဝကတို့မှာ ကောင်းစွာ နေမကောင်းကြပါ။

မတ်လ (၈)ရက်နေ့မှာ ဗိုလ်ကြီးအာဇ္ဇာဝက က ဂျပန်အကြံပေးအရာရှိ အား စစ်ဆေးမေးမြန်းရန် သွားရောက်ခေါ်ခိုင်းချက်အရ အိပ်ရာဝင်နေသည့် ဂျပန် အားသွားရောက်၍ ဗိုလ်လှညွန့်က ခေါ်ခဲ့ပါသည်။ အပြန်တွင် ကိစ္စတုံးစီစဉ်ရန်ဖြစ်ပါ သည်။ ဂျပန်အရာရှိလာသည့်အချိန်မှာ စက်အမြောက်တပ်မှ တပ်ခွဲမှူးဗိုလ်ရဲခင် လည်း ဗိုလ်ကြီးအနားမှာ ရှိနေပါသည်။ စကားပြောဆိုမေးမြန်းအပြီးတွင် ထိုဂျပန် အကြံပေးအရာရှိအား သူသတ်ချင်၍ ခေါ်ယူသွားပါစေလို့ ဗိုလ်အာဇ္ဇာဝကထံ ခွင့်ပန်သည်။ ပရိယာယ်ဆင်ပြီး ဂျပန်အရာရှိကို ဆွေးနွေးပွဲများကျင်းပရာ အခန်း ဘက်ဆီသို့ ခေါ်သွားပါသည်။

ဗိုလ်ရဲခင်က ဂျပန်အရာရှိကို နောက်ကနေ ဂျပန်ဓားရှည်နှင့် ခုတ်လိုက် ပါသည်။ ဂျပန်ကလည်း သတိရှိနေသူမို့ ခုတ်လိုက်သည့်ဓားသည် ဂျပန်ကို အရှပ် ကြီးပြတ်သလို ခွေလဲသွားအောင် ချက်ကောင်းကို မခုတ်မိပေ။ အနာတရသာ ရရှိ၍ သွေးရူးသွေးတန်းနှင့် ဂျပန်အကြံပေးအရာရှိသည် ပြေးလာသည်။ ယင်းအချိန်တွင် ဗိုလ်လှညွန့်မှာ ဗိုလ်ကြီးအာဇ္ဇာဝကနှင့် ဆွေးနွေးဆဲဖြစ်၍ ပြေးလာသည့်ဂျပန်ကို လရောင်အောက်မှာ တွေ့လိုက်ရသည်။ အခြေအနေမလှမှန်းသိ၍ ထိုဂျပန်အား ရဲဘော်တစ်ဦးနှင့် ဗိုလ်လှညွန့်တို့ ပြေးထွက်လာကာ သေနတ်ဖြင့် လေးငါးချက်



www.burmeseclassic.com

www.burmeseclassic.com



ဆင့်ပစ်လိုက်ရပါသည်။ သေနတ်သံများသည် တိတ်ဆိတ်နေသည့်ညခင်းကို ကြက်သီးထမန်းလိလိ မြည်ဟီးသွားစေပါတော့သည်။ ထိုအခါမှ ဂျပန်အရာရှိသည် လဲကျသွားပြီး အသက်ပျောက်သွားပါတော့သည်။

ပထမအစီအစဉ်မှာ ဂျပန်ကို ဓားနှင့်ခုတ်သတ်ပြီး ဘေးပတ်ဝန်းကျင်က ဂျပန်များမရိပ်မိအောင် အေးအေးဆေးဆေးစွာ တပ်ထွက်မည်ဟု စီစဉ်ထားသည်။ ခုလို သေနတ်သံတွေ ပစ်ဖောက်ရတော့ မြန်မာ့တပ်မတော်၏ လှုပ်ရှားမှုများကို မျက်ခြေမပြတ် ကြည့်ရှုထောက်လှမ်းနေသော ဂျပန်တို့၏ လှုပ်ရှားမှုကို စိုးရိမ်ရသည့်အတွက် တော်လှန်ရေးတပ်များ ကမန်းကတမ်း အစီအစဉ်မဲ့ ထွက်ကြရသည်။

ဗိုလ်လှညွန့်မှာ မူလအစီအစဉ်အရ အမြောက်ကြီးများရှိရာသို့ ရဲဘော်နှစ်ဦးနှင့်ပြေးသွားပြီး စစ်ကိုင်းနှင့်ဘေးပတ်ဝန်းကျင်ရှိ တပ်များကို တော်လှန်ဖို့တပ်ထွက်ရန် အချက်ပေးအမြောက်ကြီး (၃)ချက် ပစ်ဖောက်လိုက်သည်။

(၁၉၄၅)ခုနှစ်၊ နိုဝင်ဘာလ (၇)ရက်၊ (အောက်တိုဘာ ၂၅-ရက်)နေ့ ရုရှားပြည်၊ မဟာပစ္စည်းမဲ့တော်လှန်ရေးတွင် ခရူဇာတိုက်ရေယာဉ် "အိုရိုးရာ"က ပစ်ဖောက်လိုက်သောအမြောက်သံများသည် လူ့သမိုင်းစဉ်၏ခေတ်သစ်ကို ခရီးဦးကြိုပြုလိုက်သလို ဤမှက်ပါးရပ် လေယာဉ်ပစ် အမြောက်ကြီးတပ်ကနေ (၃)ချက်တိတိ ပစ်ဖောက်လိုက်သည့် အမြောက်သံများသည် မြန်မာလူ့အဖွဲ့အစည်း၏ လုံးဝလွတ်လပ်ရေး၊ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ ဆိုရှယ်လစ်ရေးတို့ ပါဝင်ရာ သမိုင်းသစ်အတွက် ခရီးဦးကြိုပြုလိုက်ခြင်းသာဖြစ်သည်။

သေနတ်သံများ၊ အမြောက်ကြီးပစ်သံများကြောင့် အနီးအနားရှိ ဂျပန်တပ်များမှာ အင်္ဂလိပ်တပ်များ မန္တလေးမြို့ထဲဝင်ရောက်လာခဲ့ပြီဟု ထင်မှတ်ကြပြီး ထိတ်လန့်တကြား ဆူဆူညံညံဖြစ်ကြပါသည်။ ဗိုလ်ဗထူးနှင့်တပ်တွင်းရှိ နိုင်ငံရေးစည်းရုံးရေးမှူးများမှာလည်းကောင်း၊ အခြားတပ်စုများမှာလည်းကောင်း၊ ဗိုလ်ကြီးအာဇာဝကမှာလည်းကောင်း၊ နီးစပ်ရာတပ်ကြပ်တပ်သားများတို့စုရုံးပြီး အသီးသီးထွက်ခွာသွားကြသည်။ လျှပ်တစ်ပြက်အတွင်း လျင်လျင်မြန်မြန် ကြုံတွေ့ရသည့်အရေးများကြောင့် မူလစီစဉ်ထားသည့်အတိုင်း ဗိုလ်ချုပ်နေဝင်းမြို့မှိုင်း မိမိတို့တပ်စုကို ကွပ်ကဲဦးစီး၍ စည်းကမ်းတကျ စစ်ထွက်ခြင်း မပြုနိုင်တော့ပါ။

ဗိုလ်လှညွန့်မှာ ကျန်ရှိသော ရဲဘော်တစ်ချို့နှင့်ရိက္ခာများ၊ ချက်ပြုတ်စရာအိုးခွက်ပစ္စည်းများကို အလောတကြီး မြင်းပေါ်တင်ခိုင်းခြင်း၊ လက်နက်များစုဆောင်းခိုင်းခြင်းနှင့် ချေးပေါက်ချေးသီးများစွာနှင့် စီစဉ်လုပ်ကိုင်နေရပါသည်။ ပြီးမှ ချီတက်ကြပါသည်။ ဗိုလ်လှညွန့်ချီတက်သွားလေရာ ဘေးတစ်ဖက်တစ်ချက်တွင် ဂျပန်ရိက္ခာတပ်၊ စစ်ပစ္စည်းတပ်၊ ထောက်ပံ့ရေးတပ်ဆွယ်များရှိသည့်အတွက် ပတ်ဝန်းကျင်တွင် ဂျပန်ကင်းပုန်းများ ချထားလျှက်ရှိသည်။ ထိုကဲ့သို့ ကန်ဘောင်ရိုးမှ စုချီတက်သွားစဉ် ကင်းပုန်းတစ်ခုနှင့် ပက်ပင်းတိုးမိသည်။

ယင်း ကင်းပုန်းမှ စစ်ဆေးမေးမြန်းခြင်းကို ဗိုလ်လှညွန့်က မြန်မာ့တပ်မတော်ဖြစ်ကြောင်း၊ အင်္ဂလိပ်တပ်များနှင့် တိုက်ခိုက်ရန် ခရီးရှည်ချီတက်လေ့ကျင့်ခြင်းပြုနေကြောင်းကို ဂျပန်စကားမြန်တစ်ဦးမှတစ်ဆင့် ရှင်းလင်းပြောပြနေပါသည်။ ထိုကဲ့သို့ ပြောဆိုနေသဖြင့် သူတို့စခန်းကို လာရောက်ပြောဆိုရန် ဂျပန်က ခေါ်ယူသဖြင့် ဗိုလ်လှညွန့်နှင့် ရဲဘော်(၂)ဦး ဂျပန်ကင်းတွေအဒီး သွားရောက်ချိန်တွင် နောက်မှပါလာသော ရဲဘော်တပ်ကြပ်တစ်ဦးက စိုးရိမ်လာကာ တပ်ဖြန့်နေရာယူ တိုက်ခိုက်ရန် အမိန့်ပေးတဲ့အတွက် စတင် တိုက်ပွဲဖြစ်ပွားပါတော့သည်။

အဲဒါကြောင့် ဗိုလ်လှညွန့်နှင့် ရဲဘော်တွေလည်း ဂျပန်ကင်းအဖွဲ့ဆီ မသွားတော့ဘဲ တပ်ဖြန့်နေရာယူကြပါသည်။ ၎င်းနေရာမှာ ချောင်းကန်ဘောင်ရိုးဖြစ်သည့်အတွက် ကန်ဘောင်ရိုးတစ်လျှောက်မှာဘဲ နေရာယူတပ်ဖြန့်ကြပါသည်။ ဗိုလ်လှညွန့်နောက်နားမှာ ရဲဘော်များမှာ ရင်လောက်အထိနက်သော ရေအိုင်တွင် ဆင်းမိသည့်အတွက် ရေနစ်မတတ်ဖြစ်လို့ အလန့်တကြား ဖော်မိသည်။

လက်နက်တစ်ချို့လည်း ရေတွင် လွတ်ကျလိုလွတ်ကျနှင့် တည်တည်ငြိမ်ငြိမ် နေရာယူပြီး မခုခံနိုင်ပေ၊ ပတ်ဝန်းကျင်ရှိ ဂျပန်ကင်းစောင့်များထံမှ အဆက်မပြတ်ပစ်ခတ်မှုကိုသာ ခံစားနေရပါသည်။ ကန်ဘောင်ရိုးဖြစ်နေသည့်အတွက် တစ်ကြောင်း၊ ညအချိန်လည်းဖြစ်နေပြန်၊ မြေအနေအထားကလည်း ချောင်းကန်ဘောင်ရိုး အသွားအလာခက်အောင် ရေတွေရှိနေ၊ ပြီးတော့ ဂျပန်ကလည်း သဲသဲမဲမဲ ခေါင်းမဖော်နိုင်အောင် ပစ်နေပြန်ဆိုတော့ တပ်တွေကို စနစ်တကျ မကွပ်ကဲနိုင်မီ တပ်တွေ ဖရိုဖရဲ ဖြစ်သွားသည်။

ဂျပန်ကင်းနှင့် နီးကပ်နေသည့် ဗိုလ်လှညွန့်နဲ့ ရဲဘော် (၄၊ ၅)ဦးခန့်မှာ ဂျပန်ရဲ့ပစ်ခတ်မှုအောက်မှာ ဘယ်လိုမှ မရှုသာမရှိုက်သာအောင် ဖြစ်နေပေမယ့် တာရှည်နေလို့တော့ မဖြစ်တဲ့အတွက် ရေထဲနစ်မသွားအောင် တစ်ဦးနှင့်တစ်ဦး ဆက်သွယ်မိစေရန် ပင်ပန်းတကြီး သတိနှင့်ရွေ့လျားလာခဲ့ရပါသည်။ သေနတ်များမှာလည်း ရွှံ့နွံ့ရေထဲကျခဲ့သည့်အတွက် ပစ်မရအောင် ဖြစ်သွားရပါသည်။ တစ်ချို့သေနတ်တွေလည်း ရေထဲကျကျန်ခဲ့သည်။

www.burmeseclassic.com



နာရီဝက်ခန့်ကြာသွားတော့ ဂျပန်သေနတ်သံဟာ သဲသဲမဲမဲ မီးကုန်ယမ်း ပစ်နေရာမှ တစ်ချက်ချင်း ဟိုပစ်ဒီပစ် မှန်း မှန်း ပစ်နေတော့သည်။ သေနတ်သံများ နှင့်ကင်းဝေးအောင် ရေမြောင်းအတိုင်းဝပ်၍ နောက်ပြန်ဆုတ်ပြီးလျှင် အမြောက်ကြီး တပ်စခန်းကို ပြန်လည်ဝင်ရောက်ခဲ့သည်။ တပ်ထဲမှာပဲ တစ်ညတာမျှ ခိုအောင်းကြ ပါသည်။

အမြောက်တပ်ထဲရောက်တော့ တပ်ထဲမှာ ဗိုလ်လှညွှန့်အစုမှလွဲပြီး ဘယ်သူ မှမရှိတော့ပါ။ အကယ်၍ ဂျပန်တပ်များဝိုင်းလာရင်လည်း အမြောက်ကြီး (၂)လက် နှင့် ပြန်လည်ပစ်ခတ်မယ်ဟု ဆုံးဖြတ်ထားကြသည်။

အားလုံး၏ တွက်ကိန်းအရ ဂျပန်တပ်များလည်း ညတွင်းချင်း အမြောက် ကြီးတပ်တွင်းသို့ ထိုးဖောက်ဝင်ရောက်လိမ့်မည်ဟု မထင်သည့်အတိုင်းဘဲ တစ်ညလုံး ဂျပန်တစ်ယောက်မှ မဝင်ခဲ့ပါ။ မနက် ဝေလီဝေလင်းကျမှ ဂျပန်တပ်စိပ် (၂)စိပ်ခန့် ဝင်ရောက်လာသည်ကို အမြောက်ကြီးကတုတ်အတွင်းမှ တရိပ်ရိပ်မြင်ကြရတဲ့ အတွက် ဗိုလ်လှညွှန့်နဲ့ ရဲဘော် (၅)ဦးမှာ တောင်ဘက်စူးစူးမှ ဘုရားကြီးဘက် ရိက္ခာများထားရာ ကျောင်းဝင်းဘက်ကို ဆုတ်ခွာသွားကြပါသည်။

ထိုကျောင်းဝင်းအတွင်းရှိ ကျောင်းများအတွင်း ရဲဘော်တစ်ချို့ ရောက်နေ ကြသည်။ စုစည်းမိသည့် တပ်များအားလုံးကို ဗိုလ်ကုသလက ထိန်းသိမ်းပြီး စီမံခန့်ခွဲ နေရာချထားပေးပါတယ်။ (၂ ရက်၊ ၃ ရက်)အတွင်းမှာ ရဲဘော် (၁၅)ဦးကျော်မျှ စုစည်း မိလာပါတယ်။ ပြင်ဦးလွင်ကို ဗိုလ်မှူးဗထူး လွှတ်ထားသည့် တပ်ကြပ်ကြီး မင်းမောင် နှင့် ရဲဘော်နှစ်ဦးများလည်း မန္တလေးကို ပြန်လည်ရောက်ရှိလာပါသည်။

ဗိုလ်လှညွှန့်နှင့် တပ်ကြပ်ကြီး မင်းမောင်မှာ စုစည်းမိသမျှ ရဲဘော်များနှင့် တိုင်ပင်၍ ရှေ့ဆက်လက်ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများအတွက် ဗိုလ်မှူးထံ သွားရောက်တွေ့ဆုံဖို့ စီမံကြပါသည်။

ဗိုလ်လှညွှန့်နှင့် ရဲဘော် (၂)ဦး ဗိုလ်မှူးထံ သွားရောက်တွေ့ဆုံပါသည်။ ဖြစ်ပျက်ကြုံတွေ့ရသမျှကို စုပေါင်းအစီရင်ခံကြပါသည်။

စုဆောင်းမိသမျှ ရဲဘော် (၂၀)ခန့်နှင့် ခိုအောင်းတပ်စွဲထားသည့် နေရာမှာ ပင် ပြောက်ကျားစနစ်နှင့် ဂျပန်များကို တော်လှန်တိုက်ခိုက်ရန် ဗိုလ်မှူးက ညွှန်ကြား သည်။ ဗိုလ်မှူးဗထူးက ဗိုလ်ကြီးအာဥ္စဝကနဲ့ ရဲဘော်များမန္တလေးမြို့အနီး ရှိနေလိမ့် မည်ဟု ယူဆကာ ဗိုလ်ကြီးအာဥ္စဝကနှင့် ပြန်လည်ဆက်သွယ်ရန် ကြိုးစားကြဖို့ ဗိုလ်လှညွှန့်ကို ညွှန်ကြားလိုက်သည်။





ဗိုလ်မှူးဗထူး၏ ညွှန်ကြားချက်အတိုင်း ဗိုလ်ကလေးဗိုလ်လှညွှန့်နှင့် တပ်ကြပ်ကြီးမင်းမောင်တို့ဦးစီး၍ ဘုရားကြီးအရှေ့ဘက်ရှိ ဘုန်းကြီးကျောင်းဝင်း အတွင်း ရဲဘော်များ ခေန်းချခိုအောင်းပြီး ဂျပန်ဖက်ဆစ်တပ်များကို ပြောက်ကျား စနစ်နှင့် တိုက်ခိုက်နေကြသည်၊ ညအခါများတွင် အလှည့်ကျ ရဲဘော် (၃၊ ၄)စုခွဲ၍ တပ်ဆုတ်လာကြသည်။ ဂျပန်များကို ပစ်ခတ်တိုက်ခိုက်ကြခြင်း၊ တစ်ဖက်တစ်လမ်းမှ ကွဲကွဲပြားပြား ဖြစ်နေသည့် ရဲဘော်များကို ပြန်လည်စုဆောင်းခြင်းဖြင့် အချိန်ကုန်ခဲ့ ပါသည်၊ တစ်စနှင့်တစ်စ ရဲဘော်များ ပြန်လည်စုစည်းမိလာပါသည်။

တစ်ညမှာ ဗိုလ်ကလေးဗိုလ်လှညွှန့်နှင့် ရဲဘော်များခိုအောင်းနေရာ ဘုရားကြီးဝင်းအတွင်းသို့ ဂျပန်တပ်တစ်တပ် ဝင်ရောက်တပ်စွဲလိုက်ပါသည်။ ထို တပ်က ဂျပန်များကို မြန်မာ့တပ်မတော်သားများ ပြောက်ကျားစနစ်ဖြင့် တော်လှန် နေကြောင်း သိရှိပြီးဖြစ်၍ မြန်မာတွေကို လုံးဝယုံကြည်စိတ်ချမှုမရှိပါ။

တစ်နေ့တွင် တပ်ဆုတ်လာသော ဂျပန်တပ်မှပစ္စည်းများ စုပုံထားရာသို့ ဂျပန်များလစ်ပြီအထင်နှင့် ဘုရားကြီးဝင်းအတွင်းရှိ လောဘဇောရှိနေသော အရပ် သားမြန်မာအချို့က ဝင်ရောက်ယူငင်ကြသည်၊ ဂျပန်တွေကသိရှိပြီး မထိန်းနိုင်၊ မသိမ်းနိုင်အောင် ဒေါသထွက်၍ စောင်းတန်းနှင့်ဇရပ်ကြီးများတွင် နေထိုင်ကြသူများ ကို ရက်စက်စွာသေနတ်ဖြင့် ပစ်သတ်ကြပါတော့သည်။ ပြီး ဂျပန်က ကင်းတစ်ဖွဲ့လျှင် နှစ်ဦးကျစီဖွဲ့၍ ကင်းပုန်း (၄၊ ၅၊ ၆)ခုခန့် ဘုရားကြီးပတ်ဝန်းကျင်တွင် ချထားပါ သည်။

ထိုသို့ ရက်စက်စွာသတ်ဖြတ်အနိုင်ကျင့်နေတာကြောင့် တပ်ကြပ်ကြီး မင်းမောင်မှာ မခံမရပ်နိုင်အောင် ဖြစ်လာပြီး၊ ပြောက်ကျားစနစ်ဖြင့် ဂျပန်ကို လောလောဆယ်တိုက်ခိုက်လိုကြောင်း ဗိုလ်လှညွှန့်ကိုတင်ပြပါသည်။ ဤသို့တိုက်ခိုက် ပါက မြန်မာများ ပြန်လည်၍ အသတ်ခံရဦးမယ်၊ ထို့ပြင် မိမိတို့မှာ လက်နက်လည်း မပြည့်စုံ၊ ရဲဘော်များလည်း အကွဲကွဲအပြဲပြဲ ဖြစ်နေလို့ လူအင်အားနည်းနေ၊ ထိုအချိန် တွင် မတိုက်သင့်ဘဲ တပ်ဆုတ်လာသော ဂျပန်တပ်ခွဲတွေကိုသာ ခြွေစစ်စနစ်ဖြင့် တိုက်ခိုက်ရန် လိုအပ်ကြောင်း ဗိုလ်ကလေးဗိုလ်လှညွှန့်က ဖျောင်းဖျလိုက်သည်။

ရဲဘော်များခိုအောင်းရာ ကျောင်းအသီးသီးသို့ ဟန်မပျက် လူခွဲသွားကြပြီ ဂျပန်များထောင်ထားသော စက်ဘီးနှင့်ပစ္စည်းများကို အရပ်သားများက ဂျပန်များ လစ်ပြီအထင်နှင့် ဝင်ရောက်ဆွဲယူကြသည်။ ဂျပန်များက လူများကို သေနတ်နှင့် ထပ်မံပစ်သတ်ကြသည်။ ဤသည်ကို ကြားသိရသည့် တပ်ကြပ်ကြီးမင်းမောင်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ကလေးဗိုလ်လှညွန့်ကို အသိမပေးဘဲ ရဲဘော်နှစ်ဦးနှင့်အတူ ဂျပန်ကင်းပုန်းများကို အလစ်ဝင်ရောက်တိုက်ခိုက်ရန် ဘုရားကြီးအရှေ့ရပ်ရှိ ကိုးခမ်းဇရပ်ကြီးနားသို့ ချဉ်းကပ်သွားကြသည်၊ ၎င်းတို့၏ လှုပ်ရှားမှုကိုမြင်သော ဂျပန်ကင်းပုန်းတစ်ခုက ပစ်ခတ်လိုက်သဖြင့် ရဲဘော်တစ်ဦးနှင့် တပ်ကြပ်ကြီးမင်းမောင်မှာ ကျဆုံးသွားရရှာတော့သည်။

ထိုသတင်းကြားရသောအခါ ဗိုလ်ကလေးဗိုလ်လှညွန့်လည်း မခံမရပ်နိုင်ဖြစ်ကာ တပ်ခွဲအားတိုက်ခိုက်ရန် ပြင်ဆင်နေစဉ် ရဲဘော်များနှိုးအောင်းရာ ကျောင်းတိုက်မှ ဘုန်းကြီးများက ယခုအင်အားမျှဖြင့် ဝင်ရောက်တိုက်ခိုက်လျှင် ဂျပန်တပ်စွဲထားသော နေရာတဝိုက်ရှိ ရဟန်းရှင်လူအများအပြား သေကျေပျက်စီးမည့် အပြင် အနီးအပါးသွားရာ လမ်းတစ်လျှောက်လုံးရှိ လူများကို ဂျပန်များထင်ရာစိုင်း အနိုင်ကျင့်တော့မှာမို့ ခါတိုင်းလို ညမှ တပ်ဆုတ်လာသော ဂျပန်များကို ပြောက်ကျားစနစ်နှင့် ဆက်လက်လက်စားချေရန် ကောင်းပန်ပြောကြားကြပါသည်။

ဗိုလ်ကလေးဗိုလ်လှညွန့်သည် ဖြစ်ပေါ်ခံစားရမည့် အခြေအနေအဝဝကို သုံးသပ်ကာ နဂိုအတိုင်း ညများတွင် ကင်းပုန်းချ၍ ပြောက်ကျားစနစ်ဖြင့် တပ်ဆုတ်လာသမျှ တွေ့သမျှသော ဂျပန်များကို ကျဆုံးခဲ့လေပြီးသော တပ်ကြပ်ကြီးမင်းမောင်နှင့်ရဲဘော်များအတွက်လည်းကောင်း၊ တိုင်းသူပြည်သားများအတွက်လည်းကောင်း၊ လက်စားချေသည့်အနေနှင့် တိုက်ခိုက်လျက်နေပါသည်၊ တပ်ကြပ်ကြီးမင်းမောင်နှင့် ရဲဘော်များအတွက် ဦးကုသလပင် ကျောက်တိုင်တစ်တိုင်ကို ကျဆုံးသည့်နေရာမှာပင် စိုက်ထူလိုက်ပါသည်၊

မတ်လ (၈)ရက်နေ့ မတိုင်ခင်ကတည်းက ဗဟာတ်တောရွာအနီးရှိ ကြီးမှဲ့ကြေးနန်းစခန်းတွင် ကိုမောင်မောင် (နောင်ဗိုလ်မှူးကြီးတင်စိုး) ရောက်ရှိနေပါသည်၊ မတ်လ (၉)ရက်နေ့တွင် ကိုမောင်မောင်သည် ကောင်ပင်လယ်စခန်းကိုရောက်နေသည့် ဗိုလ်မှူးဗထူးနှင့် ဆက်သွယ်မိသည်။ နောက်တစ်နေ့မှာ ဗိုလ်မှူးဗထူးနှင့်အဖွဲ့သည် ဒဟာပ်တော ကြီးမှဲ့ကြေးနန်းစခန်းကို ရောက်ခဲ့သည်၊

ဗိုလ်မှူးဗထူး ဤစခန်းကိုရောက်လာသောအခါ ရွာလူထုမှာပိုပြီး အလုပ်များသွားပါသည်။ ဗိုလ်မှူးဗထူးနှင့်သူ့အဖွဲ့ လုံခြုံမှုအတွက်ပါ တာဝန်ယူရပြန်ပါသည်၊ အထောက်တော်အဖြစ်နှင့်လည်း နယ်ထဲကို နေ့ညမရွေး သွားလာပေးကြရပြန်ပါသည်၊

မတ်လ (၈)ရက်နေ့ညက မျက်ပါးရပ် အမြောက်ကြီးတပ်မှ တပ်များအား





ဂျပန်များမသိအောင် ပိပိရိရိ ကွန်မြူရရ တပ်ပျောက်ရန် စီစဉ်ထားသော်လည်း မမျှော်လင့်သည့် အဖြစ်အပျက်ကြောင့် ဂျပန်နှင့်တိုက်ရင်း တပ်တွေဆုတ်ခွာလိုက်ရသည့်အတွက် ရဲဘော်များ ကစင့်ကလျား ဖြစ်သွားပါသည်။ ထိုရဲဘော်များကို ပြန်လည်စုစည်းရန် ဗိုလ်မှူးဗထူးက အမြန်ဆုံးစီစဉ်ရသည်၊ တစ်ဖန် နယ်မှဖြန့်ပြီးချထားသော တပ်များနှင့်လည်း အဆက်အသွယ်လုပ်နေရသည်၊ ဂျပန်ကို လစ်လျှင်လစ်သလို ပြောက်ကျားဆင်ဖို့ ညွှန်ကြားပေးနေရပါသည်၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် ကြိုတင်ညှိနှိုင်းစီစဉ်သည့် ဗိုလ်မှူးဗထူး၏ စစ်ကျေညာချက်များကိုလည်း နယ်ထဲတွင် ပလူပျံအောင် ဖြန့်ဝေရန် စီစဉ်ပေးနေရသည်။

ဗိုလ်မှူးဗထူးအနေနှင့် အထက်မြန်မာပြည် တိုင်းတပ်တွေသည် ဂျပန်ကို တော်လှန်ရန် အသင့်ဖြစ်နေသည်။ မဟာမိတ်တွေကလည်း ရွှေဘိုလွင်ပြင်တစ်လျှောက်ကနေ မန္တလေးကို ရှေ့ရှုချီတက်လာနေသောကြောင့် ဖက်ဆစ်ဂျပန်ကို တိုက်ခိုက်ရန် ရင့်မှည့်သည့်အချိန်ဖြစ်သည့်အတွက် ဂျပန်ကို စစ်ကျေညာလိုက်သည်။ ထို့ကြောင့် ဗိုလ်မှူးဗထူးနှင့် သူ့အထက်မြန်မာပြည်တိုင်းက ဂျပန်ကို တော်လှန်ပြီဆိုသည့်ကျေညာချက်ကို ထုတ်ပြန်ရသည်၊ ယင်းကျေညာချက်တွင် ဂျပန်တင်မက အဓိပတိ ဒေါက်တာဗမော်အစိုးရနှင့် ဗိုလ်ချုပ်အောင်ဆန်းကိုပါ တစ်ပါတည်း ဂျပန်တို့နှင့်ပူးပေါင်းထားပြီး စစ်ကျေညာလိုက်သည်၊ အကယ်၍ ဗိုလ်ချုပ်အောင်ဆန်းကို စစ်မကျေညာခဲ့သော် ဗိုလ်ချုပ်အောင်ဆန်း၏ လက်ရာတွေအဖြစ်နှင့် ဗိုလ်ချုပ်နှင့်တကွ အလယ်အောက်မြန်မာပြည်ရှိ တပ်များကို ဂျပန်က လက်နက်ဖြုတ်တိုက်ခိုက်ချေမှုန်းမည်၊ ယင်းအန္တရာယ်ကို ကြိုတင်ကာကွယ်သည့်အနေနှင့် ဗိုလ်မှူးဗထူးက သူ့တပ်များကို ဗိုလ်ချုပ်အောင်ဆန်းနှင့် ခွဲပစ်လိုက်ပြီး ဗိုလ်ချုပ်နဲ့ သူ့တပ်များကို ဂျပန်နှင့် တစ်ပေါင်းတည်းအဖြစ် ပေါင်းပေးလိုက်သည့် ပရိယာယ်ဝေဝုစ်ဆင်လိုက်တဲ့ စစ်ကျေညာချက်ဖြစ်သည်၊

## သမိုင်းတွင်ရစ်မည့် ကျေညာချက်

ရဲဘော်တို့

ငါတို့တစ်တွေသည် တိုင်းပြည်လွတ်လပ်ရေးအတွက် ငါတို့ အသက်ကိုပင် ပဓာနမထားဘဲ တပ်မတော်သားများပီပီ တာဝန်ထမ်းဆောင်ခဲ့ကြကြောင်း အများသိကြသည်၊

ဖက်ဆစ်ဂျပန်တွေသည် ငါတို့လူမျိုးများကို အမျိုးမျိုးညှဉ်းဆဲသတ်ဖြတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com

ဒါတို့ကို လွတ်လပ်ရေးမပေးဘဲ ငါတို့ကို ကျွန်သဘောက်အဝကို ပို့ဆောင်ခဲ့ကြ ကြောင်း၊ ဘမော်နဲ့အောင်ဆန်း အမှူးပြုသည့် မြန်မာရုပ်သေးအစိုးရနဲ့ စစ်တပ်သည် ဂျပန်တွေရဲ့ ညှဉ်းပန်းနှိပ်စက်မှုတွေကို ကာကွယ်ပေးနိုင်လိမ့်မည်ဟု ငါတို့ယုံကြည် အားထားခဲ့ကြကြောင်း၊ သို့သော် ယခုအထိ သူတို့သည် မည်သည့် ကာကွယ်မှုကိုမျှ ပြုလုပ်မပေးနိုင်၊ ငါတို့သည် ဤအတိုင်းခေါင်းငုံ၍ ခံမနေနိုင်တော့။

ထို့ကြောင့် (၁၉၄၅)ခု၊ မတ်လ (၈)ရက်နေ့မှစ၍ ငါ၏လက်အောက်တွင်ရှိ စစ်ကိုင်း၊ မန္တလေး၊ သီပေါစသော နယ်မြေများရှိ တပ်များသည် ဖက်ဆစ် တိုက်ဖျက် ရေး၊ ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ကြီးနှင့် ပူးပေါင်းလျက် ဖက်ဆစ်ဂျပန် တို့အား စတင်တိုက်ခိုက်ကြောင်း စစ်ကြေညာလိုက်သည်။

ရဲဘော်တို့ ဖက်ဆစ်ဂျပန်လူရိုင်းများအား တွေ့ရာသင်္ချိုင်းမဆိုင်းဘဲ သုတ်သင်ကြလော့။


ဗိုလ်မှူးဗထူး
မြန်မာ့တော်လှန်ရေးတပ်မတော်
အထက်မြန်မာပြည်

(အထက်ပါ ကြေညာချက် ထွက်လာပြီးနောက် ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်ကလည်း ဗိုလ်မှူးဗထူးကို သစ္စာဖောက်တပ်မတော်၊ တော်လှန်ပုန်ကန်သူ များအဖြစ် ကြေညာလိုက်သည်။ ယင်းကြေညာချက်အပေါ် ဂျပန်များက တကယ် ယုံကြည်ပြီး ဗိုလ်မှူးဗထူးနှင့် ဗိုလ်ချုပ်အောင်ဆန်းကို ခွဲမြင်ကြသည်။ ထို့ကြောင့် ကြေညာချက်သည် ဂျပန်များကို ငိုက်မျဉ်းစေခဲ့ပါသည်။ (၁၉၄၅)ခု၊ မတ်လ (၁၇)ရက် မှာ မိတ္တီလာမှာ မိဟူလူမျိုးအင်္ဂလိပ် အမေရိကန်များကို စစ်ထွက်တိုက်မည်ဆိုသော လိမ်လည်တဲ့ စစ်ကြေညာချက်နှင့် ဣန္ဒြေရရ စစ်ထွက်နိုင်ခဲ့ပါသည်။)

ယင်းသို့ ဗိုလ်မှူးအနေနှင့် နေ့မအိပ်၊ ညမအိပ် အလုပ်များနေသည့် ကြား ထဲက မဟာမိတ်ရှေ့တန်းတပ်တွေနှင့် အဆက်အသွယ်ရရေးကိုလည်း ကြိုးစားရ သည်။ ကိုထွန်းရင်အစရှိသော ရဲဘော်များကိုလွှတ်၍ ဆက်သွယ်စေခဲ့သည်။ သို့သော် မဟာမိတ်ဆိုသည့် အင်္ဂလိပ်တွေက ပြန်မလွှတ်ဘဲ ဖမ်းဆီးချုပ်နှောင်ခဲ့ပါ သည်။

အက်ဖ် (၁၃၆) ဗဟိုနှင့်တော့ တရားဝင်ဆက်သွယ်မှုရှိနေပြီး ရှေ့တန်းနှင့် ကျမှ ရဲဘော်များ ဖမ်းလားဆီးလားလုပ်ခြင်း ခံနေရတာကို ဗိုလ်မှူးအနေဖြင့် မကျေ





ဗိုလ်ဗထူး

www.burmeseclassic.com

www.burmeseclassic.com



မနုပ်ဖြစ်ခဲ့သည်၊ သို့သော် စိတ်ပျက်မနေဘဲ ဆက်သွယ်မှုရရှိရေးကို မရပ်မနား ကြိုးစားလျက်ရှိသည်။ နောက်ဆုံး ကိုမောင်မောင်အား ထိုတာဝန်ကို ပေးပြန်သည်။

(၁၉)အိန္ဒိယတပ်၏ ရှေ့တန်းတပ်ဆွယ်ကင်းစခန်းသည် တကယ်တမ်းကျတော့ ဒဟပ်တောရွာနှင့် သိပ်မဝေးလှပါ၊ ဒဟပ်တောရွာမှာ ရန်သူဂျပန်များရှိမည်အထင်နှင့် ဒဟပ်တောရွာကို ရောက်မလာကြသေးပါ၊ မဟာမိတ်တပ်များသည် မတ္တရာ၊ မန္တလေးကားလမ်းမကြီးကို ကျော်ပြီးမလာရဲသေးပါ။ ကဘိုင်မှာ သူတို့ရှိုးလုပ်ထားပါသည်။

ကိုမောင်မောင်သည် လက်နက်မပါဘဲ ဣန္ဒြေရရနှင့်ပင် ကင်းစခန်းသို့ ဝင်သွားပါသည်၊ ကင်းစခန်းကို ရောက်သည့်အခါ ကင်းက ဖမ်းဆီးစစ်ဆေးပါသည်၊ မိမိသည် ဂျပန်တော်လှန်ရေးသမားတစ်ဦးဖြစ်ကြောင်း ပြောပြပြီး ဂျီအက်စ်အိုင်ကေ (G.S.I.K) ဆိုသည့် စကားဝှက်ကို ပြောပြလိုက်သည်၊ မဟာမိတ်နှင့် ဆက်သွယ်လျှင် အသုံးပြုဖို့ အက်ဖ် (၁၃၆)က ပေးထားသည့် စကားဝှက်ကို ပြောပြပေမယ့် ရှေ့တန်းကင်းစခန်းမှ အိန္ဒိယစစ်သားတွေက မသိကြဘူး။ အဲဒါကြောင့် သူတို့တာဝန်ခံအရာရှိနဲ့တွေ့ချင်တယ်လို့ တောင်းဆိုလိုက်သည်၊ နောက်ဆုံး ကဘိုင်က သူ့တို့ရှေ့တန်းဌာနချုပ်ကို ပို့လိုက်သည်။ ထိုနေရာတွင် အချုပ်ခန်းထဲထည့်ပြီး မထားပေ၊ လက်နက်ကိုင် အစောင့်တွေချထားသည်၊ အရာရှိတစ်ယောက်၏ အစစ်အဆေးခံရသည်၊ ထိုအရာရှိကို မိမိသည် ဂျပန်တော်လှန်ရေးသမား ဖြစ်ကြောင်းပြောပြီး မဟာမိတ်တွေနှင့်ဆက်သွယ်မှုပေါင်း၍ ဂျပန်ကို တိုက်ခိုက်လိုကြောင်း ပြောကြားဖို့ တာဝန်နှင့်လာကြောင်း စသည်ဖြင့် ကိုမောင်မောင်ကပြောသည်။ သူတို့ကတော့ "မားဂွီး"ပဲ ဖြစ်မှာပဲဆိုတဲ့ ထင်မြင်ချက်နဲ့ အချင်းချင်းပြောဆိုနေကြတယ်။ "မားဂွီး" ဆိုတာ ပြောက်ကျားဟု လျို့ဝှက်ခေါ်သော စကားဝှက်ဆိုသည်ကို နောက်မှသိရသည်။ "ဂျီအက်စ်အိုင်ကေ"ဆိုသည့် စကားဝှက်ကိုစွကို သူတို့အဆင့်ဆင့် ဆက်သွယ်မှုကြောင့် ကိုမောင်မောင်သည် ရန်သူ့လူ မဟုတ်ကြောင်း စိတ်ချယုံကြည်သွားသည်၊

နောက်တစ်နေ့ ပြန်လာခဲ့ပါဦး သူတို့တာဝန်ခံ ခရီးလွန်နေလို့ဆို၍ မုံကြား ပြီးကောင်းမွန်စွာ ကျွေးမွေးပြုစုကာ ကိုမောင်မောင်ကို ပြန်ခွင့်ပြုလိုက်သည်၊

ကိုမောင်မောင် အနှောင့်အယှက်မရှိဘဲ တပ်စခန်း ပြန်ရောက်လာတော့ ထိုအကြောင်းများကို ဗိုလ်မှူးဝထူးအား အစီရင်ခံလိုက်သည်။ ဗိုလ်မှူးကတော့ အရင်လူတွေလိုများ ဖမ်းထားလေဦးမလားဟုတွေးပူနေတုန်း ကိုမောင်မောင် ပြန်ရောက်ခဲ့သည့်အတွက် အပူလုံးတစ်လုံး ကျသွားသည်၊





ဗိုလ်မှူး၏ တာဝန်ပေးချက်အရ ကိုမောင်မောင်ဟာ နောက်တစ်နေ့မှာ ကဘိုင်ခရီးစဉ်သို့ ဒဟပ်တောစခန်းက စထွက်ခဲ့သည်၊ ယင်းနေ့တွင် ဒဟပ်တောရွာထဲတွင် အိန္ဒိယစစ်သားများကို မမျှော်လင့်ဘဲတွေ့ရသည်၊ မနေ့က တွေ့ခဲ့သည့်ရှေ့တန်း ကင်းတပ်ရဲဘော်တွေ ဒဟပ်တော်မှာ ဂျပန်တွေမရှိတော့ဘူးလို့ ကိုမောင်မောင်ရဲ့ ပြောကြားချက်အရ ဒဟပ်တောကို ကင်းလှည့်ရောက်လာခြင်းဖြစ်ပါသည်၊

ဗိုလ်မှူးဝထူးသည် တောစခန်းမှာတော့ ဤကင်းတပ်သားတွေနှင့် မတွေ့ပါ။ အနီးအနားမှာ မဟာမိတ်ရဲ့ ကြိုးမဲ့ကြေးနန်းစခန်းရှိသည်ဆိုတာကိုလည်း ဒဟပ်တောရွာလူထုက အိန္ဒိယစစ်သားများကို ပြောမပြဘဲ လျှို့ဝှက်ထားသည်။ ကိုမောင်မောင်နှင့် ကင်းရဲဘော်တွေ မျက်နှာတမ်းမိနေကြပြီဖြစ်သည့်အတွက် ကိုမောင်မောင် ကဘိုင်ရောက်သွားသည့်အခါ အခက်အခဲ မရှိတော့ပါ၊

ကဘိုင်ရောက်သည့်အခါမှာ မေဂျာမူဒီ (အင်္ဂလိပ်လူမျိုး)နှင့် တွေ့သည်၊ သူက ဂျီတူး (G-2)အဆင့်ရှိသည့် ဗိုလ်မှူးတစ်ယောက်ဖြစ်သည်။ ထိုအချိန်မှာ အင်္ဂလိပ်စစ်တပ်က မန္တလေးနန်းတွင်းနှင့် မြို့ထဲမှာရှိသော ဂျပန်တွေကို ဝိုင်းကြံ၊ အမြောက်နှင့် ပစ်ခတ်နေကြသည့် အချိန်လည်းဖြစ်သည်၊ "ပြည်သူတွေရဲ့ အသက်အိုးအိမ်နှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုများ သေကြေပျက်စီးမှုများ မဖြစ်ရလေအောင် မန္တလေးမြို့သိမ်းရန်တာဝန်ကို ဗိုလ်ဗထူးကပဲ တာဝန်ယူရပါသည်။ လက်နက်ခဲယမ်းမီးကျောက်အကူအညီသာ ပေးပါ။ မြို့ကိုသိမ်းပါမယ်၊ မန္တလေးနန်းတွင်းရှိတဲ့ ဂျပန်ကို ချေမှုန်းဖို့လည်း လက်ပစ်ဗုံး နှစ်သေတ္တာပေးပါ၊ ကျုပ်တို့သိမ်းပေးပါ့မယ်။ ခင်ဗျားတို့ ဝိုင်းကြံစရာ၊ အမြောက်နဲ့ပစ်စရာမလိုဘူး"လို့ ဗိုလ်မှူးဗထူးရဲ့ မှာကြားချက်ကို မေဂျာမူဒီအားတင်ပြပါသည်။ လက်ပစ်ဗုံး နှစ်သေတ္တာနဲ့ နန်းတွင်းရှိ ဂျပန်များချေမှုန်းမယ်ဆိုသော တင်ပြချက်ကို ကြားလိုက်ရသည့်အခါ မေဂျာမူဒီက ပြုံးပါသည်၊ သို့သော် ပြန်ကြားချက် မယ်မယ်ရရမရှိဘဲ ဗိုလ်မှူးဗထူးနဲ့သာ တွေ့ပေးပါလို့ တောင်းဆိုသည်၊

ကိုမောင်မောင်လည်း ဗိုလ်မှူးဗထူးဆီပြန်ပြီး ထိုအကြောင်းသတင်းပို့လိုက်သည်၊ မမှန်ဘူး၊ မယုံကြည်ရဘူး၊ ဖက်ဆစ်ဆန့်ကျင်တဲ့ မြန်မာတွေကို ဖမ်းချုပ်ဖို့စဉ်းစားနေဟန်တူသည်။ သူတို့နှင့် အတွေ့မခံတော့ဘူး၊ အဲဒီ ကြိုးမဲ့ကြေးနန်းစခန်းကိုလည်း မဟာမိတ်တွေဆီ ပြန်အပ်လိုက်၊ ပြီးတော့ အက်ဖ် (၁၃၆)ဌာနချုပ်ဆီလှမ်း၍ အင်္ဂလိပ်ဆက်သွယ်ရေးရာအရာရှိကို မှာလိုက်သဖြင့် ကိုမောင်မောင်ကိုပဲ တာဝန်



www.burmeseclassic.com

www.burmeseclassic.com



ပေးခဲ့ပါသည်။ ဗိုလ်မှူးနှင့်အဖွဲ့ကိုလည်း ကျောက်ဆည်ကို ဆင်းသွားသည်။

ဗိုလ်မှူး၏ ညွှန်ကြားမှုအရ ကိုမောင်မောင်သည် ကသိုင်မြို့သွားပြီး ဗိုလ်မှူးမှုဝိနှံ့ တွေ့ပါသည်။ ဒဟပ်တောရှိသော ကြီးမဲ့ကြေးနန်းစခန်းကို ပြန်ဖတ်လိုကြောင်း ပြောပြလိုက်သည်။ ဘီအိုင်စီ (စစ်ထောက်လှမ်းရေးအဖွဲ့)က မေဂျာပရိုက်အား ကြီးမဲ့ကြေးနန်းစခန်းကို သိမ်းယူရန် ကိုမောင်မောင်နှင့် ထည့်လိုက်သည်။ ကိုမောင်မောင်တို့ စခန်းကိုသွားစဉ် လက်နက်မဲ့ဂျပန်နှစ်ယောက်နှင့် ပက်ပင်းတွေ့ပါသည်။ လက်ရဖမ်းဆီးဖို့ ကိုမောင်မောင်က အကြံပေးပေမယ့် မေဂျာပရိုက်က ပစ်ဖို့အမိန့်ပေးလိုက်သည်။ ကိုမောင်မောင်သည် ရှေ့က လမ်းပြအဖြစ်နှင့် ချီတက်ခဲ့ရသူဖြစ်သည့်အတွက် ဂျပန်နှင့် သိပ်မဝေးပါ။ ပစ်ဆိုသည့်အမိန့်ကြောင့် မေဂျာပရိုက်ကင်းတပ်ဟာ ဒရောသောပါးပစ်ကြတယ်။ ကိုမောင်မောင်က အဝပ်စောလို့သာ၊ ဂျပန်နှစ်ယောက်နှင့်အတူ ကိုမောင်မောင်ပါ အဆစ်ပါသွားပြီး သေပွဲဝင်လိုက်ရမှာ အမှန်ပါ။

ကြိုးမဲ့ကြေးနန်းစခန်းမှာ မြန်မာပြည်ပေါက် ချန်ကေရှိတ်တရုပ်ကလေး (၂)ယောက်ရှိသည်။ သူတို့က ကြိုးမဲ့ကြေးနန်းသမားဖြစ်ပါတယ်။ မြန်မာပြည်ပေါက်များဖြစ်သည့်အတွက် မြန်မာစကားကိုလည်း ပီပီသသပြောနိုင်သည်။ အင်္ဂလိပ်စကားလည်းတတ်သည်။ မြန်မာလိုနာမည်တွေကို ပေးထားပါသည်။ တစ်ယောက်က ကိုထွန်း၊ နောက်တစ်ယောက်က ကိုနီ။

ကြိုးမဲ့ကြေးနန်းစခန်းအပ်ပြီးနောက် ဗိုလ်မှူးမှာကြားထားသည့် အက်ဖ် (၁၃၆) ဆက်သွယ်ရေးအရာရှိကို စောင့်နေပါသည်။ တစ်နေ့မှာ ကျောက်ဆည်သခင်တင်ရွှေနှင့် ဗိုလ်ကြီးအဆင့်ရှိ ကပ္ပတိန်ဆော်လီတို့ ရောက်လာကြပါသည်။ ဆင်ရှာကြီးမှာ သခင်တင်ရွှေနှင့်ဆက်သွယ်မိသည့်အခါ ကျောက်ဆည်မြို့နှင့် မနီးမဝေးစခန်းတစ်ခုရောက်နေသည့် ဗိုလ်မှူးဗထူးဆီသို့ သခင်တင်ရွှေ၊ ဗိုလ်ကြီးဆော်လီတို့နှင့်အတူ တောလမ်းမှ ချီတက်ခဲ့ကြသည်။

ဗိုလ်မှူးဗထူးနှင့် တွေ့ကြတော့မှ အခြေအနေတွေ ဆွေးနွေးကြသည်။ ဆက်သွယ်ရေးအရာရှိကြီး ဗိုလ်ကြီးဆော်လီရဲ့ ဆက်သွယ်ပေးမှုအရ ဗိုလ်မှူးဗထူးနှင့် ဂျင်နရယ် ဝရေဗီ (အင်္ဂလိပ်ဗိုလ်ချုပ်)နဲ့ တွေ့ကြသည်။ ထိုဆွေးနွေးချက်ရဲ့ ရလဒ်ကတော့ ရှမ်းပြည်နယ်စစ်မျက်နှာကို ဗိုလ်မှူးဗထူးက တာဝန်ယူတိုက်ခိုက်ရန် စစ်မျက်နှာခွဲပေးလိုက်သည်။ ပြီးတော့ လက်နက်ခဲယမ်းမီးကျောက်ကိုလည်း အကူအညီပေးမည်ဆိုပြီး ကတိပေးခဲ့ပါသည်။ လက်နက်ခဲယမ်းမီးကျောက်တွေလည်း ကတိအတိုင်း ပေးခဲ့ပါသည်။





ထိုတတည်းက ဗိုလ်မှူးဗထူးနှင့် သူ့တပ်များသည် မဟာမိတ်တပ်များ သွားလာလို့မလွယ်ကူသည့် တောတောင်အထပ်ထပ်ရှိ ဂျပန်ဖက်ဆစ်များကို ရှာဖွေ တိုက်ထုတ်ရင်း အောင်ဘန်းနယ်ထဲသို့ ထိုးဖောက်ခဲ့ပါသည်။ အောင်ဘန်းမြို့ကို သိမ်းပိုက်ရန်အတွက် အစီအစဉ်လုပ်သည်။ ဗိုလ်မှူးဗထူး အောင်ဘန်းမြို့နယ် မြင်းကြာစုရွာအနီး တယ်လူးစခန်းမှာ အပြင်းအထန်မှုများပြီး (၂-၆-၄၅)နေ့မှာ ကွယ်လွန်ခဲ့သည်။

ဗိုလ်မှူးဗထူးရဲ့ စစ်ရေး၊ နိုင်ငံရေး၊ ထွန်းပြောင်ချက်တွေကြောင့် ဗိုလ်ချုပ်အောင်ဆန်းက ဗိုလ်မှူးဗထူးကို ဗိုလ်မှူးအဆင့်မှ ဒုဗိုလ်မှူးကြီးအဆင့်ကိုကျော်၍ ဗိုလ်မှူးကြီးဗထူးအဆင့်သို့ တိုးမြှင့်ပေးလိုက်ပါသည်။ သို့သော် ထိုသို့ ချီးမြှင့်လိုက်သည့် အကြောင်းကြားစာမရောက်ခင် ကွယ်လွန်သွားသည့်အတွက် ထိုအကြောင်းကို သူ မသိလိုက်ရှာပါ။

* * * * * * * *



www.burmeseclassic.com

www.burmeseclassic.com

## ၁၉၄၅–ခု မတ်လ၊ (၁၃)ရက် စစ်ထွက်ခြင်း

ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်မြောက်ရေး အဖွဲ့ချုပ်ကြီးသည် ပြည်တွင်းပြည်ပ စစ်ရေးအခြေအနေများကို သုံးသပ်ပြီး (၁၉၄၅)ခု၊ ဧပြီလ (၄)ရက်နေ့မှာ ဂျပန်ကိုတော်လှန်ရန် သတ်မှတ်လိုက်သည်၊ ဒါပေမယ့် အခြေအနေအရ (၁၉၄၅)ခု၊ မတ်လ (၂၇)ရက်နေ့သို့ ပြင်ဆင်သတ်မှတ်လိုက်ရသည်၊

မိတ္ထီလာတွင်ရှိနေသည့် ဗိုလ်မှူးလေးသောင်းကြည်ဦးစီးသည့် မြန်မာ့တပ်မတော်တပ်ရင်း (၅)လည်း (၁၉၄၅)ခု၊ ဖေဖော်ဝါရီလ (၂၈)ရက်နေ့က မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်တွင် ကြိုတင်တပ်ဖျောက်လိုက်ကာ တပ်ရင်းရုံးကို ဘွဲ့ကြီးရွာတွင်အခြေစိုက်လိုက်ကြသည်။

မဟာမိတ်တို့၏ ထိုးစစ်သည် အထက်မြန်မာပြည်တွင် ပြင်းထန်လျက်ရှိသည့်အတွက် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ဦးစီးကာ မြန်မာ့တပ်မတော်နှင့် အင်္ဂလိပ်၊ အမေရိကန်တို့ကို တိုက်ခိုက်လိုကြောင်း၊ သီးသန့်စာမျက်နှာတစ်ခုဖွင့်ပေးရန် ဂျပန်ဌာနချုပ်ထံ တင်ပြတောင်းဆိုလိုက်သည်။ ဂျပန်စစ်ဌာနချုပ်ကလည်း ဝမ်းသာအားရခွင့်ပြုခဲ့သည်။

ဂျပန်တွေ အရှုံးမီးပိုင်းဖြစ်နေရသည့်အချိန် စစ်မျက်နှာတိုင်းမှာ ဆုတ်ခွာပေးနေရချိန် ဖြစ်တာလည်းတစ်ကြောင်း၊ ဗိုလ်မှူးဝထူး၏ စစ်ကျေညာချက်အပေါ် တုံ့ပြန်တဲ့ စစ်ကျေညာချက်ကို ဗိုလ်ချုပ်က ထုတ်ပြန်ခဲ့သည့်အတွက် ဗိုလ်ချုပ်





အောင်ဆန်းအပေါ် လုံးဝယုံကြည်မှုရှိတာကလည်းတစ်ကြောင်း တို့ကြောင့် ဗိုလ်ချုပ်၏ တင်ပြတောင်းဆိုချက်ကို အတားအဆီးမရှိ ခွင့်ပြုခဲ့သည်၊

အမှန်တော့ ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာ့တပ်မတော်ကို အချိန်မီတပ်ဖျောက်ထားရန် လိုအပ်နေသည့်အတွက် ဂျပန်စစ်ဌာနချုပ်က မရိပ်မိအောင် နည်းပရိယာယ်ကျင့်သုံး၍ (၁၉၄၅)ခုနှစ်၊ မတ်လ (၁၇)ရက်နေ့တွင် ဘောင်ဒရီလမ်းနှင့် ဦးဝိစာရလမ်းတို့ဆုံရာ လမ်းထောင့်ကွင်းပြင် (ယခုတော်လှန်ရေးပန်းခြံ)တွင် တပ်ထွက် အခမ်းအနား ကျင်းပလိုက်သည်၊ တော်လှန်ရေးပန်းခြံတွင် စုဝေးသောတပ်များမှာ

၁။ ဗိုလ်မှူးမောင်မောင်ဦးစီးသော စစ်ဝန်ကြီးရုံး၊

၂။ ဗိုလ်မှူးသိန်းမောင်ဦးစီးသော တပ်ရင်း (၄)၊

၃။ ဗိုလ်မောင်လေးဦးစီးသော တပ်ရင်း (၇)၊

၄။ ဗိုလ်စောစံဖိုးသင်နှင့် ဗိုလ်မှူးစောထွန်းစိန် ဦးစီးသော ကရင်အမျိုးသားတပ်ရင်း (၁)၊ (၂)။

၅။ ဗိုလ်သိန်းတန်ဦးစီးသော စစ်လေ့ကျင့်ရေးတပ်၊

၆။ ဗိုလ်လွန်းတင်ဦးစီးသော စစ်သားစုဆောင်းရေးတပ်၊

၇။ ဗိုလ်ခင်မောင်ကလေးဦးစီးသော စစ်ပစ္စည်းတပ်၊

၈။ ဗိုလ်မှူးကြီးမောင်မောင်ဦးစီးသော စစ်ဆေးရုံတပ်၊

၉။ ဗိုလ်မှူးရှိန်ဦးစီးသော အချက်ပြဆက်သွယ်ရေးတပ်၊

၁၀။ ဗိုလ်မှူးဝင်းဦးစီးသော ထောက်ပံ့ရေးတပ်။

၁၁။ ဗိုလ်ကြီးခင်ညိုဦးစီးသော အမြောက်ကြီးတပ်နှင့် စက်အမြောက်တပ်။

၁၂။ စစ်ဝန်ကြီးကင်းတပ် အစရှိတဲ့ တပ်များဖြစ်သည်၊

နံနက် (၇)နာရီတွင် ဗိုလ်ချုပ်အောင်ဆန်း၊ အဓိပတိဒေါက်တာဘမော်၊ ဂျပန်အကြံပေးအရာရှိချုပ် မေဂျာဂျင်နရယ်ဆကုရိုင်းတို့ ရောက်လာကာ အသီးသီး မိန့်ခွန်းပေးသည်။ ဗိုလ်ချုပ်အောင်ဆန်းလည်း အောက်ပါအတိုင်း မိန့်ခွန်းပြောကြားသည်။

ရဲဘော်တို့ . . . .

အကျယ်ချဲ့ပြီး ရှည်ရှည်မပြောချင်ဘူး၊ အခု စစ်မြေပြင်ကို ထွက်ရမယ်။ မြန်မာပီပီ မြန်မာ့သွေးကိုပြပါ။ အထက်ဗိုလ်များရဲ့ အမိန့်ကို နာခံကြပါ၊ အထက်ဗိုလ်တွေကလည်း သာတူညီမျှ ရဲဘော်စိတ်ထားပါ၊ ရဲဘော်တို့ကို ကတိပေးထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ကျုပ်ကိုယ်တိုင် ရဲဘော်တို့နှင့်အတူ ချီတက်မယ်။

မြန်မာ့ရန်သူကို ချေမှုန်းကြ။ အနီးကပ်ဆုံး ရန်သူကိုရှာပြီးတိုက်ကြ ပါပဲ။

တပ်ထွက်အခမ်းအနား မကျင်းပမီတွင် အောက်ပါအတိုင်း စစ်နယ်များ ခွဲဝေသတ်မှတ်ထားကာ အမိန့်ပေးလိုက်သည်။

တိုင်း (၁) ပြည်၊ သာယာဝတီ၊ အင်းစိန်။

၎င်းကို ဗိုလ်လွန်းတင်က အုပ်ချုပ်သည်။ မင်းလှဝည်သူ တပ်ဖွဲ့ဟုခေါ်သည်။ ဗိုလ်သိန်းတင်၊ ဗိုလ်သိန်းမောင်၊ ဗိုလ်သီဟ၊ ဗိုလ်အောင်မင်း တို့ပါဝင်သည်။

တိုင်း (၂) ဟံသာဝတီ၊ ဖျာပုံ၊ မအူပင်။

၎င်းတိုင်းကို ဗိုလ်မှူးကြီးနေဝင်းက အုပ်ချုပ်၍ ကျော်ခေါင်ဗလတပ်ဖွဲ့ဟုခေါ်သည်။ ၎င်းတပ်ဖွဲ့တွင် ဗိုလ်မှူးကြီးအောင်ကြီး၊ ဗိုလ်တင်ဖေ၊ ဗိုလ်ကြည်ဝင်း စသော ဗိုလ်များပါဝင်ကြသည်။

တိုင်း (၃) ပုသိမ်၊ ဟင်္သာတ၊ မြောင်းမြ။

၎င်းတိုင်းကို ဗိုလ်မှူးစောကြာဒိုးက အုပ်ချုပ်၍ ရဲကျော်သူတပ်ဖွဲ့ဟုခေါ်သည်။ ဗိုလ်စောထွန်းစိန်၊ ဗိုလ်စောစံဖိုးသင်းတို့ ပါဝင်ကြသည်။

တိုင်း (၄) ပဲခူး၊ ရွှေကျင်၊ သထုံ။

၎င်းတိုင်းကို ဗိုလ်မှူးကျော်ဇောဦးစီး၍ ဇေယျကျော်ထင် တပ်ဖွဲ့ဟုခေါ်သည်။ ဗိုလ်မှူးအောင်ရွှေ၊ ဗိုလ်အေးမောင်၊ ဗိုလ်သိန်းတန်စသူများ ပါဝင်သည်။

တိုင်း (၅) မော်လမြိုင်၊ ထားဝယ်၊ မြိတ်။

၎င်းတိုင်းကို ဗိုလ်ထွန်းတင်က ဦးစီး၍ ဇေယျကျော်သူတပ်ဖွဲ့ဟု သတ်မှတ်လိုက်သည်။ ၎င်းတိုင်းတွင် ဗိုလ်လှဖေကြီး၊ ဗိုလ်ကျော်ထွန်း၊ ဗိုလ်သံတိုင်၊ ဗိုလ်ဖေသက်၊ ဗိုလ်ဂွမ်းရှိန်၊ ဗိုလ်ကျော်ဝင်း၊ ဗိုလ်ခင်မောင်၊ ဗိုလ်ကျော်ဆန်း၊ ဗိုလ်စန်းလှိုင် (မော်လမြိုင်ကျဆုံး) တို့ပါဝင်သည်။

တိုင်း (၆) ပျဉ်းမနား၊ တောင်ငူ၊ တောင်ပိုင်း ရှမ်းပြည်နယ်။

ဗိုလ်မှူးရဲထွန်း ဦးစီး၍ ဘလကျော်ထင်တပ်ဖွဲ့ ဟုခေါ်သည်။ ဗိုလ်တောက်ယိန်၊ ဗိုလ်တာရာ၊ ဗိုလ်သောင်းကြည်၊ ဆေးမှူးဗိုလ်ကြီးလွင်၊ ဗိုလ်ထွန်းမြိုင်၊ ဗိုလ်အောင်ညွန့်၊ ဗိုလ်ကိုကြီး စသည်တို့ပါဝင်သည်။

တိုင်း (၇) သရက်၊ အောင်လံ၊ မကွေး၊ မင်းဘူး။

၎င်းတို့ကို ဗိုလ်မှူးအောင်ကဦးစီး၍ သိရိကျော်ထင်တပ်ဖွဲ့ ဟုခေါ်သည်။ ဗိုလ်ခင်မောင်ကလေး၊ ဗိုလ်မောင်ကလေး၊ ဗိုလ်စိန်ဝင်း၊ ဗိုလ်မိုးညို၊ ဗိုလ်ကြီးမင်းလွင်၊





ဗိုလ်ကြီးစန်းယု တို့ပါဝင်သည်။

ဗိုလ်မှူးရန်အောင်က ရွှေ့တန်းစစ်မျက်နှာမှူးအဖြစ် တာဝန်ယူသည်။ ၎င်းတိုင်း (၇) နှင့်အတူ ဗိုလ်ချုပ်အောင်ဆန်း၏ တပ်မတော်စစ်ဌာနချုပ် ပူးတွဲပါရှိလေသည်။

ဤသို့ တပ်ထွက်ပြီးနောက် မြန်မာပြည်အနှံ့အပြား မိမိတို့တာဝန်ကျရာသို့ ချီတက်ခဲ့ကြသည်။ မိမိတို့သတ်မှတ်ထားသော နယ်မြေအသီးသီးသို့ ရောက်ရှိတဲ့အခါ တပ်တွေကိုဖျောက်လိုက်ကြသည်။

လူထုနဲ့ ကွင်းဆက်အများဆုံးရယူပြီး ဂျပန်တော်လှန်ရေးအတွက် အမြန်ဆုံးစီစဉ်ကြပါသည်။

ကြိုတင်သတ်မှတ်ထားသည့်အတိုင်း (၁၉၄၅)ခု၊ မတ်လ၊ (၂၇) ရက်နေ့တွင် ဂျပန်ဖက်ဆစ်များကို စစ်ကြေညာခဲ့ပါသည်။

**ဖက်ဆစ်ဂျပန်သို့ စစ်ကြေညာချက်**

မတ်လ (၂၇) ရက်နေ့ညတွင် ဗိုလ်ချုပ်အောင်ဆန်းဦးစီးသော မြန်မာ့တပ်မတော်သည် ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ဟူသည့် အမည်ကိုခံယူကာ ဖက်ဆစ်ဂျပန်တို့အား စစ်ကြေညာခဲ့၏။ ၎င်း စစ်ကြေညာချက်မူရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

သတိ . . . .

အားလုံးတိုင်းသူပြည်သားများ သိရှိရန်။

မြန်မာ့တပ်မတော်၊ မြန်မာပြည်ကွန်မြူနစ်ပါတီ၊ ပြည်သူ့အရေးတော်ပုံပါတီတို့ အမှူးပြုသော ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီးက ဂျပန်ဖက်ဆစ် လူရိုင်းအစိုးရအား စစ်ကြေညာလိုက်ပြီ၊

၁။ ယခုအခါ မြန်မာ့တပ်မတော်တပ်ခွဲများသည် ဧရာဝတီမြစ် အနောက်ဖက်တွင် မင်းဘူးခရိုင်မှ ဟင်္သာတခရိုင်အထိလည်းကောင်း၊ ဧရာဝတီမြစ် အရှေ့ဘက်တွင် အောင်လံနယ်မှ ရန်ကုန်အထိလည်းကောင်း၊ မြစ်ဝကျွန်းပေါ်ဒေသအသီးသီးတွင်လည်းကောင်း၊ ပဲခူးမှ ပျဉ်းမနားတောင်ပိုင်း၊ ရှမ်းပြည်နယ်တွင်လည်းကောင်း၊ ရေနံချောင်းခရိုင်တွင်လည်းကောင်း၊ တနင်္သာရီတိုင်းတွင်လည်းကောင်း၊ မိတ္ထီလာနယ်တွင်လည်းကောင်း တပ်ဖြန့်ကာ တိုက်ပွဲများကို ဆင်နွှဲနေကြပြီ။

၂။ ဧရာဝတီမြစ် အနောက်ဘက် မင်းဘူးခရိုင် အချို့ဒေသများ၊ သရက်ခရိုင်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



နှင့် ပြည်ခရိုင်အချို့ဒေသများကို မြန်မာ့တပ်မတော်က သိမ်းပိုက်ပြီးလေပြီ။

၃။ ရခိုင်ပြည်နယ် ညီထွန်းအမှူးပြုသော တော်လှန်ရေးသမားများသည် ဂျပန်များကို မဟာမိတ်တပ်များနှင့် ကူညီတိုက်ခိုက်မောင်းထုတ်ပြီးလေပြီ။ မန္တလေးတိုက်တွင် မြန်မာ့တပ်မတော်နှင့် တော်လှန်ရေးသမားများကလည်း ဂျပန်များကို တိုက်ခိုက်ခဲ့လေပြီ။

တိုင်းသူပြည်သားအပေါင်းတို့ . . . .

၁။ ငါတို့အား ရန်သူ၏ သတင်းများကို ပေးကြလော့၊ အစားအစာ၊ အဝတ်၊ ဆေး၊ လှည်း၊ ယာဉ်၊ မြင်း၊ ကျွဲ၊ နွား၊ ဆင်၊ တိရစ္ဆာန်များ၊ ပေးကြလော့။ ငွေများလှူကြလော့။

၂။ ပြည်သူ့လွတ်လပ်ရေးအဖွဲ့များ ဖွဲ့လော့၊ လက်နက်များစု၍ ပြည်သူ့ကာကွယ်ရေးအဖွဲ့များ ဖွဲ့ကြလော့။

၃။ အစိုးရအမှုထမ်းများအားလုံး အထူးပညာသည်များ (ဆရာဝန်၊ အင်ဂျင်နီယာ၊ သူနာပြုအစရှိသည့်တို့ဖြစ်သည်) ငါတို့တပ်များ ရှိရာသို့ ခိုဝင်ကြလော့။

၄။ ကိုယ်ပိုင်လက်နက်ရှိသူများသည် မိမိတို့ရှိ လက်နက်များကို ပြည်သူ့ကာကွယ်ရေးအဖွဲ့များသို့လည်းကောင်း၊ ငါတို့တပ်ဌာနများသို့ လည်းကောင်း လာရောက်အပ်နှံကြရမည်၊ မအပ်နှံသူများသည် အပြစ်ပေးခံရမည်။ ငါတို့ထံ၌လည်း လက်နက်စာရင်းများ ပြုလုပ်ပြီးရှိသည်၊

၅။ အားလုံးသော တိုင်းသူပြည်သားများလည်း အောက်ပါအချက်များကို လုပ်နိုင်သမျှ နေရာများတွင် လုပ်ကြရမည်။

(က) ဂျပန်ထံမှာလုပ်သော အလုပ်သမားများ၊ လက်နက်ပစ္စည်းတွေ ရသမျှယူ ထွက်ပြေးခဲ့၊ (သို့မဟုတ်) တော်လှန်ပြီး ထွက်လာကြ။

(ခ) ဂျပန်သိမ်းထားသော ပစ္စည်းအရပ်ရပ် ပြန်လုယူ၊ မယူနိုင်လျှင် ဖျက်ပစ်။

(ဂ) ငါတို့ပစ္စည်းအရပ်ရပ်ဖြန့်ပြီးဝှက်ထား၊ မဝှက်နိုင်လျှင်ဖျက်ပစ်။

(ဃ) ဂျပန်၏ သွားလမ်းလာလမ်းများကို ပိတ်ပစ်။ (သို့မဟုတ်) ဖျက်ပစ်၊ ကြေးနန်းကြိုးတွေဖြတ်၊ ဗိုင်ယာလက်ရုံတွေဖျက်ပစ်၊ လုယူနိုင်ကလုယူ၊ ဂျပန်ရေးမှတ်ထားတဲ့ လမ်းအမှတ်အသားတိုဖျက်ပစ်။ တံတားတွေဖျက်၊ ဂျပန်ကုန်တင်ကားတွေ၊ လှည်းတွေတိုက်ယူ၊ မယူနိုင်ကဖျက်ပစ်၊





(င) ဂျပန်လက်နက်တွေ ဓာတ်ဆီရုံတွေ၊ လေယာဉ်ပျံကွင်းတွေကိုဝင်စီး၊ လုယူ၊ မယူနိုင်သမျှ မီးရှို့ဖျက်ပစ်။

(စ) တွေ့သမျှ ဂျပန်တွေကိုဖမ်း၊ ဂျပန်တွေက ငါတို့ တိုင်းသူပြည်သားများကို သတ်လျှင် ၎င်းတို့ကို သတ်ပစ်၊

(ဆ) ဂျပန်ကပစ္စည်းသိမ်း၊ ကျွဲသိမ်း၊ နွားသိမ်း၊ လှည်းသိမ်း လုပ်တာတွေ အလုပ်မခံနှင့်၊ ပြန်ချ။ မချနိုင်တာဝှက်ထား။ ပြေး၊ ပုန်းကြ။

(ဇ) ပြေးလာသော ဂျပန်စစ်သား၊ အိန္ဒိယအမျိုးသားစစ်သားများကို ဖမ်းဆီး၍ ကောင်းမွန်စွာ လက်နက်များနှင့်တကွ ငါတို့တပ်တွေ ရှိရာပို့။

(ဈ) လမ်းဘေးကျသော ရွာများ၊ မြို့များမှ အားလုံးရှောင်ရှားနေကြ။

၆။ အောက်ပါပြစ်မှုများကို ကျူးလွန်သူများအား တိုင်းပြည်ရန်သူများအဖြစ် ငါတို့ကျေညာလိုက်သည်၊ ၎င်းသူများ၏ ပစ္စည်းများကို အကြွင်းမရှိအလျော့မရှိ သိမ်းပိုက်မည်၊ ၎င်းသူများကို ဖမ်းဆီး၍ ပြည်သူများ၏ ရုံးများတွင်လည်းကောင်း၊ စစ်တရားရုံးများတွင်လည်းကောင်း၊ စစ်ဆေး၍ ကြီးလေးသောအပြစ်ဒဏ်များကို ပေးမည်။

၎င်းရုံးများမရှိခိုက်တွင် တိုင်းတပ်မှူးများမှ ၎င်းတို့က အာဏာလွှဲအပ်ထားသောအရာရှိများသည် ငါတို့ညွှန်ကြားချက်များအတိုင်း စစ်ဆေးအပြစ်ပေးလိမ့်မည်။

(က) ငါတို့စစ်တပ်များ၊ မဟာမိတ်တပ်များ၊ ငါတို့ အဖွဲ့သားများ သတင်းကို ရန်သူအားပေးခြင်း၊

(ခ) ငါတို့စစ်တပ်များ မဟာမိတ်စစ်တပ်များ၏ လုပ်ငန်းများကို နှောင့်ယှက်ခြင်း၊ ငါတို့စစ်တပ်များ မဟာမိတ်စစ်တပ်များကို မကူညီရန် လှုံ့ဆော်ခြင်း။

(ဂ) ရန်သူများအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အားပေးခြင်း၊ ကူညီခြင်း၊

(ဃ) ကုန်ပစ္စည်းများ အဆမတန် အမြတ်ယူ၍ ရောင်းချခြင်း၊

(င) ကုန်ပစ္စည်းများ မိမိတစ်ဦးတည်းကောင်းရန်အတွက် သိုဝှက်ထားခြင်း၊ အခြားမည်သည့်နည်းနှင့်မဆို တိုင်းသူပြည်သားများ၏နေရေး၊ ထိုင်ရေး၊ စားသောက်ရေး၊ ထိခိုက်လာအောင် ပြုခြင်း၊

(စ) ဓားပြတိုက်ခြင်း၊

(ဆ) မုဒိမ်းကျင့်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com

(ဈ) ငါတို့တပ်မှထွက်ပြေးခြင်း။

(ည) မြန်မာပြည်တွင်းရှိ လူမျိုးအချင်းချင်း၊ ဘာသာအချင်းချင်း၊ အဓိကရုဏ်းဖြစ်စေခြင်း၊

(ဋ) နိုင်ငံနှင့်လူမျိုးအကျိုးကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ထိခိုက်ခြင်း။

၇။ ငါတို့တပ်မတော်ကိုလည်းကောင်း၊ ငါတို့တပ်ဖွဲ့များကိုလည်းကောင်း၊ မဟာမိတ်တပ်များကိုလည်းကောင်း၊ ကူညီကြသူများအား ငါတို့သည် အထိုက်အလျောက် ချီးမြှင့်ရန် မှတ်တမ်းတင်ထားမည်။ ငါတို့အား မကူညီကြသူများသည် ငါတို့၏ အချိုးအမြောက်ကို ခံယူရရှိမည်မဟုတ်။

၈။ အားလုံးသော တပ်ခွဲ၊ အဖွဲ့ခွဲသစ်များသည် ငါတို့တပ်ဌာနများနှင့် ချက်ချင်းဆက်သွယ်ရမည်။ ငါတို့ တပ်မတော်မှ ခွဲထွက်သူများသည် အနီးဆုံး တပ်ဌာနမှတစ်ဆင့် ဆိုင်ရာသို့ အမြန်ဆုံးသွားကြရမည်။

၉။ မြို့တိုင်း၊ ရွာတိုင်းများတွင် အနီရောင်ခံ၍ အတွင်းအလယ်တိုင် အထက်ဒေါင့်တွင် အဖြူရောင်ကြယ်ပွင့်ပါရှိသော အောင်လံတော်ကိုလည်းကောင်း၊ မဟာမိတ်တပ်များ၏ (တရုတ်၊ အမေရိကန်၊ အင်္ဂလိပ်၊ ရုရှား) အောင်လံတော်များကိုလည်းကောင်း၊ လွှင့်ထူကြကုန်လော့။

(ငါတို့၏ အောင်လံတော်ပုံစံမှာ အောက်ပါအတိုင်းဖြစ်သည်၊)

၁၀။ ငါတို့တပ်များ သိမ်းပိုက်သည့်ဒေသများတွင် ငါတို့၏ စစ်တပ်များသည် လက်ရှိ အုပ်ချုပ်ရေးအရာရှိများ၏ အကူအညီဖြင့်လည်းကောင်း၊ ရပ်ရွာကိုယ်စားလှယ် အဖွဲ့များဖွဲ့၍လည်းကောင်း အုပ်ချုပ်လိမ့်မည်။

ပုံ - အောင်ဆန်း
စစ်သေနာပတိ
မြန်မာ့လွတ်လပ်ရေးတပ်မတော်

◆ ◆ ◆ ◆ ◆ ◆ ◆ ◆





ဗိုလ်ကလေးပေါင်ကျား
ရေနံချောင်း အမြောက်ကြီးတပ်ရင်း ဒုတပ်မှူး

www.burmeseclassic.com

www.burmeseclassic.com

## ဦးကျား

(၁၉၄၀-၄၁)ခုနှစ်မှာ ကချင်ပြည်နယ်၊ မြစ်ကြီးနားအစိုးရ အင်္ဂလိပ်မြန်မာ (၁၀)တန်းတွင် ပညာသင်ကြားနေစဉ် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာပါသည်။ ကျောင်းများလည်း ပိတ်လိုက်ပါသည်။ နောက်မကြာပါ ဂျပန်တပ်မတော်နှင့် ဘီအိုင်အေ တပ်မတော်တို့ မြစ်ကြီးနားကို သိမ်းလိုက်ပါသည်။

ထို့နောက် ကိုကျားသည် မိမိဖခင်နှင့်အတူ ရန်ကုန်ကို ဆင်းခဲ့ကြပါသည်။ (၁၉၄၃)ခု နှစ်ဦးပိုင်းမှာ စမ်းချောင်း ဘီဒီအေတပ်မတော် လူသစ်စခန်းမှာ တပ်သားအဖြစ် ဝင်ရောက်အမှုထမ်းခဲ့ပါသည်။ ထိုမှ တစ်ဆင့် အလုံ ဆင်မင်းကွက်သစ်ရှိ လေယာဉ်ပျံပစ် အမြောက်ကြီးတပ်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရပါသည်။ ကြယ်တစ်ပွင့်တပ်သားပါ၊ ယင်းစခန်းတွင် အမြောက်ပညာနှင့် ခံစောကုဆိုသည့် တိုင်းထွာရေးပညာများကို သင်ကြားခဲ့ရပါသည်။ ရန်သူ့လေယာဉ်ပျံတွေနှင့်လည်း မပြတ်တိုက်ပွဲဝင်ရပါသည်။

(၆)လလောက် ကြယ်တစ်ပွင့်တပ်သားအဖြစ် အမှုထမ်းအပြီး မန္တလေး မြက်ပါးရပ်ရှိ လေယာဉ်ပျံပစ်တပ်ခွဲ (၂)ရုံးသို့ ပြောင်းရွှေ့တာဝန်ယူရပါသည်။ ထိုမှ တစ်ဆင့် တပ်ခွဲ (၂)၊ တပ်စု (၂)ရှိရာ လေယာဉ်ပျံပစ် အမြောက်ကြီးတပ်သို့ ပြောင်းရွှေ့တာဝန်ယူရပါသည်။ ရေနံချောင်း အမြောက်ကြီးတပ်စခန်းတွင်လည်း လပိုင်းလောက်ကြာတော့ တပ်ရင်းမှူး ဗိုလ်ကြီးခင်ညိုသည် တပ်ကိစ္စဆွေးနွေးရန်





လာပါသည်။ သူအပြန် မင်္ဂလာဒုံစစ်တက္ကသိုလ် တတိယပတ်သို့ တက်ရောက်ရန်ဟု ဆိုကာ ရန်ကုန်တပ်ရင်းရုံးသို့ တပ်ရင်းမှူးက ခေါ်သွားပါသည်။

ရန်ကုန်ရောက်ပြီး တတိယအပတ် ဗိုလ်သင်တန်းအတွက် ရေးဖြေစာမေးပွဲ နှင့် လူတွေ့စစ်ဆေးသည့် စာမေးပွဲကို အဆင့်(၁၁)ဖြင့် အောင်မြင်ပါသည်။ ထို့ကြောင့် ဗိုလ်သင်တန်းတက်ရောက်ခွင့်ရ လေယာဉ်ပျံပစ် အမြောက်ကြီးတပ်မှ ရဲဘော်များနှင့်အတူ (၁၉၄၄)ခု၊ မေလ (၂၇)ရက်နေ့ဖွင့်သော တတိယပတ် ဗိုလ်သင်တန်းကျောင်းသို့ သွားရောက်တက်ကြပါသည်။

ဗိုလ်သင်တန်းတွင် တပ်စု (၃)ကျောင်းသားဖြစ်ပါသည်။ ဂျပန်အကြံပေး အရာရှိက အလုပ်သင်ဗိုလ် သုံးလိုင်း အရာခံဗိုလ် ရာမဇာကေ့ သူက မိန်းမရှာလို အမူအရာရှိသည့်အတွက် ကျောင်းသားတွေက မိန်းမလျာဆရာလို့ခေါ်သည်။ မြန်မာ တပ်စုမှူး (၃)လိုင်း ကြယ်တစ်ပွင့်က ဗိုလ်စိုးလှိုင် (နောင် ဖဆပလခေတ်တွင် ဗိုလ်မှူးကြီးစိုးလှိုင်) နောက်ပိုင်း သူ နေထိုင်မကောင်း၍ ဆေးရုံတက်ရစဉ် ဗိုလ်ထွန်းလှ (သုံးလိုင်းကြယ်တစ်ပွင့်)က တာဝန်ယူရသည်။

### ရေနံချောင်းတွင် တာဝန်ထမ်းဆောင်ခြင်း

(၁၉၄၄)ခု၊ နိုဝင်ဘာလ (၃၀)ရက်နေ့တွင် တတိယအပတ် ဗိုလ်သင်တန်းကျောင်းဆင်းပွဲကျင်းပသည်။ အမြောက်တပ်က ဗိုလ်သင်တန်းဆင်းများသည် မိခင်တပ်ရင်းသို့ သွားရောက်သတင်းပို့ကြရသည်။

မိခင်တပ်ရင်းသို့ရောက်ပြီးနောက် ဗိုလ်လောင်းမောင်ကျားကို တပ်ခွဲ (၂) တပ်စု (၂)ဖြစ်သည့် ရေနံချောင်း လေယာဉ်ပစ် အမြောက်ကြီးတပ်သို့ တာဝန်ပေးခဲ့သည်။

ထိုအချိန်မှာ ရေနံချောင်းလေယာဉ်ပစ် အမြောက်ကြီးတပ်ရဲ့ တပ်စုမှူး ဗိုလ်တင်အောင်ဖြစ်ပါသည်။ ဗိုလ်တင်အောင်က ရေနံချောင်းမရောက်ခင်က လေယာဉ်ပစ်အမြောက်ကြီးတပ်ရင်းမှ အရာခံဗိုလ်သာ ဖြစ်ပါသည်။ ဗိုလ်တင်အောင်သည် တပ်စုမှူးဗိုလ်စောမောင်နေရာကို ပြောင်းရွှေ့တာဝန်ယူရပါသည်။ ဗိုလ်စောမောင်က မန္တလေးမြက်ပါးရပ် လေယာဉ်ပျံပစ် အမြောက်တပ်ခွဲသို့ သွားရောက်၍ တပ်စုမှူးတာဝန်အဖြစ် တာဝန်ယူရပါသည်။

ဗိုလ်လောင်းမောင်ကျား ရေနံချောင်းရောက်၍ ဗိုလ်တင်အောင် လက်အောက်မှာ ဒုတိယတပ်မှူးအဖြစ်နှင့် တာဝန်ထမ်းဆောင်ရပါသည်။ သူ



www.burmeseclassic.com

www.burmeseclassic.com

ရေနံချောင်းမရောက်ခင်က မန္တလေးတပ်ခွဲ (၂) တပ်စု (၁)က တပ်ကြပ်ကြီးမင်းမောင် ရေနံချောင်းကိုလာပြီး တာဝန်ယူနေသည်။ သူရောက်တော့ တပ်ကြပ်ကြီးမင်းမောင်လည်း မန္တလေးတပ်ခွဲရုံးသို့ ပြန်သွားရသည်။ သူ ရေနံချောင်းရောက်သည့်ကာလသည် ဂျပန်တော်လှန်ရေးလုပ်ငန်းများ ကြိုတင်ပြင်ဆင်နေချိန် ဖြစ်သည်၊

သူ ရေနံချောင်းတာဝန်ယူမည်မကြာသေး ရောက်လျှင်ရောက်ချင်း ဗိုလ်တင်အောင်က ဗိုလ်လောင်းမောင်ကျားအား မန္တလေးတပ်ခွဲရုံးသို့ သွားရောက်၍ တော်လှန်ရေးအတွက် လက်နက်တွေသွားရောက်သယ်ယူရန် တာဝန်ပေးသည်၊

သူသည် တပ်ခွဲရုံးသို့ သွားရောက်၍ ရေနံချောင်းတပ်အတွက်ရသည့် လက်နက်များကို ကားပေါ်တင်ပြီး အပေါ်မှ အခြားပစ္စည်းများတင်ကာ ဖုန်းအုပ်၍ သယ်ဆောင်ခဲ့သည်၊

ထိုသို့ တာဝန်ယူခဲ့ပြီး အလုပ်သင်ဗိုလ်မောင်ကျားသည် တပ်ကို အချိန်ပြည့် တာဝန်ယူထားရပါသည်၊ သူရောက်ပြီးမကြာခင် ဗိုလ်တင်အောင်က ရန်ကုန်ကို တာဝန်ဖြင့် ဆင်းသွားပါသည်၊ ထိုစဉ် သူသည် ရေနံချောင်းတပ်၏ တပ်မှူးအဖြစ် ယာယီတာဝန်ယူထားရပါသည်၊

ဗိုလ်တင်အောင် ရန်ကုန်က ရေနံချောင်းတပ်အတွက် ဂျပန်တော်လှန်ရေးတွင် ဆောင်ရွက်ရမည့်အချက်များ၊ ညွှန်ကြားချက်များရယူပြီး ရိက္ခာတွေကိုပါ ထုတ်၍ ပြန်ရောက်လာသည်၊ တပ်ကို နိုင်ငံရေးအဖွဲ့အစည်းများနှင့်ပါ ရင်းရင်းနှီးနှီး ဆွေးနွေးရန် တာဝန်ကိုလည်း ယူခဲ့သည်၊ ထိုတာဝန်အတိုင်း နိုင်ငံရေးအဖွဲ့အစည်းများနှင့် ဂျပန်တော်လှန်ရေးအတွက် ဆွေးနွေးသည်၊

သူရောက်သည့်အချိန်မှာ ဗိုလ်တင်အောင်က တော်လှန်ရေးအတွက် အလုပ်တွေများနေသည်။ တပ်တွေက တပ်ဖျောက်ရင်း စခန်းချရမည့်နေရာ ရှာရ ဖွေရ ရိက္ခာတွေစုဆောင်းရနှင့် အလုပ်များနေပါသည်၊ ထို့ကြောင့်တပ်တစ်ခုလုံးရဲ့ တာဝန်ကို ဗိုလ်လောင်းမောင်ကျားကပဲ ကွပ်ကဲနေရသည်။ ရန်သူသဖွယ် သတ်မှတ်ခံထားရသည့် မဟာမိတ်လေယာဉ်တွေကလည်း နေ့ရောညပါ အဆက်မပြတ်လာနေတာကိုလည်း သူ တာဝန်ယူအမိန့်ပေး တိုက်ခိုက်နေရသည်။ သူလည်း မအားလပ်ရအောင် တာဝန်တွေထမ်းဆောင်နေရပါသည်။

ဗိုလ်တင်အောင်တို့က ရေနံချောင်း နှစ်ထပ်တိုက်အိမ်ကြီးမှာ ဆွေးနွေးကြသည်။ ရဲဘော်ထွန်းစိန် (နောင် အလံနီဗဟိုကော်မတီ ခေါင်းဆောင်ဖြစ်လာသူ) တို့နှင့်လည်း နိုင်ငံရေးဆွေးနွေးသည့်အခါ ဗိုလ်တင်အောင်ကပဲ ဗိုင်ခံဆွေးနွေးသည်၊





အလုပ်သင်ဗိုလ်မောင်ကျားကတော့ နိုင်ငံရေးပိုင်းမှာ လုံးဝမပါပါ တပ်မှာသာ အဓိက တာဝန်ထမ်းဆောင်နေရသည်၊ ဤသို့ ဆွေးနွေးသည့်အခါ မည်သူမည်ဝါ ပါသည်ကိုလည်း သူမသိပါ၊ ထိုဆွေးနွေးပွဲကို သခင်မ မအုန်းခင် တက်သလား၊ မတက်ဘူးလား ဆိုတာကိုလည်း မသိပါ၊

တစ်နေ့ "မြို့ထဲက အမျိုးသမီးတွေက လေယာဉ်ပစ် အမြောက်ပစ်ပုံ၊ ပစ်နည်းတွေ သိချင်တယ်တဲ့၊ အဲဒါ ပြပေးပါ"လို့ အလုပ်သင်ဗိုလ်မောင်ကျားအား ကိုတင်အောင်ကပြောတော့ အဲဒီအမျိုးသမီးတွေကို အမြောက်ပစ်ခတ်နည်းကို ပြသသည်။ မြို့ထဲက အမျိုးသမီးသခင်မ မအုန်းခင်၊ မခင်ခင် အစရှိသည့် အမျိုးသမီးများ ဖြစ်သည်။ ထိုသောအခါမှ အလုပ်သင်ဗိုလ်မောင်ကျားသည် သခင်မ မအုန်းခင်တို့နှင့် ပထမဆုံးအကြိမ် တွေ့ဖူးမြင်ဖူးခြင်းဖြစ်ပါသည်၊

အဲဒီတုန်းက ရေနံချောင်းကို လေယာဉ်ပျံတွေနှင့် မပြတ်ဆိုသလို တိုက်နေရ ပါသည်၊ ညပိုင်းမှာဆိုလျှင် မီးကျည်တွေချပြီး ဗုံးကြဲသည်၊ လေယာဉ်ပျံက ပထမဆုံး မီးကျည်တွေချလိုက်သည်၊ မီးကျည်ချလိုက်သည့်သဘောက တိုက်ကွင်းကို ရှာသည့် သဘောပါ၊

ထိုအခါ ရဲဘော်တွေက မီးကျည်ကို ပထမဦးစွာပစ်ချကြရသည်။ မီးကျည်ကို ပစ်ချလိုက်တော့မှ လေယာဉ်ပျံက မြို့အနေအထားကို ကောင်းကောင်းမမြင်နိုင်ပါ။ ထိုအခါ သူလိုချင်သည့် ပစ်မှတ်ကိုမရပါ။ ရေနံမြေမှာ အချက်အချာကျ ရေနံချက်သည့်နေရာများ၊ ဓါတ်ဆီချက်သည့်နေရာများ၊ ၄င်းနောက် အမြောက်တပ်ရှိသည့် နေရာများကို ဗုံးမချနိုင်တော့ပါ၊

ဂျပန်ဗိုလ်ကလည်း အလုပ်သင်ဗိုလ်လောင်းမောင်ကျားနှင့် တွဲဖက်၍ အကြံပေးအရာရှိနှင့် ဂျပန်စစ်သား (၃၀)ခန့်ကို ဘီဒီအေရဲဘော်တွေနှင့် တွဲထားသည်၊ ပစ်တော့လည်း အတူတူပင်။ ဗိုလ်လောင်းမောင်ကျားသည် အကြံပေးနှင့် အတူ မြေကတုတ်ပေါ်မှာ ဘေးချင်းယှဉ်ရပ်ပြီး အမိန့်ပေးသည်၊ ဂျပန်ကိုယ်တိုင်လည်း ပစ်ရန်ကောင်းပြီ၊ ပစ်ဖို့မကောင်းသေးဆိုပြီး အကြံပေးသည်။ ထိုအချိန်မှာ သူတို့ ဘီဒီအေရဲဘော်တွေနှင့် ဂျပန်တွေ သေအတူ၊ ရှင်အတူ အနေအထားတွင် ရှိလေသည်၊

စက်သေနတ်တွေရောက်လာခြင်း၊

နောက် စက်သေနတ်လက်နက်များ ရောက်လာတော့ ရဲဘော်ခလေးကြီး

www.burmeseclassic.com

www.burmeseclassic.com



ကိုတာဝန်ခံခိုင်းရင်း ညောင်လှဆေးရုံပျက်ကြီး (အရင်က ဘီအိုစီဆေးရုံပျက်ကြီး)ဆီမှာ တပ်စွဲစေသည်။ ရေနံချောင်းမြို့အနေအထားမှာ ချိုင့်တွေ၊ ကုန်းတွေရှိတော့ လေယာဉ်ပျံဟာ ချိုင့်ကနေ နိမ့်နိမ့်ပျံသန်းပြီး မြို့ဘက်ကို စက်သေနတ်နှင့် ပစ်လေ့ရှိသည်။ တစ်ခါတစ်ရံ ဗုံးကြဲချတတ်ပါသည်။

တစ်နေ့ညနေ လေယာဉ်ပျံဟာ ချိုင့်ကနေ အနိမ့်ပျံလာသည်၊ ခလေးကြီးတို့တပ်က စက်သေနတ်နှင့် ပစ်လိုက်ရာ လေယာဉ်ပျံကို ထိမှန်ကာ စောက်ထိုးကျသွားခဲ့သည်။

ဤသို့ဖြင့် လေယာဉ်ပစ်အမြောက်ကြီးနှင့် လေယာဉ်ပျံကတော့ နေ့စဉ်လိုတိုက်ပွဲဖြစ်နေပါသည်။ အုပ်လိုက်လာရင်လာ၊ မလာသည့်ရက်ဆိုရင် ကျွဲညီနောင်ဆိုသည့် လေယာဉ်ပျံနှစ်စင်းနှင့်တော့ နေ့စဉ်လိုလို တိုက်ခိုက်နေရပါသည်။ ထိုကျွဲညီနောင်ဟု၍ ကျော်ကြားသည့် လေယာဉ်ပျံနှစ်စင်းကတော့ အဓိကယာဉ်အသွားအလာတွေ၊ လှေသင်္ဘောတွေကို လိုက်လံအနှောက်အယှက်ပေးသည့် အလုပ်ကိုအဓိကထားလုပ်သည်။ အဓိကစက်သေနတ်ပစ်သည့် လေယာဉ်ပျံနှစ်စီးပဲဖြစ်သည်။ အဲဒီလေယာဉ်တွေက အနိမ့်ကလေး ပျံသန်းလာလေ့ရှိသည်။

ဂွေးချိုရွာဖက်ကနေ ခပ်နိမ့်နိမ့်ပျံသန်းလာလေ့ရှိသည်။ ဂွေးချိုရွာတို့ ပုပ္ပါးရွာတို့ဘက် ဆင်ခြေလျှောမှာ မြေညီနေသည်။ ထိုသို့ လေယာဉ်ကပ်လာ၍ ရေနံချောင်းက အနည်းအကျဉ်း ကုန်းမြေရှိသည့် အနေအထားရှိပြီး အမြောက်တွေဆင်ထားသည့် ခံကုန်း (နောက်တော့ 'အောင်မြေကုန်း'ဟု၍ အမည်ပေးထားသည်) လေယာဉ်ဟာ ခပ်နိမ့်နိမ့် ဂွေးချိုမော်တော်ကားလမ်းအတိုင်း ပျံသန်းလာပြီး ရေနံချောင်းရောက်တော့ ဝေါကနဲကျောတက်ပြီး စက်သေနတ်ပစ်လေ့ရှိသည်။

အမြောက်၏သဘောမှာ (၁၅)ဒီဂရီအောက် ပစ်ခွင့်မပြု။ မပစ်ရဆိုသည်ကို အမြောက်ပစ်သင်တန်းပေးတုန်းကတည်းက နားလည်ထားသည်။ အမြောက်ပြောင်းကိုချထားလျှင် မြေနှင့်ကတုတ် လွတ်ချုံရှိသည်။ ထိုသို့ အမြောက်ပြောင်းချလျက်နှင့်ပစ်လျှင် မြေကတုတ်လေဟပ်၍ ပျက်စီးသွားနိုင်သည်။ ယင်းအပြင် အမြောက်ကိုလည်း အင်္ဂတေကိုင်ထားရာက ကြွတက်လာနိုင်သည်။ ထို့ကြောင့် လေယာဉ်ပျံအမြောက်ပြောင်းထက် နိမ့်လာရင်လည်း မပစ်ရပါ။

သို့သော်လည်း လေယာဉ်ပျံလာရာဖက်ကိုတော့ အမြောက်က လိုက်ချိန်ထားရသည်။ အမြောက်ဖက်သို့ လေယာဉ်ပျံက ဦးတည်လာရင်တော့ ကိုယ်က မပစ်လျှင် သူက ပစ်သွားခြင်းကို လှုလှုကြီးခံရတတ်သည်။ သို့အတွက် ပစ်လိုက်ရ





သည်။ နောက်ပိုင်းတော့ စက်သေနတ်တွေ ရောက်လာတော့ အမြောက်တို့ ကာကွယ်သည့်ဖနေနှင့် စက်သေနတ်က ပစ်ပေးရသည်၊ ထိုအခါ လေယာဉ်ပျံက သူ့ကိုထိမှာမို့ လမ်းကြောင်းလွှဲ၍ ပျံသန်းသွားတော့သည်၊ ရဲဘော်ခလေးကြီးတို့ စက်သေနတ်တပ်စိတ်ကို ထားလိုက်ရတာ လေယာဉ်တစ်စင်းကျသွားကတည်းက လေယာဉ်ပျံဟာ ခပ်ပေါ့ပေါ့နှင့် အနိမ့်ပိုင်းက မလာရဲတော့ပါ။

ဤသို့ နေ့စဉ်လိုလို အလုပ်များနေသည့်အထဲ တစ်နေ့တော့ အရပ်ကလူတွေက ဗိုလ်လောင်းမောင်ကျားဆီ အပြေးအလွှားသတင်းလာပို့သည်။ "ရေနံချောင်းဆိပ်ကမ်းမှာ လှေနဲ့လာတဲ့ ရဲဘော်တွေကို ဂျပန်က ရှာမယ်ဘာမယ်လုပ်တယ်၊ အဲဒါ ရဲဘော်တွေက ရှာမခံဘူး။ အဲဒီမှာ ဂျပန်နှင့် ရဲဘော်တွေလုံးလားထွေးလား ရိုက်ကြနှက်ကြတယ်၊ ရဲဘော်တွေက ဂျပန်ကိုခံချတယ်။ နောက်ထပ် ဂျပန်တွေရောက်လာပြီး ရဲဘော်ခင်မောင်ကို ဖမ်းသွားတယ်"ဆိုပြီး အပူတပြင်း လာသတင်းပို့တယ်။

အဲဒီတော့ တပ်ကြပ်ခင်မောင်ညွန့်ကို လွှတ်လိုက်သည်။ "ထိုဆန်များသည် အမြောက်တပ်ရိက္ခာအတွက် တပ်က အဝယ်လွှတ်ထားခြင်းဖြစ်ကြောင်း" သွားရောက်ဖြေရှင်းတော့ အဖမ်းခံရသည့် ရဲဘော်ခင်မောင်ကို ပြန်လွှတ်ပေးလိုက်သည်။ ရဲဘော်ခင်မောင်ကို ရဲဘော်ခင်မောင်ကြီးလို့လည်း ခေါ်ကြသည်။ သူက ထောင်ထောင် မောင်းမောင်းမို့ 'ကြီး'လို့ ခေါ်ခြင်းဖြစ်သည်။

တပ်ကြပ်ခင်မောင်ညွန့်က ဂျပန်စကားလည်း နည်းနည်းပါးပါး ပြောတတ်တော့ ရဲဘော်ခင်မောင်ကြီးအတွက် ဝင်ပြောတော့မှ လွှတ်ပေးလိုက်သည်။ သူတို့က ရဲဘော်ခင်မောင်ကြီးကို ရိုက်နှက်နေပြီး ဂျပန်ကင်ပေတိုင် (စစ်ပုလိပ်အဖွဲ့)ရုံးကို ပို့ဖို့ လုပ်နေတုန်း သူ့ကို လွှတ်ပေးလိုက်ခြင်းဖြစ်သည်။

နောက်မကြာခင် ဗိုလ်လောင်းမောင်ကျားကို ဂျပန်ကင်ပေတိုင်က ခေါ်သည်။ သူ ချက်ချင်းလိုက်သွားသည်၊ တပ်ကြပ်ခင်မောင်ညွန့်နှင့် ရဲဘော်ခင်မောင်ကြီးတို့ကိုလည်း ခေါ်ထားသည်၊ ရဲဘော်ခင်မောင်ကြီးတို့နှင့် ရန်ဖြစ်သည့် ဂျပန်တွေလည်း အဲဒီမှာရောက်နေသည်။

"ရဲဘော်ခင်မောင်ကြီး ထိုးတာကို မင်းတို့ခံရသလား။ နောက် တပ်ကြပ်ခင်မောင်ညွန့်လိုကောင်က လွှတ်ဖို့ပြောတော့ ပြန်လွှတ်လိုက်ရသလား"ဆိုပြီး ကင်ပေတိုင်က သူ့ ဂျပန်တွေကို အလုပ်သင်ဗိုလ်မောင်ကျားရှေ့မှာ ဆူဆဲနေတာကို တွေ့ရသည်။

ကင်ပေတိုင်ကဆက်၍ "ဟာရကီးရီ မင်းဗိုက်ကို ဓားနဲ့ခွဲဖို့ကောင်းတယ်၊

www.burmeseclassic.com



ဒီမြန်မာစစ်သားပြောတာနဲ့ လွှတ်ပေးရသလား"လို့ ကော်ငေါက်ပြီး ဂျပန်စစ်ဗိုလ်ကို အော်ဟစ်နေတာတွေ့ရသည်၊ အလုပ်သင်ဗိုလ်မောင်ကျားရှေ့မှာ တမင်တကာ ဆူပြနေခြင်းဖြစ်သည်၊ အလုပ်သင်ဗိုလ်မောင်ကျားဘက် လှည့်လာပြီး -

"မင်း ဘာအတွက် ဆန်တွေဘာတွေစုဖို့ လုပ်နေတာလဲ"

"အထက်က ညွှန်ကြားတဲ့အတိုင်းပဲ စုနေရတာ၊ ကျွန်တော်တို့တပ်မှာ ရိက္ခာမလောက်ဘူး၊ ဒါကြောင့်မို့ ကျွန်တော်တို့ တမင်သွားဝယ်ရတာ၊ ခင်ဗျားတို့စစ်သားတွေက အထင်အမြင်လွဲတော့ ဒီလိုပြဿနာပေါ်တာပဲ၊ ခင်ဗျားတို့ဘက်က ပြောတာဆိုတာလည်းလိုတယ်၊ ကျွန်တော်တို့ တပ်သားတွေကလည်း ခင်ဗျားတို့ပြောတာဆိုတာကို နားမလည်လို့ ဖြစ်မှာပါ"

အဲဒီလို ရှင်းပြလိုက်သည်၊ ကျေနပ်သလိုလိုရှိသွားဟန်တူပါသည်၊ "နောက်တစ်နေ့ လိုအပ်တဲ့အခါ ခေါ်ဦးမယ်"လို့ပြောပြီး ပြန်ခွင့်ပြုလိုက်သည်၊ ထိုအခြေအနေကြောင့် ဂျပန်နှင့် ကြာကြာမနေရဲတော့ဘူး၊ ဗိုလ်တင်အောင်လည်း ထိုအချိန်က မရောက်လာသေးဘူး၊ တာဝန်နှင့် သွားလာနေချိန်ဖြစ်သည်၊ ဦးအေးမောင် (ခေါ်) ဦးထွန်းစိန် (နောင် အလံနီခေါင်းဆောင် ဖြစ်သွားသူ တပ်ထဲမှာ ဘီဒီအေ အဝတ်ဝတ်ပြီး လှုပ်ရှားနေတဲ့ ကွန်မြူနစ်ပါတီရဲ့ စည်းရုံးရေးမှူး) သူကလည်း ထိုအချိန်မှာ နယ်စည်းရုံးရေးဆင်းနေချိန် ဖြစ်သည်၊ ဒါကြောင့် အလုပ်သင်ဗိုလ်မောင်ကျားပဲ တာဝန်ခံလုပ်နေရချိန် ဖြစ်ပါသည်၊

နောက်ဆုံးတော်လှန်ရေးလုပ်ခါနီးမှာ ဗိုလ်တင်အောင်ရောက်လာပါသည်၊ သူက ဒီအခြေအနေတွေကို ဗိုလ်တင်အောင်အား အစီရင်ခံလိုက်သည်၊ သူက ဆက်ပြီး "ကျွန်တော်တို့က ဒီလိုဆက်နေလို့ မဖြစ်တော့ဘူး၊ ကျွန်တော့်ကို ဂျပန်တပ်ခေါ်ရင် မသွားရဲတော့ဘူး၊ ကျွန်တော့်ကိုပါ အန္တရာယ်ဆက်ပြုတော့မယ်၊ သူတို့ကဖမ်းမှာပဲ"လို့ အလုပ်သင်ဗိုလ်မောင်ကျားက ဗိုလ်တင်အောင်ကို တင်ပြသည်၊

"(၂၇-ရက်၊ ၂၈-ရက်၊ ၂၉-ရက်၊ ၃၀-ရက်)ထိ မစောင့်ချင်တော့ဘူး၊ တော်လှန်ပစ်မှာပဲ၊ တပ်ကိုလည်း ကျွန်တော်မှာထားလိုက်တယ်၊ ကျွန်တော့်ကို လာခေါ်ရင် ဖမ်းလားဆီးလားလုပ်လာရင် ရှုပ်မနေနဲ့ နတ်ဆင်ကုမ္ပဏီက ကုန်းပေါ်မှာ ဆောက်ထားတဲ့ အဆောက်အဦးမှာ ဂျပန်ကင်ပေတိုင်ဌာနချုပ်ကို မင်းတို့ အမြောက်နဲ့သာ သေသေချာချာချိန်ပစ်လိုက်ပေတော့၊ အပြတ်သာ ချပေတော့၊ ငါတို့လည်း ဘာပဲဖြစ်ဖြစ်ပြီးရင် တောက်လျှောက်တပ်ထွက်ကြပေတော့"လို့ အလုပ်သင်ဗိုလ်မောင်ကျားက သူ့ရဲဘော်တွေကို မှာထားကြောင်းကိုလည်း ဗိုလ်တင်အောင်ကို တင်ပြ





အစီရင်ခံလိုက်သည်၊

နောက်ထပ် ကင်ပေတိုင်ရုံးကခေါ်လို့ ဗိုလ်တင်အောင်သွားတွေ့သည်၊ နောက်ပြန်လွှတ်လိုက်သည်၊ အချိုသတ်လိုက်သည့် သဘောဖြစ်သည်ဟု ယူဆကြသည်။

## ဂျပန်တော်လှန်ရေးအတွက် တပ်ထွက်ကြခြင်း

ရေနံချောင်း လေယာဉ်ပျံပစ်အမြောက်တပ်ဟာ မန္တလေးရှိ လေယာဉ်ပျံပစ်အမြောက်တပ်ရဲ့ လက်အောက်ခံတပ်စုဖြစ်ပါသည်၊ သို့သော် ဂျပန်တော်လှန်ရေးကာလ၌ နယ်မြေအရ တိုင်း(၇)လက်အောက်ခံ ဖြစ်ပါသည်။ တိုင်းမှူးမှာ ဗိုလ်မှူးအောင်ဖြစ်ပါသည်၊

"၁၉၄၅ခု၊ မတ်လ (၂၇)ရက်နေ့တွင် တော်လှန်ရေးစမည်"ဟု ဗိုလ်မှူးအောင်ထံမှ ညွှန်ကြားချက်ရသည်၊ ထိုသို့ ညွှန်ကြားချက်ရောက်ပြီးနောက် တစ်ပတ်နှစ်ပတ်ကျတော့ ထပ်မံ၍ ညွှန်ကြားချက်ရောက်လာပြန်သည်၊ "မတ်လ (၂၇)ရက်နေ့ စတင်ပြီး တော်လှန်ရန်ရှိသော်လည်း နောက်ထပ်ညွှန်ကြားချက်ရမှသာ စတင်တော်လှန်ပါ" ဟူ၍ဖြစ်သည်။

ထို့ကြောင့် ညွှန်ကြားချက်ကိုစောင့်ရင်း တပ်ထွက်ရပ်နားရန် အခြေခံစခန်းများကိုတော့ ဗိုလ်တင်အောင်နှင့် အလုပ်သင်ဗိုလ်မောင်ကျားတို့က ကြိုကြိုတင်တင်မြင်ထားကြသည်၊ တပ်ကြပ်ဘအေး (နောင် ထိုင်းမှာအိမ်ထောင်ကျပြီး ထိုင်းမှာပဲ ကွယ်လွန်)၊ တပ်ကြပ်ကြီးသန်းမြင့် ( နောင် ပဲခူးမှာ ထောင်မှူးအဝတနေ ကွယ်လွန်) နှင့် တပ်သားကြီးကျော်ဇံတို့ကိုလည်း တာဝန်အသီးသီးခွဲပေးထားသည်။

ရေနံချောင်းနှင့် (၁၆)မိုင်လောက်ဝေးသည့် 'ချိုင်း'ဆိုသည့် နေရာတွင် အခြေခံစခန်းလုပ်ထားသည်။ ပြီး တော်လှန်ဖို့ တပ်တချို့ကိုလည်း ခွဲလွှတ်ထားသည်၊

ထိုသို့ မတ်လ (၂၇)ရက်နေ့ကို စောင့်ဆိုင်းရာက မတ် (၂၇)ရက်နေ့သို့ပင် ရောက်ခဲ့ပါပြီ၊ တိုင်းမှူးဗိုလ်မှူးအောင်ထံမှ အမိန့်တစ်စုံတစ်ရာမရပါ၊ ထိုညွှန်ကြားချက်ကို စောင့်နေသောအခါ ဗိုလ်တင်အောင်တို့ကို လိုလားသည့် သခင်ကိုလေးခေါ်သား စသည့် အရပ်သားများက လာသတင်းပို့မှ သူတို့သိကြသည်၊ "ဂျပန်တွေကို လက်ဝါးကပ်တိုင်များတွင် ချည်နှောင်ထားပြီး သတ်ထားသည်ကို မြင်ခဲ့ကြကြောင်း၊ မြန်မာ့တပ်မတော်က တော်လှန်ရေးစပြီး စာတွေကပ်နေကြောင်း စသည်ဖြင့်" သတင်းစုံကို လာရောက်ပို့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်တင်အောင်နှင့် အလုပ်သင် ဗိုလ်မောင်ကျားတို့ ဆွေးနွေးကြသည်။ "အောင်လံတွင် ထိုသို့ ဂျပန်တော်လှန်ရေးစကျန်ပြီ"ဟု ကြားသိရသည်။ ဤသို့ဆိုလျှင် မည်သည့်အကြောင်းကြောင့် ညွှန်ကြားချက်ဆက်သား ရောက်မလာရသလဲ။ အခြေအနေကို စောင့်ကြည့်ရန် သဘောတူကြသည်။ ဤသို့ဖြင့် မတ်လ (၂၇)ရက် တစ်ရက် ကုန်သွားသည်။

ထိုအချိန်ထိ လေယာဉ်ပျံတွေနှင့်ဆက်၍ တိုက်ပွဲဖြစ်နေသေးသည်။ ဂျပန်တွေနှင့်လည်း ပေါင်းလျက်ပါ။ အကြံပေးအရာရှိလည်း ရှိလျက်ပါ။ (၂၈)ရက်နေ့တိုင် ရောက်ခဲ့ပါပြီ။ ဂျပန်တွေကလည်း အမြောက်တပ်ရဲဘော်တွေ၏ အခြေအနေကို စောင့်ကြည့်နေကြသည်။ သူတို့က အောင်လံမှာ ဖြစ်ပျက်နေသည်ကို ရေနံချောင်း အမြောက်ကြီးတပ်ရဲဘော်တွေက သိဟန်မတူဟု ယူဆနေကြဟန်တူသည်။

သို့နှင့် (၂၇)ရက်၊ (၂၈)ရက်ပင် ကျော်ခဲ့ပြီး၊ (၂၉)ရက်သို့ပင် ရောက်လာခဲ့ပြီ။ ဗိုလ်တင်အောင်နှင့် အလုပ်သင်ဗိုလ်မောင်ကျားတို့ ဆွေးနွေးကြသည်။ တစ်ခုခုကိုတော့ ဆုံးဖြတ်ရန် သင့်ပြီဖြစ်ကြောင်း၊ (၃)ရက်ကြာမှ မထွက်ခဲ့ပါလျှင် ပြဿနာတက်လာမည်ဖြစ်ကြောင်း အလုပ်သင်ဗိုလ်မောင်ကျားက တင်ပြသည်။

ထိုနေ့တွင်ပင် ဂျပန်ဗိုလ်ကြီးက ဗိုလ်တင်အောင်အား ထမင်းစားဖိတ်ထားသည်။ ဗိုလ်တင်အောင်က သူသွားရကောင်း မကောင်း စဉ်းစားကြပြန်သည်။

"ဗိုလ်တင်အောင်သွားချင်သွားတွေ့လိုက်ပါ။ သူကတော့ တပ်မှာစောင့်နေမည်။ ည (၁၀)နာရီထိုးလို့မှ ဗိုလ်တင်အောင်ပြန်မရောက်ခဲ့ပါရင် သူတပ်ထွက်မည်"ဟု အလုပ်သင်ဗိုလ်မောင်ကျားက ပြောသည်။

ဤသို့စီစဉ်ပြီးလျှင် ဗိုလ်တင်အောင် ဂျပန်ဖိတ်ကြားသည့် ထမင်းစားပွဲသို့ တက်သွားသည်။ အလုပ်သင်ဗိုလ်မောင်ကျားက တပ်သားတွေ ခရီးထွက်ရန် အသင့်ပြင်ခိုင်းထားပြီး၊ ဗိုလ်တင်အောင်အား စောင့်နေသည်။ ယခင်တပ်တွင် အင်အား (၁၅၀)ယောက်ရှိသည်။ တချို့ကြိုတင်၍ အခြေခံစခန်းတွေဆီပို့ထားသဖြင့် တပ်မှာ ၄-၅-၆ ဆယ်လောက်သာ ကျန်ရှိသည်။

ထိုအချိန် ရဲဘော်ထွန်းစိန်လည်း တာဝန်ဖြင့် အပြင်သို့ထွက်သွားချိန်ဖြစ်သည်။ ည (၁၀)နာရီမထိုးခင် ဗိုလ်တင်အောင် ချောချောမောမော ဘာပြဿနာမှမရှိဘဲ အေးအေးဆေးဆေးပြန်ရောက်လာသည်။

မတ်လ (၃၀)ရက်၊ လပြည့်နေ့ညသည် တပေါင်းလပြည့်နေ့ညဖြစ်ပါသည်။





လေယာဉ်ပျံပစ် အမြောက်တပ်ထွက်ဖို့ အားလုံးစီစဉ်ထားပြီးဖြစ်သည်။ လေယာဉ်ပျံပစ်အမြောက်ကြီးမှာရှိသည့် "ပင်"တွေကိုလည်း ဖြုတ်ထားလိုက်ကြသည်။ ဘာကြောင့်လဲဆိုလျှင် သူတို့ထွက်သွားပြီး အမြောက်ကြီးတွေကို အသုံးမပြုနိုင်ရန်ဖြစ်သည်။ ထို့အပြင် အမြောက်ကြီးတွင်ရှိသည့် အရေးကြီးသည့် အစိတ်အပိုင်းတွေကိုလည်း ဖြုတ်ထားပြီးဖြစ်သည်။ အမြောက်ပစ်သည့် "ပင်"နှင့် အမြောက်တွင်းက ပစ္စည်းတွေသူတို့နှင့် တစ်ပါတည်း သယ်ယူသွားရန်ဖြစ်သည်။

ဗိုလ်တင်အောင်က ရေနံချောင်းအရှေ့ရှိ ချိုင်းကို အလုပ်သင်ဗိုလ်မောင်ကျားအား ကွပ်ကဲရန် တာဝန်ချပေးပြီးမှ အနားကပ်ခါမှ သူနှင့်အတူ ပခမ်းငယ်ဘက်ကို လိုက်ရမယ်ဟု ပြောင်းလဲအမိန့်ပေးပြန်သည်။ ထို့ကြောင့် အလုပ်သင်ဗိုလ်မောင်ကျားသည်လည်း ဗိုလ်တင်အောင်နှင့်အတူ ပခမ်းငယ်ကျောက်ရဲဘက်ကို လိုက်သွားရသည်။

ဤသို့တပ်ထွက်သောအခါ ဂျပန်ကိုတိုက်ပြီးထွက်သင့်သလား ဒါမှမဟုတ် ဂျပန်မသိအောင်ထွက်မလား၊ တိုက်ထွက်ရင် အန္တရာယ်များမည်၊ သို့အတွက် ဂျပန်ကိုမတိုက်ဘဲ တိတ်တဆိတ်ထွက်ခြင်းသည် အားလုံးအတွက် အန္တရာယ်ကင်းသည်ဟု ဆွေးနွေးဆုံးဖြတ်ကြသည်။

ထိုည (၁၀)နာရီခွဲလောက်တွင် အမြောက်ကြီးတပ် ထွက်ကြခြင်းကို ဂျပန်လုံးဝမသိလိုက်ပါ။ ဂျပန်မသိအောင်လည်း နည်းနည်းချင်း လူစုခွဲပြီး တိတ်တဆိတ် ၃ ယောက်တစ်တွဲ၊ ၄ ယောက်တစ်တွဲ ထွက်ကြခြင်းဖြစ်သည်။ "ပထမစုရပ်နေရာက 'ပင်းဝ'၊ 'ပင်းဝ'ကိုရောက်အောင်သွား၊ ပင်းဝရောက်ရင် စောင့်"ဆိုပြီး အလုပ်သင်ဗိုလ်မောင်ကျားက မှာကြားလိုက်သည်။ (၇)မိုင်လောက်ဝေးသည့် ကျောက်ရဲကို ညလုံးပေါက်လျှောက်ကြသည်။ ဝေလီဝေလင်းအချိန်လောက်မှ ကျောက်ရဲကိုရောက်ကြသည်။

ရဲဘော်များတွင် လက်နက်အတော်စုံသည်။ စက်သေနတ်၊ ရိုင်ဖယ်၊ လက်ပစ်ဗုံး၊ သို့သော်လည်း စတင်းဂန်းတော့ မပါပါ။ ထိုအချိန်က အင်္ဂလိပ်ထံမှ စတင်းလက်နက် မရသေးပါ။

ကျောက်ရဲရောက်တော့ ပခမ်းငယ်ရွာကို ဆက်ကူးသွားကြတယ်။ ရဲဘော် ၇၀ ကျော်လောက် ပါသွားသည်။ ပခမ်းငယ်ရွာက သူကြီးဦးခမ်းမောင်လည်း ရဲဘော်တွေကို လိုလိုချင်ချင်ပဲ ကြိုဆိုသည်။ ဂျပန်တော်လှန်ရေးကိုလိုလားသည့် သူကြီး တစ်ယောက်ဖြစ်သည့်အတွက် ရဲဘော်တွေကို ဆီးကြိုနေရာထိုင်ခင်းချထား



www.burmeseclassic.com

www.burmeseclassic.com



ပေးသည်။ ပခမ်းငယ်ရွာသည် ရေနံချောင်းနှင့်ချောက်မြို့ကြား ရွာဖြစ်ပါသည်။ ချောက်မြို့နှင့်လည်း သိပ်မဝေးပါ။ ရဲဘော်တွေတပ်ဖောက်သွားသည့် သတင်းကိုကြား လျှင် ချောက်မြို့က ဂျပန်တွေလာတိုက်နိုင်သည်။ ဂျပန်အန္တရာယ်က ရှိနေသည်။

ထို့ကြောင့် ညသို့ ပခမ်းငယ်ရွာတွင်အိပ်ပြီး နေ့အခါ အနီးအနားရွာများတွင် ပြောင်းနေကြရသည်။ ဂျပန်သည် မြန်းခနဲမလိုက်ပါ။ အဘယ့်ကြောင့်ဆိုသော် ရဲဘော်တွေစုံစမ်းသိရသလောက်မှာ၊ ရဲဘော်တွေ ဤသို့ တပ်ထွက်သွားလိမ့်မည်ဟု ဂျပန်က မျှော်လင့်မထားကြောင်း၊ အဘယ့်ကြောင့်ဆိုသော် တော်လှန်နေသည့် အခြားမြန်မာ့တပ်များနှင့် ရေနံချောင်းက မြန်မာ့တပ်တွေနှင့် အဆက်ပြတ်နေသည်ဟု သူတို့ထင်နေကြောင်း သိရပါသည်။ အဘယ့်ကြောင့်ဆိုသော် ဆရာဝန်ကြီး ဦးကျော်ဇင်-ဒေါ်လှိုင်တို့ထံ ဂျပန်တွေကသွားမေးသည်ဟုသိရသည်။ ကျောက်ရဲဘက်သို့ ထွက်သွားကြောင်း မြန်းခနဲ သိဟန်မတူကြောင်း၊ သို့သော် အန္တရာယ်ကင်းအောင် ဆင်ခြေဖုံးရွာများတွင် လူစုခွဲ၍နေကြသည်။

## တိုင်းမှအထောက်တော်လာသွားခြင်း၊

ဗိုလ်တင်အောင်တို့ တပ်ထွက်ပြီး (၇)ရက်လောက်ကြာသောအခါ တိုင်း (၇)မှ အထောက်တော်တစ်ဦးအား ရေနံချောင်းသို့လွှတ်၍ အခြေအနေကို စုံစမ်းစေသည်။ တိုင်းက မတ်လ (၂၇)ရက်နေ့ တော်လှန်ရမည်ဟု အမိန့် ထုတ်သည်။ သို့သော် နောက်ထပ် အမိန့်တစ်စုံတစ်ရာမလာမချင်း တော်လှန်ရေး မလုပ်ရန်၊ နောက်ထပ်ညွှန်ကြားချက်လိုက်လာမည်ဟု တိုင်း၏အမိန့်တွင် ပါခဲ့သည်။

မတ်လ (၂၇)ရက်နေ့တွင် တော်လှန်ကြရမည်ဟု ဆက်သားနှင့် ရေနံ ချောင်းသို့လွှတ်ကြောင်း၊ သို့သော် ထိုဆက်သားအား ဒေါင်းသချောင်းမှာ ဂျပန်က ပစ်ခတ်တိုက်ခိုက်လိုက်သည်၊ ထို့ကြောင့် ဆက်သားရဲဘော်သည် ရေနံချောင်းသို့ သွားရောက်သတင်းမပို့နိုင်၊

ထို့ကြောင့် တိုင်းမှ ရေနံချောင်းအခြေအနေကို စုံစမ်းရန် တတိယအပတ် ဗိုလ်သင်တန်းဆင်း အလုပ်သင်ဗိုလ်ထွန်းတင် (ဖဆပလခေတ် ဒုဝန်ကြီးချုပ် သူရ ထွန်းတင်)အားလွှတ်၍ အစုံစမ်းခိုင်းကြောင်း၊ အလုပ်သင်ဗိုလ်ထွန်းတင်သည် ရေနံ ချောင်းရောက်လာပြီး လေယာဉ်ပျံပစ်အမြောက်ကြီးတပ် တပ်ထွက်သွားကြောင်း သိ လိုက်ရသဖြင့် တိုင်းကိုပြန်သွားပြီး တိုင်းမှူးထံအစီရင်ခံလိုက်ကြောင်းကို နောက်မှ အလုပ်သင်ဗိုလ်မောင်ကျားတို့ သိရသည်ဟုဆို၏။





## အင်္ဂလိပ်စစ်တပ်နှင့်ဆက်သွယ်မှုရခြင်း၊

ဤသို့ ပခမ်းငယ်တွင်နေစဉ် ညောင်ဦးဘက်သို့ အင်္ဂလိပ်စစ်တပ် ရောက် လာကြောင်း သတင်းရသည့်အတွက် ဗိုလ်တင်အောင်သည် မိမိတပ် တစ်တပ်လုံး အား ကွပ်ကဲအုပ်ချုပ်ရန် အလုပ်သင်ဗိုလ်မောင်ကျားအား တပ်ကိုလွှဲအပ်လိုက်သည်။ သူက ရဲဘော် (၃၊ ၄)ယောက်ကိုသာခေါ်၍ ညောင်ဦးဘက်ရှိ အင်္ဂလိပ်စစ်တပ်နှင့် ဆက်သွယ်ရန် ထွက်သွားပါသည်။

ဤသို့ လေယာဉ်ပျံပစ်အမြောက်ကြီးတပ် ဂျပန်ကိုတော်လှန်ရန် တပ်ထွက် သွားပြီဆိုသည့်သတင်းကို အခြားတပ်က ဂျပန်တွေ ကြားချင်လည်းကြားမည်၊ မကြား သည့်ဂျပန်လည်း ရှိချင် ရှိမည်ဆိုသည့် အနေအထားတွင်ရှိသည်။

တစ်ရက်တော့ ဂျပန်တပ်ကြပ်ကြီးတစ်ယောက်နဲ့ တပ်သားတစ်ယောက်တို့ သည် ပခမ်းငယ်ရွာကို ရောက်လာကြသည်။ သူကြီးဦးခမ်းမောင်အိမ်မှာ နားနေစဉ် သူကြီးက အလုပ်သင်ဗိုလ်မောင်ကျားထံ သတင်းပို့လိုက်သည်။ အလုပ်သင်ဗိုလ် မောင်ကျားလည်း ထိုအနီးအနားတွင်ရှိနေသည်။

အလုပ်သင်ဗိုလ်မောင်ကျားလည်း ရွာထဲဝင်လာပြီး အခြေအနေကိုလေ့ လာသည်။ ဂျပန်တွေက အိမ်ထဲမှာ ပက်လက်လှန်ပြီးတော့ နားနေသည်။ သေနတ် ကျည်ဆံကိုတော့ ပြောင်းထဲမှာထည့်ထားသည်။ သေနတ်ကို လုံခြုံသည့်နေရာမှာ ဝှက်ထားသည်။ သေနတ်နှင့်ပစ်လိုက်ရင်တော့ နှစ်ယောက်စလုံး ကြွသွားမှာဖြစ် သည်။ သို့သော် ရွာထဲတွင်တိုက်ပွဲဖြစ်ရင် ရွာနာမည်၊ နောက်ထပ် ဂျပန်တွေ အန္တရာယ်က ဘယ်လိုလာမည်မသိ။

ထို့ကြောင့် သေနတ်နှင့်မပစ်တော့ဘဲ ရဲဘော်ထွန်းဖေ၊ ရဲဘော်အောင် ဘော်၊ ရဲဘော်သန်းတင်၊ (ရဲဘော်ထွန်းဖေက နောင်သစ်တောဘက်မှာ ဝင် အလုပ် လုပ်နေသူပါ)သူတို့က ဗလလည်းကောင်းတယ်။ သူတို့ (၃)ယောက်ကို ဂျပန်ကို အရှင်ဖမ်းဖို့ သွားခိုင်းလိုက်သည်။ ရဲဘော်တွေထဲမှာလည်း ဂျပန်စကားပြန်လုပ်ဖူး သူတွေပါသည်။ သူတို့က ချောက်က စံလှတို့၊ ဘစုတို့ ဖြစ်ပါသည်။

ဂျပန်စကားပြန်တွေကို ဂျပန်နှင့်သွားစကားပြောခိုင်းရသည်၊ ဒီလိုစကား ပြောရင်း လေပေးဖြောင့်နေသည့်အချိန်မှာ ရဲဘော်တွေက ဝင်လုံးကြသည်၊ ပထမ တော့ ရဲဘော်တွေအတော်ခံကြရသည်။ ဂျပန်က သွက်သည်၊ တစ်ယောက်နှင့်လုံး နေစဉ် ခြေထောက်နှင့်ကန်လိုက်သည်၊ နှစ်ယောက်စလုံး လွှတ်ထွက်သွားပြီး ပြန်လုံး ကြရသည်၊ နောက်ဆုံးကျတော့ ဂျပန်ကိုရသည်။ "ဘိရှမာပေဟိုက" လို့ ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com

တော့ သူတို့တစ်ခါတည်း လက်လျှော့လိုက်သည်၊ နောက် ဂျပန်တွေ အဖမ်းခံကြရသည်၊

အလုပ်သင်ဗိုလ်မောင်ကျား ဒီဂျပန်နှစ်ယောက်ကို "ဘာလုပ်ရမည်နည်း" ဟူ၍ တမုဟုတ်ချင်း စဉ်းစားရပြန်သည်။ သုံ့ပန်းအဖြစ်ထားရအောင်လည်း သူတို့မှာ ဘယ်လိုမှ မတတ်နိုင်၊ သူတို့ကိုယ်တိုင် ပုန်းလျှိုး ကွယ်လျှိုး နေ နေရသည်။ ဒီတော့ ဤဂျပန်စစ်သားနှစ်ယောက်စလုံးကို သတ်ပစ်တာကလွဲလို့ အခြားနည်းမရှိပါ၊ ထို့ကြောင့် အလုပ်သင်ဗိုလ်မောင်ကျားအနေနှင့် ဂျပန်နှစ်ယောက်ကို သတ်ပစ်လိုက်ဖို့ ဆုံးဖြတ်လိုက်သည်၊

ထိုအချိန်ကား နေ့ (၂)နာရီကျော် (၃)နာရီလောက် ရှိပါမည်၊ ဂျပန်နှစ်ယောက်စလုံးကို ပခမ်းငယ်ဆိပ်ကမ်းကိုခေါ်သွားပြီး ရေထဲဆင်းခိုင်းလိုက်သည်။ ဒူးဆစ်လောက်ရောက်တော့ ရဲဘော်တွေက ခုတ်ချလိုက်သည်။ အလောင်းတွေ ရေထဲ မျောပါသွားသည်၊

ပခမ်းငယ်ရွာက ရွာကြီးပဲဖြစ်သည်။ ဤအဖြစ်အပျက်ကို ကမ်းညွှတ်မတတ် အားလုံးလာကြည့်ကြသည်၊ ဤသို့ကြည့်ကြသည့် ရွာသားထဲက ရဲဘော်တွေကို ကြည်ညိုသည့် လူတွေလည်းရှိသလို မလိုသည့်လူတွေလည်း ရှိနိုင်သည်၊ ထို့ကြောင့် ဤရွာတစ်ဝိုက်တွင် ဆက်လက်နေရန်မသင့်ဟု ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့် သူကြီးဦးခမ်းမောင်နှင့် တိုင်ပင်ပြီး တစ်ဘက်ကမ်းကို ပြောင်းနေကြသည်၊ တစ်ဖက်ကမ်းတွင် ချုံတွေ၊ နွယ်တွေ ပိတ်နေသည့်အတွက် အပေါ်ကကြည့်လျှင် မမြင်နိုင်၊ ထိုအနားတွင် ဘုန်းတော်ကြီးကျောင်းရှိသည်။ ထို့ကြောင့် ရဲဘော်တွေ အားလုံး တစ်ဘက်ကမ်းရှိ ဘုန်းတော်ကြီးကျောင်းဆီသို့ ပြောင်းရွှေ့လိုက်ကြသည်၊ ထိုကျောင်းရှိ ကျောင်းထိုင်ဆရာတော်မှာ တော်လှန်ရေးကိုလိုလားသည့် ဆရာတော်ဖြစ်သည်၊ ဘုန်းတော်ကြီးက ရဲဘော် (၁၅၀)ဦးကို ဇုက်ထားပေးသည်၊

ဤသို့ဖြင့် ပခမ်းငယ်နယ်တစ်ဝိုက်တွင် နှစ်ပတ်ခန့်ကြာသွားသည်။ ထိုအချိန်တွင် ဗိုလ်တင်အေးထံမှ ဆက်သားရောက်လာသည်။ အင်္ဂလိပ်တပ်နှင့်စာ အဆက်အသွယ်ရကြောင်း၊ လက်နက်၊ ဆေးဝါး၊ ရိက္ခာ အကူအညီတွေလည်း ရမည်ဖြစ်ကြောင်း၊ ခဏစောင့်ပါဆို၍ စောင့်နေရကြောင်း ဆက်သားနှင့် မှာလိုက်သည်။

မကြာခင် ဗိုလ်တင်အေးလည်းရောက်လာပါသည်။ အင်္ဂလိပ် လက်ပစ်ဗုံးများ၊ ဘရင်းဂန်းများ၊ စတင်းဂန်းများကို သူ သယ်လာခဲ့သည်၊ တပ်ကိုပြန်စုလိုက်





တော့ ရဲဘော် (၁၀၀)ကျော် လောက် ရှိနေပါသည်၊ ဆင်ဖြူကျွန်းကို ရဲဘော်တွေက မြေမှ ဝင်တိုက်ရန် အင်္ဂလိပ်စစ်တပ်က နောက်မှလိုက်မည်ဖြစ်ကြောင်း ပြောပြတော့ ရဲဘော်တွေလည်း တစ်ဖက်ကမ်းကနေ ဆင်ဖြူကျွန်းကို ဖြတ်တက်လာကြသည့် အင်္ဂလိပ်တပ်နှင့် ဆက်သွယ်ရေးအတွက် သင်္ကေတစာ ပေးခဲ့သည်၊

ဆင်ဖြူကျွန်းကိုတိုက်ရန် တဖြည်းဖြည်းချီတက်သွားကြတော့ အင်္ဂလိပ် လေယာဉ်ပျံတွေကလည်း ထန်းပင်လွတ်ရုံရှေ့က ပျံသန်းပေးသည်၊ ရဲဘော်တွေက မြို့မြောက်ဘက် ဟိန္ဒူကုလားတန်းဘက်ကနေ စဝင်သည်၊ တော်လှန်သည့် တပ်မတော်ဖြစ်သည့်အတွက် လှိုက်လှိုက်လှဲလှဲကြိုဆိုကြသည်။ "လူထုတွေက မြို့ထဲတွင် ဂျပန်တွေ အယောက် (၂၀၊ ၃၀) ရှိတယ်၊ ရဲဘော်တွေ အရမ်းမတက်နှင့်၊ မကြာခင်တပဲ ဂျပန် နှစ်ယောက် သုံးယောက် ဖြတ်သွားသေးကြောင်း" လူထုတွေက သတိပေးသည်၊

"မတက်နိုင်ဘူး၊ တွေ့ရင်လည်းတိုက်ကြရမှာပဲ"ဆိုပြီး အကာအကွယ်ယူကာ ဖြည်းဖြည်းတက်သွားကြသည်၊ ဂျပန်နှင့် ပက်ပင်းတွေ့သည်။ ဗိုလ်တင်အေး၊ အလုပ်သင်ဗိုလ်မောင်ကျား တပ်ကြပ်ကြီးကျော်သန်းတို့လည်း ခေါင်းဆောင်တိုက်ကြသည်။ လက်ပစ်ဗုံးသုံးသည့်အခါသုံး၊ ဤသို့ ရဲဘော်တွေကို တိုက်စေသဖြင့် ဂျပန်တွေလည်း မြို့ပြင်မှဆုတ်ခွာပြေးတော့သည်၊ ရဲဘော်များကလည်း မြို့ပြင်ထိ လိုက်တိုက်ကြသည်၊ တိုက်ပွဲပြီးတော့ ရှင်းလင်းရေးလုပ်သည့်အခါ ဂျပန်စစ်ဗိုလ်တစ်ယောက်၊ ဂျပန်စစ်သားခြောက်ယောက်ခန့် အလောင်းတွေ့ရသည်။ (၆)လုံးပြူး တစ်လက်၊ ဂျပန်ဓါးတစ်လက်နှင့် ဂျပန်အဝတ်အစားတွေ ချွတ်ယူကြသည်၊ တပ်မတော်က မြို့ကိုသိမ်းပြီးတော့မှ အင်္ဂလိပ်တွေနှင့် ဂေါ်ရခါးတပ်တွေ မြို့ထဲဝင်လာတော့သည်၊

အင်္ဂလိပ်စစ်သားတွေက ဆင်ဖြူကျွန်းမြို့ထဲက ဗိုလ်တဲမှာနေရာယူကြသည်၊ ဗိုလ်တဲမှာ အရာရှိတွေက သီးခြားစားပွဲမှာ စားသောက်ကြသည်၊ အခြား တပ်ကြပ်တပ်သားတွေက သီးခြားစားသောက်ကြသည်။ ဆိတ်သားခြောက်တွေပါတဲ့ ဗူးတွေ ဖောက်စားကြသည်။ မြန်မာတပ်က အရာရှိ အရာခံ၊ တပ်ကြပ်တပ်သားတွေကိုလည်း ရာထူးအလိုက်ခွဲပြီး ရိက္ခာတွေပေးသည်။ သို့သော်လည်း မြန်မာတပ်ကတော့ ရသည့် ရိက္ခာတွေကို စုပုံပြီး အားလုံးစုစားကြသည်၊

ထိုအချိန်မှာ ဗိုလ်မိုးညို (နောင် စက်မှုလက်မှုတပ်ရင်းမှာ တပ်ရင်းမှူးဖြစ်မည့်သူ)တို့ကလည်း ဘယ်ကအဆက်အသွယ်နှင့် လာသည်မသိပါ၊ နှစ်ယောက်စီး



www.burmeseclassic.com

www.burmeseclassic.com

( L5 )လေယာဉ်ပျံတွေနဲ့ ရောက်လာကြသည်။ တပ်ကရဲဘော်တွေကလည်း မြန်မာတပ်မတော်က ဂျပန်ကိုတော်လှန်နေပြီ၊ အတက်နိုင်ဆုံးမြန်မာ့တပ်မတော်ကို ကူညီကြပါလို့ မြို့ပတ်လှည့်ဆော် ကြွေးကြော်ခဲ့သည်။

ဆင်ဖြူကျွန်းမှာ နှစ်ည သုံးညလောက်နေပြီးတော့ အင်္ဂလိပ်တပ်မှူးရဲ့ ညွှန်ကြားချက်အရ ဆင်ဖြူကျွန်းရဲ့ အနောက်ဖက် မုံးမန်းဆည်ဘက်ပေါ့၊ အလုပ်သင်ဗိုလ်မောင်ကျားက အရင်တုန်းကတော့ ဆင်ဖြူကျွန်းဘက် မရောက်ဖူးဘူး၊ မြန်မာ့တပ်မတော်နှင့် ဂေါ်ရခါးစစ်တပ် တွဲထားလိုက်သည်၊ ဝါယာလက်အစရှိသည့် အပိုင်းတွေကတော့ မျက်နှာဖြူတွေပဲ၊ တပ်မှူးကလည်း မျက်နှာဖြူပဲ၊ ဆင်ဖြူကျွန်းအနောက်ဘက် မုံးမန်းဆည်ဘက် ရောက်သွားသည်။ ထိုနေရာတွင် မြေဝတုတ်ကျင်းများတူးပြီး ဂေါ်ရခါးစစ်တပ်နှင့် မြန်မာစစ်သားတွေတွဲပြီး ညအိပ်ကြရသည်။

ထိုစခန်းတွင် ဂျပန်ကိုတော့ မမိပါ၊ ညဖြတ်ပြေးလို့ ပစ်ရခတ်ရသည်တော့ ရှိပါသည်၊ (၃)ရက်လောက် ထိုစခန်းတွင်နေရပြီး မြန်မာတပ်က အင်္ဂလိပ်နှင့်ပေါင်း၍ မင်းဘူးကို ချီခဲ့သည်၊ မင်းဘူးမြို့က ဘုရားများ၊ စေတီများရှိသည့် မြို့ဖြစ်သည်၊ ထိုစခန်းမှ မကွေးနားက မြင်းကပ်းစပ်မှာ တပ်စခန်းချပါသည်။

ဤသို့ တပ်စခန်းချနေချိန် အလုပ်သင်ဗိုလ်မောင်ကျားက စစ်တပ်က ဂျစ်ကားနှင့် ရေနံချောင်းသို့လာခြင်းဖြစ်သည်။ ရေနံချောင်းကို လာသည့်ကိစ္စမှာ ဂျပန်ကင်ပေတိုင်က နိုင်ငံရေးသမားများကို သတ်သွားသည်၊ အလောင်းများက လက်မှတ်ကုန်းမှာရှိနေသည်ကြား၍ ရေနံချောင်းသို့လာခြင်းဖြစ်သည်။ ရေနံချောင်းကိုတစ်ပတ်လှည့်ပတ်သည်၊ မြန်မာတပ်ဝတ်စုံ ဝတ်ထားသူ ရဲဘော်မောင်မောင်ခင်ခေါ် တပ်ကြပ်တင်ထွန်းနှင့် တွေ့သည်၊ သူက လှမ်း၍ခေါ်သဖြင့် အလုပ်သင်ဗိုလ်မောင်ကျားက ကားကိုရပ်လိုက်သည်။

သူ့ကို ဘယ်တပ်ကလဲလို့မေးတော့ မုံရွာ အမြောက်ကြီးတပ်ကပါလို့ ပြောပြသည်၊ ထိုအခါ အလုပ်သင်ဗိုလ်ကျားက ဘာမှထပ်မပြောတော့ဘဲ ကားပေါ်သို့တက်ခဲ့ရန် ပြောသည်၊ ရေနံချောင်းမှာ ကြည့်စရာများကိုကြည့် လုပ်စရာများကိုလုပ်ကိုင်ပြီးလျှင် မကွေးရှိ တပ်စခန်းသို့ ပြန်လာသည်။

အလုပ်သင်ဗိုလ်မောင်ကျားသည် မကွေးတပ်စခန်းတွင် တော်တော်ကြာကြာကလေး နားနေရသည်၊ ထိုစခန်းသို့ နိုင်ငံရေးမှူး ရဲဘော်ထွန်းစိန်ရောက်လာသည်။ ရဲဘော်ထွန်းစိန်၊ ရဲဘော်ကျော်မြင့်၊ ရဲဘော်စိန်မောင်တို့ သူတို့နှင့် လာပေါင်းကြသည်၊ ထိုအချိန်မှာ ဗိုလ်တင်အောင်က ဒုတပ်ခွဲမှူး၊ အလုပ်သင်ဗိုလ်မောင်ကျား





ကတပ်စုမှူးဖြစ်သည်၊ တပ်ကြပ်ဘအေး၊ တပ်ကြပ်ကြီးကျော်သန်း၊ ရဲဘော် ခင်မောင်ညွှန့်တို့ တပ်များလည်း အလုပ်သင်ဗိုလ်မောင်ကျားတို့တပ်နှင့် ပြန်ပေါင်းမိကြသည်၊ သူတို့ကို ဗိုလ်တင်အောင်ကလှမ်းခေါ်၍ ရောက်ခဲ့ကြခြင်းဖြစ်သည်။ ထိုမှ နတ်တလင်းသို့ ဆက်ချီတက်ကြရပါသည်။

သူတို့တပ်တွေ နတ်တလင်းရောက်သောအခါ ဂျပန်များတပ်ဆုတ်နေပြီဖြစ်သည်။ ဘီဒီအေတပ် တစ်တပ်ကိုလည်း တွေ့ရသည်။ စက်မှုလက်မှုတပ်ရင်း(၂)၊ ဗိုလ်မိုးညိုတို့နှင့် တပ်ခွဲမှူးဗိုလ်သန်းတင်တို့ ပေါင်းလိုက်သည်၊ ထိုဗိုလ်ကြီးရဲအောင်ဗိုလ်စောချိုတို့ နတ်တလင်းရောက်သည့်အချိန်မှာ အလုပ်သင်ဗိုလ်မောင်ကျားမှာ ဗိုလ်ကလေးဖြစ်နေပါပြီ။ အလုပ်သင်ဗိုလ် (၆)လပြည့်သောအခါ ဗိုလ်ကလေးအဆင့်သို့ ရောက်ပါသည်။ ဒုတပ်ခွဲမှူးတာဝန်ကို ယူထားသူလည်းဖြစ်ပါသည်။

နတ်တလင်းနှင့် သိပ်မဝေးသည့် ဓါးမငယ်နယ်သို့ ချီတက်ကြသည်၊ ညဏ်လယ်က သိပ်ဝေးသည်၊ ညဏ်လယ်ကတော့ တောင်ပေါ်စခန်းဖြစ်သည်။ ဆင်များနှင့်တက်ရသည်၊ ဆင်တွေနှင့်ပင် ရိက္ခာခဲယမ်းမီးကျောက်တွေ သယ်ယူရသည်။ ညဏ်လယ်ရောက်သောအခါ အင်္ဂလိပ်စစ်တပ်က ဝါယာလက် (ကြိုးမဲ့ကြေးနန်း) အော်ပရေတာပါ တွဲပေးထားသည်၊

ဗိုလ်ကြီးစန်းယု (မဆလ လက်ထက်တွင် သမ္မတကြီးတာဝန် ထမ်းဆောင်သူ)က ဓားမငယ်မှာ ရောက်နေသည်၊ ဗိုလ်ကလေးမောင်ကျားတို့တပ် ဓားမငယ်ရောက်လျှင် ဗိုလ်ငြိမ်းမောင်နှင့် စတွေ့ရသည်ဟု သိရသည်၊ ဗိုလ်ငြိမ်းမောင်တို့နှင့် ဓားမငယ်ကျမှ စတွဲရခြင်းဖြစ်သည်၊ သူတို့တပ်က စမ်းကြီးဘက်သို့ ချီတက်ရမည်ဖြစ်သည်၊ ဗိုလ်ကလေးမောင်ကျားတို့တပ်ရင်းက ညဏ်လယ်ဘက်သို့ ချီတက်စခန်းချရမည်ဖြစ်သည်။ ညဏ်လယ်ရောက်သောအခါ ဗိုလ်ကလေးမောင်ကျားတို့တို ညဏ်လယ်၏တောင်ဘက်အစွန်းဆုံးရှိသည့်ရွာမှ စခန်းချစေသည်။

ဗိုလ်ကလေးမောင်ကျားတို့တပ်ကို ရှေ့ပြေးအဖြစ် ပို့ထားလိုက်ခြင်းဖြစ်သည်။ ထိုစခန်းတွင် တိုက်ပွဲဝင်ရမည်ဆို၍ ကင်းအဖြစ် ရှေ့ကချီတက်ကြသည်။ သူကပင် ခေါင်းဆောင်သွားရသည်၊ တပ်ကြပ် (၃)ယောက်လည်း သူနှင့် လိုက်ပါသည်၊ ဂျပန်တွေနေသွားသည့် တဲတွေကို တွေ့သည်။ နောက်ပိုင်းကို သတင်းပြန်ပို့လိုက်သည်။ သူတို့လည်း ခရီးအတော်ကြီးပန်းတော့ တပ်ရင်းရုံးသို့ ပြန်သွားကြသည်၊

ချောင်းကလေးတွေ့တော့ ချောင်းကိုဖြတ်ကူးကြရပြန်သည်။ နောက်တစ်နေ့တွင် သူ (ဗိုလ်ကလေးမောင်ကျား)တို့ စခန်းချသည့်ဘက်သို့ ဂျပန်များ ဝင်လာ


www.burmeseclassic.com

www.burmeseclassic.com



သည်၊ သူတို့နှင့် ထိတ်တိုက်တွေ့သည့် တိုက်ပွဲဖြစ်သည်။ တိုက်ပွဲတွင် ဂျပန်တစ်ယောက်ကို ဖမ်းမိလိုက်သည်။ လယ်ကွင်းထဲမှ ဂျပန်အလောင်းတစ်လောင်းကို တွေ့ရသည်၊ ဗိုလ်မိုးညို၊ ဗိုလ်အေးချို၊ ဗိုလ်ရဲအောင်တို့ တပ်ရောက်သောအခါ သူတို့နှင့်ပါဆက်ပြီး တိုက်ပွဲဖြစ်သည်။ ဂျပန်များ ဆုတ်ခွာသွားပါတော့သည်၊

ဗိုလ်ကလေးမောင်ကျားတို့ ဖက်ခွက်ရွာဘက်ဆီ တိုက်ကင်း ဆက်ထွက်ရသည်၊ တော်တော်ခရီးဝေးသည်။ လမ်းတစ်ဖက်မှာ ချောက်ကမ်းပါးကြီးရှိသည်၊ ဝိဇ္ဇာ တောင်လို့ခေါ်သည်၊ ဝိဇ္ဇာတောင်မှာ မျောက်ဝံတွေ ချေပန်းတတ်သည်။ နံရံကို လျှောက်ပြီး အေးကြွပ်နံ့ကြွပ် သွားရသည့်ခရီးပါ၊ တစ်ဖက်ကြည့်ရင်လည်း ချောက်ကြီး၊ ဝါးပင်များယှက်လဲနေသည်။ ထိုဖက်ခွက်ရွာသို့ သူတို့ကို ပို့သည်၊ မြီး တိုက်ကင်းဟုသာမှုလည်း သူတို့ပဲ ထွက်ကြရသည်။ သူတို့ကလည်း ခပ်တေတေ ခပ်မိုက်မိုက်ဆိုတော့ သူတို့ကိုလည်း ရွေးပြေးလွှတ်သည်။ ဤသို့ဖြင့် ညဏ်လယ်တွင် နှစ်လခွဲလောက်ကြာသည်၊

ပဲခူးရိုးမ တစ်ကြောလုံးကနေ ဆုတ်နေသည့် ဂျပန်များ၊ ညောင်လေးပင်ကနေ တောင်ငူဘက် ဆက်ဆုတ်နေသည်၊ ထို ဆုတ်နေသည့် ဂျပန်များကို သူတို့က လိုက်တိုက်နေကြရသည်၊ အင်္ဂလိပ်စစ်တပ်နှင့် တွဲနေရသည်၊ အင်္ဂလိပ်တပ်တွင်းမှ တပ်သားတစ်ယောက်က မှားပစ်တော့ တပ်သားတစ်ယောက် သေသွားသည်၊ နောက်တစ်ကြိမ် တိုက်ကွင်းထွက်ရပြန်သည်။ ဂျပန်က သူတို့တပ်ဘက်ကို ဝင်လာသည်၊ တိုက်ပွဲဖြစ်ပြန်သည်၊ ဤတစ်ကြိမ်သည် တပ်ရင်းအလိုက် တိုက်ကြရသည့် ပွဲဖြစ်သည်။

အင်္ဂလိပ်လေယာဉ်ပျံတွေလာပြီး ပစ္စည်းတွေချသည်။ ချဉ်ပေါင်ရွက်နှင့် ငရုတ်သီးစိမ်းချက်ပြီး စားကြရသည်၊ ချဉ်ပေါင်ရွက်နှင့် ငရုတ်သီးစိမ်း စားကြတော့ ဝမ်းလျှောကုန်ကြသည်။ ဤသို့ ဝမ်းလျှောလည်း နားမနေကြရဘူး။ ဗိုလ်ကလေးမောင်ကျားတို့ တပ်ပဲ ရွေးပြေးကင်းတပ်အနေနှင့် ချီတက်ကြရပြန်သည်။ ညနေပြန်လာကြရသည်။

တစ်မနက် (၇)နာရီလောက်တွင် ဂျပန်နှင့် ထပ်မံတိုက်ပွဲဖြစ်ကြရပြန်သည်၊ ဗိုလ်ငြိမ်းမောင်က တောင်ငူကို အလျားလိုက်ဖြတ်ပြီး ဝင်တိုက်ရာတွင် တိုက်ပွဲမှာ ဗိုလ်ငြိမ်းမောင် ဒဏ်ရာရသွားသည်။ ညဘက်တွင် တိုက်ပွဲ သုံးကြိမ်တိတိ ဖြစ်ပွါးသည်။

ဗိုလ်သန်းတင့်တို့က ထိုအချိန်တွင် ဗိုလ်တဲတွင်တပ်ချနေသည်၊





ဗိုလ်က လေးမောင်ကျားက ရွာအစွန်မှာ စခန်းချနေသည်။ စခန်းက ဂျပန်ဖြတ်နေသည့် လမ်းကြောင်းနေရာဖြစ်သည်၊ အမြောက်ကြီးတပ်နှင့် စက်မှုလက်မှုတပ်ရင်း (၂)က လာပေါင်းပြီး နေကြသည်၊ "စက်မှုလက်မှု (၂)နှင့် အမှတ် (၄)"ဟု၍ သမုတ်ခံရသေးသည်၊ ဘာကြောင့်ရယ်ဟု မသိပါ။ ဤသို့နေစဉ် မြို့ဘက်သို့ ချီတက်ရန်အထက်မှ အမိန့်ကျခဲ့ပါသည်၊

ထိုအမိန့်ကြောင့် ဗိုလ်ကလေးမောင်ကျားတို့တပ် တောင်ဖြတ်တက်ပြီး လမ်း သွားကြည့်ကြသည်။ဝိဇ္ဇာတောင် တောင်ကမ်းပါးယံ ကပ်လျှောက်ကြရသည်၊ သူတို့ တောင်တက်ကြရာမှာ ဆယ်လှမ်းထက်ပို၍ မတက်နိုင်ပါ။ ထိုအချိန်မိုးတွင်းဖြစ်၍ လမ်းအင်မတန်ချောနေသည်၊ တစ်ခါတစ်ရံ လေးဘက်တောက်၍ပင် ချီတက်ကြရ သည်၊ လမ်းအခက်အခဲက ဤသို့ရှိသည်။ ဘဲနက်ခေါ် သေနတ်မှာ တပ်သည့်လှံစွပ်နှင့် ဝါးပင်တွေခုတ်ထွင် လမ်းရှင်းရသည်။

ဗိုလ်ကလေးမောင်ကျားက "ကျုပ်ကို အမိန့်ပေးရင် ကျုပ်တို့ကတော့ တက်မှာပဲ"ပြောပြီးတက်သည်၊ မြို့က မည်သည့်အရပ်မှာရှိမှန်း သူမသိ၊ မြို့ချောင်းများကိုလည်း သူတို့မသိ၊ ထိုကြောင့် နှစ်ရက်လောက်တက်လိုက်၊ နောက်ကြောင်းပြန်လာလိုက်နှင့် ဤအတွင်း တောဝက်အုပ်နှင့် တွေ့ရသေးသည်၊ တောဝက်အုပ်ကို ကျားဝင်ဆွဲသည်ကိုလည်း တွေ့ကြရသည်၊

ဗိုလ်ကလေးမောင်ကျားတို့တွင် တပ်စိတ်လေးစိတ်ရှိသည်၊ ရဲဘော်ခင်မောင်ညွှန့်၊ ရဲဘော်သန်းမောင်၊ ရဲဘော်သိန်းမောင်၊ ရဲဘော်ကျော်စံကြီး၊ ဗိုလ်ကလေးမောင်ကျားနှင့် တပ်စိတ်ကို(၄)စိတ်ခွဲပြီး တာဝန်ယူစေသည်။ သူတို့ တပ်စိတ်လေးစိတ်နှင့် ဖြန့်တက်ကြည့်ပြီး ချောင်းတွေ့တော့ ဖြတ်ကူးနေစဉ် တောင်ရေကျလာသဖြင့် ဘ်ကောင်းလို့ ချောင်းထဲမျောမသွားအောင် သတိထား ကူးသွားရသည်၊ ထိုချောင်းကလေးနားက ရွာလေးမှာ တပ်စခန်းချလိုက်သည်။ ညဏ်လယ်ကို သူတို့ မလှမ်းနိုင်ပါ၊

ညဏ်လယ်ကို နေ့ဝက်ခရီးလျှောက်ရသည်။ ထိုနေရာတွင်နေရင်း ဆွေးနွေးကြရသည်၊ နေ့လည်စာ စားချိန်လောက်မှ အစီရင်ခံစာရေးသည်၊ ဗိုလ်ကလေးမောင်ကျား အစီရင်ခံစာရေးပြီး သူတို့ ပြန်ကြသည်၊ ညဏ်လယ်ကို ဗိုလ်တင်အောင်တက်လာသည်။ သူက ဗိုလ်ကလေးမောင်ကျားတို့ကို "ခင်ဗျားတို့က ဗိုလ်ကြီးဖြစ်မလား၊ ဗိုလ်မှူးဖြစ်မလား မပြောတတ်ဘူး"ဟု ရယ်ရယ်မောမော နှုတ်ဆက်သည်။ အာသဘောနှင့် ဘယ်အပေါ် အခြေခံပြီး ပြောဆိုနှုတ်ဆက်သည်ကို သူတို့ အမှတ်



www.burmeseclassic.com

www.burmeseclassic.com

မထင် နေလိုက်ကြသည်။ ဗိုလ်မိုးညို့ဆီ သူတို့သွားကြသည်။ ဗိုလ်တင်အောင် ဗိုလ်ကလေးမောင်ကျား၊ ရဲဘော်စိုးလွင် (ပဲခူးသား)တို့က အစီရင်ခံစာ ရေးတင်လိုက်သည်။

(ထိုအချိန်က ရဲဘော်စိုးလွင်မှာ နိုင်ငံရေး ဒုတိယခေါင်းဆောင်ပါ။ ရဲဘော်ထွန်းစိန်က ပထမခေါင်းဆောင်ဖြစ်ပါသည်၊ ရဲဘော်စိုးလွင်က မကွေးတပ်ထဲက ပါလာသူဖြစ်ပါသည်၊ ရဲဘော်ကျော်မြင့် သေသည့်အပတ်က သူရောက်ခြင်းဖြစ်သည်၊ ရဲဘော်ကျော်မြင့်က တပ်ထဲက မဟုတ်ပါ၊ အရပ်သားထဲက လိုလားသူအဖြစ်လိုက် လာသူပါ၊ သူ့ကို ကုလားကျော်မြင့်လို့လဲ ခေါ်ပါသည်။) ဤသို့ ဗိုလ်မိုးညို့က သူတို့ ချိတက်ရသည့် ခရီးသည် လုံးဝမလွယ်ကြောင်း၊ ဗိုလ်ကလေးမောင်ကျားက တင်ပြသောအခါ ဗိုလ်မိုးညို့က မလွယ်ရင်လည်း မတက်ဘဲနေလိုက်ကြရအောင် ပြောသည်၊ ဤသို့ဖြင့် ညာဏ်လယ်တွင် တစ်လခန့် ကြာသွားသည်၊

ညာဏ်လယ်တွင် တပ်တွေဖျောက်ပြီး ပေါင်းလိုက်သောအခါ ဗိုလ်ကလေးမောင်ကျားတို့ လေယာဉ်ပျံပစ် အမြောက်ကြီးတပ်ကို ဗိုလ်မိုးညို့၏ စက်မှုလက်မှုတပ်ရင်းထဲ ထည့်လိုက်သည်၊

(၁၉၄၅)ခု၊ စက်တင်ဘာလလောက်မှာ တပ်ဖျက်လိုက်သည့် အမိန့်ကျလာသောအခါ ဗိုလ်ကလေးမောင်ကျားတို့လည်း ငါးကုန်းဗိုလ်တဲမှာ စခန်းချသည့်အချိန်ဖြစ်သည်၊ ဗိုလ်ကလေးမောင်ကျားတို့အား အင်္ဂလိပ်စစ်တပ် စစ်ဗိုလ်တွေလိုပင် လခထုတ်ပေးသည်၊ (၃၈၅၀)ကျပ်လား ထုတ်ပေးသည်။ ထောက်ခံချက်တွေလည်း ပေးလိုက်သည်။ ဗိုလ်တွေရတဲ့အထဲက ရာခိုင်နှုန်းဖြတ်ပြီး ရဲဘော်တွေကို ပေးသည်။

• • • • • • • •





သခင်ပဒေါ်အုန်းခင်

www.burmeseclassic.com

www.burmeseclassic.com



## သခင်မ ဒေါ်အုန်းခင်

ရေနံချောင်းလေယာဉ်ပျံပစ် အမြောက်ကြီးတပ်နှင့် ဆက်စပ်နေသည့် သခင်မဒေါ်အုန်းခင်အကြောင်း မပါရင်မပြီး၍ ရေးရပါမည်၊ သခင်မဒေါ်အုန်းခင် အကြောင်းရေးလျှင်လည်း ဒေါ်ခင်ခင် (ရွှေကြာင့်)၊ ဒေါ်လှိုင်တို့ အကြောင်းတွေလည်း တစ်ဆက်တည်း၊ တစ်ပါတည်း ရေးရမည်ဖြစ်သည်။

လေယာဉ်ပျံပစ်အမြောက်ကြီးတပ် ရေနံချောင်းမှာတည်တော့ "ခံကုန်း"မှာ စခန်းချပါသည်။ ခံကုန်းကို နောက်ပိုင်းကျသောအခါ "အောင်မြေကုန်း"ဟု ပြောင်းလဲခေါ်ပါသည်။

ရေနံချောင်းမှာ လေယာဉ်ပျံပစ် အမြောက်ကြီးတပ်က တပ်ခွဲ (၂) တပ်စု (၂)ဖြစ်ပါသည်၊ တပ်ခွဲ (၂)ရုံးက မန္တလေးမျက်ပါးရပ်တွင် အခြေချရှိနေသည့် တပ်ဖြစ်ပါသည်။ ကျွန်တော် (စာရေးသူ) ရေနံချောင်းရောက်ရောက်ခြင်း တပ်စုမှူး ဗိုလ်ကလေး ဗိုလ်အေးဖေပါ၊ သူက မင်္ဂလာဒုံစစ်တက္ကသိုလ် ပထမအပတ် ဗိုလ်သင်တန်းကျောင်းဆင်းပါ၊ ရန်ကုန်တပ်ရင်းရုံးတွင် လေယာဉ်ပျံပစ် အမြောက်ကြီး ပညာကိုသင်ကြားခဲ့ပြီး ရေနံချောင်းသို့ တပ်စုတစ်စုစာ တပ်သားများ၊ ရုံးအဖွဲ့မှူးများနှင့် လာရောက်၍ လေယာဉ်ပျံပစ်အမြောက်ကြီးတပ် တာဝန်ကို ဂျပန်လက်မှ လက်ခံရယူသူ ဖြစ်ပါသည်။

ဗိုလ်အေးဖေနှင့်အတူ ပထမပတ် ဗိုလ်သင်တန်းကျောင်းဆင်း ဗိုလ်ကလေး ညွန့်မောင်လေးလည်းအတူပါခဲ့ပါသည်။နောက်မကြာပါ၊ဗိုလ်ကလေးညွန့်မောင်လေး လည်းပြောင်းသွားပါသည်။ မည်သည့်တပ်သို့ပြောင်းသွားသည်ကိုမသိလိုက်ရပါ၊





ဗိုလ်ကလေး ဗိုလ်အေးဖေတွင် ရခါစဇနီးကလေး မခင်ညိုလည်း ပါခဲ့ပါသည်။ သူက ရုပ်ချောမင်းသမီးဟု သိရပါသည်။ မခင်ညိုဆိုသည့်အတိုင်း ညိုချောပါ။ သမင်မျက်လုံးနှင့်ပါ၊ ဗိုလ်ကလေး ဗိုလ်အေးဖေလည်း လူချောတစ်ယောက် ဖြစ်ပါသည်။

ရေနံချောင်းတွင် ဘီဒီအေတပ် တပ်စွဲထားသည်ကိုသိ၍ ရေနံချောင်းမြို့တွင်းက သခင်တွေ၊ သခင်မတွေက လာရောက်ဆက်သွယ်ကြပါသည်၊ ယခင်က ရေနံချောင်းမြို့ကို ဘီအိုင်အေတို့ ဘီဒီအေတပ်တွေက ဖြတ်သွား၊ ဖြတ်လာခြင်းသာ ရှိပါသည်၊

ယခုကဲ့သို့ တပ်စခန်းချ၍နေသည့် တပ်ရယ်ဟု မရှိခဲ့ပါ၊ လေယာဉ်ပျံပစ် အမြောက်ကြီးတပ်စု တစ်စုသာ ဤသို့လာရောက် တပ်စွဲခြင်းသာ ဖြစ်ပါသည်။

အပြန်အလှန်အားဖြင့် တပ်စုမှူး ဗိုလ်ကလေးဗိုလ်အေးဖေတို့ တပ်ကြပ်ကြီး ထွန်းအေး၊ တပ်ကြပ်သန်းမြင့်တို့က လေယာဉ်ပျံတွေနှင့် တိုက်ခိုက်မှုနည်းသွားသည့် ညနေပိုင်းဆိုလျှင် မြို့ထဲက သခင်များ၊ သခင်မများထံ အလည်အပတ် သွားလေ့ရှိပါသည်။

ကျွန်တော်တို့ လေယာဉ်ပျံပစ် အမြောက်ကြီးတပ် မရောက်ခင်ကတည်းက ရေနံချောင်း တို့ဗမာဆင်းရဲသား အစည်းအရုံးဝင် သခင်မများပါ နိုင်ငံရေးထဲတွင် ပါဝင်လှုပ်ရှားလျက်ရှိပါသည်။ ဂျပန်ခေတ်မှာ တို့ဗမာဆင်းရဲသား အစည်းအရုံး တည်ထောင်သောအခါက သခင်လှိုင်က ခရိုင်မှူးဖြစ်ပါသည်၊ သခင်အေးမောင် (ခေါ်) ရေနံမြေရဲဘော်ထွန်းစိန်တို့နှင့်လည်း နိုင်ငံရေးလုပ်ဖက်တွေပါ၊

ဗိုလ်ဘတင်ခေါင်းဆောင်သည့် စစ်သားစုဆောင်းရေးအဖွဲ့တွင် ဗိုလ်အုံးကျော်၊ ဗိုလ်ဘတင်၊ ဗိုလ်တင်သိန်း၊ ဗိုလ်အေးမြင့်၊ ဗိုလ်စိန်ဝင်းနှင့် ဗိုလ်သိန်းတို့ ပါသည်။ သူတို့ စစ်သားစုဆောင်းရေး ရောက်စဉ်အခါက သခင်မဒေါ်အုန်းခင်၊ ဒေါ်ခင်ခင် (ရွှေကြာင့်)၊ ဒေါ်လှိုင်၊ မကွေးကရဲဘော်မ ဒေါ်ခင်မြမြတို့ ရေနံချောင်း ခရိုင်တစ်ခုလုံး တောနယ်တွေပါမကျန် လိုက်လံဟောပြော စည်းရုံးပေးပါသည်။

ထိုစစ်သား စည်းရုံးရေးအဖွဲ့ပြန်သွားပြီး မကြာပါ၊ ကျွန်တော် (စာရေးသူ) တို့ လေယာဉ်ပျံပစ်အမြောက်ကြီးတပ် အောင်မြေကုန်းမှာ လာရောက်တပ်စွဲပါသည်။ ကျွန်တော်တို့ အမြောက်တပ်ကို ဂျပန်တွေက ရိက္ခာထောက်ပံ့သည်။ ဂျပန်ပေးသည့် လွတ်လပ်ရေးရပြီးနောက် မြန်မာ့တပ်မတော်သည် မြန်မာအစိုးရ၏ လက်အောက်ခံ ဖြစ်သည်။ သို့သော် လေယာဉ်ပျံပစ်အမြောက်ကြီးတပ်ကိုတော့ ဂျပန်က တိုက်ရိုက်



www.burmeseclassic.com

www.burmeseclassic.com

အုပ်ချုပ်ထားသည်။ ထို့ကြောင့် စားနပ်ရိက္ခာကို ဂျပန်က တာဝန်ယူထားသည်။

ဤသို့ ဂျပန်က ယူထားရသည့်အတွက် ရိက္ခာလုံလောက်ခြင်းမရှိပါ။ ဤအထဲတွင် ရေခဲစိမ်ပင်လယ်ငါးများ ပါပါသည်၊ တစ်ခါတစ်ရံ ငါးပုတ်များလည်း ပါလာတတ်ပါသည်။ ဤသို့သော ရိက္ခာများ မလောက်မငှဖြစ်ခြင်းကြောင့် ဗိုလ်အေးဖေက ဤအကြောင်းကို ပြောပြသည်၊ သခင်မဒေါ်အုန်းခင်၊ ဒေါ်လှိုင်၊ ဒေါ်ခင်ခင်တို့က ငွေများကိုကောက်ခံစုစည်းပြီး ကျွန်တော်တို့တပ်ကို ကူညီထောက်ပံ့သည်။

ဗိုလ်အေးဖေ တပ်ခွဲရုံးရှိရာ မန္တလေးသို့ ပြောင်းရွှေ့သွားသောအခါ ဗိုလ်စောမောင် ရေနံချောင်းသို့ ပြောင်းရွှေ့လာသည်၊ ဗိုလ်စောမောင်ကတော့ နိုင်ငံရေး အဖွဲ့အစည်းက လာသူဖြစ်၍ သခင်မဒေါ်အုန်းခင်တို့ထံ အကူအညီတောင်းသည်၊ ရိက္ခာတွေမလုံမလောက်နှင့် စားသောက်နေရကြောင်း၊ အဝတ်အထည်တွေ စုတ်စုတ်ပြတ်ပြတ်နှင့် နေရကြောင်းများကို တင်ပြပါသည်။

ထိုအတွက် သခင်မကြီးတို့ အမျိုးသမီးကြီးများက ဈေးထဲတွင် အလှူခံပေးသည်၊ ဈေးတစ်ပတ်စာ အလှူခံရသည်။ ရိက္ခာ အသား၊ ဟင်းသီးဟင်းရွက်များသည် ငါးရက်၊ တစ်ပတ်ကျော်ကျော် စားရသည်၊ ရဲဘော်တွေလည်း တော်တော်စိတ်ချမ်းသာသွားကြသည်။

ယခင်ကဆိုလျှင် တပ်ထဲကို နွားတစ်ကောင် လမ်းမှားၡဲ့ မဝင်လာနှင့်၊ ဝင်လာရင်တော့ အဲဒီနွားကတော့ အမဲသားဖြစ်တော့တာပါပဲ၊ တစ်ခါတစ်လေ ကြောင်ကလေးကအစ လိုက်ဖမ်းပြီး စားကြသည်။ ဤသို့ ငတ်တော်ပြတ်ပြတ် ဖြစ်နေသည့်ကာလ ဗိုလ်စောမောင်လက်ထက်တွင် သခင်မကြီးတို့ ဈေးတွင်ကောက်ခံပေးသည့်ရိက္ခာမှာ ဈေးတစ်ပတ်စာ လုံလောက်သည့်အပြင် တစ်ပတ်စာ စားမကုန်ပါ၊

ရဲဘော်တွေ ကူညီဝတ်စုံများသည်လည်း တစ်ထည်ကနှစ်ထည် လဲဝတ်စရာမရှိ၊ ဒါပဲ နေ့စဉ်ဝတ်ရတော့ ပေရေနေတာတွေ၊ စုတ်ပြဲကုန်တာတွေ ရှိလာသည်။ ထို အဝတ်အဟောင်းတွေကို သခင်မကြီးတို့ထံ သွားပို့သည်၊ စုတ်ပြဲနေသည့် အဝတ်များကို ဖာတန်ဖာ၊ ထေးတန်ထေးပြီး အဝတ်တွေ လျှော်ဖွတ်ပေးပါသည်၊ ထိုအခါမှ ရဲဘော်တွေ ဟန်ကျပန်ကျ နေနိုင်တော့သည်။

ကျွန်တော် (စာရေးသူ)တို့ ရဲဘော်လေးတွေကတော့ တပ်မှ (၂၄)နာရီ တာဝန်ထမ်းဆောင်ဖို့ အသင့်နေရတော့ တပ်ကဘယ်မှမခွာပါ။ သခင်မဒေါ်အုန်းခင်တို့၊ ဒေါ်ခင်ခင်တို့ ဆိုသည့်အမျိုတွေကို မမြင်ဖူးပေမယ့် သူတို့နာမည်တွေက ရဲဘော်





တွေ ပါးစပ်များမှာ ဝဲနေပါသည်၊ ဗိုလ်အေးဖေ ပြောင်းသွားသောအခါ မသွားခင် နောက်ရောက်သည့် တပ်မှူးနှင့် အဆက်အသွယ်လုပ်ပေးခဲ့သည့်အတွက် သခင်မဒေါ်အုန်းခင်တို့နှင့် အလွယ်တကူ ဆက်သွယ်နိုင်ခဲ့ပါသည်။

ဗိုလ်စောမောင် မန္တလေးတပ်ခွဲသို့ ပြောင်းရွှေ့သွားသောအခါ ရန်ကုန်က ဗိုလ်တင်အောင်ရောက်လာသည်၊ ဗိုလ်တင်အောင်ကလည်း သခင်မကြီးဒေါ်အုန်းခင် အိမ်အလည်လာသည်၊ သူက ထောက်ပံ့ရေးက ရဲဘော်ခင်မောင်ကြီးနှင့် အတူသွားလည်သည်၊ မတွေ့ဘူးလို့ မိတ်ဖွဲ့ဖို့လာခြင်း ဖြစ်ပါသည်။

နောက် လေးငါးဆယ်ရက်လောက် ကြာသောအခါ ဗိုလ်တင်အောင် တစ်ယောက်တည်း သခင်မဒေါ်အုန်းခင် အိမ်ကိုလာသည်၊ သူကရောက်ပြီး ခဏတစ်ဖြုတ်နားပြီးတော့ -

"သခင်တင်မြကိုသိသလား" ဗိုလ်တင်အောင်က မေးပါသည်၊ ဗိုလ်တင်အောင်ကို ယုံရမယုံရ အခုမှသိတော့ သခင်တင်မြကို မသိသလိုလုပ်ပြီး "ဘယ်က သခင်တင်မြလဲ"ဟု သခင်မကြီးက ပြန်မေးလိုက်သည်၊ ထိုအခါတွင် ဗိုလ်တင်အောင်က -

"ဒီမှာ သခင်မ မအုန်းခင် ဘာတွေညာတွေ လုပ်မနေပါနဲ့ဗျာ၊ ကျွန်တော့်ကို သခင်တင်မြက ခင်ဗျားဆီလွှတ်လိုက်တယ်၊ ကျွန်တော်တို့ကိစ္စကို ဘယ်သူတွေ ဖောက်နေမှန်းမသိဘူး။ သခင်မ မအုန်းခင်ပဲသိမယ်၊ ဒီတော့ သူနှင့်သာ သွားဆက်သွယ်ပါလို့ သခင်တင်မြက မှာလိုက်တယ်၊ အဲဒါကြောင့် ကျွန်တော် ခင်ဗျားတို့နဲ့ လာတွေ့တာပါ။ ဒါကြောင့် ကျွန်တော့်ကို ယုံရမလား၊ မယုံရဘူးလားဆိုပြီး လုပ်မနေနဲ့ အချိန်ကလည်း သိပ်အရေးကြီးလာပြီ မဟုတ်လား၊ ဒီတော့ ဒီမှာဘယ်သူတွေရှိလည်းဆိုတာ ခင်ဗျား ဆက်သွယ်ပေးစေချင်တယ်"လို့ ဗိုလ်တင်အောင်ပြောမှ သခင်မဒေါ်အုန်းခင်က ခဏစဉ်းစားပြီးမှ -

"ဒါဆိုရင်တော့ နည်းနည်းစောင့်ဦး၊ ကျွန်မ ကျန်တဲ့ပုဂ္ဂိုလ်တွေဆီ သွားဆွေးနွေးကြည့်မယ်၊ ဘယ်သူတွေရယ်လို့တော့ ကျွန်မ မပြောဝံ့သေးဘူး။ နောက်တစ်ရက်နှစ်ရက်ဆိုရင် ကျွန်မအကြောင်းပြန်ပါ့မယ်"

"အဲဒီလိုမှပေါ့ဗျာ၊ ကျွန်တော်တို့ အချင်းချင်း မယုံရတဲ့လူတွေ မဟုတ်တာ"

"ဒါတော့ ဒါပေါ့၊ ဒီကိစ္စဆိုတာ လွယ်လွယ်ပြောလို့ လွယ်လွယ်လုပ်လို့ ဘယ်ဖြစ်နိုင်မလဲ။ ဗိုလ်တင်အောင်လည်း နားလည်မယ်လို့ ထင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်လေ၊ ကျွန်တော်ကလည်း အလိုက်မသိနိုင်လိုက်တာ။ ဒီလို လွယ်လွယ်မေးလိုက်တာက ယုံကြည်ပြီးသူတွေလို သဘောထားလိုက်ပြီး မေးမိတာပါ။ ကျွန်တော်တောင်းပန်ပါတယ်။ မအုန်းခင်မှာလိုက်တဲ့အတိုင်း နှစ်ရက်သုံးရက်လောက်ကျမှ ကျွန်တော်ပြန်ခဲ့မယ်"လို့ပြောပြီး ဗိုလ်တင်အောင် ပြန်သွားပါသည်၊

ဗိုလ်တင်အောင်ပြန်သွားတော့ သခင်မဒေါ်အုန်းခင်က သခင်လွင်၊ ဦးထွန်းအုံးတို့နှင့် သွားတွေ့သည်၊ ဗိုလ်တင်အောင် သူမနှင့် လာတွေ့သည့်အကြောင်းတွေကို ပြောပြလိုက်သည်၊

"ဗိုလ်တင်အောင်က ကွန်မြူနစ်ပါတီနှင့် တပ်နှင့်ဆက်သွယ်ပြီး လုပ်လိုကြောင်း၊ ကျွန်မတို့ကလည်း တပ်နှင့်ဆက်သွယ်လုပ်မှ ကျွန်မတို့လုပ်ငန်း ကျယ်ကျယ်ပြန့်ပြန့်ရှိမယ်၊ လုပ်ငန်းလည်း မြန်မြန်အောင်မြင်မယ်"လို့ သခင်မဒေါ်အုန်းခင်က တင်ပြသည်။

"ဒီလိုဆိုရင် ကောင်းတယ်။ မနက်ဖြန်ညနေ (၄)နာရီကျရင် နင်နဲ့ငါ တပ်ထဲကို သွားကြရအောင်"လို့ သခင်လွင်က ပြောသည်။

"ကောင်းပါပြီ"လို့ သခင်မဒေါ်အုန်းခင်ကလည်း သဘောတူ လက်ခံလိုက်သည်။

နောက်တစ်နေ့ညနေ (၄)နာရီကျတော့ ဗိုလ်တင်အောင်နှင့်သွားဆွေးနွေးရန် သခင်လွင်အိမ်သို့ သခင်မကြီးဒေါ်အုန်းခင် ရောက်သွားသည်။

သခင်လွင်အိမ်တွင် ဦးထွန်းအုံးတို့ကို တွေ့ရသည်။

သခင်မဒေါ်အုန်းခင်အား ဆီးကြို၍ သခင်လွင်က -

"မနက်က မန္တလေးက M.A ဒေါ်အုံးနှင့် ဦးကျော်ငြိမ်း (ဖဆပလခေတ် ဒုဝန်ကြီးချုပ်နှင့် ဆိုရှယ်လစ်ပါတီခေါင်းဆောင်) လာသွားတယ်၊ ဗိုလ်တင်အောင်နဲ့လည်း တွေ့ပြီးပြီ၊ အားလုံးပြေလည်တယ်"

"ဒီလိုဆိုလည်း ပြီးရောပေါ့"

"ဦးကျော်ငြိမ်းနဲ့ M.A ဒေါ်အုံးတို့ ချက်ခြင်းပဲ ပြန်ကြတယ်။ နောက် ဗိုလ်ရန်အောင် (ရဲဘော်သုံးကျိပ်ဝင်)နှင့် မစောမြတို့လည်း ရောက်လာတယ်၊ တပ်ထဲမှာ တည်းတယ်တဲ့၊ အဲဒါ တို့သွားတွေ့ကြရအောင်"

"ဟုတ်ကဲ့၊ သွားတွေ့တာပေါ့" ဆိုပြီးလျှင် သခင်လွင်နှင့် သခင်မဒေါ်အုန်းခင်တို့ တပ်ထဲသို့ လိုက်သွားကြသည်။





ဗိုလ်တင်အောင်တို့ဆီမှာ သခင်လွင်နှင့် သခင်မကြီးတို့ ညစာစားသောက်ပြီးလျှင် ဗိုလ်ရန်အောင်၊ ဒေါ်စောမြတို့နှင့် ဆွေးနွေးကြသည်၊ ဒေါ်စောမြတို့က ဆွေးနွေးပြသည်၊ သူတို့ပြောပြချက်တွေက -

"ဂျပန်တွေပေါ်ထားသည့် သဘောထားကိုရှင်းပြတယ်၊ ဂျပန်က လွတ်လပ်ရေးကို ပေးမယ်ဆိုပြီး တကယ်ပေးတာက အတုအယောင်သာပေးတယ်" စသည်ဖြင့် ဂျပန်တွေ ပြုကျင့်ပုံတွေကို ပြောပြသည်။ ထို့ကြောင့် ဂျပန်ကို တော်လှန်ရမည်၊ သူတို့အနေနှင့် ဂျပန်တော်လှန်ရေးအတွက် စည်းရုံးရေးဆင်းခဲ့ခြင်းဖြစ်ကြောင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးပြသည်။ ထို့နောက် ဗိုလ်ရန်အောင်က -

"ငါ့ညီမ ဒီမှာနေပြီး တော်လှန်ရေးလုပ်မလား၊ ဒါမှမဟုတ် တို့နဲ့ လိုက်မလား"ဟု မေးပါသည်။

"ဒီမှာပဲနေပြီး လုပ်ပါမယ်၊ မလိုက်တော့ပါဘူး"လို့ သခင်မဒေါ်အုန်းခင်က အဖြေပေးလိုက်သည်၊ ထို့နောက် ဗိုလ်ရန်အောင်နှင့် အစ်မကြီး ဒေါ်စောမြတို့လည်း ခရီးဆက်ထွက်သွားကြပါသည်။

နောက် ဗိုလ်တင်အောင် ရောက်လာသည်၊ ဗိုလ်တင်အောင်က -

"ငါ့ညီမရယ် တို့မှာ ငွေရေးကြေးရေး အခက်အခဲရှိနေတယ်၊ ဟိုက၊ ဒီက ရတဲ့ငွေ စုဆောင်းထားတာရှိတယ်။ ရွှေဒင်္ဂါးရှိတယ်၊ ယောက်ျားရှပ်ကြယ်သီးလည်း ရထားတယ်၊ တော်လှန်ရေးလုပ်ဖို့ ရိက္ခာတွေ၊ စုဆောင်းစရာတို့၊ ဆေးဝါးတို့အတွက် ဝယ်ခြမ်းထားဖို့တို့ အရေးတကြီးလိုနေတယ်၊ အဲဒါ ငါ့ညီမ ရှာပေးစေချင်တယ်" ပြီးဒီရထားတဲ့ ငွေကြယ်သီးတို့ကိုလည်း ထုခွဲပေးစေချင်တယ်။ အောင်လံကိုတော့ ဆက်သားအဖြစ် တပ်ကြပ်ကြီးကျော်သန်းကို လွှတ်ထားတယ်၊ ကိုကျော်သန်းကလဲ ခုထိမရောက်လာသေးပါ၊ တောင်တွင်းကြီးမှာ သူ့ရည်းစားရှိတယ်တဲ့။ အဲဒီမှာ ဝင်နေသလား မပြောတတ်ဘူး။ သူက ဘယ်တော့ရောက်လာမယ်မှန်း မသိဘူး။ ငွေက သိပ်ကြပ်နေတယ်၊ ခင်မောင်တို့ကိုလည်း အောက်ပိုင်းကိုဆင်းပြီး ဆန်ဝယ်ခိုင်းထားတယ်၊ ဂျပန်တွေနဲ့ အလုအယက် ဝယ်နေကြရတယ်၊ အဲဒီတော့ ညီမကကြိုးစားပြီး ရနိုင်တဲ့ လူတွေထံက ရှာပေးစေချင်တယ်"

"ဒီလိုဆိုရင် ကျွန်မ လူများတွေဆီတော့ မသွားချင်ဘူး၊ ဒါ ပေါ်ကြားလို့ မကောင်းဘူး၊ ဒီတော့ ကျွန်မမှာရှိတာပဲ ပေးလိုက်မယ်"ဆိုပြီး စိန်လက်စွပ်နှင့် လက်ကောက်ကို ချွတ်ပေးလိုက်သည်၊



www.burmeseclassic.com

www.burmeseclassic.com



"ဒီပစ္စည်းတွေယူပြီး ပေါင်သုံးပါ။ နောင် အစ်ကိုကြီးတို့ငွေလာမှ ကျွန်မကို ပြန်ရွေးပေးပါ"လို့မှာပြီး ပေးလိုက်တယ်၊ထိုပစ္စည်းများကို သခင်လှိုင်ကို အပေါင်ခိုင်းလိုက်သည်၊ ဂျပန်ငွေရှစ်သောင်းရသည်ဟု သိရသည်၊ ငွေရတော့ အခြေခံစခန်းများဆီ ငွေ့ ဘွာများကို ဝယ်ခြမ်း၍ ပို့ထားလိုက်သည်။

ဗိုလ်တင်အောင်တို့ ဆွဲကြိုးကို ရောင်းချသည့်ကိစ္စကို ဂျပန်မသိအောင် လုံလုံခြုံခြုံ လုပ်ရသည့်ကြားက စိန်လက်စွပ်နှင့် လက်ကောက်တွေ ပေါင်ထားသည်ကိုလည်း ဂျပန်က သိသွားဟန်တူသည်၊

ကမ်းနားမှာလည်း တပ်ကအဝယ်တော် ခင်မောင်တို့နှင့် ဂျပန်လည်း ရှန်းရင်းဆန်ခတ် ဖြစ်နေကြောင်း ကြားရသည်။ အခြေအနေလည်း သိပ်မကောင်းဘူးနှင့်တူသည်၊ သခင်မဒေါ်အုန်းခင် အပြင်က အိမ်ပြန်လာတော့ သူ့အဘက -

"မိန်းကလေး ကင်ပေတိုင်က စစ်ဗိုလ်ဆိုလား၊ ဂျပန်စစ်ဗိုလ်ဆိုလား လာသွားတယ်"

"ဘာပြောသွားသလဲ အဘ"

"ထမင်းစား ဖိတ်ချင်လို့တဲ့"

" ဘာပြောလိုက်သေးလဲ"

"သူ မြို့ထဲသွားတယ်"လို့ ပြောလိုက်တယ်၊

ထိုသို့ ကင်ပေတိုင်လာပြီး မေးလားမြန်းလား လုပ်တယ်ဆိုတော့ ငါနဲ့ ကင်ပေတိုင်နဲ့လည်း အဆက်အသွယ်မရှိဘူး။ ဘာလုပ်ရမလဲလို့ သူဟာသူမေးပြီး စဉ်းစားပါတော့သည်။ ထိုအချိန်မှာ သခင်လွင်ဆီက ဆက်သားရောက်လာသည်။ ဆက်သားက မခင်မူတဲ့ (သခင်မဒေါ်အုန်းခင်ရဲ့ လျှို့ဝှက်နာမည်ဖြစ်သည်၊)

"မြို့ထဲမှာ ဂျပန်တွေက မခင်မူကို လိုက်ရှာနေတယ်၊ ဒီတော့ မခင်မူ ဘာလုပ်မလဲ၊ တို့က ဝှက်ပေးရမလား။ ဒါမှမဟုတ် မင်းဖာသာမင်း တာဝန်ယူ ဆောင်ရွက်မလား"လို့ သူ့ဆက်သားနှင့် သခင်လွင်က မှာလိုက်သည်၊ အတန်ငယ် စဉ်းစားနေပြီးတော့မှ -

"ကိစ္စမရှိဘူး၊ သခင်လွင်သာ သတိနှင့်နေပါ"လို့ ပြောကြားလိုက်သည်။ ချက်ချင်းပဲ တပ်ထဲကိုသွားသည်။ ဗိုလ်တင်အောင်နှင့်တွေ့သည်။

"အစ်ကိုကြီး ပြဿနာက ဒီလိုဖြစ်လာပြီ"ဟုဆိုကာ ဂျပန်လာမေးသည့် အကြောင်းကို ဖွင့်ပြောလိုက်သည်၊

"ဟေ . . ဟုတ်လား၊ အဲဒီတော့ ဘယ်လိုစဉ်းစားသလဲ ညီမ"





"ကျွန်မတော့ ထွက်မှဖြစ်မယ်၊ ကျွန်မကို ဘာတာဝန် ပေးမလဲ"

"ဒီလိုဆိုရင် ပခန်းငယ်ဘက် ထွက်မလား"

"ပခန်းငယ်ဆိုရင် ကျွန်မအလုပ်က မရှိဘူး။ ပုပ္ပားဘက်သွားရင် သခင်အုံးဖေတို့ ရှိသည်၊ (သူ့ကို အက်တူးအုံးဖေလို့ ခေါ်ကြသည်) သူတို့က မဟာမိတ်တွေ လွှတ်ထားတဲ့ လေထီးသမားတွေနဲ့တောင် အဆက်အသွယ်ရနေပြီတဲ့"

"ဟေ . . ဟုတ်လား၊ ဒီလိုဆိုရင်ကောင်းတာပေါ့၊ တို့လိုချင်တာကလည်း ဒီမဟာမိတ်တွေနဲ့ အဆက်အသွယ်အမြန်ဆုံး ရဖို့ပဲ။ ဒီလို အဆက်အသွယ်ရမှ လက်နက်ခဲယမ်းမီးကျောက်၊ ဆေးဝါးတွေရမယ်၊ ဒီတော့ နင်က သူတို့နဲ့ အဆက်အသွယ်ရအောင် လုပ်ပေး"

ဗိုလ်တင်အောင်က ချက်ချင်းပဲ တပ်ကကားနှင့် တပ်ကြပ်တစ်ယောက်၊ ရဲဘော်တစ်ယောက်တို့အား ပုပ္ပားကို ညတွင်းချင်း လိုက်ပို့ခိုင်းသည်၊ သခင်မကြီးကလည်း သူ့အဘနဲ့ အမေတို့ကိုခေါ်ပြီး ပုပ္ပားကို ညတွင်းချင်း ထွက်သွားသည်၊ သခင်မဒေါ်အုန်းခင်နှင့် အလုပ်သင်ဗိုလ်မောင်တျား ထိုအချိန်ထိ မသိကြသေးပါ။

သခင်မဒေါ်အုန်းခင်သည် သူ့အဘနှင့်မိခင်အား ပုပ္ပားမှာထားခဲ့ပြီး ဗိုလ်တင်အောင်တို့ဆီ ပြန်လာသတင်းပို့သည်၊

"အစ်ကိုကြီး ဗိုလ်အေးမောင် (ရဲဘော်ထွန်းစိန်)တို့နဲ့ အဆက်အသွယ် ရနေပြီ။ အစ်ကိုကြီး ဘယ်ကိုလာမလဲ"

"ငါက ညောင်ဦးဘက်က လှည့်လာမယ်၊ တို့က လက်နက်ပဲလိုတယ်၊ မဟာမိတ်တပ်နှင့် အဆက်အသွယ်ရဖို့ပဲလိုတယ်"

သခင်မဒေါ်အုန်းခင်လည်း ဗိုလ်တင်အောင်နှင့် ဆွေးနွေးပြီး ပုပ္ပားကို ပြန်သွားပါသည်၊ သခင်မကြီးလည်းပြန်ရော ဂျပန်နှင့် မဟာမိတ်တပ်တွေ ပုပ္ပားတောင်ကလပ်ဘက်မှာ အပြင်းအထန်တိုက်နေကြပြီး ဂျပန်တွေဆီမှာ လေယာဉ်ပျံတွေ မရှိတော့ပါ၊ မဟာမိတ်တွေမှာကတော့ လေယာဉ်ရဲ့အကူအညီနှင့် တိုက်နေကြသည်၊

သခင်အုံးဖေတို့ကလည်း လက်နက်တွေ အတော်များများရနေပါပြီ၊ နောက် အင်္ဂလိပ်တွေက သူတို့ဟာ ကွန်မြူနစ်တွေဖြစ်ကြောင်းသိတော့ လက်နက်တွေသိမ်းမယ်လို့ လုပ်လာပြန်တော့ လက်နက်တွေကို ဝှက်ကြရပြန်သည်၊ ဗိုလ်တင်အောင်တို့ဆီလည်း ဆက်သားလွှတ်၍ အကျိုးအကြောင်း သတင်းပို့လိုက်သည်၊

ဂျပန်က သခင်မဒေါ်အုန်းခင် ပုပ္ပားမှာရှိသည်ဟု သိသွားသည်။ သခင်



www.burmeseclassic.com

www.burmeseclassic.com



မကြီးကို ဖမ်းဖို့လိုက်သည့်အထဲတွင် သခင်မကြီး၏ အမျိုးတွေလည်း ပါနေသည်၊ ကင်ပေတိုင်တွေနှင့် အတူလိုက်လာကြသည်။ ကျောက်ပန်းတောင်းရောက်တော့ သခင်မကြီး သွားတတ်သည့်နေရာတွေကို မြေပုံနှင့် လိုက်ကြသည်၊

မဟာမိတ်တပ်တွေက စစ်ကြောင်းတွေခွဲပြီး ဆင်းလာကြသည်။ တချို့ ပုပ္ပား၊ တချို့ရွှေးချို ညောင်ဦးဘက်၊ ဤသို့ ခွဲဆင်းသဖြင့် ဂျပန်တွေ အညှပ်ခံရစရာ ရှိသည်ဟုဆိုကာ ဆက်မရှာတော့ဘဲ ရေနံချောင်းသို့ ပြန်သွားကြသည်၊

သခင်မကြီးဒေါ်အုန်းခင်ရဲ့ လုပ်ဖော်ကိုင်ဖက် ဒေါ်ခင်ခင်ကိုလည်း ဂျပန်ကဖမ်းလိုက်သည်။ သခင်မကြီး ထွက်သွားကတည်းက ဒေါ်ခင်ခင်ကို ဖမ်းလိုက်ခြင်း ဖြစ်သည်။ သခင်မကြီးတို့ ကျောင်းဆောက်ပေးထားသည့် ဦးခမ္မကိုလည်း ဖမ်းလိုက်သည်၊ သခင်လှိုင်ကိုလည်း မိသွားသည်၊ သခင်လှိုင်နှင့် သခင်ကိုကြီးတို့ နှစ်ယောက်ပဲ တပ်ထွက်မည့် စခန်းကိုသိသည်၊

သခင်ဗိုလ်ကြီး၊ ဦးကြီးဖေတို့ကိုလည်း ဖမ်းလိုက်သည်။ သူတို့ကို ဂျပန်က ဖမ်း၍ညှင်းဆဲရင်းနှင့် သေဆုံးသွားကြသည်၊

သခင်လှိုင်ကို ဂျပန်က ညှင်းပမ်းရင်း သေဆုံးသွားသည်၊ သခင်လှိုင် ထိုသို့ ကွယ်လွန်သွားသည့်အတွက် စိန်လက်စွပ်နှင့် လက်ကောက်ပေါင်ထားသည့် ကိစ္စမှာ ပြန်ရွေးမရတော့ဘဲ ဆုံးရှုံးသွားပါတော့သည်၊ အာရှလူငယ်အစည်းအရုံးဝင် တချို့ လည်း အဖမ်းခံရပြီး အမျိုးမျိုး ညှင်းပမ်းနှိပ်စက်ပြီး နောက်ဆုံး သတ်ပစ်လိုက်ကြ သည်။

ဂျပန်တွေ စစ်ကြောင်းခွဲ၍ ရေနံချောင်း ရောက်လာသည်၊ သခင်မကြီး လည်း ရေနံချောင်းပြန်လာသည်။ နောက် ဗိုလ်ရဲအောင်၊ ဗိုလ်တင်အောင်တို့ ရောက် လာပြီး သခင်မကြီးနှင့် တွေ့သည်၊

"ငါ့ညီမ ဘယ်မှ သိပ်ထွက်မနေနဲ့။ အင်္ဂလိပ်တွေက နိုင်ငံရေးလုပ်တဲ့ သခင် တို့၊ သခင်မတို့ကို လိုက်ဖမ်းနေတယ်၊ ဒီတော့ အပြင်မထွက်နဲ့ဦး၊ ဒီကိစ္စကို ငါ လိုက်ရှင်းပေးမယ်"ဆိုပြီး ထွက်သွားသည်၊

ဗိုလ်တင်အောင် ထွက်သွားပြီး ဘာတွေပြောလို့ ဘာတွေလုပ်တယ် ဆိုတာ ကိုတော့ သခင်မဒေါ်အုန်းခင်လည်း မသိပါ။ မကြွေးက သခင်လှမောင်တို့၊ သခင် ခင်ဇော်တို့ အဖမ်းခံရသည်၊ သခင်တွေဆိုလျှင် အကုန်ဖမ်းတာပဲ၊ နောက် ဗိုလ် ကလေးမောင်ကျားနှင့် သခင်မကြီးဒေါ်အုန်းခင်လည်း မင်္ဂလာဆောင်လိုက်သည်။

ဒေါ်ခင်ခင်ကို ဂျပန်ကဖမ်းသွားတော့ ဦးစိန်ရဲ့ ကူညီမှုနှင့် လွတ်သွား





သည်။ ဦးစိန်က ကင်ပေတိုင်ရုံး၏ စုံထောက်ဖြစ်သည်၊ နောက်မကြာခင် ဒေါ်ခင်ခင် လည်း ဦးစိန်နှင့် လက်ထပ်လိုက်သည်၊

* * * * * * * *



www.burmeseclassic.com

www.burmeseclassic.com

## ရဲဘော်မောင်မောင်ခင် (ခေါ်) တပ်ကြပ်တင်ထွန်း

ရဲဘော်မောင်မောင်ခင်သည် မော်လမြိုင်ကျွန်း၊ ဝါးခယ်မနယ်ဇာတိ ဖြစ်ပါသည်။ (၄၂)ခု ဘီအိုင်အေတပ်ကို ဖျာပုံမနားမှာ သွားဝင်ခဲ့ပါသည်၊ ဘီအိုင်အေ ဖျက်သိမ်းပြီး ဘီဒီအေတပ်မတော်သို့ ပြောင်းလိုက်သောအခါ တပ်ရင်းစစ်ဌာနချုပ် တပ်တွင် တာဝန်ယူရသည်။ ထိုအချိန်က တပ်မှူးက ဗိုလ်ရန်အောင်ပါ။ ဒုတပ်မှူးက ဗိုလ်ခင်မောင်လေး ဖြစ်ပါသည်။

ထိုမှ သူသည် ဆေးသင်တန်းကျောင်းသို့ တက်ရောက်ခွင့်ရသည်၊ ဆေးအတတ်သင်ကျောင်းမှ အကြပ်နှင့်ဆင်းလာသည်၊ ထို့နောက် တပ်ရင်း (၆)လူသစ်စခန်းသို့ ပြောင်းရွှေ့တာဝန်ယူရပါသည်။ လူသစ်စခန်းမှ ရဲဘော်တစ်ချို့အား စစ်ကိုင်းသို့ ပို့လိုက်သည်၊ ထိုအထဲတွင် တပ်ကြပ်တင်ထွန်းလည်း ဆေးတပ်ကြပ်နှင့် ပါသွားသည်၊ ဧရာဝတီမြစ်ကိုဖြတ်ကူးစဉ် ကျွဲညီနောင် လေယာဉ်နှင့်တာတိုးပါသည်၊

ကျွဲညီနောင်လို့ခေါ်သည့် အင်္ဂလိပ်အမေရိကန် လေယာဉ်ပျံများသည် ရေကြောင်း၊ ကုန်းကြောင်းခရီးများတွင် လှေ၊ မော်တော်ရေယာဉ်၊ သင်္ဘောတို့ကိုလည်းကောင်း၊ ကုန်းလမ်းတွင်သွားလာနေသော မီးရထား၊ မော်တော်ယာဉ်များကိုလည်းကောင်း၊ ဗုံးဖြုတ်တန်ဖြုတ်၊ စက်သေနတ်နှင့် ဆွဲတန်ဆွဲခြင်းဖြင့် သယ်ယူပို့ဆောင်ယာဉ်များကို အနှောက်အယှက်ပေး တိုက်ခိုက်နေသည်။ ဆေးအစိမ်းပုတ်သုတ်ထားသည့် လေယာဉ်ပျံဖြစ်သည်။ အမြီးတမ်း နှစ်စီးပူးတွဲပျံသန်းလေ့ရှိသဖြင့်





ကျွဲညီနောင်ဟု မြန်မာတွေက တင်စားပြီး ခေါ်သည်၊

ထိုအချိန်က မြစ်ကို ဖြတ်ကူးလာကြစဉ် ရဲဘော်တင်ထွန်းတို့ လှေနှင့်ကြုံရာ ရေထဲခုန်ဆင်းပြီး လှေနံကိုတွယ်ကပ်၍ နေကြသည်။ ကံအားလျော်စွာ လေယာဉ်ပျံသည် ကျော်ဖြတ်သွားရုံ သွားသည်။ တစ်စုံတစ်ရာပစ်ခတ်ခြင်း မလုပ်သွားပါ။ လေယာဉ်ပျံအတွက် စိတ်အေးရတော့မှ လှေပေါ်ပြန်တက်ကာ စစ်ကိုင်းသို့ ကူးကြသည်၊ စစ်ကိုင်းမိုးဇာချောင်မှာ တပ်စခန်းချပြီး နေကြသည်၊

မိုးဇာချောင်မှာ စခန်းချနေတော့ ရန်သူလေယာဉ်ပျံ နှစ်ကြိမ်တိုင်တိုင်လာပြီး ဗုံးချ၊ စက်သေနတ်ပစ်ခြင်းကို ခံရသည်၊ တပ်ကြပ်တင်ထွန်းတို့အထဲက ရဲဘော်တစ်ယောက် ကျည်သင့်ပြီး ကျဆုံးသွားပါသည်၊

စစ်ကိုင်း လေယာဉ်ပျံပစ်အမြောက်ကြီးတပ်တွင် (၃)လက်မ အမြောက်များ ဖျက်ပြီး ရွှေ့သွားနိုင်အောင် လှည်းဘီးတွေ တပ်ထားသည်၊ မုံရွာ၊ ကလေးဝတို့ လေယာဉ်ပျံပစ်အမြောက်ကြီးက (၃. ၇)လက်မရှိသည်၊ အမြောက်ရွှေ့မသွားအောင် ကွန်ကရစ်လောင်းထားသည်။ ကလေးဝအမြောက်တပ်၏ တာဝန်ခံတပ်စုမှူးက ဗိုလ်ကလေးဗိုလ်ကျော်လှ ဖြစ်ပါသည်။ တပ်ကြပ်ကြီးစိန်မောင် သူက မင်းဘူးကပါ။ တပ်ကြပ်မောင်ဆိုး သူ့ကို ပုဏ္ဏားမောင်ဆိုးလို့လည်း ခေါ်သည်၊ ဗိုလ်ကလေး ဗိုလ်ကျော်လှ၊ တပ်ကြပ်ကြီးစိန်မောင်(မင်းဘူးသား)၊ တပ်ကြပ်မောင်ကြီး၊ တပ်ကြပ် ပုဏ္ဏားမောင်ဆိုးတို့ဟာ အလုံဆင်မင်းကွက်သစ် လေယာဉ်ပျံပစ်အမြောက်ကြီးတပ် စပေါ်ကတည်းက ပါလာကြသည့် ရဲဘော်များဖြစ်သည်၊ သူတို့က မင်္ဂလာဒုံ စစ်တက္ကသိုလ်ဗိုလ်သင်တန်း ဒုတိယအပတ် တက်ရောက်ခဲ့ပြီး တပ်ကြပ်များအဖြစ် ဆင်းလာသူများဖြစ်ပါသည်၊

တပ်ကြပ်တင်ထွန်းနှင့် လေယာဉ်ပျံပစ်တပ်မှူး၊ တပ်ကြပ်နှင့် ရဲဘော်များသည် မိုးဇာချောင်က မနက် (၄)နာရီ ထသွားပြီး ရွာထောင်ကို မနက် (၅)နာရီ ရောက်သည်၊ တစ်နေကုန် အမြောက်သင်တန်းကို ဂျပန်များထံမှ သင်ယူကြရသည်၊ ရွာထောင်မှာ မနက်စာ၊ ညစာ စားသောက်ပြီး ညနေမိုးချုပ်ခါနီးမှ မိုးဇာချောင်ကို ပြန်ရသည်။ ရွာထောင်မှာ နှစ်လလောက် သင်တန်းတက်ကြရသည်၊

သင်တန်းပြီးသောအခါ တပ်ခွဲနှစ်ခွဲ ခွဲလိုက်သောအခါ တပ်ကြပ်တင်ထွန်းက ဗိုလ်ကျော်လှ၊ ဗိုလ်ရဲဝင်းတို့နှင့် မုံရွာလေယာဉ်ပျံပစ် တပ်ခွဲကို ပါသွားသည်၊ ထိုတပ်ခွဲမှာ တပ်ခွဲ (၄)ဖြစ်ပါသည်၊ တစ်စုက စစ်ကိုင်းနှင့် နမ္မတူတို့တွင် တပ်ခွဲ (၃)အဖြစ် ကျန်ရစ်ခဲ့ပါသည်၊

www.burmeseclassic.com

www.burmeseclassic.com

တပ်ကြပ်တင်ထွန်းတို့ မုံရွာအမြောက်ကြီးတပ်သည် ဇောတိကရာမ ကျောင်းတိုက်ထဲမှာ ဖြစ်သည်၊ (၃.၇)လက်မ လေယာဉ်ပစ်အမြောက်ကြီး (၂) လက်ရှိသည်၊ သူတို့ မရောက်ခင်က ထိုအမြောက်ကြီးများကို ဂျပန်က တာဝန်ယူ ထားသည်။ သူတို့နှင့်တွဲပြီး တစ်လသင်တန်း တက်ရသည်။ နောက် ဂျပန်တွေက တပ်ခွဲ (၄)ကို လွှဲပေးလိုက်သည်၊ ထို မုံရွာရောက်သည့်နေ့ပဲ သူတို့ ဗုံးချခံရသည်။ အလုံး (၂၀)ကျော် ချခံရသည်၊

တိုင်းထွာရေးကိရိယာလည်း သင်ကြားကြရသည်။ ဤပညာကို ဥလ လောက် ဂျပန်နှင့် အတူတူနေရင်း သင်ယူကြရသည်၊ တချို့ရဲဘော်တွေဟာ အင်္ဂလိပ် စာမတတ်ပါ။ ဝမ်း-တူး-တရီး-ဖိုး-ဖိုက် ဆိုတာကို တပ်ထဲကျမှ သင်ကြရသူတွေလည်း ရှိသည်၊ မူလက မတတ်ကြပေမယ့် ကြိုးစားသင်ယူကြရသည်၊

ရဲဘော်တင်ထွန်းတို့နှင့်အတူနေသည့် ဂျပန်တပ်က ရဲဘော်တွေ၏ အရည် အချင်းကို စောင့်ကြည့်သည်၊ ထိုအချိန် အင်္ဂလိပ်၊ အမေရိကန် တိုက်လေယာဉ်ပျံတွေ လာတော့ ရဲဘော်တွေက နိုင်နိုင်နင်းနင်း တိုက်ခိုက်ပြလိုက်တော့မှ ဂျပန်ကအပြီး အပိုင်လွှဲပေးလိုက်သည်။

တစ်နေ့ကျတော့ ရန်သူ့လေယာဉ်လာသည့်အသံ ကြားတော့ရဲဘော်တွေ သွားပြီး နေရာယူကြသည်၊ ထိုအချိန် ဂျပန်ဆက်သွယ်ရေးတပ်က ရန်သူမဟုတ်ဘူး၊ "နိပွန်းကီး"ဟု လှမ်းသတင်းပို့သည်။ "နိပွန်းကီး"ဆိုတာက "ဂျပန်လေယာဉ်ပျံပါ" လို့ပြောခြင်းဖြစ်သည်၊ ထိုအခါ ရဲဘော်များက အမြောက်ပြောင်းများကို ပြန်ချပြီး နေလိုက်သည်။ မြန်မာတွေက "နိပွန်ဘိရှမာဘန်းဆိုင်း" (မြန်မာ-ဂျပန်အောင်ပြီ)လို့ ဂျပန်တွေ အော်သလို လိုက်အော်ကြသည်။

ထိုအချိန် ရန်သူ့လေယာဉ်သံက စက်သေနတ်နှင့် ပစ်ထည့်လိုက်သည်၊ ထိုအခါက အမြောက်နှင့်ပစ်ဖို့ ကြိုးစားကြသည်။ အချိန်က နှောင်းသွားပြီး လေယာဉ် ပျံလည်းပြန်သွားပြီ။ တပ်ကြပ်ကြီးစိန်မောင်ရှိသည့် အမြောက်ကြီးတပ် တပ်စိတ် အပစ်ခံရသည်၊ တပ်ကြပ်စိန်မောင် အပြင်းအထန်ဒဏ်ရာရသွားသည်၊ ရဲဘော် တော်များများလည်း ဒဏ်ရာရသွားသည်၊ ထိုအချိန် တပ်ကြပ်တင်ထွန်း ကလေးပ ရောက်နေချိန်ဖြစ်သည်၊

တပ်ကြပ်တင်ထွန်းက ဆေးတပ်ကြပ်ဆိုတော့ တပ်ကြပ်ကြီး စိန်မောင်ကို သူကပဲ ဂျပန်ဆေးရုံတင်ပေးလိုက်သည်။ ဆေးရုံရောက်သည်၊ ဒဏ်ရာပြင်းထန်တော့ ခြေတစ်ဖက် ဖြတ်ပစ်လိုက်ရသည်၊ တပ်ကြပ်ကြီးစိန်မောင်က အင်မတန် သတ္တိရှိသူ





ဖြစ်သည်။ စိတ်ကို အံကြိတ်ပြီး တင်းထားသည်၊ အောက်ပါစကားတွေကို ပြောသည်၊ သူက ရဲဘော်တွေကို -

"ကျုပ်အတွက် ဘာမှ မစိုးရိမ်ကြပါနဲ့။ ကျုပ်တိုင်းပြည်တာဝန်ကို ကျေကျေ ပွန်ပွန် ထမ်းဆောင်သွားတယ်။ ရဲဘော်တို့ ရှေ့ဆက်တိုက်ပွဲဝင်ကြပါ၊ ဆက်ပြီး တိုက်သွားကြပါ။ ကျုပ်တို့နိုင်ငံအတွက် ဆက်ချီတက်ကြပါ။ ဆက်တိုက်ကြပါ။ ဆက်တိုက်ကြပါ"လို့ အော်ရင်း ကျဆုံးသွားသည်။

ဆေးတပ်ကြပ်တင်ထွန်း ဒဏ်ရာရသူများကို သူကောင်းကောင်းမှတ်မိနေ သည်။ လက်သန်းပြတ်သွားသည့် ရဲဘော်က နှစ်ယောက်နှင့် ရိုးရိုးဒဏ်ရာရသူက နှစ်ဆယ်ကျော်သည်။ ရန်သူ့လေယာဉ်ပျံလာသည့်အခါ ကြည့်ရန်လုပ်ထားသည့် မျှော်စင်ကို သစ်ပင်ပေါ်မှာ လုပ်ထားသည်၊ ရန်သူ့လေယာဉ်ပျံတွေ ဗုံးချ၊ စက် သေနတ်ပစ်တာကြောင့် မျှော်စင်ပေါ်တင်ထားသည့် ရဲဘော် (၄)ယောက် လွင့်စင် ကျပြီး လက်ကျိုး၊ ခြေကျိုးဖြစ်သွားသည်၊ သူတို့ကိုပါ ကုသပေးရသည်၊

ရန်သူ့လေယာဉ်ပျံတွေနှင့်ကျတော့ မနက်မိုးလင်းကနေ ည (၁၂)နာရီထိ အမြဲတိုက်ခိုက်လို့ချည်း နေနေရသည်၊

(၁၉၄၄)ခုနှစ်လောက်ကျတော့ လေယာဉ်ပျံပစ်အမြောက်တပ် ရေနံ ချောင်းတပ်ခွဲ (၂) တပ်စု(၂)က ရဲဘော်လှကို မုံရွာအမြောက်ကြီးတပ်သို့ ပြောင်းရွှေ့ စေပြီး တပ်ခွဲရုံးစာရေးအဖြစ် တိုးမြှင့်တာဝန်ပေးခဲ့သည်။ ရဲဘော်အေးဝင်းသည် မုံရွာ တပ်ခွဲရုံးစာရေးအဖြစ် ရောက်ရှိနေသည်၊

ရဲဘော်လှနှင့် ရဲဘော်အေးဝင်း ခေါ် ရဲဘော်ကျော်ဇောတို့ နှစ်ယောက် သည် (၁၉၄၄) စက်တင်ဘာလတွင် မိမိတာဝန်ကျရာ မုံရွာ လေယာဉ်ပျံပစ် အမြောက်တပ်မှ ရန်ကုန်ကို တာဝန်နှင့် ဆင်းလာသည်၊

ထိုအချိန်က မင်္ဂလာဒုံစစ်တက္ကသိုလ် ဗိုလ်သင်တန်း တက်ရောက်နေကြ သော ကသာ-အင်းရွာမှ ဗိုလ်လောင်းများဖြစ်သည့် ဗိုလ်ဘသောင်းနှင့် စာရေးသူ ဝင်းမောင် (ကျော်ဝင်းမောင်)တို့နှစ်ယောက်သည် ဗိုလ်သင်တန်းမှ တစ်ခုသော လည်ပတ်ခွင့်ရသည့် တနင်္ဂနွေနေ့တွင် ဗိုလ်သင်တန်းက အပြီးအပိုင် ထွက်ပြေးပြီး မုံရွာမှ တာဝန်နှင့် ဆင်းလာကြသော ရဲဘော်လှ၊ ရဲဘော်အေးဝင်းတို့နှင့် ပူးပေါင်းကာ မြန်မာပြည်မြောက်ပိုင်းရောက်နေသော မဟာမိတ်များနှင့် သွားရောက်ဆက်သွယ်ရန် ဗိုလ်ချုပ်အောင်ဆန်း၏ အမိန့်ကိုရယူ၍ ရန်ကုန်မှ မန္တလေးသို့ ထွက်ခွာကြသည်၊

ဤသို့ထွက်ခွာရာ၌ ဗိုလ်လောင်းများဖြစ်သော ဘသောင်းနှင့် စာရေးသူက

ယဉ်မျိုးစာစဉ်

www.burmeseclassic.com

www.burmeseclassic.com

တစ်ဖွဲ့၊ ရဲဘော်လှနှင့် ရဲဘော်အေးဝင်းတို့ကတစ်ဖွဲ့၊ မန္တလေး ဗိုလ်မှူးဗထူးဆီ သွားရောက် သတင်းပို့ကြသည်၊ ဗိုလ်မှူးဗထူးမှတဆင့် စာရေးသူတို့လေးဦးသည် ကသာမြို့နယ်ထဲ သွားရောက်နေရာယူ စည်းရုံးရင်း မဟာမိတ်များနှင့် တွေ့ရန်စီစဉ်ကြသည်၊

ထိုအချိန် ရန်ကုန်မှ အိန္ဒိယရှိ ဂျပန်ဆန့်ကျင်ရေး အဖွဲ့ခေါင်းဆောင်တစ်ဦးဖြစ်သော ရဲဘော်သိန်းဖေမြင့်ထံသွားရန် ချီတက်ရောက်လာသော သခင် ဗိုလ်မန်းဝင်းမောင်တို့အစု၊ ကသာနယ် ရဲဘော်လှ၏စခန်းကို ရောက်လာပြီး ရှေ့ဆက်သွားရမည့်စခန်းအတွက် လမ်းပြတောင်းရာ ထိုတစ်ပိုက်ခရီးကို ကျွမ်းသော ဗိုလ်လောင်းဘသောင်းကို ထည့်လိုက်သည်၊ ဗိုလ်လောင်းဘသောင်းသည် ရဲဘော်သိန်းဖေမြင့်ထံ အိန္ဒိယသို့ရောက်သွားပြီး ဖွံ့ဒ် ၁၃၆ တပ် လေထီးနှင့် မြစ်ဝကျွန်းပေါ် သခင်စိုး ဗိုလ်မှူးကြီးနေဝင်းရှိရာသို့ ဆင်းခဲ့သည်၊

စာရေးသူက ၁၀၁ အမေရိကန်တပ်ဖွဲ့နှင့် ပထမ အဆက်အသွယ်လုပ်ခဲ့သည်။ ရဲဘော်လှနှင့် ရဲဘော်အေးဝင်းတို့ကို ၁၀၁ နှင့်ဆက်သွယ်ပေးသည်၊ သူတို့နှစ်ယောက် ၁၀၁ တပ်ဖွဲ့မှ လေထီးနှင့်ဆင်းခဲ့သည်။ စာရေးသူက အောက်မြန်မာပြည်သို့ လေထီးနှင့်ဆင်းမည့်ရဲဘော်များကို ရှာဖွေစည်းရုံးပေးသည့် တာဝန်ယူခဲ့ပြီး မိမိအလှည့်ကျသောအခါ ဖြူးတွင် လေထီးနှင့်ဆင်းရန်ဖြစ်သည်၊ ဤအစီအစဉ်လုပ်နေစဉ် အမေရိကန် ၁၀၁ တပ်ဖွဲ့ဖျက်လိုက်သဖြင့် မိမိအစီအစဉ်ကိုပါ ဖျက်လိုက်ရသည်၊ စာရေးသူနှင့် ရဲတပ်ကြပ်တင်ထွန်းသည် ရန်ကုန်သို့ဆင်းလာပြီး လေယာဉ်ပျံပစ်အမြောက်တပ် တပ်ရင်းရုံးမှ ရိက္ခာများကို သွားရောက်ထုတ်ယူရပြန်သည်၊

မုံရွာမှာတော့ နိုင်ငံရေးခေါင်းဆောင် မုံရွာသားက ရဲဘော်ဌေးဖြစ်ပါသည်၊ (ဗကပ-ဖြတ်သုတ်သတ်တွင် ကျဆုံးခဲ့ရသည်၊ ဗကပ ဗဟိုခေါင်းဆောင်တစ်ဦးဖြစ်ခဲ့သူ)

အင်္ဂလိပ်တပ်တွေ မကြာခင် မုံရွာဘက်ကို နီးသည်ထက် နီးလာသည်။ လေယာဉ်ပျံတွေလည်း စိပ်သည်ထက် စိပ်လာသည်၊ ဗုံးကျဲ၊ စက်သေနတ်ပစ်သည်။ ရဲဘော်တွေလည်း ပြန်လှန်တိုက်ခိုက်ခဲ့ကြသည်။ နောက်ဆုံး ရဲဘော်အများစုကို အင်္ဂလိပ်ကဖမ်းပြီး ရွှေဘိုထောင်မှာ ချုပ်ထားလိုက်သည်၊

ဗိုလ်သိန်းဆွေလွတ်သွားသည်၊ တပ်ကြပ်တင်ထွန်း ရဲဘော် (၆)ယောက် လွတ်လာသည်၊ ဗိုလ်သင်တန်းက ဆင်းလာသည့် တပ်ကြပ်မြတ်ကျော်ဆိုသူလည်း လွတ်လာသည့်အထဲတွင်ပါသည်၊ သူက ကွန်မြူနစ်ပါတီက စစ်ကိုင်းရဲဘော်မ





မအမာနှင့် သွားဆက်မိသည်၊

ရဲဘော်တင်ထွန်းက ရဲဘော်ဌေးနှင့် သွားရောက်ပေါင်းမိသည်၊ ရဲဘော်ဌေးက အင်္ဂလိပ်တပ်နှင့် သွားရောက်ဆက်သွယ်ရာတွင် အဖမ်းခံရပြန်သည်၊ ဒီတော့ တပ်ကြပ်တင်ထွန်းသည်လည်း အဆက်အသွယ်ပြတ်သလို ဖြစ်သွားသည်၊ ထို့နောက် သူတို့ (၆)ယောက်သည် မန္တလေး ဗိုလ်မှူးဗထူးဆီ သွားသတင်းပို့သည်၊ "ရဲဘော်တို့ (၆)ယောက် ရှမ်းပြည်နယ်သို့ တက်ရမည်"ဟု ညွှန်ကြားသဖြင့် ရှမ်းပြည်နယ်သို့ ဆက်တက်သွားသည်။ ထို့နောက် ဗိုလ်မှူးမြင့်က တပ်ကြပ်တင်ထွန်းနှင့် တပ်ကြပ်တစ်ယောက်တို့အား ဗိုလ်မှူးအောင်ရှိရာ တိုင်း(၇)သို့သွား၍ သတင်းပို့ရန်မှာကြားသဖြင့် ရှမ်းပြည်နယ်မှ ဗိုလ်မှူးအောင်နှင့်တွေ့ရန် တိုင်း (၇)သို့ဆင်းခဲ့ကြပါသည်။ သွားသည့်အခါ ကိုယ့်နည်းကိုယ့်ဟန်နှင့်သာ အမြန်ဆုံးသွားရန်ညွှန်ကြားလိုက်သဖြင့် လှေနှင့် မန္တလေးမှ စုန်ဆင်းသွားရာ ရေနံချောင်းသို့ရောက်သည်၊ ရေနံချောင်းတွင် ဗိုလ်ကလေးမောင်ကျားနှင့် တပ်ကြပ်တင်ထွန်းတို့ ဆုံသည်၊ ဗိုလ်မှူးအောင်ထံ သွားသတင်းပို့ရန်ရှိသော်လည်း ရေနံချောင်း အမြောက်ကြီးတပ်ကိုယ်တိုင်က အဆက်ပြတ်နေကြောင်း၊ ဒါကြောင့် တွေ့ရန်မလွယ်ကြောင်း ဗိုလ်ကလေးမောင်ကျားက ရှင်းပြသည်။

ထို့ကြောင့် တပ်ကြပ်တင်ထွန်းလည်း ဗိုလ်မှူးအောင်ထံသွားရောက်သတင်းပို့ရန် စိတ်လျှော့လိုက်ပြီး ရေနံချောင်းအမြောက်ကြီးတပ်သို့လိုက်ရန် ဗိုလ်ကလေးမောင်ကျားနှင့် ရေနံချောင်းမှ ခရီးဆက်ထွက်ခဲ့သည်။ နောက်ဆုံး တပ်တွေဖျက်လိုက်သည်အထိ ဗိုလ်ကလေးမောင်ကျားတို့ လေယာဉ်ပျံပစ် အမြောက်ကြီးတပ်နှင့်အတူ တာဝန်ယူခဲ့ပါသည်၊

* * * * * * * *



www.burmeseclassic.com

www.burmeseclassic.com



အမြောက်ကြီးတပ် အရာခံဗိုလ်
ရဲဘော်အုန်းမောင်

## ဦးအုန်းမောင် ( ရှမ်း )

ကျွန်တော် ဦးအုန်းမောင်ကို အဖဦးရွှေရင်၊ အမိဒေါ်ရွှေစိုးတို့မှ ဆဋ္ဌမမြောက် မွေးဖွားခဲ့သော သားအငယ်ဆုံးဖြစ်ပါသည်။ အစ်ကိုကြီး (၄)ယောက်ရှိတဲ့အနက် (၃)ယောက်က မူလတန်းကျောင်းဆရာများ ဖြစ်ကြပါတယ်၊ ကျွန်တော့်အထက်က ယောကျာ်းကလေး ငယ်စဉ်ကပင်သေဆုံးခဲ့ပါတယ်၊ ကျွန်တော့်အထက်က အစ်မနှစ်ယောက်ဖြစ်ပါတယ်။

ကျွန်တော့်ကို မြန်မာသက္ကရာဇ် ၁၂၈၃-ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁)ရက် တနင်္ဂနွေနေ့မှာ မွေးခဲ့ပါတယ်၊ ခရစ်နှစ် ၁၉၂၂-ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂)ရက် တနင်္ဂနွေနေ့ဖြစ်ပါတယ်၊ ငယ်စဉ်က ကြုအင်းရွာ ဘုန်းကြီးကျောင်းမှာ နေခဲ့ပါတယ်။ ပရိတ်ကြီး ဓဇက်ဂသုတ်အထိ စာသင်ခဲ့ဖူးပါတယ်၊ ကျွန်တော် (၇)နှစ်သားအရွယ်မှာ မိခင်ဆုံးခဲ့ပြီး၊ ကျွန်တော် (၈)နှစ်သားအရွယ်မှာ ဖခင်သေဆုံးခဲ့ပါတယ်။ ကျွန်တော့် အစ်ကို ဆရာဉာဏ်က "ငါနဲ့လိုက်နေမလား"မေးလို့ လိုက်နေမယ်ဆိုပြီး ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုးမိတ်နယ်၊ ရွှေလီမြစ်၊ ငါးအိုးဆိုတဲ့ ရွာကိုရောက်ပြီး အတန်း ကျောင်းမှာ စနေရပါတယ်။ (ငါးအိုးရွာဆိုတာ အခု ဧရာဝတီ မြစ်ကူးတံတားကြီး ဆောက်လုပ်နေဆဲပါ။)

ငါးအိုးမူလတန်းကျောင်းမှာပဲ (၄)တန်းအောင်တယ်၊ ဘယ်ကမှ ဆက်မထားနိုင်သေးဘူး၊ တစ်ခါ ချောင်းဝရွာ ပြောင်းရတယ်၊ အစ်ကိုက သူတတ်သ



www.burmeseclassic.com

www.burmeseclassic.com

လောက် ဆက်သင်ပေးပါတယ်။ အဲဒီကမှ ပသင်ဆိုတဲ့ရွာကို ပြောင်းရတယ်။ ပသင်ရွာကတော့ မိုးမိတ်ရဲ့အနောက်ဘက် (၁၀)မိုင်ဝေးတယ်။ ဒီမှာရောက်ပြီး တစ်နှစ်လောက်နေပြီးမှ မိုးမိတ်ကျောင်းမှာ အစ်ကိုက ဆက်ထားပေးနိုင်ခဲ့တယ်။ ဒါလည်း (၄)တန်းက ပြန်နေရတယ်။ အဲဒီတုန်းက အင်္ဂလိပ်စာကို (၄)တန်းကစပြီး သင်ပေးတယ်။

## ကျောင်းသားဘဝ

ဦးအုန်းမောင်နာမည်က အုန်းမောင်ပါ။ သူက ရှမ်းပြည်နယ်က ဖြစ်ပါတယ်။ ဇာတိက နောင်ချိုနယ်ကပါ။ ဒါပေမယ့် မိုးမိတ်နယ်မှာကြီးပါသည်။ မိုးမိတ်ရောက်တော့ သူ့အစ်ကို State . A. V School အလယ်တန်းကျောင်းမှာ ထားခဲ့တယ်။ အဲဒီကျောင်းမှာ ၁၉၃၉-ခုနှစ် ခုနစ်တန်းအောင်ပါသည်။

## စိုက်ပျိုးရေးကျောင်းသား

အဲဒီက အောင်ပြီးတဲ့နောက် ပျဉ်းမနားစိုက်ပျိုးရေးကျောင်းမှာ ဆက်နေပါသည်။ ပျဉ်းမနား စိုက်ပျိုးရေးကျောင်းမှာ ရောက်တဲ့အခါကျတော့ မြန်မာကျောင်းသားတွေက ကျောင်းသားသမဂ္ဂတို့ ဘာတို့ ဖွဲ့တယ်။ အမျိုးသားအောင်ပွဲနေ့တွေ တက်သည်။ ဒို့ဗမာအစည်းအရုံးက တရားဟော ရပ်သွားနားထောင်သည်။ အဲဒီပေါ်မှာ အကြောင်းပြုပြီးတော့ ကျောင်းအုပ်ကြီးက သိသွားတော့ မကျေနပ်ဘူး။

ဒုတိယနှစ်ရောက်လာသည်။ အောက်တိုဘာကျောင်းပိတ်ရက်မှာ "ကျန်းမာရေးမကောင်းဘူး၊ တစ်ခုခု ချွတ်ယွင်းတယ်"ဆိုပြီးတော့ စော်ဘွားကြီးဆီကို ကျောင်းအုပ်ကြီးက အကြောင်းကြားသည်။ စော်ဘွားကြီးကိုယ်တိုင်က သူတို့ကလေးလိုဖြစ်တော့ စစ်ဆေးသည်။ သူကိုယ်တိုင်စစ်ဆေးသည်။ ကာလသားရောဂါရှိသလားဆိုပြီး စစ်ဆေးသည်။ ဘာမှလည်းမဖြစ်ပါဘူး။ "သူ ဘာဖြစ်လို့လဲ"မေးတော့ "ဘာမှမဖြစ်ပါဘူး" ဒါနဲ့ သူကလိမ်ပြောလိုက်သည်။ "ဒို့ဗမာအစည်းအရုံးသွားတာကို မပြောဘူး၊ ဒေါက်တာဘမော် လာတရားဟောတဲ့အတွက် ကျွန်တော်ကလည်း မမြင်ဖူးဘူး။ အလွန်ကျော်ကြားတဲ့အတွက် အဲဒါသွားပြီး နားထောင်တဲ့အတွက်ရော မြန်မာဥပုသ်နေ့နှင့် တနင်္ဂနွေနေ့တိုက်ဆိုင်ရင် ကျွန်တော်တို့က ဘုန်းကြီးကျောင်းတတ်တဲ့အတွက်ပါ ဆရာကြီးက မကျေနပ်ဘူး၊ အဲဒါကြောင့်ပါ"လို့ ပြောပြလိုက်သည်။ "ကိစ္စမရှိဘူး"တဲ့၊ စော်ဘွားကြီးက စာရေးပြီးပို့လိုက်တာနဲ့ ကျောင်းပြန်တက်နေရသည်။





## ကျောင်းထုတ်ခံရခြင်း

ဒုတိယနှစ်ပြီးလို့ နွေရာသီကျောင်းပိတ်မှ ခင်ဗျားကျောင်းသား ဘယ်လောက်ကောင်းနေနေ သူ့ကို ကျောင်းက လက်မခံနိုင်ဘူးဆိုပြီး ကျောင်းက ထုတ်ပစ်သည်။ အဲဒီတုန်းက သူတင် မကဘူး၊ ကိုပေါ်လူဆိုတဲ့ ကျောင်းသားလည်း အထုတ်ခံရသည်။ (ကိုပေါ်လူက အခုတော့ သမ္မတရုံ့နား မက်သဒင်ချပ်စ်မှာ တရားဟောဆရာ လုပ်နေသည်။)

ကျောင်းကထွက်ပြီးတော့ စော်ဘွားကြီးက စစ်တပ်ထဲခေါ်သွင်းလိုက်သည်၊ ဒါနဲ့ ကျွန်တော် ရှမ်းတပ်ရင်း မော်တော်ယာဉ်တပ်၊ ပထမတော့ Thirteeth M.T Section : နောက်ထပ် တိုးချဲ့လာတဲ့အခါကျတော့ နံပါတ် (၅) အမ်တီ ကုမ္ပဏီမှာ အဲဒီမှာဝင်ပြီး အမှုထမ်းရသည်။ တပ်မှူးကလဲ မိုးမိတ်စော်ဘွားကြီး စောခွန်ချို ကပ္ပတိန်၊ အဲဒီတုန်းကတော့ စာရေးတတ်တဲ့လူတောင် မရှိဘဲကိုး၊ သူတို့က ကျောင်းသားဆိုတော့ စာရင်းအင်းပြုစုတတ်၊ ရေးတတ်တဲ့အပေါ်မှာ အကြောင်းပြုပြီး တပ်ထဲရောက်၊ စစ်လေ့ကျင့်ခန်းလုပ်၊ မော်တော်ကားအမောင်းသင်၊ လေးလအတွင်းမှာပဲ တစ်ရစ်၊ နောက် မကြာခင် သုံးရစ်အထိ၊ အဲဒီကနေ ကွာတားမစ္စတာအဖြစ် အလုပ်လုပ်ရသည်။ အဲဒီကနေ တောင်ကြီးဝိုးကဲ့တော့ သူတို့ တောင်ကြီးကနေ ဆုတ်ရတဲ့အခါ သူက ကျောက်မဲတင်မကတော့ဘူး၊ မိုးမိတ်ထိအောင် ပြန်သွားလိုက်သည်။

မိုးမိတ်ရောက်တော့ ကိုလှမင်းတို့နဲ့ ပြန်ဆုံကြသည်။ ကိုလှမင်းဆိုတာ သူနှင့် ကျောင်းနေဘက်သူငယ်ချင်း၊ ဒါပေမယ့် ကိုလှမင်းက သူ့ထက် စီနီယာကျသည်။ ဟို ငယ်ငယ်ကတည်းက နိုင်ငံရေးစိတ်ဝင်စားတဲ့ ပုဂ္ဂိုလ်ပါ။

ဗိုလ်ချုပ်အောင်ဆန်းတို့ ဘီ အိုင် အေ ဖွဲ့ပြီးတော့ တိုင်းပြည်ထဲပြန်ဝင်လာကြပြီး မြေအောက်အဖွဲ့အစည်းတွေနှင့် အဆက်အသွယ်ရထားသည်။ ဒီတော့ "တို့တပ်မတော်ကို တို့ ကူညီနိုင်အောင် ဒီကနေ ပြင်ထားရမယ်၊ လက်နက်တွေ၊ ဘာတွေ ရှာထားရမည်။"

အဲဒီမှာ သူတို့စုပေါင်းလှုပ်ရှားကြပေမယ့် ဘာမှတော့မရပါဘူး။ ကျည်ဆန်ငါးတောင့်ကို ကိုလှမင်းက ဘယ်ကရလာသလဲမသိဘူး၊ အဲဒါပဲရှိသည်၊ အဲဒီနောက်မှာ ဗန်းမော်ကိုချီတက်တဲ့ ယိုးဒယားဗိုလ်ချစ်ဖေရဲ့ မြန်မာ့လွတ်လပ်ရေး တပ်မတော်မြင်းတပ် သူတို့ဆီကို ရောက်လာတာပဲ၊ (ဆူးလေဘုရားလမ်းက ယိုးဒယားဗဟိုဆိုတာ ဗိုလ်ချစ်ဖေတို့မိသားစုရဲ့ စတိုးပါ၊ မဟာစည်သာသနာ့ရိပ်သာမှာပဲ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သွားခဲ့သူပါ။)



www.burmeseclassic.com

www.burmeseclassic.com



## ဘီ အိုင် အေ

သူတို့နယ်က အားလုံး လူ (၄၀)ကျော်ကော်လောက်ဝင်သည်။ အဲဒီအထဲ ကျောင်းနေဘက် သူငယ်ချင်းကတော့ သူရယ်၊ ရဲဘော်ကံကောင်းရယ် နှစ်ယောက်တည်းပါ။ ဗန်းမော်ရောက်ပြီး စစ်ကြောင်းတွေအကုန်လုံး နောက်ကိုပြန်ဆုတ်ဖို့ အမိန့်ပေးတော့ အဲဒီဗန်းမော်ကနေ မိုးမိတ်၊ မိုးကုတ်၊ အဲဒီကနေ အခုလမ်းဖောက်ထားတဲ့ မတ္တရာ အဲဒီတုန်းကတော့ လမ်းမရှိသေးဘူးပေါ့၊ မြင်းလမ်းပဲရှိသည်၊ အဲဒီကနေ သူတို့မြင်းတပ်က ဆုတ်ပြီး မန္တလေးပြန်ရောက်ကြသည်။

မန္တလေးရောက်တော့ ဟိုမှာ ဘီ ဒီ အေ ဖွဲ့မယ်ဆိုပြီး အစီအစဉ်လုပ်သည်။ ဒီမှာကတော့ ယိုးဒယားတပ်မှူး ဗိုလ်မှူးချစ်မေကနေပြီးတော့ ဖျတ်ဖျတ်လတ်လတ်နဲ့ လှုပ်ရှားပြီး ဘယ်တာဝန်မှ မငြင်းလို့ သူ့ကို သဘောကျသည်။ ဒီတုန်းကလည်း သူတို့ကို ဗိုလ်သင်တန်းတက်ဖို့ဆိုပြီး လူရွေးသည်။ သူနဲ့ ရဲဘော်ကံကောင်းကို အလှည့်ကျတာဝန်ခံဗိုလ် လာပြီးတော့ "ခင်ဗျားတပ်က ဗိုလ်သင်တန်းတက်မယ့် ရဲဘော်တွေကို ထုတ်စမ်းဗျာ" ဒီတော့ သူ ရဲဘော်ကံကောင်းနှင့် သူ့ကို ဗိုလ်သံနိုင်က ကြည့်ပြီး

"ခင်ဗျားလူတွေက ပိန်ကပ်ကပ်လေးတွေ ဂျပန်တွေက တစ်ချက်ရိုက်လိုက်ရင် လဲမယ့်ကောင်တွေ မဖြစ်ဘူး၊ ကိုင်း ရဲဘော်တွေ နောက်ဆုတ်လို့ပြောတာနဲ့ သူတို့ကလည်း မပြောတတ်ဘူးလေ၊ နောက်ပြန်ဆုတ်နေလိုက်တယ်၊ အဲဒီမှာ ရဲဘော်ထွန်းဖေက ကာယဗလသိပ်ကောင်းသည်။ သူ့ကိုသဘောကျပြီး သူ့ကိုရွေးလိုက်သည်၊

သူတို့က အဲဒီကနေ ဘီဒီအေဖွဲ့တော့ တပ်ရင်း (၁)ကို ရောက်သည်၊ အခု ဥက္ကဋ္ဌကြီးဦးနေဝင်း ဦးစီးတဲ့တပ်ရင်းပါ။ အဲဒီတုန်းက ဗိုလ်မှူးလေးနေဝင်း တပ်ရင်း (၁) တပ်ခွဲ (၁) ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မိုးညိုရဲ့တပ်ခွဲ။ အဲဒီတုန်းက သူ့လက်အောက် တပ်မှူးတွေကတော့ အခု ဗိုလ်ခင်ညို၊ ဗိုလ်သိန်းမောင်ကြီး ဗိုလ်သိန်းတုတ်တို့ပါ။

အဲဒီရောက်တော့ တပ်ကြပ်လိုသည်၊ အဲဒီမှာ သူ တပ်ကြပ်ကလေးအဖြစ်နဲ့ အရွေးခံရသည်၊ ပျဉ်းမနားမှာ (၆)လ စစ်သင်တန်းတက်ရသည်၊ စစ်သင်တန်းပြီးတော့ နောက် တပ်ရင်းက ရခိုင်ပြည်နယ်မှာ တာဝန်ကျသည်၊ ဒါနဲ့ ကျွန်တော်တို့ ပျဉ်းမနားကနေ ရန်ကုန်၊ ရန်ကုန်မှပြည်၊ ရခိုင်ကို ပို့သည်။ ရခိုင်မှာ (၂)လလောက်နေပြီး ဗိုလ်သင်တန်း ဒုတိယပတ်ဆိုပြီးခေါ်တော့ တပ်ရင်းကနေ ရွေးချယ်တဲ့အထဲ သူ ပါပြန် သည်၊ ကိုလှမောင် (ဗကပ မြစ်ဖျားဒေသမှာကျသွားတဲ့ ဗိုလ်မှူးကြီး လှမော်





အဖြစ်ကျသွားသူ)၊ ကိုတင်မြင့် (အမှု- ပါတီဌာနချုပ်၊ သုတေသနဌာနမှာ ဆောင်ရွက်ခဲ့သူ) သူတို့တပ်ခွဲက သုံးယောက်၊ ရေနံချောင်းက ကိုအောင်ဖေ၊ တချို့ရဲဘော်တွေ သူလည်း မမှတ်မိတော့ပါဘူးတဲ့။

ဒုတိယပတ် ဗိုလ်သင်တန်းကျောင်းတက်ဖို့ သူတို့ရောက်လာသည်။ ကျောင်းသားတွေပိုလို့ဆိုပြီး ပြန်လျှော့ပစ်သေးတယ်၊ အဲဒီမှာလဲပဲ သူတို့ မြန်မာစကားကလွဲပြီး ဂျပန်စကားက မတတ်ဘူး။ "တန်းစီ"လို့ ဂျပန်လို အမိန့်ပေးသည်။ ဘယ်သူမှားလို့ ဘယ်သူက မှန်တယ်ဆိုတာတော့ မပြောတတ်ဘူး၊ မျက်နှာချင်းဆိုတာရော၊ ကျောချင်းကပ်ရော စုံသွားတာပဲ၊ ရယ်လည်း မရယ်ရဲဘူး၊ အဲဒီကနေပြီးတော့ သူတို့ပယ်တဲ့အထဲပါပြီးတော့ တပ်ရင်းကို ပြန်ပို့သည်၊ တပ်ရင်းက အကြံပေးအရာရှိက သူတို့ကို သဘောကျလို့ ထောက်ခံစာရေးပေးလိုက်သည်၊ ဒါပေမယ့် ဒီစာကို ကိုလှမော်ကြီးနဲ့ တိုင်ပင်ပြီး မပြတော့ဘူး။ အဲဒါနဲ့ သူတို့ ပြန်လာခဲ့သည်။

အဲဒီတော့ ဦးအုန်းမောင် ဗိုလ်သင်တန်းတက်ဖို့ စာမေးပွဲဖြေရတာတို့၊ ဘာတို့၊ ဗိုလ်သင်တန်းဝင်ဖို့ အရည်အချင်းတွေ ဘယ်လိုသတ်မှတ်ထားတယ်ဆိုတာတွေကို စာရေးသူကမေးသည်။

"အဲဒီတုန်းက မရှိဘူး၊ တိုက်ခိုက်ရေးတပ်ရင်းက ရွေးချယ်ပို့တာပါ"

စာရေးသူ - "ဗိုလ်သင်တန်းသွားတက်ချင်တဲ့ရဲဘော်တွေ လက်ညှိုးထောင်" ဆိုပြီးကြားဖူးလို့လေ၊

ရဲဘော်အုန်းမောင် - "မဟုတ်ဘူး၊ တပ်ရင်းကပဲ ရွေးချယ်လိုက်တာပါ၊ ဗိုလ်မှူးကြည်သူလဲပါတယ်၊ နောက် ကိုစိန်ဖေ၊ အခုတော့ ဘယ်ရောက်နေတယ်မသိဘူး။ သူလဲပါတယ်၊ ဒါနဲ့ အဲဒီကပြန်လာပြီး စမ်းချောင်း ပဒုမ္မာကွင်းကို ပို့လိုက်တယ်။ အဲဒီမှာက တပ်သားသစ်တွေ စုဆောင်းနေတယ်၊ အဲဒီမှာ ဘယ်သူရှိလဲဆိုရင် ဗိုလ်ရဲလှ၊ ဗိုလ်လှိုင်မြင့်၊ ကျန်တဲ့တပ်ကြပ်တွေကိုတော့ မမှတ်မိတော့ပါဘူး။ သူ အဲဒီမှာ နည်းပြဆရာအဖြစ်နဲ့ စစ်သင်တန်းပေးရတယ်၊"

အဲဒီက စစ်သင်တန်းပြီးတော့ သူတို့တပ်ရင်း(၁)အတွက် ရဲဘော် (၄၀) လောက် ရှိမယ်ထင်သည်၊ ရဲဘော်တပ်ကြပ်အုန်းမောင်တို့ပဲ အုပ်ချုပ်ပြီးတော့ တပ်ရင်းကိုသာခေါ်သွားပေတော့ဆိုပြီး ရထားပေါ် လူကြီးတွေက စီစဉ်ပြီးလိုက်သည်။ ဒီကနေ ပန်းတောင်းရောက်သည်၊ ပန်းတောင်းကနေပြီးတော့ ဗိုလ်မှူးကလေးနေဝင်း၊ တပ်ရင်းမှူးနဲ့ သွားဆုံမိသည်၊



www.burmeseclassic.com

www.burmeseclassic.com

'ဟေ့ကောင်၊ မင်း ဘာလာလုပ်တာလဲ၊ ဘယ်ကလာသလဲ'

'ကျွန်တော်က ကျောင်းသွားတက်တာ၊ ကျောင်းက လူပိုလို့ပြန်လာတာပါ၊ ဒီမှာ ကျွန်တော်တို့တပ်အတွက် ရဲဘော်အသစ်တွေ ထည့်လိုက်လို့ခေါ်လာရတယ်'

"ရဲဘော်အသစ်တွေကို အပ်လိုက်ကွာ၊ ဒီမှာ တို့ အမြောက်တပ်ဖွဲ့မယ်၊ မင်း ပြန် လိုက်ခဲ့၊ မင်းဆရာ ခင်ညိုလည်းပါတယ်"

တပ်ရင်းမှူး ဗိုလ်မှူးကာလေးနေဝင်းကိုယ်တိုင်က ပြန်ခေါ်တဲ့အတွက် သူတို့ ပြန်လာရသည်၊ ပထမဆုံး ပဒုမ္မာကွင်းမှာစခန်းချသည်။ အဲဒီတုန်းက တပ်မှူး ကတော့ ဗိုလ်ခင်ညိုပေါ့။ အခု စမ်းချောင်းပဒုမ္မာကွင်းလေ၊ အဲဒီတုန်းကတော့ သွပ်ပြားတွေကာထားတဲ့ ဘောလုံးကွင်းပေါ့၊ အဲဒီကနေပြီးတော့မှ လေယာဉ်ပျံပစ် အမြောက်ကြီးတပ် ရဲဘော်တွေက အလုံမှာ သင်တန်းသွားယူရသည်။

"ကျွန်တော်သိထားတာကတော့ ဒီအမြောက်တွေက အင်္ဂလိပ်တွေ ကျန်ရစ် ခဲ့တဲ့ဟာတွေဖြစ်တယ်၊"

ဒါပေမယ့် စက်ပွကယူခဲ့တာကတော့ ကျည်ဆန်တွေကများများပါ။ ကျည် ဆန်တွေကို အဲဒီက သယ်လာတာတဲ့၊ အင်္ဂလိပ်တပ်က နဂိုထဲက အမြောက်တပ် ချထားပြီးသားလို့ပဲ ကျွန်တော်နားလည်ပါတယ်၊ နောက်တစ်ခုကတော့ ကျည်ဆန် တွေနဲ့ပတ်သက်လို့ ဂျပန်တွေ ပြောပြတာက တခြားကနေ သယ်လာတာလဲရှိတယ်၊ စက်ပွက အများကြီးရတယ်လို့ပြောတယ်။ စောစောပိုင်းက ရေဒါ၊ အဲဒီရေဒါနဲ့ ဖမ်းဖမ်းပြီးပစ်တာတဲ့၊ စက္ကူပေါ်မှာတွက်ချက်ထားတာရှိတယ်။ စက္ကန့် (၃၀)နဲ့ပစ် မလား။ ပထမဆုံး အမြင့်ကဘယ်လောက်၊ ဒါရိုက်ရှင်အင်ဂယ်လ် ( Direction Angle )က ဘယ်လောက်၊ လေယာဉ်ပျံ ပျံတဲ့နှုန်းကဘယ်လောက်၊ အဲဒီလိုတွက်ချက် တာတွေရှိတယ်၊ ပုံသေတွက်ချက်ပြီးသား စာအုပ်ရှိတယ်၊ ကျည်ဆန်ပေါက်ကွဲချိန် ဘယ်လောက်ရှိရမယ်ဆိုတာ တပ်မှူးက လှမ်းအမိန့်ပေးသည်၊ အဲဒီကျည်ဆန်တွေ လဲ ပစ်ဖို့အဆင်သင့်ဖြစ်ပြီးပြီ၊ ခဲစာကုတွက်တဲ့သဘော စက္ကူပြားပေါ်မှာ တွက်ချက် ပြီးသားဟာတွေရှိသည်၊ အဲဒါတွေနဲ့ လေ့ကျင့်ရသည်။ အဆင်သင့်ဖြစ်ပြီဆိုတော့ အမိန့်မစောင့်ခင် မပစ်ပဲ ခဏစောင့်နေရသည်၊ သူ တိုင်ပင်ပေးထားသည်၊ "ပစ်"ဆိုပြီး အမိန့်ပေးလိုက်သည်။

အဲဒီနောက်ပိုင်းကျမှ ဂျပန်က တွက်ပြီးသားစက်ကြီးရောက်လာသည်၊ လူ (၇)ယောက် ကိုင်ရသည်၊ ကျန်တာကတော့ စောစောကတည်းက ရှိပြီးသားပဲလေ၊ မှန်ပြောင်းလေးက ကျင်းတစ်ကျင်းမှာ၊ မှန်ပြောင်းကြီးက ကျင်းတစ်ကျင်းမှာ။ အားလုံး





မြေအောက်ကျင်းထဲမှာပဲ၊ အဲဒီ (၂)ခုအောက်မှာ စက်ကြီး တပ်ဆင်ထားသည်။ ဟိုး အောက်ထဲဆင်းသွားရင်တော့ ဆက်သွယ်ရေးတယ်လီဖုန်းတပ်စိတ်။ ပြီးတော့ အမြင့်တိုင်းတဲ့ မှန်ပြောင်းလေးနဲ့ပဲ အတူတူထားသည်၊ အရှည်က တစ်လံလောက် ရှိသည်၊

သူ မှတ်မိသလောက်တော့ လူအားလုံး အမြောက်နှစ်လက်တပ်စုဖွဲ့ထား သည်၊ လူ (၃၀)ရှိသည်၊ ၂ စုဆိုတော့ (၆၀)ရှိသည်။

ရှိုက်ရှိုတိုင်းကလဲ မှန်ပြောင်းကြီး၊ မှန်ပြောင်းလေး (၂)ဖွဲ့ရယ်၊ စက်ကြီးကိုင် တဲ့အဖွဲ့ရယ်က (၁၆)ယောက်၊ ဆက်သွယ်ရေးတပ်စိတ်က (၁၀)ယောက်ဆိုတော့ (၂၆)ယောက်၊ တပ်ခွဲ (၁)ခုံအဖွဲ့၊ ထမင်းချက်အဖွဲ့ပါဆိုရင် လူ (၁၀၀)ကျော်ရှိသည်။

မှတ်မိသလောက်တော့ တပ်ရင်းမှူး ဗိုလ်ကြီးခင်ညို၊ တပ်ခွဲမှူးဗိုလ်တင် အုန်း၊ အမြောက်တပ်စုမှူးတွေက ဗိုလ်လှရွှေ၊ ဗိုလ်တင်အောင်၊ ဗိုလ်ကိုကြီး၊ ပထမ တော့ ဗိုလ်ခင်ညိုက ဗိုလ်ပဲ၊ နောက်တော့မှ ကပ္ပတိန်ဖြစ်လာသည်၊ နောက် ကိုတင်အုန်း သူက ဗိုလ်ကလေး၊ အရာခံဗိုလ် ဗိုလ်တင်အောင်။ ဒုတိယပတ် ဗိုလ်သင် တန်းကျောင်းဆင်းလာတာကတော့ ဗိုလ်လှရွှေ၊ ဗိုလ်ကိုကြီး၊ ဗိုလ်သိန်း၊ ဗိုလ်သိန်းဆွေ၊ ဗိုလ်စောမောင်တို့က ပထမပတ်ဖြစ်မည်ထင်သည်။ ဗိုလ်အာဇာဝက က ဘီအိုင်အေ က ပါလာသူ။ ထိုသူတို့နှင့်စပြီး ဖွဲ့စည်းခြင်းဖြစ်သည်။

ဗိုလ်ညွန့်မောင်က နှစ်ယောက်ဖြစ်သည်၊ အရှည်ကြီးက တစ်ယောက်၊ အပုက တစ်ယောက်။ ဗိုလ်သိန်းဆွေ၊ ဗိုလ်အေးဖေ၊ ဗိုလ်သိန်းဦး၊ ဗိုလ်နေဝင်း၊ ဗိုလ်နေ ဝင်းဆိုတာက လေးဝအမြောက်တပ်ကို သွားသော ဗိုလ်ကလေးဖြစ်သည်။ ၎င်းတို့က တစ်ပြိုင်တည်းသင်ကြသည်၊ ရဲဘော်မောင်ကျားတို့က အမြောက်တပ် ဖွဲ့ကာနီးမှ လာသူများဖြစ်သည်၊

လေယာဉ်ပျံပစ်အမြောက်ကြီးတပ်မှာ သင်တန်းဆင်းတုန်းက ဗိုလ်ရယ်၊ အကြပ်ရယ်၊ တပ်သားရယ်လို့ ခွဲမနေပါ၊ အားလုံးအတူတူသင်ကြရသည်၊ အမြောက် တပ်ခွဲမှာ အမြောက်(၄)လက်ရှိသည်၊ အမြောက် (၂)လက်ကို တပ်စုတစ်စုအဖြစ်နှင့် ဖွဲ့စည်းထားသည်၊ ဗိုလ်တင်အောင် အရာခံဗိုလ်အဆင့်နှင့်ပင် တပ်စုမှူးတာဝန်ကို ထမ်းဆောင်ရသည်၊ ဗိုလ်တင်အုန်းက တပ်ခွဲမှူး၊ သူကတော့ (ရှိုက်ရှိုတိုင်း) ခံရောက် မှူးပါ၊ မြန်မာလိုတော့ "ရန်သူရှာဖွေရေးတပ်စု"ဟု အမည်ပေးလိုက်ခြင်းပါ၊ သူက မှန်ပြောင်းကြီးတပ်စိတ် (ရှိုက်ရှိုတိုင်း)မှာ နောက်ပြီးတော့ ဆက်သွယ်ရေးတပ်စိတ် တပ်စုပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အမှန်မှာ စက်ကြီးကိုထွက်ချက်တာက တပ်စိတ်တစ်စိတ် မှန်ပြောင်း(၁)လက်နှင့် အမြင့်တိုင်းသော မှန်ပြောင်းကြီး၊ မှန်ပြောင်းလေးနှင့် အမြင့်တိုင်းသည်။ မှန်ပြောင်းကြီးတပ်စိတ်အောက်မှာက ဆက်သွယ်ရေးတပ်စိတ်၊ "စုရှင်ဘွန်တိုင်း"ဟုခေါ်သည်၊ သူတို့ တပ်စုတစ်ခု ဖွဲ့လိုက်သည်။ ထို့မှတစ်ဆင့် သင်တန်းပြီးသောအခါ ဂျပန်တွေ လက်လွှဲရသည်၊ သို့သော် ဂျပန်တပ်သားတော်တော်များများက ထွက်သွားသည်။ သို့သော် ၎င်းတို့နှင့်ထပ်ပြီး ဂျပန်အကြံပေးများ ထားပေးတယ်။ ဥပမာ အမြောက်တပ်များမှာ တပ်စိတ်လိုက်ရှိသည်၊ ရှိကီရှိတိုင်းမှာလည်း ရှိသည်၊ သူက ဒီတပ်ကိုရောက်တော့ ပထမတစ်လိုင်းကြယ်နှစ်ပွင့်၊ နောက် အမြောက်သင်တန်းတွေပြီးတော့ တစ်လိုင်းကြယ်သုံးပွင့်၊ ဂျပန်စက်ကြီးရောက်လာတော့ သူတို့ပဲ ပထမဆုံးထိန်းလုပ်ရသည်။ သင်ကြားခွင့်ရသည်။ ထို့နောက် နယ်က အမြောက်တပ်ခွဲမှ သင်တန်းတက်ရန်ပို့လိုက်ရင် သူက ကျွမ်းကျင်သူဖြစ်၍ နည်းပြဆရာ၊ သူပဲ ကွပ်ကဲပြီးဆောင်ရွက်ရသည်။ ထို့မှတစ်ဆင့် တပ်ကြပ်ကြီးနှင့် တပ်စုကို ကွပ်ကဲပြီးဆောင်ရွက်ရင်းနှင့်နေလိုက်သည်၊

တတိယပတ် ဗိုလ်သင်တန်းခေါ်သည်။ သူတို့လည်း မတက်ဖြစ်ပါ၊ အဲဒီကာလမှာ စည်းကမ်းလိုက်နာသောနေရာမှာ နံပါတ်(၁)ဖြစ်သည်။ စံပြဖြစ်သည်။ အမြောက်တပ်က သူတို့ကို လက်မလွှတ်နိုင်ပါ။ "ဘီအိုင်အေ တပ်ကြပ်ကြီးတွေ သင်တန်းကိုပို့ပါ"ဟုခေါ်သည်၊ သို့သော် ဗိုလ်ကြီးခင်ညိုက လက်မလွှတ်နိုင်၊ "အုန်းမောင် မင်းမသွားနဲ့ မင်းကို တပ်ထဲမှာပဲ ရာထူးတက်ပေးမယ်"ဟုဆိုကာ တပ်ထဲမှာပဲ ထားသည်။ တပ်ကြပ်ကြီး ထားဝယ်မောင်ကိုကြီး သူတို့ကို ဗိုလ်သင်တန်းပို့လိုက်သည်။ တပ်ကြပ်ကြီး ထားဝယ်မောင်ကိုကြီးဆိုသူက အရက်မူး၊ စည်းကမ်းအဖောက်ဆုံးလူဖြစ်သည်၊ ဗိုလ်ခင်ညိုမှာ ထိုသူကို အုပ်ထိန်းမနိုင်၊ သို့ဖြင့် ဗိုလ်သင်တန်းကို ပို့လိုက်သည်၊

သူက အမြောက်တပ်မှာပဲ ဆက်အမှုထမ်းရသည်။ သူမှတ်မိသည်မှာ ဒုတိယပတ်ဗိုလ်သင်တန်းဆင်း ဗိုလ်လှမော်ကြီးတို့က ဂျပန်ကို တော်လှန်ရန်အတွက် မြေအောက်ကွန်မြူနစ်ပါတီနှင့် သူတို့ အဆက်အသွယ်ယူထားသည်။ ထို့မှတစ်ဆင့် ကိုလှမော်က သူစိတ်ချရသော ရင်းနှီးသည့် သူ့ဆီလာသည်။ သူနှင့်ဆွေးနွေးသည်၊ သူညတိုင်း လာအိပ်သည်၊ ဗိုလ်လှမော်ကြီးက ဆွေးနွေးပြသည်။

ထိုအချိန်က သူသည် ကလေးတစ်ယောက်လိုပင် ဘာမျှမသိပါ။ တစ်ပတ်ခန့်ကြာသောအခါမှ သဘောပေါက်သွားသည်။ ထိုအခါကျမှ ကွန်မြူနစ်ပါတီမှ



ထုတ်သော "အနုပဋိလောမရုပ်ဝါဒ" စာအုပ်ကို ပေးသည်၊ ခေတ်ပြောင်းတော်လှန်ရေးအကြောင်းများကို လေ့လာရသည်၊ သဘောပေါက်လာသည်၊ မြန်မာ့လွတ်လပ်ရေးကြေညာစာတမ်း (၁)ကို ဖတ်ရသည်။ ၎င်းတို့ကိုဖတ်ပြီး သူတို့ဘဝကို သူတို့သဘောပေါက်သွားသည်၊ ၁၉၄၃-ခုနှစ်အတွင်းမှာ ကွန်မြူနစ်ပါတီနှင့် အဆက်အသွယ်ရခဲ့သည်။ ဒုတိယပတ်ဗိုလ်သင်တန်းတွင် ကိုလှ၊ ကိုလှမော်ကြီးတို့ တက်နေချိန်ဖြစ်သည်။ ဗိုလ်သိန်းနိုင်တို့နှင့် အဆက်အသွယ်ရပြီး သူတို့နှင့် ဆွေးနွေးကာ တစ်ပတ်ခန့်ကြာသည်။ သူလည်း တစ်ပတ်လောက်ကြာမှပဲ နားလည်လာတော့သည်။

ကိုလှမော်တို့နှင့် ရှေးဦးစွာဆက်သွယ်မိပြီးမှ နောက်ပိုင်းတွင် ရဲဘော်ချစ်လှိုင် (ကိုစန်းငွေ)တို့ ရောက်လာသည်၊ သူတို့ကို ကိုလှမင်း၏ညီဖြစ်သူ ကိုထွန်းကြည်က ပထမဆုံး အဆက်အသွယ်လုပ်လာသည်၊ မိုးမိတ်မှလာသည်၊ ထိုအချိန်က မဟာသိာတို့နှင့် စာပေးစာယူရှိကြသည်၊ ၎င်းအပေါ် အကြောင်းပြုပြီး မိုးမိတ်မှလူများက သူ ဘယ်မှာရှိသည်ကို သိကြသည်။ ထိုအချိန်တုန်းက မဟာသိာနှင့် ဘာမှမဖြစ်သေးပါ။ ကျောင်းနေဘက် သူငယ်ချင်းချင်း စာရေးသည်။ တစ်ယောက်နှင့်တစ်ယောက် နည်းနည်းတော့ စိတ်ဝင်စားကြသည်။ ကျောင်းမှာကတည်းက အတူတူနေလာကြသည်။ မဟာသိာက နိုင်ငံရေးအစဉ်အလာရှိသည်၊ ထိုအချိန်ကတည်းက နိုင်ငံရေးကိုစိတ်ဝင်စားသည်၊ သိသမျှစာအုပ်များကို မဟာသိာထံ ဝယ်ပို့သည်။ စာရေးလျှင်လည်း ထိုအတွေ့အကြုံများကို သူမထံရေးခဲ့သည်၊ ထိုအပေါ် အကြောင်းပြု၍ ကိုထွန်းကြည်လာသည်။ ရန်ကုန်မှာ သူက အမာခံမရှိတော့ သူ့ဆီပဲ ဆက်လာကြသည်။ သူ့ဆီမှာ လာအိပ်သည်၊ ထိုအချိန်က အမြောက်တပ်မှာ ဝင်အိပ်ခြင်းများ၊ ဝင်ထွက်ခြင်းများရှိသည်။ ရွှေဂုံတိုင်လမ်းဟု ထင်သည်၊ အဲဒီအချိန်မှာ အလွန်စည်ကားသည်၊ လိုက်ရှာသောအခါ သူနာမည် ကျွန်တော် မေ့သွားပြီဗျ။ ထို့မှတစ်ဆင့် အဆက်အသွယ်လုပ်ပြီး နောက်တစ်ပါတ် ကိုထွန်းကြည် ပြန်သွားသည်၊

ကိုထွန်းကြည်လာစဉ်က မိုးကုတ်ကျောက်ကလေး ဘာလေး ယူလာတာပေါ့။ အဲဒါလေးရောင်းထုတ်ပြီးတော့ သူနှင့်အဆက်အသွယ်ရသည်၊ အဆက်အသွယ်ရပြီးမှ တောပြန်သွားသည်၊ ပြန်သွားပြီးနောက် တစ်ပတ်လောက်ကျ တော့မှ ကိုလှမင်း ဆင်းလာပြန်သည်၊ ကိုလှမင်းလဲရောက်လာသည်။ ကိုလှမင်းက ကိုချစ်လှိုင်တို့နှင့် ဆက်သွယ်ပေးပါသည်၊ တနင်္ဂနွေတစ်ပတ်နီးနီးလောက် ကြာသွားသည်။ ထို့မှတစ်ဆင့် ကိုချစ်လှိုင်တို့နှင့် အဆက်အသွယ်ရသည်။ တပ်တွင်းပါတီများနှင့် အဆက်ရသည်။ တပ်တွင်းမှ စာစောင်တွေဖတ်သည်။ တပ်တွင်းကရဲဘော်များ လှုံ့ဆော်သော

www.burmeseclassic.com

www.burmeseclassic.com

တရားပွဲတွေရှိသည်၊ ညတိုင်းတရားဟောသည်။ ရှေးတုန်းက မြန်မာများ ဘယ်လို မျိုးချစ်စိတ်ရှိသည်ဆိုတာ မင်းရဲကျော်စွာတို့ ငယ်ငယ်ကတည်းက မည်သို့စစ်တိုက် လာတယ်၊ ဘုရင့်နောင်ဆိုရင် နိုင်ငံတော်ကို ဘယ်လိုထူထောင်တယ်၊ အလောင်း ဘုရားက ဘယ်လိုလုပ်ခဲ့တယ် အမြွက်တမ်း လှဲ့ဆော်ပေးသည်၊

တန်းစီတဲ့အခါ အနည်းအကျဉ်းပြောသည်။ ညမအိပ်ခင် ထိုင်ဝိုင်းတွေရှိ သည်၊ တရားပွဲ ညတိုင်းလောက်လုပ်သည်၊ ဒီလိုတရားဟောတာကို ဂျပန်ကို ပြန် မပြောဘူး၊ သီချင်းဆိုလေ့ကျင့်သည်၊ စစ်သီချင်းတွေ လေ့ကျင့်သည်။ တရားဟော လိုက်၊ အဲဒီလို အစဉ်အလာဖြစ်နေသည်၊ သူက ကိုလှမော်တို့နှင့် အဆက်ရတော့ ပါတီအကြောင်း၊ ခေတ်ပြောင်းတော်လှန်ရေးအကြောင်း ဖတ်ရတဲ့အခါ ရဲဘော် တွေကို သူ နားလည်သဘောပေါက်အောင် ရှင်းပြသသည်။ ဒီထဲမှာလည်း ဆက်မိတဲ့ ရဲဘော်တွေက ဗိုလ်ဘမြ (ကွန်မြူနစ်ပါတီဖြစ်သွားသူ)၊ နောက် လက်ပံတန်းက ကိုကြည်ညွန့် (ဗိုလ်မှူးချစ်စိန့်ဝင်း ပီအေလုပ်နေတဲ့) ဗိုလ်မှူးမောင်မောင်တို့ကို သူတို့ တော်တော်များများ စုမိသွားသည်။ တချို့ နာမည်တွေမေ့ကုန်ပြီ။

ကိုလေးဆိုသူက ကိုမောင်မောင် (မြင်းခြံသား၊ နောင် ဗကပ) ဗလကောင်း ကောင်းနဲ့ ရန်ပုံငွေရဖို့ဆိုရင် သူတို့အမြောက်တပ်ရဲ့ အထက်နားမှာ သဘော်ဆိပ် ရှိသည်။ ဆပ်ပြာချက်တဲ့နေရာသုံးတဲ့ ကော့စတစ်ဆိုဒါကို ကိုမောင်မောင်က အဲဒီမှာ သွားပြီးတော့လစ်တာပဲ။ အဲဒါသွားရောင်းပြီးတော့ ရန်ပုံငွေအတွက် စုတယ်။ အဲဒီ နည်းနဲ့လှုပ်ရှားသည်၊ တစ်နေ့တော့ ထိုသို့လှုပ်ရှားသည့်ကိစ္စကို ဗိုလ်ခင်ညိုသိသွား သည်၊

တပ်တွင်းမှာ စာရေးသောက်ရေးတွေ ပြင်လိုက်သည်၊ အရင်ကတော့ ဗိုလ် တွေအတွက်ဆိုရင် ဆီပြန် အိနေအောင်ချက်သည်။ သူတို့ရဲဘော်များကျတော့ အားလုံးရေလုံပြုတ်၊ နောက်ပိုင်းကျတော့ အားလုံး ပဲဟင်းချက်သောအခါတွင်တောင် ကောင်းနိုင်သလောက် ကောင်းကောင်းချက်၊ ချက်ပြီးတော့မှ အရာရှိတွေစားဖို့ အခန်းတစ်ခန်း သတ်မှတ်လိုက်သည်။ ခန်းမကြီးထဲမှာပဲ တပ်ကြပ်တွေတစ်နေရာ ရဲဘော်တွေအတွက် တစ်နေရာ၊ ထမင်းဟင်းကတော့ အားလုံးအတွက် တစ်မျိုး တည်းပဲ။ ဗိုလ်ကြီးခင်ညိုက ခေါ်ပါတယ်၊ ခေါ်ပြီး -

" ဟေ့ကောင် မင်းတပ်ထဲ ဘာတွေလုပ်နေတာလဲ "

" ကျွန်တော် ဘာလုပ်နေလို့လဲ "

" မင်းဘာလုပ်နေတယ်ဆိုတာ ငါ့ကို မေးစရာမလိုဘူး၊ မင်း ဘာလုပ်နေ





တယ်ဆိုတာသာ ငါ့ကိုဖြေ "

" ကျွန်တော်တို့ရဲ့ ရဲဘော်တွေ ကိုယ့်အမျိုးကိုယ်ချစ်အောင် တိုင်းပြည် အတွက် စွန့်စားအောင် ညတိုင်း ကျွန်တော် တရားဟောတယ် "

" ငါမသိဘူးအောက်မေ့နေလား၊ မင်းဘာလုပ်နေတယ်ဆိုတာ ငါသိတယ်၊ မင်း ကောင်းကောင်းသတိထား၊ ဟေ့ကောင် မင်း Mutiny ဆိုတာ မင်းသိလား "

အမှန်တော့ သူသိပါတယ်။

" မသိဘူး ဗိုလ်ကြီး "

" မြူတီနီဆိုတာ တပ်တွင်းပုန်ကန်တာကွ။ အကုန်လုံးတန်းစီပြီးတော့ စက် သေနတ်နဲ့ ပစ်သတ်လိုက်မယ် နားလည်လား။ မင်း ကောင်းကောင်းသတိထား "

မှတ်မိသေးတယ်၊ သူမေးကိုလဲ ပွတ်ဆွဲသွားသည်၊ သူ (ဗိုလ်ကြီးခင်ညို)က လက်ဝှေ့သမားဖြစ်သည်။ သူ့ကို သတိပေးသည်၊ ဒါ ပထမဝမ်တိန်ပဲ မှတ်ထားတဲ့၊ ဗိုလ်ကြီးခင်ညိုက ကွန်မြူနစ်ကို မုန်းတဲ့လူဖြစ်သည်၊

ထိုသို့ပြောပြီးနောက် တစ်နေ့ ကိုလှမင်းလာပြီးအိပ်သည်၊ ကိုလှမင်းက သူ့ကို ကိုချစ်လှိုင်ဆီ ပို့ပေးသည်၊ နောက်တစ်နေ့ ဗိုလ်ကြီးခင်ညိုက သူ့ကိုခေါ်သည်၊ သူက ကိုလှမင်းကို တစ်ခါတည်းခေါ်သွားသည်၊ ထိုနေရာမှ ပန္နက်ကြီး စားပွဲပေါ် တင်ထားသည်၊ ဘယ်ကရထားသလဲဆိုတာ မသိဘူး။

" ဟေ့ကောင် တပ်ထဲမှာ နိုင်ငံရေးသမား လက်မခံရဘူးဆိုပြီး ဗိုလ်ချုပ်က အမိန့်ထုတ်ထားတာ မင်း မသိဘူးလား "

" သိပါတယ်ဗိုလ်ကြီး "

" သိရင် ကိုလှမင်းကို ဘာလို့ တပ်ထဲမှာ လက်ခံထားရတာလဲ "

" ကိုလှမင်းက ကျွန်တော့်ရဲ့ ကျောင်းနေဘက်သူငယ်ချင်းပါ၊ ဗိုလ်ကြီး အိမ်မှာလည်း ကိုစံဝင်းတို့ နောက်ပြီး၊ သူ့ယောက်ဖ ကိုလေးရှိတာပဲ၊ ဗိုလ်ကြီးအိမ်မှာ လည်း လက်ခံတာပဲ "

" မင်း တော်တော် လူပါးဝတယ်၊ မင်း သတိထား၊ ကဲ သွားတော့ "

" ဟုတ်ကဲ့ ဗိုလ်ကြီး "လို့ပြောပြီး ရုံးခန်းထဲမှ ထွက်ခဲ့သည်။

သူက တပ်တွင်းကလာပ်စည်းရဲ့ ခေါင်းဆောင်ဖြစ်နေသည်၊ နောက်သူ့ကို ဘယ်သူက ဆက်ပေးလိုက်သည်မသိ၊ ရန်ကုန်ခရိုင်ပါတီ၊ မြေအောက်ခရိုင်ပါတီပေါ့၊ ဦးကျော်ငြိမ်းခေါ် ဦးချမ်းသာ (အာအီးတီ)နဲ့ သွားဆက်သည်။ သူတို့လယာဉ်ပစ် အမြောက်ကြီးတပ်မှာက "ရှိကီရှိတိုင်း" ရန်သူရှာဖွေရေးတပ်စုက အရေးပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အဓိကကျသည်။ ဘာလို့လဲဆိုတော့ လေယာဉ်ပျံပစ်အမြောက်ကြီးတပ်မှာ အမြောက်ပစ်ဖို့အတွက် တွက်ချက်ရေးတပ်စုက အကုန်ဆောင်ရွက်ရသည်။ ဦးအုန်းမောင်က အဲဒီတပ်စုရဲ့ တပ်စုမှူးဖြစ်သည်၊ သူကလည်း စကတည်းက ဒီစက်ကြီးမှာ လေ့ကျင့်ခန်းယူခဲ့သည်၊ နောက် ကျန်တဲ့လူလည်း တစ်ဆင့်ပို့ချပေးရသည်၊ ထို့ကြောင့် အိန္ဒိယက ဦးသိန်းဖေထံသွားရန် လူရွေးတော့ သူတစ်ယောက်လဲပါသည်။

ဒါပေမယ့် သူ့ကို တပ်ကနုတ်လို့မရပါ၊ ဗြူးစားကြီး သူ့နေရာကို လူစားသွင်း၍မရ၊ ထို့ကြောင့် ထိုအခွင့်အရေးကို လက်လွှတ်ခံလိုက်ရသည်။ တော်လှန်ရေးအတွက် နယ်တွေခွဲကြသည်။ ဦးကျော်ငြိမ်း (အာဘီးတီ)နှင့် အဆက်အသွယ်ရသည်၊ ဗိုလ်ကြီးခင်ညိုက ဗိုလ်ချုပ်အောင်ဆန်းအိမ်မှာ သွားဆွေးနွေးစရာရှိသည်၊ ဗိုလ်ကြီးခင်ညိုနှင့် ဦးကျော်ငြိမ်း (အာဘီးတီ)နှင့် အတူသွားရမည်ဆိုသဖြင့် သူ့ကို မခေါ်ပေ၊ ဗိုလ်ကြီးခင်ညိုက တပ်ကြပ်ကြီးကိုသိန်း (ယခုဆို သေလောက်ပြီထင်သည်) ခေါ်သွားသည်၊ ကိုသိန်းက လူအေးပဲ၊ ဗိုလ်ချုပ်အိမ်သွားတယ်၊ စကားပြောတယ်။ ဗိုလ်ကြီးခင်ညိုကို ရဲဘော်အုန်းမောင်ကို ခေါ်ခဲ့ပါ။ ဦးကျော်ငြိမ်းကပြောတော့ ကိုအုန်းမောင်ကို ပြန်ခေါ်လို့ သူပါလိုက်သွားရတယ်။ ဗိုလ်ခင်ညိုမှာ ကားရှိတာကိုး။ သူက ကားမောင်းပို့ရသည်။ ထိုမှ အစည်းအဝေးတက်ရသည်။ သူက အောက်မှစောင့်ရသည်။

တတိယပတ် ဗိုလ်သင်တန်းဆင်းတော့ တတိယပတ် ဗိုလ်သင်တန်းတက်သွားသော အလုပ်သင် ဗိုလ်မောင်မောင်ခတို့က လေယာဉ်ပျံပစ်အမြောက်ကြီးကို ပြန်ရောက်ကြပြီဖြစ်သည်၊

လေယာဉ်ပစ်အမြောက်ကြီးတပ် ရဲဘော်တွေကို ထုတ်ရသရွေ့ ထုတ်သည်။ သူတို့ကို ဦးကျော်ငြိမ်း(အာဘီးတီ)ဆီပို့တယ်၊ ဦးကျော် ငြိမ်း (အာဘီးတီ)တို့က နေဖို့သင့်တော်သည့်နေရာများမှာ နေရာချပေးသည်။ လက်နက်လည်း တစ်ခါတည်း ထည့်ပေးလိုက်သည်၊ တစ်ခါတလေ ရေနံချောင်းလေယာဉ် ပစ်အမြောက်ကြီးတပ်ကို ပြောင်းတယ်ဆိုပြီး တပ်စိတ်လိုက်တန်းစီပြီး မိန့်ခွန်းပေးလိုက်သေးသည်၊ တပ်ဖျောက်ဖို့အခွင့်အရေး သင့်သလိုထွက်ပြီး (အာဘီးတီ)ဦးကျော်ငြိမ်းဆီ တောက်လျှောက်သွားသည်။ ထိုနေရာတွင် ယူနီဖောင်းချွတ်၊ အရပ်ဝတ် အရပ်စားလဲပြီး မြို့ထဲဖျောက်ထားလိုက်သည့်မျိုး လုပ်သည်၊ အကြမ်းဖျဉ်းမှတ်မိတာကတော့ ထိုစဉ်က ရဲဘော် (၃၀) အောက်မနည်းဘူးဟု ထင်သည်။ စာရေးဆရာ မင်းရှင်(ခေါ်)ကိုဝင်းမောင် (လေသူရဲ) ကလည်း တပ်သားဖြစ်သည်။ သူလည်း ဒီရှိုက်ရှိုတိုင်း ခံစောကုမှာ အဖွဲ့ဝင်ဖြစ်သည်။

ဗိုလ်တင်ဦးက အမြောက်ကိုင်သောတပ်မှာ၊ နောက်ပြီး အခု ကိုကျော်ထင်၊





သူကလည်း အမြောက်တပ်ကပင် ဖြစ်သည်။

ကိုကျော်ထင်က စတုတ္ထအပတ်မှာ ဗိုလ်သင်တန်းတက်သွားသည်။ သူ့ကို ပုတူးတူးလေးဟုခေါ်သည်။ သူက ရေချိုးပြီးသောအခါ ပေါင်ဒါလေးလိမ်းပြီးမှ အိပ်သည်။ နောက်ပြီး နိုင်ငံတော်ကောင်စီဝင်ဖြစ်သော ဦးခင်အေး (အငြိမ်းစားဖြစ်သည်) ဗိုလ်တင်ထွန်းအောင်ရယ်က တစ်တွဲ၊ ဗိုလ်ကျား၊ ဗိုလ်တင်ရယ်က တစ်တွဲ။ ရင်းရင်းနှီးနှီးပင်နေကြသည်၊

ဗိုလ်ချုပ်ကြီးကျော်ထင် သင်တန်းဆင်းပြီး လေယာဉ်ပစ်အမြောက်ကြီးတပ်ကို ပြန်ရောက်သလားဆိုတာ မမှတ်မိတော့ပါ။ ထိုအချိန်၌ တော်တော်ရှုပ်နေပြီ၊ သူတို့ထဲက လှဟန်၊ သူလဲ စတုတ္ထပတ်ပဲ။ နောက်ပြီး သူတို့တပ်တော့ မရောက်လာဘူး၊ မော်တော်ကားတပ်လား သူရောက်သွားတယ်၊ ဗိုလ်မှူးရန်ရှင်းဆိုတဲ့ နာမည်နဲ့ ကုန်းလမ်းပို့ဆောင်ရေးမှာ။ အဲဒီတော့မှ ဦးကျော်ငြိမ်းဆက်ပေးလိုက်တော့ ဗိုလ်ကြီးခင်ညိုလဲ သူတို့နဲ့ အပေါင်းအသင်းပြန်လုပ်လို့ရသည်၊ အစက မရဘူး။ အစကတော့ လုံးလုံး မသိသေးဘူးနဲ့တူသည်၊ နောက် ဗိုလ်ချုပ်ကခေါ်ဆွေးနွေးမှ ဒီလူတွေကို တဖြည်းဖြည်း လက်ခံထားတယ်ထင်သည်။ ထိုအချိန်တုန်းက သူ မှတ်မိသလောက်ဆိုရင် ဦးကျော်ငြိမ်းက ရန်ကုန်ခရိုင်မှာ၊ သူက နိုင်ငံရေးမှူး၊ အခု ဗိုလ်ကြီးခင်ညိုက စစ် ခေါင်းဆောင်၊ သူတို့နှစ်ယောက် အဲဒီလို တာဝန်ခန့် ခွဲထားသည်။ တပ်တွေ နယ်ထွက်သွားတော့ သူတို့လည်း အထက်ကအမိန့်ကို စောင့်နေတဲ့အချိန်။ ဗိုလ်သင်တန်းကျောင်းမှာ ဂျပန်ကားပျက်သွားလို့ သွားတွန်းကြည့်ရင်းနဲ့ ရှုတ်တရက်ဖြစ်သည်၊ အဲဒီမှာ ရှမ်းပြည်နယ်တောင်ပိုင်းက ရဲဘော် ကိုတင်ဖေလား နာမည်မေ့နေတယ်ဗျ၊ သူကပြန်လာတယ်၊ ဗိုလ်လေး (အဲဒီတုန်းက သူ့ကို ဗိုလ်လေးလို့ခေါ်တာကိုး)မင်္ဂလာဒုံ ဗိုလ်သင်တန်းကျောင်းမှာ ဖမ်းကုန်ပြီ၊ အဲဒီတော့ မဖြစ်ဘူး အဆင်သင့်လုပ်ထား၊ အဲဒီလိုပြောတော့ သူက ဗိုလ်ကြီးခင်ညိုဆီ သွားသတင်းပို့တယ်၊ "ဗိုလ်ကြီး ကျောင်းမှာဖမ်းကုန်ပြီ၊ ကျွန်တော်တို့လည်း အဲဒီအတိုင်းသာနေရင် အကုန်အဖမ်းခံရလိမ့်မယ်၊ အဲဒီတော့ ဗိုလ်ကြီးခင်ညိုက ရန်ပုံငွေ (ဂျပန်ငွေ) သိန်းနဲ့ချီလား ဘာလားမသိ ပါ၊ ထုတ်ပေးသည်။ နောက် လက်ပစ်ဗုံးတွေ၊ စနက်တံ့နဲ့ ရှိရတဲ့ လက်ပစ်ဗုံးတွေ ပါတယ်ဗျ။ တပ်ထဲ လုပ်တဲ့ဟာတွေလည်းပါတယ်။

ဒီမတိုင်ခင်ကိစ္စတစ်ခုရှိသေးတယ်။ တို့တိုးကြောင်လေးကိုပို့လိုက်တာလည်း နာမည်တွေတော့မေ့နေပြီ၊ ဟိုမှာ သခင်သိန်းဟန် ဆိုတာရှိတယ်၊ သူကနာမည်ပြောင်းထားတယ်၊ ကိုသိန်းစံလို့ ကျောင်းဆင်းလာတဲ့ ဗိုလ်နှစ်ယောက် အဲဒီကိုပို့


www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဟိုရောက်တော့ သူတို့ဆီမှာ လက်နက်ပို့ဘို့ ပြဿနာရှိတယ်၊ ဒါနဲ့ သခင်တင်လှိုင် ဆိုလားလာတယ်၊ သခင်တင်လှိုင်နဲ့ သူနဲ့တပ်ကလက်နက် (၅၀) သွားပို့ဖို့လုပ်တယ်။ ဖျာလိပ်တွေနဲ့ လိပ်၍ကားပေါ်တင်သည်။ သခင်တင်လှိုင်ကတော့ ရှမ်းဘောင်းဘီ အနက်နဲ့နေကာ မျက်မှန်ကြီးနဲ့ အချိန်က ညနေဘက်ရောက်နေပြီ၊ ဒီတော့

'ကိုတင်လှိုင် ခင်ဗျား နေကာမျက်မှန်ကြီး မတပ်စမ်းပါနဲ့'လို့ သူကပြောယူရတယ်။ ကိုတင်လှိုင်က အဲဒီအတိုင်းဆိုရင် လူတွေကမှတ်မိမယ်'

'လူတွေမှတ်မိတာထက် ညနေဘက်မှာ နေကာမျက်မှန်နဲ့ ဦးထုပ်ကြီးနဲ့ အဲဒါမှသာဆိုးမှာပေါ့။ စိတ်ချလက်ချသွားစမ်းပါ'ဆိုပြီး ဝတ်လာတဲ့ ယူနီဖောင်းနဲ့ ကားပေါ်လက်နက် (၅၀)တင်ပြီး တိုးကြောင်လေးဘက်ကို သွားပို့ရသေးတယ်။

မြန်မာ့လွတ်လပ်ရေး မော်ကွန်းလျှောက်တုန်းက ဒီကိစ္စကို နည်းနည်းပြောချင်ပါတယ်လို့ ဦးအုန်းမောင်က စကားပလ္လင်ခံလိုက်တယ်၊ အဲဒီတုန်းက ဗိုလ်ကြီးခင်ညိုက ဗိုလ်မှူးကြီးဖြစ်နေပါပြီ။ အဲဒီလက်နက် (၅၀)သွားပို့တဲ့ကိစ္စကို သူမော်ကွန်းလျှောက်တဲ့အထဲမှာ ထောက်ပြထားတော့ ဗိုလ်မှူးကြီးခင်ညိုက

'ဟုတ်ပါတယ် သူညွှန်ကြားချက်အရ တိုးကြောင်ကလေးဘက်ရှိ ရဲဘော်တွေအတွက် လက်နက် (၅၀)ကို ဦးအုန်းမောင်တို့ သွားပို့တာပါပဲ'လို့ ထောက်ခံစာမှာရေးလိုက်တယ်၊

အဲဒီစာမှာ

'ဒါပေမယ့် ကွန်မြူနစ်တွေဆီ သွားပို့ခိုင်းတာမဟုတ်ဘူး'ရယ်လို့ ထပ်လောင်း လိုက်ပါသေးတယ်တဲ့၊

သူ့ဆီက ထောက်ခံစာကို ရချင်တော့ သူရေးတဲ့အတိုင်း စာကိုယူခဲ့တယ်။ တကယ်တော့ သူဟာ ကွန်မြူနစ်တွေကို တော်တော်မုန်းတဲ့ ဗိုလ်မှူးကြီးပဲ။

'ပထမတော့ သူတပ်ထွက်တဲ့အခါ ကျုပ်အဲဒီတိုးကြောင်လေးဘက်မှာရှိမယ်၊ အဲဒီတော့ မင်းရောက်တဲ့နေရာကနေ ငါ့ကိုအဆက်အသွယ်လုပ်'လို့ ဗိုလ်ကြီးခင်ညိုက အဲဒီလို အမိန့်ပေးသည်၊ သူက ဒီလိုညွှန်ကြားခဲ့တော့ သူတို့လည်းတပ်မှာ အစွမ်းကုန်စိတ်ဓာတ်မြှင့်တင်ပေးသည်။ နောက်ဆုံးဂျပန်တွေဖမ်းပြီး ကြိုးနဲ့တုပ်ထားခဲ့မယ် ဘယ်သူတော့ခေါ်သွားရင် မကောင်းဘူးလား၊ ဘယ်သူတော့ ဂျပန်ရိုက်ပုတ်ခံရအောင်ထားခဲ့မယ်ဆိုတာမျိုးတော့ မရှိပါဘူး၊ အတူတူလုပ်လာတဲ့ရဲဘော်တွေပဲ ဘယ်သူ့ကိုမှ မုန်းတီးတာမှ မဟုတ်ဘဲ သူ့တို့အားလုံးဟာ အဲဒီတုံးကဆို အသေခံ





တပ်ပဲ။ သူတို့နောက် ဘယ်တပ်မှ မရှိတော့ဘူး။ တစ်ခြားတပ်စုတွေဆိုရင် ဂျပန်တွေဖမ်းကြိုးနဲ့တုပ်ထားကြပြီ။

နောက် သူတို့အမြောက်တပ် အမြောက်ပစ်ရာမှာ အခရာကျတဲ့ မင်းတုံးကြီးတွေကို ဖြုတ်ထားလိုက်မယ်၊ နောက်ထပ်ပစ်လို့ ခတ်လို့မရအောင် လှိုင်မြစ်ထဲမှာသွားပစ်ထားမယ်လို့ အစီအစဉ်လုပ်သည်၊ ဒါပေမယ့် ညနေကျတော့ ဗိုလ်ကြီးခင်ညိုရဲ့ ယောက်ဖ ဗိုလ်ဘရွှေ မော်တော်ဆိုင်ကယ်နဲ့ ရောက်လာသည်၊

'မူလအစီအစဉ်အားလုံးရပ်ဆိုင်းပါတဲ့ ဘာဖြစ်လို့လဲဆိုတော့ အခြေအနေမပေးဘူး၊ လုပ်စရာမလိုဘူး၊ ငါကတော့ ထွေထွေထူးထူး မရှင်းတတ်ဘူး၊ ဘယ်နည်းနဲ့မှ ဒီညလုပ်စရာမလိုဘူး။ အဲဒီအမိန့်ကို အတိအကျနာခံပါ'ဆိုပြီး ပြန်ထွက်သွားသည်။ ကျွန်တော်ကရှင်းပြသည်၊ 'အခြေအနေမပေးသေးဘူး မထွက်ရဘူး'လို့ ပြောတယ်၊

'ဟာမဖြစ်ဘူးတဲ့ တစ်နေရာမှာ တစ်ခုခုချို့ယွင်းလို့ ဖြစ်ရမယ်။ ဒီနေ့ ညမထွက်လို့မဖြစ်ဘူး'

'အဲဒီလို ထွက်မယ်မထွက်ဘူးနဲ့ဖြစ်ကြတော့ သူကဘယ်နည်းနဲ့မှ မထွက်နဲ့ နောက်ဆုံးကျွာ ထွက်မယ်ဆို ငါကိုယ်တိုင်ပါမယ်'

အဲဒီညမှာပဲ မိုးကုတ်က ကိုစံလှလေးတို့ လေးငါးယောက်က သခင်ခင်အောင်တို့နဲ့ အဆက်အသွယ်လုပ်ထားတာရှိတယ်။ ကိုကြည်ညွန့်နှင့် ရဲဘော်တစ်ယောက်က သူတို့အဖွဲ့ကို လာခေါ်သွားသည်။

'ဟိုမှာ အဆက်အသွယ်ရပြီ'ဆိုတော့ သူတို့လေးယောက်ပါသွားသည်၊ ဘယ်လိုမှ တားမရဘူး၊ ကိုစံလှတို့ကလည်း အမြောက်ကြီးတပ်ကပဲ သူ့မှန်ပြောင်းတပ်ကတပ်စိတ်မှူး၊ ကိုကြည်ညွန့်က ဘီအိုင်အေကထလိုက်လာတဲ့ ရဲဘော်ဟောင်းပဲ၊ ဒါနဲ့ သူတို့အဖွဲ့ကပါသွားတာ ဂျပန်မသိသေးဘူး၊ သူတို့လေးငါးယောက်လောက်ပျောက်သွားတဲ့တပ်မှာ ပြဿနာမရှိဘူးလေ။ 'ဘယ်သွားလဲ' ဂျပန်ကမေးလာရင် 'အပြင်ဘက်သွားတယ်' ဒီလောက်ပြောလိုက်ရင် ပြီးသွားတာပဲ၊

အဲဒီတုန်းက ဒီလောက်လည်းမေးလားမြန်းလား မရှိပါဘူး၊ သူတို့က ဘယ်လိုဖြစ်လဲဆိုတော့ အဲဒီနေ့ညမထွက်ရပေမယ့်တပ်ကို ထိန်းထားရတာ မလွယ်ဘူး၊ မဖြစ်ဘူး။ ဒါဆိုထွက်မှဖြစ်မယ်၊ ကြာရင်ရိပ်မိသွားရင် အကုန်လုံးအဖမ်းခံရလိမ့်မယ်၊ တပ်ထဲမှာ ရုတ်ရုတ် ရုတ်ရုတ် ဖြစ်နေပြီ။ တပ်ကြပ်တွေပါအကုန်ခေါ်ဒီမှာဆုံးဖြတ်ချက်ချမယ်၊ ပြီးပြင်ဆင်မယ်၊ ပြီးတော့မှ ဗိုလ်ကြီးခင်ညိုသွားပြော



www.burmeseclassic.com

www.burmeseclassic.com


မယ်ဗျာ၊ ရရမရရ ထွက်မယ်၊ သူတို့ဖာသာ စီစဉ်မယ်။ တပ်ကြပ်တွေချည်းပဲခေါ် ဆွေးနွေးပြီး ဆုံးဖြတ်ထားကြတယ်၊ ပြီးတော့ 'ကဲဟိုတပ်စုက လေ့သွားစီစဉ်ဆို ပြီးအဖွဲ့တစ်ဖွဲ့ကို လွှတ်လိုက်သည်။

အဲဒီနေ့မှ ဗိုလ်ခင်ညိုဆီသွားပြောသည်၊ 'ဗိုလ်ကြီးကျွန်တော်တို့တော့ မဖြစ် ဘူး၊ တပ်ထဲမှာလည်း ညတုန်းက မနည်းထိန်းထားရတယ်၊ ရုတ်ရုတ်သဲသဲ ဖြစ်နေပြီ၊ ကျွန်တော်တို့ထွက်ဖို့ ဆုံးဖြတ်ချက်ချ လိုက်ပြီဗိုလ်ကြီး လက်ခံပါ၊

"မင်းတို့ ဆုံးဖြတ်ချက်နဲ့ မရဘူး၊ ငါ ဒေါက်တာဘမော်နဲ့လည်း တွေ့ပြီးပြီ၊ ငါတို့ဒီမှာ နေနိုင်သေးတယ်၊ နေရမယ်၊ ဘယ်နည်းနဲ့မဆို ထွက်ကိုမထွက်ရဘူး၊ ထိန်းနိုင်သလောက် ထိန်းရမယ်"

"မဟုတ်ဘူး ဗိုလ်ကြီးစီစဉ်ပြီးပြီ"

"စီစဉ်ပြီးရင်လည်း ဖျက်ပစ်ရမယ်"

"ရဲဘော်တွေဆီရောက်တော့ ဘယ်လိုမှ ပြောလည်းမရဘူး၊ အဲဒါနဲ့ပဲ သူ ပြန်လာခဲ့ရတယ်၊ ဗိုလ်ကြီးက ထွက်ကိုမထွက်ရဘူးတဲ့၊ ငါလည်း မလုပ်တတ်အောင် ဖြစ်နေပြီလို့ ရဲဘော်တွေကို ပြန်ပြောလိုက်ရတယ်။

ထို့နောက် သူက အာအီးတီ ဦးကျော်ငြိမ်းဆီ သွားပါဦးမယ်ဆိုပြီး ဦးကျော်ငြိမ်းနဲ့ သွားတွေ့တယ်။

"ဦးကျော်ငြိမ်း၊ ကျွန်တော်တို့ တပ်ထွက်တော့မယ်လို့ ပထမစီစဉ်ထား တယ်၊ အခု ဗိုလ်ကြီးခင်ညိုက မထွက်ရဘူးဆိုတာနဲ့ ထွက်ဖို့ကိစ္စပျက်သွားတယ်၊ အခုတပ်က ရဲဘော်တွေကလည်း ရုတ်ရုတ်သဲသဲ ဖြစ်နေပြီ၊ မထွက်ရင်မဖြစ်ဘူး၊ ဒီတော့ ခင်ဗျား၊ အမိန့်ပေးပါ။ ကျွန်တော်တပ်ထွက်မယ်၊ ခင်ဗျား အမိန့်ပေးရင် ကျွန်တော်ဘယ်သူ့အမိန့်မှ နားမထောင်တော့ဘူးဗျာ"

"ဟာ . . . မဖြစ်ဘူးကိုအုန်းမောင် မဖြစ်ဘူး။ အခုဟာ ကျွန်တော်တို့ တပ်ပေါင်းစုဖွဲ့ထားပြီး ဗိုလ်ခင်ညိုက စစ်ရေးတာဝန်ခံပဲ"

"မဖြစ်ဘူး ဗိုလ်ခင်ညိုက စစ်ရေးတာဝန်ခံ၊ ကျွန်တော်တို့အားလုံး ဖွဲ့စည်း ထားတာ သူက တားထားတဲ့လူမဟုတ်ရင် ခင်ဗျားထွက်ခဲ့ဗျာ"

"မဟုတ်ဘူးဗျ။ ကျွန်တော်တို့တစ်တပ်လုံးက ဂျပန်ကို ဆန့်ကျင်ဖို့စိတ်ဓာတ် အပြည့်ကိုရှိနေတာ၊ ဒါဟာ အနည်းအကျဉ်း စိတ်ဓာတ်မဟုတ်ဘူး၊ အလုံးအခဲ လိုက်ကြီး စိတ်ဓာတ်က အရမ်းအားကောင်းနေတာ"လို့ ကျွန်တော်က ရှင်းပြတယ်။ ဒါပေမယ့် သူကလည်း အမိန့်မပေးနိုင်ဘူးဆိုတာနဲ့ ကျွန်တော်လည်း စိတ်ပျက်ပျက်နဲ့





ပြန်လာခဲ့တယ်"

ထိုအခါ သူလည်း မည်သို့လုပ်ရမည်မသိ။ ပါတီကလည်း ခွင့်မပေးဘူး။ ဗိုလ်ကြီးခင်ညိုကလည်း ခွင့်မပေးပါ၊ သူမှာ နားထောင်နေရတဲ့ အနေအထား၊

ထိုအတောအတွင်းမှာပင် ည လေကြောင်းရန် အချက်ပေးဥသြဆွဲတော့ နေရာယူကြသည်၊ ထိုနေရာတွင် လှေ့များ စီစဉ်ထားသည်၊ ထိုလှေ့များသည် သူတို့ စီစဉ်ထားသော လှေ့များပင်ဖြစ်ကြသည်။ သူက ဂန်းပစ် (မြေကတုတ်)ပေါ်ကရပ်ပြီး

"ဟော့ကောင်တွေ ဥသြဆွဲသံမကြားကြဘူးလား"ဆိုပြီး သူက သေနတ် မောင်းတွေဘာတွေ ထိုးတယ်၊ ဆဲဆိုပြီးပြောသည်။ ဒါတွေက ဟန်ဆောင်ပြီး လုပ်ရခြင်းဖြစ်သည်၊ ရဲဘော်တွေလည်းသိသည်၊ ရဲဘော်နှင့်လှေ့သမားတွေ စကား ပြောနေတာ သူက ဂန်းပစ် (မြေကတုတ်) ကြားက နေရသဖြင့် သိရသည်။ သူတို့ ပြောနေသည်က "အခြေအနေက မကောင်းဘူး။ ဒီနေ့တော့ မသွားဖြစ် ဘူး"ဆိုသည့် အသံများ ကြားနေသည်၊

ထိုသို့နေရင်း လေကြောင်းရန် အေးသွားပြီဆိုသည့် အချက်ပေးဥသြဆွဲ သည်။

ပထမကလည်း တစ်ညလုံး တားရဆီးရနှင့် မအိပ်ရပါ။ သူလည်း ဘာလုပ် ရမှန်းမသိဘူး၊ သူကိုယ်တိုင်မထွက်သေးဘူးဆိုသည့် ဆုံးဖြတ်ချက်ရှိသဖြင့် သူ့ကို လည်း ရဲဘော်တွေက သူ့စကားကို လေးနက်မှုမရှိဘူး။ အိပ်ရာထဲ ရောက်တယ်ဆို လျှင်ပဲ လုံ့အိပ်လိုက်သည်ဆိုသည်နှင့် တစ်ခါတည်းအိပ်ပျော်သွားသည်၊ ထိုညမှာပင် တပ်စိတ်နှစ်စိတ်လောက်ရှိမည်ထင်သည်၊ သူတို့တပ်မှ ထွက်သွားကြသည်၊ နောက် နေ့ မနက်မှ ဗိုလ်ကြီးကိုကြီး (ဗိုလ်ကိုကြီးဆိုသည်မှာ စက်မှု ၂ အထွေထွေဌာနတွင် ဦးဆောင်ညွှန်ကြားရေးမှူး၊ အခုတော့ပင်စင်ယူသွားပြီဖြစ်သည်)၊ ထိုတပ်စုတစ်ခု နှင့်လိုက်ပြီး ရဲဘော်များကို ပြန်ခေါ်သည်၊ ထိုသူများက မလာသဖြင့် သူတို့လည်း ပြန်ခဲ့ရတယ်၊ သူတို့အချင်းချင်းလည်း ပစ်ခတ်လို့ဖြစ်တာမဟုတ်တော့ မတွေ့ဘူး"ဆို ပြန်ပြောကြတယ်၊

"အဲဒီကိစ္စနဲ့ ပတ်သတ်ပြီး ဂျပန်တပ်ခွဲမှူးက အားလုံးခေါ်ပြီးတော့ သတိ ပေးတယ်"သူတို့ ဂျပန်တပ်မတော်က ဘယ်လိုအင်အားကြီးတယ်၊ နေရာတိုင်းမှာ ရှိတယ်။ သူတို့ကို ဒီလိုလုပ်၍ မရပါ။ အခု တချို့ရဲဘော်များ သေနတ်ယူပြီးတော့ အပြင်ဘက်ထွက်သွားတယ်၊ ဓားပြတိုက်တယ်၊ ဘာလုပ်တယ်၊ ညာလုပ်တယ်။ ဒါကြောင့် မင်းတို့လည်း စည်းကမ်းနဲ့နေပါဆိုပြီး ခြိမ်းခြောက်သွားသည်၊


www.burmeseclassic.com

www.burmeseclassic.com



သူက ဦးကျော်ငြိမ်းဆီသွားပြောတယ်။ ခင်ဗျား အမိန့်ပေးရင် ကျွန်တော် ထွက်မယ်ဆိုပြီး ပြောခဲ့တဲ့နောက်ပိုင်းမှာတော့ ဂျပန်က တပ်နဲ့လာဝိုင်းတော့သည်။ ဂျပန်တပ်က အမြောက်ကြီးတပ်ကို တို့တပ်အဝကြီးမှာ လာချထားတယ်။ (အခု ကမ်းနားလမ်း) ဂျပန်တစ်တပ်ကတော့ (အခုသစ်တောရုံးတို့၊ ပုလဲနှင့်ငါး)နေရာ တစ်ဝိုက်မှာ ချထားတယ်။ ပြီးမှ ဂျပန်များတပ်ထဲဝင်လာကြသည်။ တပ်မှူးတွေ အကြံပေးအရာရှိတွေကို သူတို့ကို လက်နက်တွေ အကုန်သိမ်းလိုက်ပါဟု အမိန့်ပေး သည်။ အကုန်လုံးသိမ်းပြီးသည့် လက်နက်တွေက သူ့အခန်းထဲလာပုံထားသည်။ လက်နက်တွေ ရောက်လာတော့ ဂျပန်အကြံပေးအရာရှိက သေနတ်များကို လိုက်စစ် ဆေးသည်။ သေနတ်တွေမှာ ယမ်းတောင့်ထိုးပြီးသား အသင့်ဖြစ်နေသည်။ဘရင်းဂန်း ထဲမှာ အကုန်အဆင့်သင့် ယမ်းတောင့်ခါးပတ်အလိုက် သီထားသည်။ အဆင်သင့် ဖြစ်နေတာတွေ့တော့

"ခင်ဗျား ဘာလို့လုပ်ထားတာလဲ"ဟု သူ့ကိုမေးသည်။

သူကလည်း ရုတ်တရက် အကြံရသည်။

"လေယာဉ်ပျံ ပျံလာလျှင် ချက်ချင်းပစ်နိုင်အောင်လို့ပါ"ဟု အေးအေး ဆေးဆေးပဲ ဖြေလိုက်တယ်။ သို့ဖြင့် ဂျပန်က တပ်ခွဲမှူးရုံးကို ခေါ်သည်။ အဲဒီတုန်းမှာ တပ်ရင်းရုံးမှာ တပ်ခွဲမှူး ဗိုလ်တင်အုန်း၊ ဗိုလ်ကိုကြီး၊ ဗိုလ်မောင်မောင်ခတို့အပြင် ကျောင်းဆင်းဗိုလ်တွေ အတော်များများလည်း ရှိနေသည်။ ကိုလှမျိုး "ဘယ်သွားလဲ" ဟုမေးသည်။ "အမေက နေမကောင်းလို့ ခွင့်ယူသွားတယ်"။ နောက်တစ်ယောက်ကို မေးပြန်တော့ "မန္တလေးကို ဆက်သား လွှတ်လိုက်တယ်၊" ဘယ်သူက ဆေးရုံတက် နေတယ်။ အဲဒီ (၁၀)ယောက်က ရေနံချောင်းကို လေယာဉ်ပျံပစ် အမြောက်ကြီး တပ်ကို အင်အားဖြည့်တင်းဖို့လိုတာနဲ့ တပ်ပြောင်းပေးလိုက်သည်။"

ဤသို့ ဖြစ်ပျက်နေသည့်အချိန်တွင် ဂျပန်အကြံပေးအရာရှိက တပ်မှာ မရှိပေ။ တစ်ခါတစ်ခါမှ လာခြင်းဖြစ်သည်။ အမြဲတမ်း မနေဘူး၊ တပ်မှာ တပ်က ဂျပန်တွေပဲရှိသည်။ သို့သော် သူတို့က သူတို့ဘာလုပ်တယ်ဆိုသည်ကို မသိပါ။

သူတို့အခန်းနဲ့ ဂျပန်တပ်ခွဲမှူးအိပ်တဲ့ အခန်းသိပ်မကွာဘူး။

ဂျပန်က "လိမ်ပြောတယ်"ဟု လုပ်တော့သည်၊ ကျွန်တော် ဘာလို့ လိမ်ပြောရမလဲ။ ကျွန်တော့်မှာ လိမ်ပြောဖို့ဘာမှမရှိဘူး။ ဒီတပ်ထဲမှာ ကျွန်တော် ဘယ်လို ဆောင်ရွက်တယ်ဆိုတာ ဂျပန်တပ်ခွဲမှူးတွေ၊ တပ်ကြပ်တွေမေးပါ။ ဂျပန် မစွတာတွေ ဘယ်လိုသိလဲဆိုရင် ကျွန်တော်အပြစ်ရှိတဲ့သူဆိုရင် တုတ်နဲ့ရိုက်တယ်။





ဒီတော့ ဂျပန်တွေက တုတ်နဲ့ရိုက်တာ မကောင်းဘူးရှိတယ်ကား၊ ရှိတယ်ကားဆိုတာ က ဂျပန်တွေက မစွတာကိုခေါ်ရင် "ကား"လို့ ထည့်ထည့်ပြောသည်၊ ရှိတယ်ကား ဆိုတာ ရှိတယ်လို့ ပြောခြင်းဖြစ်တယ်၊ တိရိစ္ဆာန်ရိုက်တာ တုတ်နဲ့ရိုက်၊ လူကိုတော့ ပါးရိုက်ရမယ်ဆိုလို့ ကျွန်တော်ပါးရိုက်စရာရှိလဲ ရိုက်လိုက်တာပဲ၊ ဂျပန်တို့က ဒါ မြင်တယ်။တပ်စည်းကမ်းပုံသွင်းထားတဲ့၊ ကျွန်တော်ကပဲ ပုံသွင်းတာလို့ သူတို့က သိနေတယ်" အဲဒီလိုပြောတော့ ဂျပန်တပ်ခွဲမှူးတွေက ကျွန်တော့်ကို ထောက်ခံကြ သည်။

အဲဒီတော့မှ "ခေါင်းအေးအေးထားပါ၊ ကိစ္စမရှိပါဘူး။ ဒါပေမယ့် သေနတ် တွေတော့ပေးမထားနဲ့၊ တာဝန်ကျတဲ့ လူကိုပဲ ထုတ်ပေးပြီးရင် ပြန်သိမ်း၊ အေးအေး ဆေးဆေးသာနေပါ၊" ဆိုပြီး ကော်ဖီတွေ၊ မုန့်တွေ၊ စီးကရက်တွေ ချပေးသည်၊ ပြီးတော့ သူကိုပြန်လွှတ်လိုက်သည်၊

**လေယာဉ်ပစ်အမြောက်ကြီးတပ်မှ ထွက်လာခြင်း**

ဂျပန်အကြံပေး အရာရှိဆိုတဲ့ မြန်မာစကားတော့ ကောင်းကောင်းတတ် သည်၊ သူက ဂျပန်အရာရှိအခန်းက ထွက်လာပြီး ဗိုလ်တင်အုန်းဆီ တောက်လျှောက် သွားသည်။ "ကျွန်တော်တော့ ထွက်မှဖြစ်မယ်၊" ဗိုလ်တင်အုန်းကလည်း ဘာမှ ပြန်မပြောနိုင်ဘူး၊ "ကျွန်တော်တော့ အဖမ်းမခံနိုင်ဘူး။ ကျွန်တော်တော့ ထွက်မှာပဲ၊ အခုပဲသွားမယ်ဗျာ" ဆိုပြီး တပ်ခွဲမှူး ဗိုလ်တင်အုန်းကို နှုတ်ဆက်ပြီး တပ်ကထွက်လာ ခဲ့သည်။

သူ့အနေနဲ့ အဆက်အသွယ်တွေအားလုံးကို သူသိနေတယ်၊ ဦးကျော်ငြိမ်း တို့၊ အာအီးတီတို့ရုံးနဲ့လည်း ကပ်လျက်ရှိနေသည်၊ ထို့ပြင် ရစီးဖား (အသံဖမ်းစက်) လား၊ စစ်သတင်းတွေကိုဖမ်းပြီး ဖြန့်ပေးနေသည်။ ဒါလည်း သူသိသည်။ နောက်ပြီး တော့ သူတို့စစ်ရဲတပ်ရင်းက ဗားကရာ (၁၃၈)မှာ သူတို့ရဲဘော်တွေ ရှိနေတာလည်း သူသိသည်၊ ဗိုလ်သန်းရွှေအိမ်လည်းသူသိသည်၊ အစည်းအဝေး လုပ်စရာရှိလျှင် ထိုအိမ်မှာပင်လုပ်သည်။ နောက်ဝင်ဒါမီယာမှာလုပ်သည်၊ ကွင်းဆက်တွေအားလုံးကို သူသိနေသည်၊ ဒီတော့ သူဆက်နေလို့ လုံးဝမဖြစ်ဘူး။

တဖက်က ဂျပန်ညှင်းလို့ သူမခံနိုင်လို့ ဖော်ရင်းအားလုံး ဒုက္ခရောက်ကုန် နိုင်သည်၊ ထို့ကြောင့် သူက အဖမ်းမခံနိုင်ပါ။ "ထွက်ပြေးမှာပဲ"ဆိုပြီး ထွက်ခဲ့သည်၊ သူ့မှာ ခြောက်လုံးပြူး တစ်လက်ရှိသည်၊ ထိုခြောက်လုံးပြူးကို ပေါင်မှာ ကပ်ချည်ပြီး



www.burmeseclassic.com

www.burmeseclassic.com

အပေါ်က အောင်းဘီကိုဝတ်သည်၊ ဗိုလ်ကြီးခင်ညို ပေးထားသော ပိုက်ဆံတွေလည်း ယူဖို့သတိမရလိုက်ပါ။ အိတ်နှင့်ထည့်ထားကာ ဒီအတိုင်းပင် သူတို့ တပ်အဝရောက်တော့မှ သူသတိရသည်။

"ကိုမြတ်သာ (ခုအမှတ် (၆) တပ်ရင်း (ကပစ)မှာ ဗိုလ်ကြီးပါ)ကို သူကျန်ခဲ့တဲ့ ငွေထုပ်ကို ညနေ သူ့ဆီကို လာပို့ပါ"ဆိုပြီး သူက မှာခဲ့သည်။

သူ တပ်ကထွက်လာတော့ ဗိုလ်တင်အုန်းကလည်း ဘာရယ်လို့မပြောဘဲ "သူကလည်း အပြင်သွားအုံးမယ်ဗျာ"ဆိုပြီး လိုက်လိုက်လာသည်။ သူတို့နှစ်ယောက်ထွက်လာတော့ ဂျပန်နှစ်ယောက်က စက်ဘီးတစ်ယောက်တစ်စီးနဲ့ သူတို့နောက်ကလိုက်လာသည်။ ဆင်မင်းကွက်သစ်ထိပ်လည်းရောက်ရော ကာကာလက်ဖက်ရည်ဆိုင်ရှိသည်၊ (အခုလဲ အဲဒီက အဆောက်အဦးက ရှိနေသေးတယ်။ လက်ဖက်ရည်ဆိုင်ကတော့မရှိတော့ဘူး။ ကာကာလက်ဖက်ရည်ဆိုင်ဆိုတာက ကာကာလူတွေရောင်းသည့် လက်ဖက်ရည်ဆိုင်ပါ။ အဆောက်အဦးက အရင်အတိုင်းပဲ ဘာမှမပြင်ရသေးဘူး) အဲဒီကာကာဆိုင် လွန်ပြီးတဲ့နောက် သူက "ငါဒီအတိုင်းသာ သွားနေရင်တော့ မဖြစ်တော့ဘူး" ဗိုလ်တင်အုန်းကလည်း ပါနေသည်။ "မြန်းခနဲ ဥာဏ်ရလိုက်တာ ဗိုလ်တင်အုန်းကို ဆေးလိပ်ဝယ်အုန်းမယ်ဗျ"ဆိုပြီး နောက်ကြောင်းပြန်ခါ သူတစ်ယောက်ထဲ လက်ဖက်ရည်ဆိုင်ထဲကို ဝင်လိုက်သည်။ တင်အုန်းက ဆက်သွားသည်၊ ဂျပန်နှစ်ယောက်က သူ့နောက်လိုက်သွားသည်။

ဒီတုန်းက ဗိုလ်တင်အုန်းက တပ်ခွဲမှူးသုံးလိုင်းကြယ်နှစ်ပွင့်ဆိုတော့ သူဟာ ဂျပန်အတွက် အရေးကြီးတဲ့ ပုဂ္ဂိုလ်ပါ၊ သူက လက်ဖက်ရည်ဆိုင်ထဲဝင်လိုက်တော့ ဂျပန်က သူ့ကို အရေးတကြီး ပုဂ္ဂိုလ်မဟုတ်ဘူးလို့ ယူဆပြီး မလိုက်တော့ပါ၊ သူတို့တော်တော်လေးလည်း ရောက်ရောသူက လက်ဖက်ရည်ဆိုင်ကနေ (ယခုတပ်မတော်ဆေးရုံလုပ်ထားတယ်) တောက်လျှောက်လစ်သွားသည်၊ ဆေးရုံထဲရောက်တယ်ဆိုတော့ ရဲဘော်တွေနဲ့ ရောလိုက်သည်။ အဲဒီကနေ ရထားလမ်းကို ကျော်ချလိုက်သည်၊ သူက သူ့အပေါ်က စစ်အကျီအစိမ်းကိုချွတ်သည်၊ အဲဒီတုန်းက အရာခံဗိုလ်တွေ၊ အထက်အရာရှိလူတွေမှာ အပြင်စစ်အကျီအောက်မှ ရှပ်အကျီဝတ်လေ့ရှိသည်။ ဒါကြောင့် ရှပ်အကျီအထူးရှာစရာမလိုတော့ပါ၊ ဦးထုပ်မှ ခေါင်းတံဆိပ်ကိုဖြုတ်၊ စစ်အကျီအစိမ်းနဲ့ရောထွေးပြီး ရထားလမ်းကို ကျော်ချလိုက်သည်၊ ကြယ်ငါးပွင့်တန်းတက်တဲ့ စစ်ဘက်ကမဟုတ်တဲ့ ဂျပန်အရာရှိကြီးတွေ အကြံပေး အရာရှိတွေနေသည်၊ အဆောက်အဦးတွေရှိသည်။ အိမ်ဝင်းအကျယ်ကြီးပဲ၊ သူ သွားတဲ့အချိန်





တိတ်လို့ဆိတ်လို့ပါဘဲ၊ ဒီဝင်းထဲက ဖြတ်သွားလိုက်တာ ဘယ်သူမှလည်း ဘာမှမမေးဘူး။

မြေနီကုန်း ရှမ်းလမ်းထဲရောက်တော့ ဆိုက်ကားခေါ်ပြီး တောက်လျှောက်စမ်းချောင်းကို လစ်တော့တာဘဲ၊ စမ်းချောင်းရောက်တော့ ကြံခင်းလမ်းအမှတ် (၂၀) အိမ်ကို ရောက်သည်။ သူကလေးအရွယ်တုန်းက အတူနေခဲ့သည့် မမတင်အိမ်ဖြစ်သည်။ သူ အင်္ဂလိပ်ကျောင်းမနေခင်က သူ့အစ်ကိုရဲ့ သူငယ်ချင်းတွေ ဖြစ်သည်။

"အစ်မကြီး သူတော့ တပ်ကထွက်လာပြီ၊ မထွက်ရင်မဖြစ်တော့လို့ ဒီတော့ ကျွန်တော့်ကို ဝတ်ဖို့အဝတ်အစားလေးဘာလေးပေးပါ"ဆိုပြီး တောင်းသည်။ ဦးလေးမြို့ရဲ့ လုံချည်ထုတ်ပေးသည်၊ ဦးလေးမြို့ကတော့ ဆုံးသွားပါပြီ။ သူ့အောင်းဘီနှင့်စစ်ဝတ်တွေကို မမတင်က မြေကြီးတူးပြီး မြှုပ်ပစ်လိုက်သည်၊

အဲဒီညနေရောက်မှ ကိုမြတ်သာလာပြီး မှာထားသော ငွေအိတ်လာပို့သည်။ ထို့နောက် ကိုညွန့်မောင်တို့ ဦးကျော်ငြိမ်းတို့ဆီသွားရန် ကိုမြတ်သာကို သူညွှန်လိုက်သည်။ သူညွှန်လိုက်သဖြင့် ရဲဘော်လေးငါးယောက် သွားကြသည်ကို သိရသည်။ သူတို့လည်း အမှန် သူတို့တပ်က လစ်တာဖြစ်သည်။ ထိုမှာတင် ဦးကျော်ငြိမ်း (အာအီးတီ)တို့က သူတို့ သက်ဆိုင်ရာစခန်းတွေကို ပို့ပေးသည်၊ ရန်ကုန်ထဲမှာ သူထင်သည်၊ အမြောက်ကြီးတပ်က ရဲဘော် (၃၀) (၄၀) နီးပါးလောက်ရှိသည်၊

ထိုစဉ်တုန်းက စတုတ္ထကျောင်းဆင်းသည့်အချိန် ဗိုလ်လောင်းကျောင်းသားတွေသူတို့တပ်မှာ တာဝန်ကျသည်။ သူတို့က ဦးကျော်ငြိမ်း (အာအီးတီ)တို့က နိုင်ငံရေးဆွေးနွေးသည်၊ ဦးကျော်ငြိမ်းနှင့် သူနှင့်တွေ့သောအခါ "ခင်ဗျားတို့လူတွေကလဲဗျာ၊ ဒီမှာမနေချင်ဘူး ပြောနေတယ်၊ ဒါကြောင့် ပြန်ပို့လိုက်ရတယ်။ ဘာမှ နားမလည်ဘူး" ဦးကျော်ငြိမ်း (အာအီးတီ) ကပြောသည်၊

သူ့စီစဉ်ချက်အရ ကန်တော်လေးက အာရှလူငယ်အစည်းအရုံးက ကိုစိန်လှိုင်ခေါ်လားတော့မသိဘူး။ နာမည်တွေ ကောင်းကောင်းမမှတ်မိတော့ဘူး၊ သူ့ကိုလာခေါ်တော့ သူ ကန်တော်ကလေး ရောက်သွားသည်၊

ကန်တော်ကလေးရောက်တော့ ညအိပ်သည်၊ နောက်တစ်ရက် သူတို့ကျောက်မြောင်း၊ ဩဘာလမ်း သခင်အေးမောင်အိမ်ရောက်သည်၊ နောက် အင်းဝလမ်းက ပုံနှိပ်တိုက်တစ်ခုတွင် တစ်ယောက်၊ နောက်တစ်ယောက်ကတော့ ကိုအုန်းကြည်ဖြစ်သည်၊ ရဲဘော်အုန်းကြည်၊ နောက်တစ်ယောက်က နာမည်ပင် မေ့နေပြီဖြစ်သည်၊ (ပီကင်းမြန်)ကိုဘဖြူတို့ကတော့ မြန်စီပါယ်ရုံဘက်မှာ အဲဒီ (၅)ယောက်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်၊ တစ်ချို့ကတော့ ဟိုတစ်ယောက် ဒီတစ်ယောက်ပဲဖြစ်သည်၊ ပို့ထားသည့် ရဲဘော်များ ဘယ်မှာနေကြမှန်းပင် မသိတော့ပါ၊ ကိုဘဖြူနှင့်သူက အလုပ်ရုံမှာဆုံပြီး နိုင်ငံရေးစာပေများကို လေ့လာကြသည်၊ တစ်ယောက်က ဆပ်ပြာလုပ်ရင်း၊ ဂျပန်လာ တယ်ဆိုလျှင် အလုပ်လုပ်တဲ့သဘော၊ ထိုသို့ ဟန်ဆောင်လုပ်ကြ သည်။

နောက်ဆုံး ရန်ကုန်မှာနေလို့မဖြစ်တော့ပေ၊ သူတို့ကို သိမ်ချောင်းကို ပို့သည်၊ ထိုမှတစ်ဆင့် ဇမ်းရိုပ်ချောင်း သူအမှတ်ရနေသေးသည်။ ဦးဘဆွေကို ထိုနေရာတွင် ပထမဆုံးအကြိမ် မြင်ဖူးခြင်းဖြစ်သည်၊ သူသိမ်ကျောင်းရောက်တော့ "ကျန်သည့်ရဲဘော်များလည်း ဟိုရောက်သည်ရောက် ဖြစ်ကုန်ကြသည်။ ထိုမှ တစ်ဆင့် ကြည်းစုကို သတင်းပို့သည်။ ထိုနေရာတွင် မော်လမြိုင်ဗိုလ်စိန်တင်ကြီး နောက်ဗိုလ်ထင်ကျော်၊ မန္တလေး ဗိုလ်ကျော်သိန်း၊ သူတို့ကို အဲဒီမှာ စတွေ့သည်၊ တစ်ခါတစ်လေ တာဝန်ပေးသည်၊ "ကင်းလှည့်လာတာပါဆိုပြီး သေနတ်ထုတ်ပေး သည်၊ ကင်းလှည့်သည်၊ ပြီး သေနတ်ကို သူတို့ဆီမှာထားခဲ့ရသည်"။ နောက်ပိုင်းမှာ ရန်ကုန်ကိုသိမ်းဖို့ဆိုပြီး တပ်တွေဖွဲ့သည်၊ ထိုအခါကျမှ ရဲဘော်တွေ အလျှိုလျှို ဟိုက ထွက် ဒီကထွက်နှင့် လူ (၂၀၀) ကျော်လောက်ရှိမည်၊ ထိုနေရာတွင် သူက တပ်စုမှူး ဖြစ်သည်၊

## ရန်ကုန်ကို သိမ်းခြင်း

သူတို့ ရန်ကုန်ကို (၁၉၄၅) ခုနှစ်၊ မေလ (၁) ရက်နေ့တွင် ပြန်ဝင်ကြသည်၊ အခု ရွှေတိဂုံဘုရားကို ရောက်သည်။ ထိုနေရာတွင် နေရသည်၊ ရန်ကုန်မှာ အမြောက်ကြီးတပ်ကရဲဘော်များ အဖမ်းခံလိုက်ရသည့်အတွက် ထိုအချိန် အင်းစိန် တောင်က သူတို့လွတ်လာကြသည်။ သူကလည်း သူတို့တပ်က ရဲဘော်များကို သံယောဇဉ်သိပ်ကြီးသဖြင့် တောင်ကထွက်လာသည်ဆိုရင်ပဲ တပ်ရင်းမှူးဆီခေါ် သွားသည်၊ ဗိုလ်ကြီးခင်ညိုက ဘိုးဘွားရိပ်သာနဲ့ မျက်နှာချင်းဆိုင် ညာဘက်ကိုတက် သွားရင်း ကုက္ကိုင်းလမ်းမှာ မြို့စောင့်တပ်မှူး အဖြစ်နှင့်ရှိနေသည်၊ သူတို့ရဲဘော်များ အားလုံး သူတို့ဆီသွားကြသည်၊

ထိုအချိန်က အင်္ဂလိပ်ပြန်ဝင်ပြီး နည်းနည်း ရှုတ်ရှုတ်ထွေးထွေး ဖြစ်နေ သည့်အချိန်ပါ၊ သူတို့ အမြောက်တပ်ကရဲဘော်တွေ တပ်ထဲတုန်းကလည်း စိတ်ဓာတ် အပြည့်အဝရှိသည်။ ထိုစဉ်က တပ်များကို ရန်ကုန်ထဲမှာရှိသော စခန်းတွေမှာ နေရာ ယူထားခဲ့ကြသည်။ သူက ပါမသွားပါ၊ သူက ဒီရဲဘော်တွေကို ပြန်ပြီး သိမ်းသွင်းဖို့





တောက်လျှောက်လိုက်သွားရသည်။ ဗိုလ်ကြီးခင်ညိုဆီရောက်သည်။ ဗိုလ်ကြီးခင်ညို ဆီမှာ သူတို့နေကြရသည်။ ထိုအချိန်မှာပဲ အင်္ဂလိပ်တွေဝင်လာသည်၊

ပြဿနာက ဤမှာပင်စသည်၊ အဘယ်ကြောင့်ဆိုသော် တပ်တွေစုလိုက် လျှင် လူချင်းမှားမှာ စိုးရသည်၊ ဂျပန်ယူနီဖောင်းတွေ ရှိသည့်လူလည်း ရှိသေးသည်၊ ယူနီဖောင်းမျိုးစုံဖြစ်သည်၊ ဗိုလ်ကြီးခင်ညိုဆီ သတင်းလာပို့သည်၊ သူကတော့ ဘယ်သူဘယ်ဝါလို့တော့ မသိတော့ပါ။ အဲဒီတုန်းက ဗိုလ်ကြီးခင်ညိုကတော့ ဘာမှ မပြောပါ။ ပြောဖို့အချိန်လည်း မရပါ၊ ဒါပေမယ့် ရန်ကုန်မှာ အလိုအလျောက် သူက ခေါင်းဆောင်တဲ့ နေရာရောက် နေသည်။ ကျန်တပ်သားတွေ ရောက်လာရော ဘယ်သူတွေ ဘယ်မှာရှိတယ်ဆိုတာ တော့မသိဘူး၊ ဗိုလ်သူရိန်တပ်ကတော့ အင်းစိန် ဘက်ကဝင်သည်၊ သူကတော့ ကုက္ကိုင်းမြို့စောင့်တပ်ရှိတဲ့ နေရာကိုသွားသည်၊ သူကတော့ အဲဒီမှာပဲ ဗိုလ်မောင် မောင်ခတို့ကတော့ ဂါတ်တဲထဲမှာ နေရာယူရသည်၊

"ရန်ကုန်မြို့ကို သိမ်းထားလိုက်သည်။ အင်္ဂလိပ်လည်း ဝင်လာတော့ ဗိုလ် တွေ အဖမ်းမခံရဘူး။ သူတို့ရဲဘော်တွေကို ဖမ်းပြီးတော့ ထောင်ထဲထည့်ထားသည်။ ဒါပေမယ့် အဲဒီတုန်းက သူသိတာက မီးသတ်ရဲဘော်တွေရော ပေါင်းပေးထားပြီး တချို့ရဲဘော်တွေလည်း ရသေ့ရွှေ့စုထားသည် ထင်ပါသည်။ အဲဒါကို မြို့စောင့်တပ် အနေနှင့် ဖွဲ့ခိုင်းလိုက်သည်။ အမြောက်တပ်က ရဲဘော်တွေလည်း ထောင်ကလွတ် လာတော့ သူတို့ကို သိမ်းသွင်းဖို့ဆိုပြီး လိုက်သွားသည်၊ လိုက်သွားရင်းနဲ့ ဗိုလ်ကြီး ခင်မောင်ညိုဆီမှာပဲ ကြာနေသည်၊

အဲဒီမှာပဲ သောင်တင်နေသည်၊ သူတို့ တပ်တွေက ဂတ်တွေသိမ်းထား သည်၊ အခုမဂိုလမ်း ဂတ်တဲဒီမှာလည်းရှိသည်၊ ကြည့်မြင်တိုင် ဂတ်မှာလဲရှိသည်၊ ကြည့်မြင်တိုင်ကတော့ ဂျပန်နဲ့တိုက်ပွဲအနည်းအကျဉ်းဖြစ်လိုက်သေးသည်၊ အဲဒီ ကနေ ဘယ်လိုဖြစ်လဲဆိုတော့ တပ်တွေကိုဆုတ်ခိုင်းသည်၊ အင်္ဂလိပ်တွေဝင်လာ သည်၊ တချို့ လက်နက်တောင်အသိမ်းခံရသည်၊ သူကြားတာက ဗိုလ်ကြီးခင်ညိုတို့ နှင့် ဦးကျော်ငြိမ်း (အာအီးတီ)တို့ ပြဿနာဖြေရှင်းဖို့ဆိုပြီး ကားနဲ့သွားကြသည်၊ အင်္ဂလိပ်တွေက ဆီးပြီးတော့ ခြောက်လုံးပြူးပါ အကုန်ဖြုတ်သိမ်းလိုက်သည်၊

သူတို့ကိုတော့ မဖမ်းဘူး၊ ဗိုလ်ကြီးခင်ညိုက တပ်ကို ပြန်လာသည်၊

## လက်နက်တွေအပ်ရခြင်း

ကိုင်း လက်နက်ချရမှာတဲ့၊ နောက်မှသာ ပြဿနာကြည့်ရှင်းရမှာပဲ၊ နို့မို့



www.burmeseclassic.com

www.burmeseclassic.com

ရင်တော့ အချင်းအချင်းပြဿနာတက်တုန်မည်။ အဲဒီမှာ သူ သတင်းကြားသည်၊ ဗိုလ်ထွန်းတင်တို့ကတော့ ထန်းတပင်ဘက် ဆုတ်သွားပြီတဲ့။ တစ်ချို့တပ်တွေ အပြင်ဘက်ကို ဖောက်ထွက်သွားကြပြီတဲ့၊ သူတို့သာ အဲဒီမှာ သောင်တင်နေသည်။ လက်နက်ချရမည်။ လက်နက်တွေအပ်ရမည် ဘယ်လိုလုပ်မလဲ၊ အင်္ဂလိပ်နယ်ချဲ့တပ်တွေနဲ့က မဟာမိတ်ပဲ။ ရဲဘော်တွေက လက်နက်မပေးချင်ဘူး၊ မပေးချင်လည်း ပြန်တိုက်လို့ကမဖြစ်။ ပေးတာပဲကောင်းမည်၊ နောင်ကျမှ ပြဿနာကြည့်ရှင်းမည်၊ တချို့ရဲဘော်တွေက အခုလျှောင်းတော်မှ ဘုရားကြီးနားဆက်နေသည်၊ သရက်ပင်ကြီးကြီးတွေရှိသည်။ တချို့ သူတို့လိုချင်တဲ့ ရိုင်ဖယ်တွေ အဲဒီမှာ သွားတက်ချည်တဲ့လူကချည်၊ ရေတွင်းထဲချတဲ့ ရဲဘော်တွေကချ။ နောက်မကျပါ။ သူတို့လက်နက်တွေ ကူရှင်ကျောင်းမှာ၊ ဒါပေမယ့် အရာရှိတွေမှန်သမျှ ဗိုလ်ခင်ညိုတို့ အကုန်လုံး အဲဒီမှာ သွားနေကြရသည်။ ကူရှင်ကျောင်းထဲမှာ ကွန်တော်ခေါင်းဆောင်ပြီးတော့ ကျန်တဲ့တပ်ကို ခေါ်သွားသည်၊ အဲဒီမှာ လူ (၁၂၅-၁၃၀)သာသာလောက် ရှိမည်ထင်သည်၊

၁၉၄၅-ခု၊ မေလ (၁)နေ့၌ ရန်ကုန်ထဲ အင်္ဂလိပ်တပ်တွေ ဝင်လာသည်။ မေလ (၄-၅)ရက်အတွင်းမှာ ကူရှင်ကျောင်း အနောက်ဘက်ရှိ ဗိုလ်တဲလို အဆောက်အဦးရှိသည်၊ ရဲဘော်များတန်းစီသွားပြီး သူတို့သေနတ်တွေကို သေနတ်ပုံထဲ ပစ်ထည့်လိုက်ရသည်။ ဗိုလ်ကြီးခင်ညိုက မတ်တပ်ရပ်ပြီးကြည့်နေသည်၊

ထို့နောက် ဗိုလ်ခင်ညိုထံ သူသွားသည်၊ "သူတို့ဘာလုပ်ရမလဲဗိုလ်ကြီး" လို့ သွားမေးသည်။

"တပ်စခန်းပြန်ပေါ့ကွာ"တဲ့ သူကရယ်ပြီးပြောသည်၊ သူတို့ လာတုန်းက သေနတ်တွေနဲ့ အပြန်တော့ ဘာမှမပါဘူး လက်ချည်းဆိုတော့"ကိုင်း ဒီလိုလုပ်ကြကွာ တပ်စခန်းကို လူစုခွဲပြီးတော့သာ ပြန်ကြတော့"လို့ ပြောသည်၊ သူတို့အားလုံး လောင်းဝပ်စ် စခန်းကို ပြန်သွားကြသည်၊ အဲဒီကျမှ တပ်ပြန်ဖွဲ့ရသည်၊

အဲဒီကိုရောက်လာတော့ လူဦးရေ (၃၀၀)ကျော်ရှိသွားသည်။ တပ်ရင်းမှူးက မော်လမြိုင် ဗိုလ်စိန်တင်၊ ကျန်တဲ့တပ်မှူးတွေကတော့ ဗိုလ်ကျော်ထင်၊ (နောင်ကာကွယ်ရေးဝန်ကြီးကနေ ပင်စင်ယူသွားသည့် ဗိုလ်ချုပ်ကြီးကျော်ထင်)၊ ဗိုလ်မြင့်ဟန်၊ ဗိုလ်တင်အုန်း၊ သူတို့ အဲဒီမှာ ထမင်းစားစရာ ပန်းကန်ပြားမရှိပါ၊ ရိက္ခာတော့ရှိသည်။ စားပွဲတွေပေါ် သတင်းစာခင်းပြီး ပဲဟင်းရည်ကျဲကျဲနဲ့ သတင်းစာပေါ်မှာ ထမင်းပုံပေးသည်။ ဖြစ်သလိုစားကြရသည်၊ နောက်ဝတ်စရာကလဲ အဝတ်အစားမပေးသေးပါ၊





ပထမဆုံး အင်္ဂလိပ်နယ်ချဲ့စစ်တပ် အမှုထမ်းရခြင်း၊

ဗိုလ်မှူးကြီးနေဝင်း ရောက်လာသည်။ ပြီးတော့ သူတို့ လူကြီးချင်း စကားပြောကြသည်။ သူက လက်နက်တွေပြန်ရသည်။ ဒါပေမယ့် လက်နက်တွေတော့ မကိုင်ရသေးဘူး၊ အကုန်လုံးကင်းတပ်ထဲမှာထားသည်၊ ကင်းစောင့်တဲ့လူတွေပဲ ကိုင်ရသည်။ တပ်ထွက်ရမည်ဆိုတော့ သူတို့ဝမ်းသာကြသည်၊

ယူနီဖောင်းပဲ ရမလား၊ မရလား၊ သူကမမှတ်မိဘူးတဲ့၊ မရသေးဘူးနဲ့တူတယ်တဲ့။ အဲဒီနေ့ ဗိုလ်မှူးကြီးနေဝင်းက စစ်မြေပြင်တပ်ထွက်ဖို့ မိန့်ခွန်းပေးဖို့ရှိတယ်။ နောက်ပိုင်း ဘယ်ကို ထွက်ရမယ်ဆိုတာတော့ မသိသေးဘူး။ သူတို့အမြောက်တပ် အတွက် ပေးထားတဲ့ မြင်း (၅) ကောင်ရှိသည်၊ အဲဒီမြင်းကို ထိန်းတဲ့တပ်စိပ်မှူးက (နာမည်မေ့သွားပြီ) "ကဲ . . . ရဲဘော်တွေ ငတ်နေတယ်။ အမဲသားဟင်းကျွေးမယ်"ဆိုပြီး နွားမတစ်ကောင်ဆွဲလိုက်သည်။ နွားကျောင်းတဲ့ ကုလားကြီးက တောင်းပန်သည်။ "နွားမလည်ဘူး"ဆိုပြီး အမဲသားပေါ်သည်။ ကုလားအဖိုးကြီးက မခံမရပ်နိုင် ဖြစ်ပြီးတော့ အင်္ဂလိပ်လက်အောက်ရှိ ကုလားတပ်ကို သွားတိုင်သည်။ ဟိန္ဒူကုလား တပ်က ကုလားစစ်သား လေးငါးခြောက်ယောက်" လိုက်လာသည်၊

ကုလားတပ်ကလိုက်လာတော့ ကင်းက လာသတင်းပို့သည်။ သူတို့တောင်ကင်းတဲကိုတော့ မဝင်ရဲပါ၊ တန်းလျားတွေထဲမှာ ဝင်နေသည်။ ဘယ်သူမှလည်း မရှိဘူးဆိုတာတွေ့တော့ လိုချင်တဲ့ပစ္စည်းယူ လစ်ကုန်သည်။ ကင်းတဲထဲ ဝင်လာရင်တော့ ချမှာပဲလို့ ရဲဘော်တွေ အသင့်လုပ်ထားသည်။ "ဟာ ပစ္စည်းတွေ ယူကုန်ပြီ" ဘာညာ သတင်းပို့တော့ တပ်ထဲမှာ ရုတ်ရုတ်ဖြစ်ကုန်သည်။ တပ်သားတွေက သွားချမည်လုပ်တယ်။ တပ်ရင်းမှူး ဗိုလ်စိန်တင်က -

"ရဲဘော်တို့ မသွားနဲ့၊ မသွားနဲ့၊ ယှူမျိုးရေးအစိကရုဏ်းဖြစ်ကုန်မယ်၊ ဘယ်သူမှ မသွားရဘူး"ဟု အတင်းတားသည်၊

ဤသို့တားတော့ ဘယ်သူမှ မသွား တော့ပါ၊ ဤသို့ဖြစ်ပျက်နေတဲ့အချိန်မှာ ဗိုလ်မှူးကြီးနေဝင်းတို့ရောက်လာသည်၊ အဖြစ်အပျက်ကို ဗိုလ်စိန်တင်က ဆီးပြီး သတင်းပို့သည်၊

ဗိုလ်မှူးကြီးနေဝင်းက ချက်ချင်းပြန်ထွက်သွားသည်၊ ဟိုအိုစီက မအူကုန်း လောင်းဝပ်စ် စခန်းမှာရှိသည်၊ သွားပြောတော့ အဲဒီက မျက်နှာဖြူအရာရှိ တစ်ယောက် ဂျစ်ကားနဲ့လိုက်လာသည်၊ ရောက်တော့ မျက်နှာဖြူ အရာရှိက အပေါ်ကို တောက်လျှောက်ပြေးတက်သွားသည်၊ လောင်းဝပ်စ် စခန်းကို မျက်နှာဖြူလည်း



www.burmeseclassic.com

www.burmeseclassic.com

လာရော ကုလားစစ်သားတွေလည်း အမြန်လစ်ကြတော့သည်။ မိန့်ခွန်းပြောဖို့လည်းပဲ မပြောဖြစ်တော့ပါ။

လက်နက်တွေကိုတော့ ပေးထားလို့မရတော့ဘူး။ နိုမို့ဆိုရင် ဒီ ကုလားစစ်သားတွေနဲ့ ပဋိပက္ခဖြစ်လိမ့်မယ်ဆိုပြီးတော့ သူတို့လက်နက်တွေ အကုန် ကားနဲ့လာတင်သွားပြန်သည်။ သူတို့ကို လက်နက်မဲ့နဲ့ ထန်းတပင်ကို မော်တော်ယာဉ်နဲ့ တင်ပို့ လိုက်သည်။ ထန်းတပင်ရောက်တော့ တုတ်တွေနဲ့ပဲ စစ်လေ့ကျင့်ခန်းနဲ့ ကျန်းမာရေးလေ့ကျင့်ခန်းတွေ လုပ်ကြသည်။

အဲဒီမှာ ဗိုလ်လွန်းတင်ရဲ့တပ်လည်း ရှိသည်။ သူတို့ကို မင်းလှစည်သူ တပ်ရင်းလို့ခေါ်သည်။ သူတို့ စစ်ပညာတွေ ဘာတွေလုပ်ရသည်။

ဆရာကြီးသခင်စိုးမိန်းမ ဒေါ်ခင်စီထောင် အဲဒီမှာရှိတယ်။ သူအိမ်သွားသွားလည်ကြလို့ သူ့ကိုမြင်ဖူးလိုက်သည်။ သူတို့တပ်မှာ မီးလောင်ထားတဲ့ အဆောက်အဦးမှာ စခန်းချနေရသည်။ ညဆို မီးခွက်ကြီးထွန်းပြီး နေရသည်။

"စစ်မြေပြင်ထွက်ရမည်"ဆိုပြီး သူတို့ကို ညောင်လေးပင်ပို့သည်။ ညောင်လေးပင်ရောက်တော့မှ ရာရှင်(ရိက္ခာ)တွေပေးသည်။ လက်နက်တွေ ထုတ်ပေးသည်။ လက်နက်သာထုတ်ပေးသည်။ ကျည်ဆန်မပါဘူး။ သေနတ်ချည်းပဲ။ အဲဒါ ရိုင်ဖယ် စတင်၊ ဘရင်း၊ မော်တာ အဲဒါတွေ ထုတ်ပေးသည်။ ဒီတိုင်းအလွတ်ပဲ။ ဒါတွေရပြီးပြီဆိုတော့မှ တစ်ခါ ပဲနွယ်ကုန်း ဆက်သွားရသည်။ ပဲနွယ်ကုန်းကျမှ တပ်ခွဲလိုက် ကျည်ဆံ သေတ္တာတွေ ထုတ်ပေးသည်။

စစ်တောင်းမြစ်ဟိုဘက်မှာ ရန်သူဂျပန်ဖက်ဆစ်တပ်တွေ ရှိနေသည်။ နှီးမပေါ်မှာလည်း ရန်သူတွေရှိနေသေးသည်။ သူတို့ ပဲနွယ်ကုန်းရောက်သွားသည်။ ပဲနွယ်ကုန်းမှာက တိုင်းရုံးရှိသည်။ ဗိုလ်မှူးမောင်မောင်က တိုင်းမှူးပဲ။ ဗိုလ်မှူးအောင်ကြီးတို့လည်း တိုင်းရုံးမှာရှိနေသည်။ အဲဒီကမှ သူတို့ကို စစ်တောင်းမြစ်ဘက်ကို ပို့သည်။ အဲဒီကျတော့ စစ်နယ်မြေဖြစ်သွားပြီ။ ဂျပန်ဖက်ဆစ်တပ်တွေက နှီးမကို ဖြတ်ကျော်ပြီး ယိုးဒယားဘက် ဦးတည်ချီတက်နေတဲ့ အချိန်ဖြစ်သည်။

ထိုအချိန်က ရန်ကုန်ပတ်ဝန်းကျင်သာ လွတ်မြောက်ပြီး တစ်ပြည်လုံးက အေးချမ်းသေးတာမဟုတ်ပါ။ ရခိုင်ကဆုတ်တဲ့ ဂျပန်တပ်တွေက တချို့ရိုးမပေါ်ရောက်ပြီး ရိုးမကနေ တစ်ခါ သံလွင်မြစ်ကို ဖြတ်ဆုတ်ဖို့လုပ်သည်။ ဟိုဘက်တမ်းမှာ သွားပြီးပိတ်ဆို့ရသည်။ ရန်ကုန် (၁၀၆)တပ်ရင်းနှင့် သွားလိုသည်။ သူတို့ရဲ့တပ်ခွဲမှူးက ဗိုလ်ကျော်ထင် (နောင်ဗိုလ်ချုပ်ကြီးကျော်ထင်)။ နောက်တပ်ရင်းမှူးကတော့





မော်လမြိုင်ဗိုလ်စိန်တင်၊ ဗိုလ်တင်အုန်းတို့က တပ်ခွဲ(၃)က တပ်ခွဲမှူး။ ဗိုလ်မောင်မောင်ခတို့လည်း အဲဒီမှာပါသည်။ လေယာဉ်ပျံပစ်အမြောက်ကြီးတပ်က တပ်သားတွေ အများစုပါသည်။ သူကတော့ ဗိုလ်ကျော်ထင်တပ်ထဲမှာ လိုက်ပါသည်။ ဗိုလ်ညိုအေးနဲ့ သွားတွဲရသည်။ ဗိုလ်ညိုအေးဆိုတာ သူက ပထမ သူတို့ အမြောက်ကြီးတပ် ခံစောကုတပ်စိပ်ကပါ။ သူက ပထမ တပ်စုမှူးပါ။ သူက (ဗိုလ်ညိုအေး)နဲ့ တွဲဖက်ပြီးတော့ တာဝန်ထမ်းဆောင်ရသည်။ ထို့နောက် ဗိုလ်မြင့်ဟန်၊ တပ်ခွဲ (၃) ဗိုလ်မြင့်ဟန်တပ်ခွဲတွင် အခု မေဝင်းမောင်ရဲ့အဖေ ဗိုလ်ဝင်းမောင်လည်းပါသည်။

ဤသို့ တပ်ရင်းမှာ ဆုံကြသည်။ တိုက်ပွဲတွေ မကြာခဏဖြစ်သည်။ "ဤသို့မြန်မာ့တပ်မတော် ချီတက်လာတယ်"ဆိုတော့ ဂျပန်ကြောင့် ရွာတွေစွန့်ပြီး ပြေးနေရာက ဝမ်းသာရသူတို့ပါ လိုက်လာကြသည်။ လူထုကတော့ တစ်ခဲနက်ပဲ၊ အလွန်တက်ကြွသည်။ ပြောဖွယ်ရာကိုမရှိ၊ ထမင်းစားလို့ရှိရင် သူတို့ပဲ ချက်ကျွေးသည်။

သုံ့ပန်းတွေဖမ်းမိသည်။ ဂျပန်တစ်ယောက်က ကင်ပေတိုင်ကပဲ၊ ဆံပင်အရှည်နဲ့ပဲ၊ ဂျပန်ကို တပ်ကြပ်ကိုမောင်မောင်က သတ်မယ် တကဲကဲ လုပ်နေသည်။ ဂျပန်က "မသတ်ပါနဲ့ သုံ့ပန်းအဖြစ်နဲ့သာထားပါ"လို့ တောင်းပန်ရှာသည်။ သုံ့ပန်းတွေကို တပ်ရင်းရုံးပို့သည်။ ကိုမောင်မောင်က လမ်းကျတော့ သတ်ပစ်လိုက်သည်။ ကိုမောင်မောင်က သူနဲ့အတူပါလာတဲ့ အရပ်သားတွေကို "မင်းတို့ဘာယ်သူမှမပြောနဲ့" လို့ပိတ်ထားသည်။ အရပ်သားတွေက ပြောချင်သည်။ တပ်ကြပ်မောင်မောင်က သူ့ဓား ကောင်းကြောင်းကို အစဖော်လာသည်။ "ဂျပန်ကို ကိုမောင်မောင်က သူခုတ်လိုက်တာ တစ်ချည်တည်းပြတ်သွားတဲ့အကြောင်း၊ ထိုသို့ သူက သူ့ဓားကောင်းကြောင်းပြောတော့မှ ပေါ်တော့သည်။

တပ်ကြပ်မောင်မောင်ကိုခေါ်ပြီး ဆွေးနွေးရသည်။ သူလည်း ဂျပန်ကို သတ်ပစ်ကြောင်း၊ အဲဒီတုန်းက သူတို့ အထက်အညာမုံရွာက ကိုသက်တင်ရဲ့ သူငယ်ချင်း ရဲဘော်စံတင်ဆိုတာ တိုက်ပွဲကျခဲ့ပြီး၊ သူတို့က အမြောက်ကြီးတပ်က ရဲဘော်တွေ အတော်များများ တိုက်ပွဲမှာ အသက်တွေပေးခဲ့သည်။ ထိုစဉ်က အဖြစ်အပျက် တစ်ခုကို ပြောဦးမယ်ဆိုပြီး သူက ထိုသို့ပြောပါသည်။

အင်္ဂလိပ်က သူတို့ကို လခထုတ်ပေးသည်။ ဒီတော့သူက "ဗိုလ်ကြီး ဘာလို့လုပ်မလဲ။ သူတို့က ဂျပန်တော်လှန်တယ်ဆိုတာ အင်္ဂလိပ်စစ်သားလုပ်ဖို့ မဟုတ်ဘူး။ ကိုယ့်တိုင်းပြည်လွတ်လပ်ရေးအတွက် အသေခံပြီး လုပ်ကြတယ်။ အခုရဲဘော်တွေ အတုံးအရုံး ကျဆုံးတယ်၊ ဒါယူသင့်၊ မယူသင့် စဉ်းစားသင့်တယ် ဗိုလ်ကြီးလို့ သူက



www.burmeseclassic.com

www.burmeseclassic.com

တင်ပြသည်။ ဗိုလ်ကြီးက "လုပ်ငန်းက ပြီးသေးတာမဟုတ်ဘူးကွ၊ ယူသင့်ရင်ယူရမှာပဲ၊ ယူပြီးရင်တော့ တော်လှန်ရေးအတွက် အသုံးပြုရမယ်။ တော်လှန်ရေးရန်ပုံငွေထားရမယ်"အဲဒီလိုဆိုတော့ သူလည်း သဘောတူလိုက်သည်။

ရှေ့တန်းမှ ပဲနွယ်ကုန်းပြန်ရောက်သည်၊ "ဒီလခတွေမထုတ်ခင် သူက"ပြောအုံးမယ်ဆိုပြီး စာရေးသူကိုပြောပြတာက ပဲနွယ်ကုန်းရောက်တော့ ပဲနွယ်ကုန်းရဲ့အနောက်ဖက်မှာ ဂျပန်တွေ ကျန်ရှိနေသေးသည်၊ အဲဒါကို သွားတွေ့ပြီး လက်နက်ချဖို့ လုံးပမ်းရသည်။ လက်နက်ချဖို့ "ဂျပန်တပ်မတော်တစ်ရပ်လုံး လက်နက်ချပြီးပြီ" ဆိုပြီး စာရွက်တွေလိုက်တပ်သည်။ ဒါပေမယ့် ဂျပန်တွေက ဘယ်သူမှ လက်မခံဘူး။ နောက်မှ ဂျပန်တပ်မှူးတစ်ယောက်လိုက်လာပြီး" ဂျပန်တပ်မှူးကိုယ်တိုင်သွားပြီးပြောမှပါလာတော့သည်၊

* * * * * * * *



## မတ်လ (၂၇) ဝန်းကျင်နေ့များက ရန်ကုန်

တပ်ထဲမှာ ဂျပန်အရာရှိတွေ ရှိနေသည့်အတွက် တပ်ဖျောက်ဖို့ လွယ်ရှားသည့်အတွက် မလွယ်ပါ။ လေယာဉ်ပျံပစ်အမြောက်ကြီးတပ်တွေ၏ အနီးအနားမှာ တပ်ခွဲ ချထားလေ့ရှိသည့်အတွက်လည်း အခက်အခဲဖြစ်စေသည်၊ ယုတ်စွအဆုံး တပ်စုလေးတစ်ခုပဲဖြစ်ဖြစ် ချထားလေ့ရှိသည်၊ ရေနံချောင်း လေယာဉ်ပျံပစ်အမြောက်တပ်သာ အေးအေးဆေးဆေး ထွက်သွားနိုင်ပါသည်၊

ရန်ကုန် လေယာဉ်ပျံပစ်အမြောက်ကြီးတပ်ရင်းသည် ဂျပန်က ဖမ်းထားသည့် မြန်မာ့နိုင်ငံရေးသမားတွေကို စောင့်ရှောက်ဖို့တာဝန်ရှိနေပြန်သည်။ သူတို့တပ်ဖျောက် တောခိုသွားမယ်ဆိုလျှင် အဲဒီနိုင်ငံရေးသမားတွေကို ဂျပန်ကသတ်ပစ်မှာအမှန်ဖြစ်၍ အမြောက်ကြီးတပ်ရင်းကရဲဘော်တွေသည် ဓားစာခံအဖြစ်နှင့် ရဲရဲဝံ့ဝံ့ ရင်ဆိုင်ပေးနေရခြင်းလည်း ဖြစ်ပါသည်။

ရန်ကုန် လေယာဉ်ပျံပစ်အမြောက်ကြီးတပ်သည် မတ်လ (၂၇)ရက်နေ့မှာ တော်လှန်မယ်ဟု ညွှန်ကြားချက်ရှိခဲ့ပေမယ့် လေယာဉ်ပျံပစ်အမြောက်တပ်အနေနဲ့ တော်လှန်ရေး မလုပ်ဖြစ်ပါ။

(၁၉၄၅) ခု၊ မတ်လ (၂၇) ရက်နေ့ ဗိုလ်ချုပ်အောင်ဆန်း စစ်ထွက်မိန့်ခွန်းပြောပြီး တပ်အသီးသီး စစ်ထွက်သွားကြသောအခါ ရန်ကုန်မြို့ရှိ လေယာဉ်ပျံပစ်အမြောက်ကြီးတပ်မပါ။ ဘာကြောင့်လဲဆိုလျှင် လေယာဉ်ပျံပစ်အမြောက်ကြီးတပ်


www.burmeseclassic.com

www.burmeseclassic.com

နှင့် ဂျပန် လေယာဉ်ပျံပစ်အမြောက်ကြီးတပ် တွဲပြီးနေသည့်အတွက် ဂျပန်ရိပ်မိမှာ စိုး၍ ထားခဲ့ကြောင်းသိရသည်။

ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းတို့ တပ်ထွက်ခါနီး ဗိုလ်ကြီးခင်ညိုက ဗိုလ်ချုပ်အောင်ဆန်းအား သွားရောက်မေးမြန်းသောအခါ လေယာဉ်ပျံအမြောက်ကြီးတပ်နှင့် ရန်ကုန်ရှိတပ်များက 'ပွန်း'တွေလိုပဲ၊ အဲဒီတပ်တွေ ကိုယ့်ကိုယ်ကို Risk ယူရမည်ဟု မှာထားခဲ့သည်။

မတ်လ (၂၇)ရက်နေ့မှာ တော်လှန်ဖို့ အမြောက်တပ်က တပ်ဖျောက်ဖို့ လေ့တွေခေါ်ထားသည်၊ တပ်ဖျောက်ဖို့ မလိုမှ လေ့တွေပြန်လွှတ်လိုက်ရသည်၊ တော်သေးသည်၊ ရန်ကုန်ကို ဗုံးချဖို့ လေယာဉ်တွေလာသည့်အချိန်မို့ ပြဿနာတစ်စုံ တစ်ရာ မပေါ်လိုက်ဖူးခဲ့ပါ၊

ဒါပေမယ့် အမြောက်တပ်က အရာခံဗိုလ်အုန်းမောင်က လေယာဉ်ပျံပစ် အမြောက်တပ်မှ ရဲဘော်တစ်ချို့ကိုသာ ခေါ်ဆောင်၍ တပ်ကတိတ်တဆိတ်ခွာသွားသည်၊

တပ်ခွဲမှူး ဗိုလ်တင်အုန်းနှင့် နောက်ရဲဘော်များအားလုံး ဂျပန်တပ်က လက်နက်များသိမ်းယူပြီး စမ်းချောင်းရပ် အရင်ရဲဘော်သစ်စခန်း (စမ်းချောင်း ဘောလုံးကွင်း)၌ ဖမ်းဆီးထားလိုက်ကြသည်။

ဂျပန်တွေက တခြား ရန်ကုန်တွင်ရှိနေသည့် တပ်တွေနှင့် နိုင်ငံရေးသမား များကိုလည်း ဖမ်းဆီးလိုက်သည်။

တော်လှန်ရေးရက်နီးသောအခါ မူလက တပ်တွေနှင့် နိုင်ငံရေးသမားများ ကိုလည်း ဖမ်းဆီးလိုက်သည်၊

တော်လှန်ရေးရက်နီးသောအခါ ကိုယ့်နည်းကိုယ့်ဟန်နှင့် တပ်ဖျောက်ရမယ် ဟု ဗိုလ်ချုပ်အောင်ဆန်းက မိန့်မှာခဲ့သည်။

သို့သော် သခင်မြ (သာယာဝတီ) နှင့် ဦးကျော်ငြိမ်း (ဝန်ကြီးဟောင်း)တို့က တပ်ထွက်ဖို့ မသင့်ဘူးဟုဆိုသည့်အတွက် လုပ်ရပ်မှန်တစ်ခုလိုတော့ ဖြစ်သွားတယ်လို့ ဗိုလ်ကြီးခင်ညိုက ယူဆသည်၊ ဒါပေမယ့် အမြောက်ကြီးတပ်ဖွဲ့ဝင်များအတွက် အထူး အန္တရာယ်ပို၍များသည်။ စုပြုံ၍ အဖမ်းခံရဖို့များသည်။

* * * * * * * *




www.burmeseclassic.com

www.burmeseclassic.com

## ဆိုရှယ်လစ်ပါတီခေါင်းဆောင် ဦးကျော်ငြိမ်းနှင့် တွေ့ခဲ့စဉ်က

(၁၆-၈-၈၄) ရက် မွန်းလွဲ (၁)နာရီလောက်မှာ အရင် ဖဆပလခေတ်က ဝန်ကြီး၊ ဆိုရှယ်လစ်ပါတီခေါင်းဆောင် ဦးကျော်ငြိမ်းဆီ သွားပါတယ်။ မိမိသိချင်တာတွေကို မေးမြန်းရန် သွားရောက်ခဲ့ခြင်းပါ၊ အခန့်သင့်ပဲ သူ့အိမ်မှာ တွေ့ရပါတယ်၊ သူ့အိမ်က ဗဟန်း၊ ရေတာရှည်လမ်းမှာပါ၊ ဦးကျော်ငြိမ်းက ကျွန်တော့်ကို လက်ခံတွေ့ဆုံပါတယ်၊ ကျွန်တော်က "ဂျပန်ခေတ် လေယာဉ်ပျံပစ်အမြောက်ကြီးတပ်အကြောင်းနဲ့ပတ်သတ်ပြီး စာအုပ်ရေးနေပါတယ်။ ဒီတော့ ဒီအကြောင်းကို ရေးရင်းကနေ ရန်ကုန်သိမ်းပွဲဟာ ဒီ Subject မှာ အလိုလိုပါနေပါတယ်၊ ရန်ကုန်သိမ်းပွဲမှာ အငြင်းပွားမှုများ ဖြစ်နေပါတယ်။

ဒီအချိန်က ကိုယ်တိုင်ပါဝင်ခဲ့တဲ့ ဦးကျော်ငြိမ်းဆီမှာ ဒီကိစ္စမှာ အချက်အလက်များ မေးမြန်းစုဆောင်းဖို့ ကျွန်တော်လာခဲ့ခြင်း ဖြစ်ပါတယ်၊

အကယ်၍ တိပ်ခွေသွင်းခွင့်ပြုရင်လည်း သွင်းပါ့မယ်"လို့ ပဏာမပျိုးခဲ့ပါတယ်။ ဒါပေမယ့် သူက ဘာမှမပြောတော့ တိပ်ခွေမသွင်းပါဘူး။ ဒီအတိုင်း သူပြောတာတွေ လိုက်ရေးပါတော့သည်။

ဦးကျော်ငြိမ်းက -

"ဒီကိစ္စကို ဗိုလ်ခင်ညိုကလည်း လာရောက်မေးမြန်းခဲ့ပါတယ်။ ဒါပေမယ့် အမှန်ကို အမှန်အတိုင်း ပြောရမှာကတော့ မှန်ပါတယ်။ ဒါပေမယ့် အမှန်တိုင်းပြော





ရရင် တစ်ဖက်သားကို ထိခိုက်နစ်နာစေနိုင်တဲ့ဟာမို့ လူမှုရေးဘက်ကနေ ကြည့်ပြီးတော့ မှန်တာကို မှန်တဲ့အတိုင်း ထုတ်ဖော်မပြောလိုပါဘူး။ ကျုပ်သေသွားပြီး နောက်ကျတော့ ပြောချင်ပြောပေါ့။ ဦးကျော်ငြိမ်းက ဒီလိုပြောသွားခဲ့တယ်ဆိုတာ ကျွန်တော့်နားနဲ့ကြားခဲ့ပါတယ်ဆိုပြီး ခင်ဗျားသက်သေခံနိုင်ပါတယ်။ ကျုပ်လည်း သေပြီးတဲ့နောက်ပိုင်းမှာ အမှန်တွေရှိနေအောင် မသေခင် တိပ်ခွေသွင်းသွားခဲ့ပါမယ်၊

"ဒီကိစ္စတွေ ဟိုးတုန်းကလည်း တချို့ မဂ္ဂဇင်းလက်ကိုင်ရှိတဲ့လူတွေကလည်း လာမေးပါတယ်။ သူတို့စာစောင်တွေမှာ ဒါတွေရေးထည့်ပြီး ပိုက်ဆံရဖို့လုပ်တာ၊ စီးပွားရှာနေကြတဲ့ကိစ္စတွေထဲမှာ ကျုပ်က သက်ဆိုင်တဲ့ပုဂ္ဂိုလ်တွေရဲ့ မျက်နှာတွေကို ခနာခထောက်ထားမှုမလုပ်ဘဲ အမှန်ကို အမှန်တိုင်းပြောရရင် ကျုပ် အဲဒီလူတွေရဲ့မျက်နှာကို ဘယ်လိုကြည့်ဝံ့တော့မလဲ"

"သူတို့ကတော့ ဒါတွေထည့်စဉ်းစားမှာ မဟုတ်ဘူး။ သူတို့ အမြတ်အစွန်းရဖို့သက်သက်ပဲ ကြည့်မယ်၊ ပြောလိုက်ရင် တစ်ဖက်သားအတွက် နစ်နာရင် နစ်နာမှာပဲ။ ဒါကြောင့် ဒီအလုပ်မျိုး ကျုပ် ဘယ်လိုလုပ်ပြီး ခွင့်ပြုရမလဲ"

"အခု ခင်ဗျားကို ဗိုလ်ခင်ညိုက တစ်ဖက်လှည့်လွှတ်လိုက်လို့ ကျုပ်ဆီရောက်လာတာများလား ဒါမှမဟုတ် ရိုးရိုးသားသားလာမေးတာလားဆိုတာ မပြောတတ်ဘူးပေါ့ဗျာ"

ဒီတော့ ကျွန်တော်က -

"ကျွန်တော် အခုလာတာက ရိုးရိုးသားသားပါ။ ဒီကိုလာတာ ဗိုလ်ခင်ညိုကို အသိပေးပြီးလာတာ မဟုတ်ပါဘူး။ ကျွန်တော်ဒီအကြောင်းကို လေ့လာတဲ့အခါ ဦးကျော်ငြိမ်းရဲ့ နာမည်ကိုတွေ့လို့ ဦးကျော်ငြိမ်းကိုလည်း မေးဖို့လိုမယ်ထင်ပြီး လာမေးတာပါ"

"ကျွန်တော် အရင် ဆရာကြီးဦးရာဇာတ် စာအုပ်တုန်းကလည်း လာမေးတာပဲ၊ အခုလည်း မေးသင့်မေးထိုက်တဲ့ ပုဂ္ဂိုလ်တွေကို မေးဖို့ဆိုပြီး လာမေးတာပါ။ ဘယ်သူ့ ပယောဂမှ မပါပါဘူး"

"ခင်ဗျားရဲ့ မ္ဂနေ့တစ်နေ့က ထုတ်ဝေလိုက်တဲ့ မန္တလေး (၁၃၀၀)ပြည့်အရေးတော်ပုံမှသည် နယ်ချဲ့တော်လှန်ရေးဆိုတဲ့ စာအုပ်တုန်းက ဒီအရေးတော်ပုံမှာ ပါခဲ့တဲ့ ပုဂ္ဂိုလ်တွေထဲက တချို့က သူတို့နာမည်တွေ မပါတဲ့အတွက် မကျေမနပ်ဖြစ်ကြတယ်လို့ ဗိုလ်ခင်ညိုက ကျုပ်ကို လှမ်းပြောတယ်"

"ကျွန်တော် အနေနဲ့ကတော့ တတ်နိုင်သလောက် အပင်ပန်းခံပြီး တွေ့နိုင်



www.burmeseclassic.com

www.burmeseclassic.com

မယ့်လူတွေဆီ သွားမေးပါတယ်။ ဒါပေမယ့် ဒီတုန်းက ချိတက်ပွဲပါတဲ့ လူထုဟာ သန်းချီရှိနေတော့ အားလုံးဆီသွားဖို့ဆိုတာ . . . "

"ဟုတ်ပါတယ်၊ ဘယ် အားလုံးဆီသွားနိုင်မလဲ"လို့ ဦးကျော်ငြိမ်းက ကျွန်တော့်ဘက်ကလိုက်ပြီး ဖြတ်ပြောပါတယ်၊ ဒီတော့ ကျွန်တော်က -

"ဟုတ်ပါတယ်၊ အားလုံးဆီ မသွားနိုင်တော့ ကျွန်တော့်စာအုပ်မှာလည်း အမှားအယွင်းတွေရှိနေရင်၊ အချို့ ပုဂ္ဂိုလ်များရဲ့ နာမည်တွေ ကျန်ပြုသွားရင်၊ အဖြစ်အပျက်တွေ မှားနေရင်လည်း ခွင့်လွှတ်ကြပါ၊ နောက် တိုင်းပြည်က တောင့်တလို့ ဒုတိယအကြိမ် ရိုက်ရရင် ပြင်စရာရှိတာတွေ ပြင်ပေးပါ့မယ်ဆိုတဲ့ မေတ္တာရပ်ခံချက်တွေ ရေးခဲ့ပါတယ်"

ဦးကျော်ငြိမ်းက -

"ဗိုလ်ခင်ညိုကလည်း သူ့ကို ရန်ကုန်တိုင်း စစ်ရေးတာဝန်ခံလို့ သတ်မှတ်ခဲ့တယ်ဆိုပြီး ရေးခဲ့တယ်၊ တကယ်က ကျုပ်အသက်ရှင်လျက် ရှိနေတာပဲ။ ကျုပ်ဆီလာမေးမြန်းပါဦးလား။ အခုတော့ မဟုတ်ဘူး၊ ဒီလို မမေးမမြန်းဘဲရေးတော့ မတော်တဆ အမှားတွေရေးမိရင် အရေးယူခံရစရာရှိရင် အဲဒီလူတွေအနေနဲ့ မနစ်နာဘူးလား၊ သမိုင်းဟာလည်း ဘယ်မှန်မလဲဆိုပြီး ပြောကြတယ်။ ဥပမာဆိုရင် ဗိုလ်ခင်ညို ပြောပြချက်ကိုပဲ သူ့ကိုလာမမေးဘဲ 'အသင်နဲ့' သို့မဟုတ် 'သူများပြော' သို့မဟုတ် 'အကြားနဲ့'ရေးသားတာမျိုးတွေ လုပ်ခဲ့တော့ မဟုတ်တာတွေ ရေးသလိုဖြစ်မနေဘူးလား။ တစ်ဖက်သားကိုလည်း မဟုတ်တာတွေ အရေးခံနေရတော့ နစ်နာစေအောင်ဆိုပြီး ရေးသလိုဖြစ်နေမှာပေါ့"

"အဲဒါမျိုး မဖြစ်အောင် အခုလို ဦးကျော်ငြိမ်းကို လူကိုယ်တိုင်တွေ့ပြီး မေးမြန်းရခြင်းပါ"လို့ ကျွန်တော်က ထပ်ပြီးရှင်းပြလိုက်ပါတယ်၊

ဒီတော့ သူက -

"ကောင်းပါတယ်"

ပြီး သူက ဆက်ပြောတာက -

"ကျုပ်အနေနဲ့ ဒေါက်တာဗမော်ကို အရင်တုန်းက သူများတွေလိုပဲ သစ္စာဖောက်လို့ မြင်ခဲ့တယ်၊ ဒါပေမယ့် ဒီနေ့ ပြန်လည်သုံးသပ်တဲ့အခါမှာ ဟိုးအရင်တုန်းက သစ္စာဖောက်လို့ မြင်ခဲ့တဲ့အမြင်ဟာ အရင်ကလို ပြင်းပြင်းထန်ထန် မဖြစ်တော့ဘူး"၊

"သခင်နုရဲ့ (၅)နှစ်ရာသီ ဗမာပြည်ဆိုတဲ့ စာအုပ်ကို ဖတ်ရတာရှိတယ်၊





ပြီးတော့ ဒေါက်တာဗမော်အနေနဲ့ သခင်သန်းထွန်းတို့ ဗိုလ်ချုပ်အောင်ဆန်းတို့ ဂျပန်တော်လှန်ရေးလုပ်မယ်လို့ ဒေါက်တာဗမော်ကိုပြောပြတယ်၊ ဒေါက်တာဗမော်က ဒါတွေ သူသိပါတယ်တဲ့၊

"တစ်ခါကဆိုရင် သခင်သန်းထွန်းတို့ လူတွေရဲ့ ဂျပန်တော်လှန်ရေး စာရွက်စာတမ်းတွေကို အင်းစိန် စီအိုင်ဒီက မိတယ်၊ ဒါကို ပုလိပ်မင်းကြီးကို တင်ပြတယ်။ ပုလိပ်မင်းကြီးက တစ်ဖန် ဒေါက်တာဗမော်ကို တင်ပြပါတယ်၊

"ဒေါက်တာဗမော်က ဒီစာတွေ ဖျောက်ဖျက်လိုက်ဖို့ ပြောတယ်။ ဂျပန်လည်း သွားမပြောနဲ့ဆိုပြီး ဒီသတင်းကို ဖျောက်ဖျက်စေခဲ့တယ်။ အဲဒါပဲကြည့်ပေါ့"

သူက ဆက်ပြောပါတယ်၊

"တစ်ခါကလည်း သခင်သန်းထွန်း၊ ဒေါက်တာဗမော် သခင်မြတို့ ကက်ဗိနက်ဝန်ကြီး ၄ ၊ ၅ ၊ ၆ ယောက် စုမိကြတယ်၊ စကားဝိုင်းမှာ သခင်သန်းထွန်းက ဒေါက်တာဗမော် ပြောပြဖူးတဲ့ စကားကို ပြန်ပြောပြတယ်၊ ဒေါက်တာဗမော်က 'သူဟာ မာ့စ်ဝါဒစာပေတွေကို မြန်မာပြည်ကို ပထမဆုံး သယ်ယူတင်သွင်းခဲ့တဲ့သူပါ၊ သူ့ကိုယ်သူလည်း မာ့စ်ဝါဒီ' အဲဒီလိုဆိုပြီး မာ့စ်ဆိုပြီး ပြောနေတယ်ဗျာလို့"တဲ့။

"အင်္ဂလိပ်လာတော့မယ်ဆိုတာ အင်္ဂလိပ်ကို မျက်စပစ်တဲ့ စကားတွေ ပြောလာတယ်လို့"ဆိုပြီး ဦးကျော်ငြိမ်းက ပြောတယ်၊

သူက ဆက်ပြောတာက "တကယ်က အင်္ဂလိပ်တွေ ဝင်လာတော့မယ်ဆိုတာ အားလုံးက အင်္ဂလိပ်ကို မျက်စပစ်ပြနေတာပဲ။ ပြောရရင် သခင်သန်းထွန်းက အဲဒီထဲမှာ အဆိုးဆုံးပဲ၊ သူက ပိုပြီး မျက်စပစ်တဲ့ လူပဲ"

"ပြီး သခင်သန်းထွန်းဆိုတာက ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဒေါက်တာဗမော်နဲ့ မတည့်ကြဘူးဆိုတာ သူကသိတယ်။ ဒီတော့ သူတို့နှစ်ယောက်ကြားမှာ သူက ဒေါက်တာဗမော်ကို "ဗိုလ်ချုပ်အောင်ဆန်းက ဘယ်လိုဘယ်ဝါ"ဆိုပြီး ဒေါက်တာဗမော်ကို သွားတိုက်တယ်။ တစ်ခါ ဗိုလ်ချုပ်အောင်ဆန်းဆီသွားပြီး 'ဒေါက်တာဗမော်က ဘယ်လိုဘယ်ဝါ ပြောတယ်'ဆိုပြီး မျက်နှာလိုအားရ လုပ်ပြန်တယ်၊ အဲဒီလိုနဲ့ ဒေါက်တာဗမော်နဲ့ ဗိုလ်ချုပ်အောင်ဆန်းကြားမှာ ရပ်တည်နေခဲ့တယ်လေ"

ဒေါက်တာဗမော်အနေနဲ့ 'ဂျပန်ကို မပြောပြန်ရင်လည်း သူပါ အရိုက်ခံ အလိုပါဆိုတဲ့အဖြစ်နဲ့ ဂျပန်ရဲ့အန္တရာယ် ဆိုက်ရောက်နိုင်မယ်' ဆိုတာ သူတွက်ဆပေလိမ့်မယ်။ ဒါကြောင့် ဒီအရေးတော်ပုံထဲမှာ သူမပါဘူး၊ သူဟာ ဂျပန်ရဲ့သစ္စာတော်ခံပါဆိုတာ ဂျပန်ကို ယုံစေချင်တယ်၊ အဲဒါကြောင့် ဗိုလ်ချုပ်အောင်ဆန်းတို့ ဂျပန်ကို


www.burmeseclassic.com

တော်လှန်တိုက်ခိုက်ဖို့ တပ်ထွက်သွားတာပါ"ဆိုတဲ့ သတင်းကို နောက်ဆုံးမှ ဂျပန်ကို သူက ပေးလိုက်တယ်။ ဒီအချိန်ဟာ တော်လှန်ရေးလုပ်ဖို့ ရက်ပိုင်းကလေးပဲ လိုတော့တယ်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တော်လှန်ရေးလုပ်မဲ့ ရဲဘော်တွေအားလုံးဟာ လွတ်ရာကျွတ်ရာ ရောက်သွားချိန်ပါပဲ။ "ဒီလိုသတင်း ပေးလိုက်တာ ဘယ်လို ကျုပ်တို့သိရသလဲဆိုရင် -

**သံအမတ်ကြီးဟောင်း၊ ဦးလှမောင်**

"မြန်မာပြည်အစိုးရကို လွတ်လပ်ရေးပေးလိုက်တော့ ဂျပန်အစိုးရကလည်း ရှိတယ်၊ မြန်မာအစိုးရကလည်းရှိတယ်၊ အဲဒီကြားမှာ ဂျပန်အဖွဲ့တစ်ဖွဲ့ရှိတယ်၊ အဲဒီအဖွဲ့က ဂျပန်အစိုးရနဲ့ မြန်မာအစိုးရကြားမှာ ဆက်သွယ်ပေးတဲ့ ရုံးတစ်ရုံး မားတစ်ခင်း သဘောမျိုးရှိတယ်။ ဂျပန်အရာရှိ ဦးစီးထားတဲ့ ရုံးပါ။ ကင်ပေတိုင်ရုံး တော့မဟုတ်ဘူး၊ သီးခြားရုံးတစ်ရုံးပါပဲ။ အဲဒီရုံးမှာ အခု သံအမတ်ကြီးဟောင်း ဦးလှမောင် (ကွယ်လွန်)က အဲဒီဂျပန်ရုံးမှာ ဝင်အမှုထမ်းတယ်။ သူက အကြီးဆုံး တာဝန်ခံပဲ။

"ကိုလှမောင်ဆိုတာက တက္ကသိုလ်ကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌလည်း ဖြစ်တယ်၊ မြန်မာပြည်လုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂဥက္ကဋ္ဌလည်းဖြစ်တယ်။ ဒီသမဂ္ဂနှစ်ခုစလုံးကို ဦးတွဲကိုင်စေတဲ့ အစဉ်အလာရှိတယ်၊ ကိုဗဟိန်းရဲ့ အရင်လား နောက်လားမသိဘူး ဥက္ကဋ္ဌလုပ်တာ ဒီနောက်ပိုင်းကျတော့ မြန်မာနိုင်ငံရေး အဖွဲ့ အစည်းတွေထဲမှာ ပါပင်တာမျိုး မရှိတော့ဘူး။ ဒါပေမယ့် နိုင်ငံရေးသမားတွေနဲ့တော့ ရင်းရင်းနှီးနှီး တိုင်တိုင်ပင်ပင်ရှိပါတယ်၊

"ဂျပန်ဆီ ဝင်လုပ်နေတော့ ဂျပန်က သူ့ကို လူယုံအဖြစ်ထားတယ်၊ ဂျပန် လှုလိုမြင်အောင် သူက ဂျပန်နဲ့ ပူးတွဲပူးတွဲလုပ်ခဲ့တယ်။ ဂျပန်အလိုကြိုက် လုပ်ဆောင် ပေးခဲ့တယ်၊ တကယ်တ သူ့ကို ဂျပန်သစ္စာတော်ခံ လူယုံကြီးဖြစ်တယ်လို့ မြင်အောင် ဂျပန်ကို တမင်တကာ အလုပ်အကျွေးပြုနေတာပဲ၊ ဒါပေမယ့် သူက မြန်မာနိုင်ငံရေး သမားတွေရဲ့ နားလည်မှုနဲ့ ဂျပန်သတင်းတွေရရှိဖို့အတွက် ဂျပန် လုံယုံတော်အဖြစ် ဝင်လုပ်ခဲ့တာ ဖြစ်ပါတယ်၊

"တစ်နေ့မှာ ဗိုလ်ချုပ်အောင်ဆန်းတို့ တပ်ထွက်ပြီးတဲ့နောက် ပေါ်တော ဗမော်က ဗိုလ်ချုပ်အောင်ဆန်းတို့ တပ်ထွက်တာဟာ ဂျပန်ကိုတိုက်ဖို့ ထွက်တဲ့ အကြောင်း"အဲဒီ ကိုလှမောင်ရဲ့ ဂျပန်အရာရှိကို လာအသိပေးတယ်။

"ဒါကို ကိုလှမောင်ကသိပြီး ကျုပ်ကိုလာပြောတယ်၊ ကျုပ်က သခင်မြကို ထပ်ဆင့် သတင်းတင်ပြပြန်တယ်။ ဒီသတင်းတွေကို ဗိုလ်ချုပ်အောင်ဆန်းဆီ ချက်ချင်းပို့ဖို့ ကျုပ်နဲ့သခင်မြတိုင်ပင်ပြီး နောက် ကျုပ်က ဗိုလ်ခင်ညိုကို ဒီသတင်း ဗိုလ်ချုပ်အောင်ဆန်းဆီ အမြန်ဆုံးပို့ဖို့ ညွှန်ကြားလိုက်တယ်"။

ဦးကျော်ငြိမ်းက သူ့စကားကို ခဏနားထားလိုက်တယ်၊ ပြီးမှ သူ့စကားကို ဒီလိုဆက်ပြန်ပါတယ်၊

"တိုင်း (၆)ရဲ့ နိုင်ငံရေးမှူးဖြစ်တဲ့ ကျုပ်ကို ဗိုလ်ရဲထွဋ်ရှိနေတဲ့ တိုင်း (၆) ဖျာပုံမနားမှာ နိုင်ငံရေးမှူးအဖြစ်နဲ့ ဖတပလ ဦးစီးအစည်းအဝေးက တာဝန်ပေးထား တာမှန်တယ်၊ ဒါပေမယ့် အဲဒီကိုဘာကြောင့် မသွားနိုင်ဘဲ တော်လှန်ရေးပြီးတဲ့နောက် ရန်ကုန်မှာ နေနေရသလဲဆိုတဲ့ အချက်ကို ပြောရဦးမယ်ဆိုရင် -

"သခင်ခင်အောင်ကို သိမှာပေါ့၊ အခုတော့ သခင်မြရဲ့ခယ်မနဲ့ရပြီး သခင်မြ ရဲ့အိမ်ကြီးမှာ တစ်ခါတည်းအပြီးအပိုင်နေတယ်။ အဲဒီ သခင်ခင်အောင်ဟာ အဲဒီ တုန်းက သခင်မြဆီမှာ သခင်မြရဲ့ လူယုံတော်လိုလို တပည့်လိုလိုနဲ့ နေတယ်။ သခင်မြက ဝန်ကြီးချုပ်ဆိုတော့ သူက သခင်မြရဲ့ အတွင်းဝန်ပေါ့လေ"၊

"တစ်နေ့ ကျုပ်အပါအဝင် သခင်မြအိမ်မှာ ကျုပ်တို့အသိုင်းအဝိုင်း ၄၊ ၅၊ ၆ ယောက်ရှိနေတယ်"၊

အဲဒီမယ် "သခင်ခင်အောင်က သူ့ တောကို ခဏပြန်ပါရစေ၊ သူ့အမေ အသည်းအသန်ဖြစ်နေလို့ ပြီးရင် ချက်ချင်းပြန်လာမယ်"လို့ဆိုပြီး ခွင့်တောင်းတယ်။

"ဒီအချိန်က ဂျပန်ကလည်း မြန်မာတွေ သူတို့ကိုတော်လှန်မယ်ဆိုတဲ့ ရှိုးတိုး ရိပ်တိပ် သတင်းရထားပြီးပါပြီ။ ဒီလို ရှိုးတိုးရိပ်တိပ် သတင်းတွေရထားကတော့ အခုမှ မဟုတ်ပါဘူး။ ဘီအိုင်အေခေတ်ကတည်းကပဲ။ အဲဒါကြောင့် ကင်ပေတိုင် တွေက အဲဒီကတည်းက မျက်စိဒေါက်ထောက်ကြည့်ခဲ့တာ၊ ခုထိပဲ။

"အခုတော့ ပိုဆိုးနေတာပေါ့၊ ဂျပန်က စစ်တက္ကသိုလ်တို့ တခြားမြန်မာ အရာရှိတို့ဟာလည်း တဖြုတ်ဖြုတ်နဲ့ ကြက်ပျောက်ငှက်ပျောက် ပျောက်လာတာ ကြောင့် အရင်ကထက်ပိုပြီး မျက်ခြေမပြတ် စောင့်ကြည့်လာတယ်၊ ဂျပန်က အဲဒီလို ကြည့်တဲ့အခါမှာ လူကြီးတွေတင်မကဘူး၊ သူတို့နဲ့ပတ်သက်တဲ့ ရုံးအဖွဲ့ဝင်တွေကိုပါ စောင့်ကြည့်နေတဲ့အချိန်ဖြစ်လေတော့ ကျုပ်က "သခင်ခင်အောင် - သင်္ချိုင်းများ ရှင်းရှင်းပဲ ပြောင်ပြောစမ်းပါ၊ လစ်ရင် လစ်တယ်ဆိုတာ"

"မဟုတ်ပါဘူး အမေနေမကောင်းဖြစ်နေလို့ပါ။ ကျွန်တော် ချက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာပါမယ်"ဆိုပြီး ထပ်ရှင်းပြပြန်တယ်။

နောက်ဆုံး အတန်တန်ပြောတော့ သခင်မြက ခွင့်ပြုလိုက်တယ်၊

"လစ်တာမဟုတ်ပါဘူး"ဆိုတဲ့သူက နောက်ဆုံးပြန်မလာတော့ပါဘူး။ သာယာဝတီခရိုင် ဂျပန်တော်လှန်ရေးမှာ ဒုတာဝန်ခံလား လုပ်သွားတော့တယ်။ သူကလည်း စောစောက သခင်သန်းထွန်းတို့နဲ့ တစ်နည်းမဟုတ်တစ်နည်း ဆက်သွယ်နေခဲ့တာကိုး။

"အဲဒီလိုအဖြစ်မျိုးတွေက တစ်နေ့ပြီးတစ်နေ့ ဖြစ်လာတော့ ကျုပ်တို့ သခင်မြကိုချန်ပြီး မထားခဲ့ချင်ဘူး။ ကျုပ်တို့ခေါင်းဆောင်နဲ့ပဲ အေးအတူပူအမျှ၊ သေအတူရှင်အမျှနေဖို့ ဆုံးဖြတ်ထားခဲ့သူဆိုတော့ တိုင်း (၆) ပျဉ်းမနားမှာ နိုင်ငံရေးမှူး တာဝန်ကို သွားမယူတော့ဘဲ ရန်ကုန်မှာပဲနေပြီး လုပ်တော့မယ်လို့ ဆုံးဖြတ်လိုက်တယ်။

"ဖတပလ ဗဟိုဦးစီးအဖွဲ့ဝင် (၉) ဦးမှာ ကျုပ်လည်းတစ်ဦးပါဝင်တဲ့အတွက် အခြေအနေပြောင်းလဲနေတဲ့အတွက် ဒီလို ကျုပ်ရန်ကုန်မှာ လုပ်မယ်"ဆိုပြီး ဆုံးဖြတ်လုပ်နိုင်မှုအရပဲ ကျုပ်လုပ်ခဲ့တာဖြစ်တယ်၊

"ကျုပ်အနေနဲ့ ကျုပ်မိန်းမ ကလေးမီးဖွားတဲ့ကိစ္စအတွက် ထန်းတပင်တောနယ်ကို ကျုပ်သွားပါတယ်။ ဟုတ်ပါတယ်၊ ကျုပ်သွားတယ်။ ဒါပေမယ့် ရန်ကုန်မှာ စီစဉ်စရာတွေအားလုံး စီစဉ်ပေးပြီးမှ" မြို့ကို မြန်မာ့တပ်မတော်ကသိမ်းဖို့ ကျုပ်စီစဉ်ပေးခဲ့ပြီးမှ ကျုပ်မိန်းမ မီးဖွားတဲ့နေရာကို ပြန်ခဲ့တယ်။

"အဲဒီနေ့ပဲ တပ်မတော်က မြို့ကိုသိမ်းလိုက်တယ်၊ နောက်တစ်နေ့ညနေ ကျုပ်ပြန်ခဲ့တယ်၊ အဲဒီလိုပြန်ခဲ့တဲ့နေ့ပဲ အိန္ဒိယတပ်တွေက ရန်ကုန်ဝင်လာခဲ့တယ်၊

## အင်္ဂလိပ်ကို လက်နက်အပ်ရေးပြဿနာ

"ကျုပ်အနေနဲ့ လက်နက်ကိုင်ထားပြီး အင်္ဂလိပ်ဆီ လက်နက်မအပ်ရဘူး၊ လွတ်လပ်ရေးမရမချင်း ဆက်လက်တိုက်ပွဲဝင်သွားမယ်"ဆိုတဲ့ ကျုပ်ခံယူချက်ရှိပါတယ်၊ ဒါပေမယ့် ဒီအချိန်က အင်္ဂလိပ်နဲ့ပူးပေါင်းဖို့ လိုလိုလားလားဖြစ်နေတဲ့ အစုအဖွဲ့က အများစုဖြစ်နေတယ်။ ကျုပ်တို့ ဦးနုအိမ်မှာ ဆွေးနွေးတော့ သခင်စိုး၊ သခင်သန်းထွန်းတို့ အားလုံးပါတယ်။

"ဗိုလ်ချုပ်အောင်ဆန်း၊ သခင်စိုး၊ သခင်သန်းထွန်းတို့ ပဲခူး ဗိုလ်မှူးကျော်ဇောတပ်ရင်းထဲမှာ တွေ့ဆုံပြီး ဖတပလဖွဲ့ဖို့ လုပ်ခဲ့တယ်။ ကွန်မြူနစ်နဲ့စစ်တပ်ပဲ





ပူးပေါင်းဆောင်ရွက်ထားတယ်။ အဲဒီနောက် ဦးနုအိမ်မှာ ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးတော့ တပ်မတော်၊ ကွန်မြူနစ်တို့အပြင် ကျုပ်တို့ ပြည်သူ့အရေး တော်ပုံအဖွဲ့ ကိုယ်စားလှယ်တွေကိုလည်း ပါဝင်စေခဲ့ပြီး ဆွေးနွေးတယ်၊ သခင်နုက "ကျုပ်ကတော့ အေးအေးနေမယ်"လို့ ပြောတယ်၊ အဲဒီမှာ သုံးဖွဲ့ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့ဖွဲ့စည်းခဲ့တယ်။

"အဲဒီအချိန်က ရခိုင်မှာ ဂျပန်မရှိတော့ ရခိုင်ရဲဘော်တွေကို လက်နက်သိမ်းတဲ့အကြောင်း ဆွေးနွေးတယ်၊ သခင်စိုးက ဒီအချိန်မှာ ဗရောက်ဒါဝင်နေတော့ "အင်္ဂလိပ်နဲ့ဆက်ပြီး လက်နက်နဲ့လွတ်လပ်ရေး ယူစရာမလိုတော့ဘူး"လို့ ပြောတယ်။

"ဒါကို ကျုပ်ကတော့ လက်မခံဘူး၊ အင်္ဂလိပ်ဆီ လက်နက်မအပ်ဘဲ လွတ်လပ်ရေးအတွက် ဆက်အရေးဆိုမယ်။ မရရင် အင်္ဂလိပ်ကိုလည်း တိုက်မယ်။ အင်ဒိုနီးရှားမှာ ဆူကာနိုတို့ လုပ်တဲ့ပုံစံမျိုးပေါ့။"

"ဗီယက်နမ်မှာ ဟိုချီမင်း လုပ်တဲ့ပုံစံမျိုးလိုလား"

ကျွန်တော်က ဝင်ထောက်လိုက်တယ်၊ (စာရေးသူ)

ဦးကျော်ငြိမ်းက

"ဗီယက်နမ်မှာ ဟိုချီမင်းလုပ်တဲ့ပုံစံမျိုး လုပ်သင့်တယ်၊ ဒီသဘောထားမျိုး ဗိုလ်ရန်နိုင်မှာရှိတယ်။ "ဗိုလ်ချုပ်အောင်ဆန်းက ဗိုလ်ရန်နိုင်ကို သူတို့ ဂျပန်ကို တိုက်မယ်လို့ ဆွေးနွေးကြတုန်းက သူက လက်မခံဘူး၊ ဂျပန်လည်း ပြေးတော့မယ်၊ ဒီတော့ ပြေးတော့မယ့်ဂျပန်ကို တိုက်နေစရာမလိုဘူး။ အင်္ဂလိပ်ကို တိုက်ဖို့ပဲသိတယ်။ အင်္ဂလိပ်ကိုတိုက်ပြီး လွတ်လပ်ရေးယူရမှာပဲ"ဆိုပြီး ဗိုလ်ရန်နိုင်ကလည်း ပြောခဲ့သေးတယ်၊

"ကျုပ်ကတော့ ဂျပန်ကိုတိုက်ပြီးရင် လွတ်လပ်ရေးအတွက် အင်္ဂလိပ်နဲ့ စာရင်းရှင်းပွဲလုပ်ဖို့ ကျန်ရှိနေသေးတယ်၊ ဒါကြောင့် လက်နက်တွေ အင်္ဂလိပ်မအပ်ဖို့ သဘောထားရှိတယ်၊ ဒါပေမယ့် ဒါကို သခင်စိုးကလက်မခံဘူး၊ အင်္ဂလိပ်ဆီမှာ လက်နက်အပ်ရမယ်၊ အင်္ဂလိပ်က လွတ်လပ်ရေးပေးမယ်လို့ ဗရောက်ဒါဝါဒအတိုင်း ခံယူပြီး ပြောဆိုပါတယ်၊" ဦးကျော်ငြိမ်းဆက်ပြီး

"ဒေါက်တာဗမော်ကလည်း ဒီနောက်မှာ နိုင်ငံတော် အဓိပတိတာဝန် အပြင် စစ်ဝန်ကြီးတာဝန်ကိုပါ ပူးတွဲယူလိုက်တယ်၊ စစ်သေနာပတိအဖြစ် ဆောင်ရွက်တယ်။ ဗိုလ်ရန်နိုင်ကိုဦးစီးစေပြီး မြို့စောင့်တပ်ဖွဲ့စည်းစေတယ်၊ အားသတ်ရယ်၊ ဘီဒီအေထဲက ကျန်ရစ်ခဲ့တဲ့ ရဲဘော်တွေရယ်၊ အချို့အဖမ်းခံရတဲ့ ဘီဒီအေတပ်ထဲက



www.burmeseclassic.com

www.burmeseclassic.com

ရဲဘော်တွေအားလုံးကို စည်းရုံးပြီး မြို့စောင့်တပ် ဖွဲ့လိုက်တယ်၊

"ပြည်သူ့အရေးတော်ပုံပါတီထဲက ရဲဘော်တွေလည်း ဒီတပ်ထဲမှာ ပါဝင်တယ်လို့ သခင်ပန်းမြိုင်ကလည်း ပြောတယ်" စာရေးသူက ဝင်ပြောသည်၊

ကျွန်တော်နဲ့ အာရုံအီးတီဦးကျော်ငြိမ်းနဲ့လည်း ရင်းနှီးပါတယ်၊ သူကလည်း ကျုပ်တို့ ဖတပလ (၉) ဦးအဖွဲ့ဝင်တစ်ဦးဆိုတာ သူလည်းသိပါတယ်၊ ကျုပ်နဲ့လည်း မကြာခဏတိုင်ပင်ပြီး လှုပ်ရှားခဲ့တယ်၊

"ဟိုအချိန်က တိုးချောင်ကလေးဘက်မှာလည်း စုနေတဲ့အစုရှိတယ်၊ အဲဒီမှာ အိန္ဒိယလွတ်လပ်ရေးတပ်မတော် (အိုင်အင်အေ)တပ်က ကုလားရဲဘော်တွေလည်းရှိတယ်၊ အဲဒီ အိန္ဒိယကုလားရဲဘော်တွေကတစ်ဆင့် သူတို့အိုင်အင်အေ ဗိုလ်ချုပ်နှင့် နားလည်မှုရယူဖို့ ဗိုလ်ခင်ညို၊ အာရုံအီးတီဦးကျော်ငြိမ်းနဲ့ ကျုပ်တို့ ဆောင်ရွက်ကြတယ်၊ ဗိုလ်ခင်ညိုနဲ့ကျုပ် ဆောင်ရွက်တာကို အာရုံအီးတီဦးကျော်ငြိမ်းက မသိဘူး၊ အလားတူပဲ အာရုံအီးတီဦးကျော်ငြိမ်း ကျုပ်နဲ့ဆောင်ရွက်တာကို ဗိုလ်ခင်ညိုက မသိဘူး၊ အဲဒီလို ဆောင်ရွက်ခဲ့တယ်"

ပြီးတော့ ဦးဘဆွေကို ဂျပန်ကဖမ်းတယ်၊ ဖမ်းသွားတဲ့နေ့က အခြေအနေကို ပြောပြရရင် သခင်ချစ်ရဲ့လူယုံတော် တပည့်တစ်ယောက်ရှိတယ်၊ သူက ဂျပန်ဆီ ရိက္ခာတွေသွင်းတယ်၊ ပြီးတော့ သူ့လက်မောင်းမှာလည်း ဂျပန်ပေးထားတဲ့ လက်ပတ်ရှိတယ်၊ သူ့စက်ဘီးမှာ ဂျပန်စာတမ်းရှိတယ်၊ အဲဒီစာတမ်းတွေအရ ဂျပန်တပ်တွေထဲမှာ ဝင်ဆံ့နေတဲ့ ရဲဘော်ပဲ၊ အခုထိရှိတယ်၊ သူ့နာမည်ကိုတော့ ကျုပ် မမေ့တော့ပဲ၊

ဗိုလ်မှူးကျော်ဇောတို့၊ ဗိုလ်ချုပ်အောင်ဆန်းဆီက မတ်လ (၂၇) ရက်နေ့ ည (၇)နာရီမှာ စတင်ပြီး ဂျပန်ကိုတော်လှန်ဖို့ အတည်ပြုချက်အမိန့်ကို ရယူခဲ့တော့ သခင်ချစ်က သူ့တပည့်ဆီ လှမ်းသတင်းပို့လိုက်တယ်၊

"ဒီတော့ အဲဒီလူက ဦးဗဆွေအိမ်ကိုသွားတယ်၊ ဒီအချိန်က မနက် (၉)နာရီလောက်ရှိပြီ၊ ဒါပေမယ့် ဦးဗဆွေက အိပ်တုန်းပဲ၊ အဲဒီလူက ဦးဗဆွေကိုနှိုးပြီး မတ်လ (၂၇)ရက်နေ့ည ည (၇)နာရီတော်လှန်ဖို့ ဆုံးဖြတ်လိုက်ပြီ"လို့ သတင်းပေးလိုက်တယ်၊

အဲဒီနေ့ဟာ မတ်လ (၂၇)ရက်နေ့ကပဲ၊ ဆရာချစ်လူကို ဦးဗဆွေက 'ဟုတ်မဟုတ်တာဘဲ'လို့ ပြောတော့ 'ဟုတ်ပါတယ်၊ ဆရာချစ်ဆီက အခုလှမ်းပြီး သတင်းပို့လိုက်တယ်'လို့ ရှင်းပြလိုက်တယ်၊

"အဲဒီအချိန်မှာ ဦးဗဆွေက ကော်ဖီသောက်ဖို့ ပြင်နေတယ်၊ ဒီအချိန်မှာပဲ ဂျပန်ကင်ပေတိုင်တွေရောက်လာပြီး ဦးဗဆွေကိုဖမ်းတယ်၊ ဆရာချစ်ရဲ့ တပည့်ကို

www.burmeseclassic.com

လည်း မေးမြန်းတယ်။ ဒါပေမယ့် ဆရာချစ်တပည့်မှာက ဂျပန်တွေရဲ့ ဂျပန်ရိကွာ အဝယ်တော်မို့ ပြန်လွှတ်လိုက်တယ်"

"ဦးဗဆွေကို 'ဂျပန်ဖမ်းသွားပြီ' ဆိုတဲ့ သတင်းရတော့ ကျုပ်က သခင်မြကို သွားသတင်းပို့တယ်၊ သခင်မြက ဒေါက်တာဗမော်ကို ပြောတယ်။ ကျုပ်ကလည်း ဗိုလ်မှူးရန်နိုင်ကို ပြောတယ်။ "ဂျပန်တွေက သူတို့ရန်ကုန်က ထွက်ခွာမှ လွှတ်ပေးမယ်'လို့ ပြောတယ်။ သူတို့ပြောတဲ့အတိုင်းပဲ ဂျပန်တွေ ရန်ကုန်က ထွက်ခွာသွားတော့မှပဲ ဦးဗဆွေကို ဂျပန်က လွှတ်ပေးလိုက်တာပါ။

## ဂျပန်တော်လှန်ရေးအမြင်

"ဂျပန်တော်လှန်မယ်ဆိုတော့ ရန်ကုန်အတွက် မည်မည်ရရ အစီအစဉ် မရှိဘူး။ ဂျပန်ကို မြို့တွင်းတိုက်ပွဲလုပ်ရင် ဂျပန်နဲ့နီးစပ်နေတဲ့ မြန်မာခေါင်းဆောင်တွေအားလုံး သေကုန်မယ်၊ ပါကြောင့် ကျုပ်က ဗိုလ်ခင်ညိုကိုပြောတယ်။ 'ခင်များ ဘာလုပ်ချင်လုပ်ချင် ကျုပ်ကိုမပြောဘဲ မလုပ်ပါနဲ့'လို့ ကျုပ်မှာခဲ့တယ်။

"ဒါကို ဗိုလ်ခင်ညိုက သူ့အစ်ကို ဗိုလ်ခင်မောင်ကလေးကိုသွားပြောတယ်။ ဒီအချိန်က ဗိုလ်ခင်မောင်ကလေးအိမ်မှာ ဗိုလ်နေဝင်းကအစ ဗိုလ်အောင်ကြီး၊ ဗိုလ်မောင်မောင် စတဲ့ ခေါင်းဆောင်တွေအားလုံး မကြာခဏတွေ့ဆုံပြီး ဆွေးနွေးကြလေ့ရှိတယ်၊

"ဖတပလ ဦးစီးအစည်းအဝေးလုပ်ပြီးတဲ့နောက်လဲပဲ ဒီပုဂ္ဂိုလ်တွေ လာရောက် တွေ့ဆုံစုစည်း ဆွေးနွေးကြတယ်။ အဲဒီအခါမျိုးမှာ ဗိုလ်ခင်ညိုက သူ့အစ်ကိုအိမ်လာတဲ့အခါမျိုးနဲ့လည်း ကြုံပါတယ်။ သူများတွေက နိုင်ငံရေးဆွေးနွေးမယ်၊ သူက ဘယ်တော့မှ ပါဝင်လာခြင်းမရှိဘူး"

"သူ့ခံယူချက်က 'သူဟာစစ်သားပဲ၊ စစ်သားဟာစစ်သားပဲ၊ နိုင်ငံရေးထဲ ဝင်ပါဖို့ မလိုဘူး၊ သိဖို့လည်းမလိုဘူး'ဆိုတဲ့ အနေနဲ့ နိုင်ငံရေးအပေါ် ဘာသိဘာသာပဲ သူနဲ့မဆိုင်သလို နေခဲ့သူဖြစ်တယ်၊ သူ့ကို ကျုပ်က 'ဘာလုပ်လုပ် ကျုပ်ကို အသိမပေး မလုပ်ရဘူး'လို့ ပြောတော့ သူက ကျုပ်ကို မလိုတမာမျက်နှာမျိုး မျက်နှာရှုံ့သိုးသိုးနဲ့ ပြန်ကြည့်တာ ကျုပ်မှတ်မိလိုက်တယ်"

"ကျုပ်က အဲဒီလိုပြောပြီးတဲ့နောက်ပိုင်း ကျုပ် ဗိုလ်ခင်မောင်ကလေးနဲ့ တွေ့တယ်၊ ဗိုလ်ခင်မောင်ကလေးဆီက သိရတာက ဗိုလ်ခင်ညိုက သူ့ကို "ဦးကျော်ငြိမ်း မသိဘဲ ဘာမှ မလုပ်ရဘူး၊ တစ်ခုခုလုပ်ချင်ရင် သူ့ကိုအသိပေးပြီးမှ လုပ်ပါ"လို့



www.burmeseclassic.com

www.burmeseclassic.com



လာပြောကြောင်း၊ သူက ဘာအာဏာရှိလို့လဲ မေးလာကြောင်း၊ ဒီတော့ ဗိုလ်ခင်မောင်ကလေးက သူဟာ ဖတပလ ဦးစီးအဖွဲ့ဝင် (၉)ဦးထဲက တစ်ဦးဖြစ်ကြောင်း၊ ဦးကျော်ငြိမ်းက သူ့အပေါ်ကလူဖြစ်ကြောင်း၊ သူကိုယ်တိုင်က ဦးကျော်ငြိမ်းရဲ့ ညွှန်ကြားချက်ကို နာခံနေရသူဖြစ်ကြောင်း၊ အဲဒီလိုရှင်းပြလိုက်ရကြောင်းဆိုတာ ဗိုလ်ခင်မောင်ကလေးက ကျုပ်ကို ပြောပြပါတယ်။

"ဗိုလ်ခင်ညိုက သူ့အစ်ကို ဗိုလ်ခင်မောင်ကလေးဟာ နိုင်ငံရေးကို စိတ်ဝင်စားသူမဟုတ်ဘူး။ နိုင်ငံရေးနဲ့ စစ်နဲ့မဆိုင်ဘူးလို့ခံယူထားဟန်တူတယ်။ စစ်သားဟာ စစ်သားပဲ၊ စစ်တာဝန်ကလွဲရင် တခြား ဘာမှစဉ်းစားနေတတ်တဲ့လူ မဟုတ်ဘူးတဲ့"

"အဲဒီတော့ ရန်ကုန်မှာ ဂျပန်ကိုတိုက်ခိုက်တာမျိုး ဘာမှလုပ်နိုင်တဲ့ အင်အားရှိတာမဟုတ်ဘူး၊ တောမှာသာ ပြောက်ကျားစစ်ဆင်နည်းနဲ့ ဂျပန်တော်လှန်ရေးကိုလုပ်နိုင်တာပဲ မဟုတ်လား"

"အဲဒါကို ခြားနားပြီး နားမလည်၊ မတ်လ (၂၇)ရက်နေ့ တော်လှန်ရေးလုပ်မယ်ဆိုတဲ့အတိုင်းသာ ရန်ကုန်မှာ ဂျပန်တွေကို စတင်တိုက်ရင် ဂျပန်ကို ဘာမှ ဖြစ်ဖြစ်မြောက်မြောက်၊ ထိထိရောက်ရောက်၊ မိမိရရ လုပ်နိုင်တာမဟုတ်ဘူး။ ပတူအုံကို တုတ်နဲ့ဆွသလိုမျိုးသာဖြစ်မယ်၊ ဒီတော့ ရန်ကုန်ရှိဂျပန်တွေက သူတို့အနားမှာရှိတဲ့ ကျန်သေးတဲ့ အစိုးရဝန်ကြီးအဖွဲ့နဲ့တကွ ဖမ်းမိထားတဲ့ ဘီဒီအေရဲဘော်တွေနဲ့တကွ မြန်မာတွေအားလုံးကို သတ်ပစ်နိုင်တယ်၊ မြန်မာတွေရဲ့ အသက်အိုးအိမ်တွေ အများကြီး ထိခိုက်ဆုံးရှုံး ပျက်စီးသွားနိုင်တယ်၊

"အဲဒါကြောင့် ဗိုလ်ခင်ညိုကို "သူ့ဘာပဲလုပ်လုပ်၊ လုပ်ချင်ရင် ကျုပ်ကို အသိမပေးဘဲ မလုပ်ပါနဲ့" ဆိုပြီး ကျုပ်က ကြိုတင် အသိပေးထားရတယ်"။

သခင်မြနဲ့ ကျုပ်နဲ့ တိုင်ပင်ပြီး ဗိုလ်ခင်ညိုကို တာဝန်ပေးညွှန်ကြားရတယ်၊ ဗိုလ်ချုပ်အောင်ဆန်းနဲ့ တပ်မထွက်ခင်က ဗိုလ်ခင်ညိုက ဗိုလ်ချုပ်အောင်ဆန်းဆီသွားတွေ့တယ်၊ ရန်ကုန်ရှိတဲ့ တပ်တွေအတွက် ဘယ်လိုမှ မတက်နိုင်ဘူး၊ Pown (ပွန်း)တွေလို အစားခံ၊ ဓားစာခံတွေအဖြစ် ထားခဲ့ရမှာပဲလို့ ပြောခဲ့တယ်တဲ့လို့ ဗိုလ်ခင်ညိုက ပြောတယ်ဆိုတာ ဟုတ်မှာပါပဲလို့၊ ရန်ကုန်အတွက် ဘယ်လိုမှ အစီအစဉ် မလုပ်ခဲ့နိုင်တာ အမှန်ပဲ၊

"ကွန်မြူနစ်တွေနဲ့ တပ်မတော် တာဝန်ရှိပုဂ္ဂိုလ်တွေက နယ်ထွက်ကုန်ပြီး ဂျပန်နဲ့ လွတ်ရာကျွတ်ရာဖြစ်နေပြီ။ ဒါပေမယ့် ပြည်သူ့အရေးတော်ပုံ အဖွဲ့ဝင်တွေ၊ တပ်မတော်သားတွေနဲ့ ဒေါက်တာဗမော်၊ သခင်မြစတဲ့ အစိုးရဝန်ကြီးတွေဟာ အမှန်





တော့ ဓားစာခံများအဖြစ် ကျန်ခဲ့ကြတယ်"။ "အာရှိအီးတီ ဦးကျော်ငြိမ်းကိုတော့ ဘယ်လိုစည်းရုံးပြီး ထားခဲ့သလဲမသိဘူး။ ရန်ကုန်မှာ ကျန်ခဲ့တယ်"

"အဲဒါကြောင့်ပဲ ကျုပ်အနေနဲ့ ရန်ကုန်မှာ ဓားစာခံနေရတဲ့ လူတွေအားလုံးနဲ့ပဲ သေအတူ ရှင်အမျှနေမယ်။ လုပ်စရာရှိတာတွေကို သိုသိုသိပ်သိပ်ဖြစ်အောင်၊ ထိန်းထိန်းသိမ်းသိမ်းဖြစ်အောင် လုပ်ဖို့ဆိုတဲ့ ရည်ရွယ်ချက်ကြောင့် ပျဉ်းမနားကို လိုက်မသွားတော့ဘဲ ရန်ကုန်မှာနေလိုက်တာပါ။"

"ဗိုလ်ခင်ညိုအတွက် ကျုပ်တာဝန်ယူတယ်"

"ဗိုလ်ချုပ်အောင်ဆန်း တပ်မထွက်ခင်မှာ ဗိုလ်ခင်ညို ဗိုလ်ချုပ်ကို သွားတွေ့တယ်၊ ဗိုလ်ချုပ်က သူတို့အတွက် ဘာမှ အစီအစဉ်မပေးနိုင်တဲ့အကြောင်း၊ Pown သဘောထား၍ ဓားစာခံသဘောထားတဲ့အကြောင်း၊ ပြီးတော့ ညွှန်ကြားချက်လည်း ပေးမသွားခဲ့တဲ့အကြောင်းပဲ ပြောပြခဲ့တယ်"။

"ဒီတော့ ဗိုလ်ခင်ညိုကို သခင်မြနဲ့ ကျုပ် တိုင်ပင်ပြီး တာဝန်တွေပေးခဲ့တယ်။ ကျုပ်တို့ရဲ့ ညွှန်ကြားချက်အတိုင်း ဗိုလ်ခင်ညိုအနေနဲ့ လိုက်နာဆောင်ရွက်ခဲ့လို့ တစ်နေ့ ပြဿနာရှိခဲ့ရင် ကျုပ်တာဝန်ယူ ဖြေရှင်းပေးမယ်လို့ တာဝန်ယူခဲ့တယ်"

အရင်တုန်းကလည်း ကျုပ် တာဝန်ယူဖြေရှင်းခဲ့တယ်။ လွန်ခဲ့တဲ့ (၅)နှစ်လောက်ကလဲ ကျုပ်ကို ထောက်လှမ်းရေးကခေါ်ပြီး ဗိုလ်ခင်ညိုကိစ္စကို မေးခဲ့ပါတယ်။ ဗိုလ်မှူးချုပ်တင်ဦး (ကွယ်လွန်)တို့အဖွဲ့က ကျုပ်ကို ခေါ်မေးတာဖြစ်တယ်၊ အဲဒီမှာ ကျုပ်က ' ဟုတ်ပါတယ်၊ ကျုပ်တို့ရဲ့ ညွှန်ကြားချက်အတိုင်း ဗိုလ်ခင်ညိုက လိုက်နာဆောင်ရွက်ရတာပါ'လို့ တာဝန်ယူတဲ့စကားတွေကို တာဝန်ရှိရှိပြောခဲ့တယ်၊ အရင်ကလည်း တာဝန်ယူခဲ့တယ်။ နောက်လည်း တာဝန်ယူမှာပါပဲ၊

## ရန်ကုန်သိမ်းတုန်းက

စောစောက ကျုပ်ပြောသလို ရန်ကုန်သိမ်းဖို့ ကျုပ်တို့အစီအစဉ်တွေ လုပ်ခဲ့ပါတယ်။ ပထမနေ့ ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့က ရန်ကုန်သိမ်းလိုက်ပါတယ်။ ရန်ကုန်သိမ်းတဲ့ အခမ်းအနားစစ်ရေးပြပွဲကို တပ်မတော်က ဆင်နွှဲခဲ့တယ်၊ နောက်တစ်နေ့ အင်္ဂလိပ်တပ်တွေ ဝင်လာပြန်တယ်၊

ဒီတော့ ဗိုလ်ခင်ညိုရဲ့ ရဲဘော်နှစ်ယောက်သွားပြီး အင်္ဂလိပ်စစ်တပ်ကို သွားတွေ့တယ်၊ အင်္ဂလိပ်စစ်တပ်က ဗိုလ်ခင်ညိုတို့ကို ဖမ်းလိုက်တယ်။ ဗိုလ်ခင်ညိုကို အင်းစိန်ထောင်ထဲပို့ပြီး ကျန်ရဲဘော်နှစ်ယောက်ကိုတော့ အမြဲဖျောက်လိုက်တယ်။



www.burmeseclassic.com

 www.burmeseclassic.com 

"နောက် အာရုံအီးတီ ဦးကျော်ငြိမ်းလဲ သွားတွေ့တယ်။ သူ့ရဲ့ ခြောက်လုံးပြူးကိုသိမ်းပြီး လူကိုလဲ ရိုက်နှက်လွှတ်တယ်။"

"ဦးဗဒွေတို့ကို အရှင်ကတည်းက ဆင်းမလားအစိုးရက သေဒဏ်ပေးထားတဲ့အကြောင်း အိန္ဒိယရေဒီယိုကနေ ကြေညာဖူးပါတယ်။ အင်္ဂလိပ်တပ်တွေဝင်လာတော့ သူက အင်္ဂလိပ်တပ်နဲ့ သွားမတွေ့ရဲဘူး၊ ရန်ကုန်ကနေ တစ်နေရာကိုသွားပြီး တိမ်းရှောင်နေခဲ့တယ်။ ရန်ကုန်အခြေအနေကိုတော့ ခင်ဗျား ဗိုလ်ရန်နိုင်နဲ့လဲ သွားတွေ့ပါဦး၊ သူလည်း အများကြီးပြောနိုင်ပါလိမ့်မယ်၊ သူနဲ့လည်း ကျုပ်က ရင်းရင်းနှီးနှီးရှိပါတယ်"လို့ ဦးကျော်ငြိမ်းက အဖြစ်အပျက်တွေကို ပြောပြပါတယ်။ ကျွန်တော်က-

"ဟုတ်ကဲ့"

## ဆိုရှယ်လစ်ပါတီကို တည်ထောင်သူများ

"ဆိုရှယ်လစ်ပါတီကို ဦးဗဒွေနဲ့ ကျုပ်နဲ့ စတည်ထောင်တာဖြစ်တယ်၊ သခင်မြ- ဂျပန်နဲ့အတူ ရန်ကုန်ကဆုတ်သွားပြီး မုဒုံက ပြန်လှည့်ခဲ့တယ်၊ ရန်ကုန်ရောက်တော့ သူ့ကို ဆိုရှယ်လစ်ပါတီရဲ့ ဥက္ကဋ္ဌအဖြစ် ကျုပ်တို့တင်မြှောက်ခဲ့ပါတယ်"

အဲဒီနောက် ဦးကျော်ငြိမ်းက -

"ကဲ ဘာမေးချင်၊ သိချင်သေးသလဲ"

"ခုတော့ မရှိတော့ပါဘူး၊ ဒီလောက်ဆို မရှင်းတဲ့ပြဿနာတလေးတွေ အတော်အတန် ရှင်းသွားပါပြီ"

"ဒီလို စိတ်ရှည်လက်ရှည် ရှင်းပြတာကို အလွန်ပဲကျေးဇူးတင်ပါတယ်၊ သွားခွင့်ပြုပါဦး"လို့ ကျွန်တော်ကပြောပြီး သွားခွင့်တောင်းလိုက်တယ်။

သူက ဆက်ပြီး "နောက်လဲ အားရင်လာလည်ဦးပေါ့ဗျာ၊ ခင်ဗျားရဲ့ "မန္တလေး ၁၃၀၀ ရာပြည့်အရေးတော်ပုံမှသည် နယ်ချဲ့တော်လှန်ရေး"စာအုပ်လည်း ကျုပ်ဖတ်ပြီးပါပြီ၊ အတော်လေး ကောင်းပါတယ်၊ ပြည့်ပြည့်စုံစုံလည်း ရှိပါတယ်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ဦးကျော်ငြိမ်းခင်ဗျား၊ ကျွန်တော့်ကို သွားခွင့်ပြုပါဦး"အဲဒီလိုပြောဆိုပြီး သူ့အိမ်ကနေ ပြန်ထွက်လာခဲ့ပါတော့တယ်။

သူက သူ့အသက်ရှင်နေတုန်း သူပြောပြချက်တွေကို ဘယ်သူ့ကိုမှ မပြောပါနှင့်ဆိုလို့ စောင့်စည်းလိုက်နာထိန်းသိမ်းထားခဲ့ရပါတယ်။ အခုမှပဲ ဖြန့်ချိရပါတော့တယ်။

www.burmeseclassic.com

ဝင်းအိုးသိမ်း ကျော်ဝင်းအောင်

www.burmeseclassic.com

# နိဂုံး

အထက်ပါ လေယာဉ်ပျံပစ်အမြောက်ကြီးတပ် မည်ကဲ့သို့ ပေါ်ပေါက်လာသည်။ တပ်ရင်း၊ တပ်ခွဲ၊ တပ်စုများအကြောင်း၊ ရန်သူဆိုသူနှင့်ပေါင်းပြီး မဟာမိတ်ဆိုသူတွေနှင့် မတိုက်ချင်လည်း တိုက်နေရသည့်အဖြစ်၊ အခြားဘီဒီအေတပ်များ အနားယူနေရစဉ် တစ်နာရီ တစ်ရက်မှ မနားရပဲ အမြဲတန်းလို တိုက်ခိုက်နေရသည့် အကြောင်း၊ ဤသို့ တိုက်ခိုက်နေရသည့်အတွက် တပ်ကြပ်ကြီးစိန်မောင် အစရှိသည့် ရဲဘော်များကျဆုံးခြင်း၊ အချို့ရဲဘော်များ ဒဏ်ရာရခြင်းများအကြောင်း၊ မတ်လ (၂၇)ရက်နေ့တွင် အခြားတပ်များ လွယ်လွယ်ကူကူနှင့် တပ်ထွက်ကြပေမယ့် လေယာဉ်ပျံပစ်အမြောက်ကြီးတပ်အနေနှင့်မူ တပ်ပျောက်ရာတွင် မလွယ်ကူကြောင်း၊ အချို့နေရာများတွင် အေးဆေးစွာ တပ်ပျောက်သွားနိုင်ကြသော်လည်း၊ အချို့တပ်များမှာမူ ဂျပန်ကိုတိုက်ပြီး ထွက်ကြရကြောင်း၊ တပ်တွေပျောက်ကြသော အခါလည်း မည်သို့ မည်ပုံဆောင်ရွက်ကြရကြောင်း၊ ရန်ကုန်မြို့ လေယာဉ်ပျံပစ် အမြောက်တပ်က တပ်မပျောက်ကြရပဲ ဗိုလ်ချုပ်အောင်ဆန်း အမိန့်ရှိခဲ့သလို မားစား Pown အဖြစ် နေခဲ့ရခြင်း စသည့် စသည့်အကြောင်းစုံကို ဖော်ပြပြီးပါပြီ။

ဤသို့ ဖော်ပြခြင်းသည် လေယာဉ်ပျံပစ် အမြောက်ကြီးနှင့် ပတ်သက်၍ ပြီးပြည့်စုံမည်ဟုကား မဆိုလိုပါကြောင်း၊ လေယာဉ်ပျံပစ်အမြောက်ကြီးတပ်နှင့် တစေ့တစောင်းမျှကိုသာ ဖော်ပြခြင်းဖြစ်ပါကြောင်း။ သို့သော် ဘီဒီအေ လေယာဉ်ပျံပစ်



www.burmeseclassic.com

www.burmeseclassic.com



အမြောက်ကြီးအကြောင်း၏ ပန်းချီကားချပ်၏ ပုံကြမ်းကိုတော့ လောင်း၍ မြင်နိုင်အောင် ခင်းကျင်းပြလိုက်နိုင်သည်ဟု ဆိုပါစေလား၊ မျိုးဆက်သစ်များ အမြောက်ကြီးတပ်ရဲဘော်များ၏ တိုင်းပြည်ပေါ် မည်သို့မည်ပုံ ဆောင်ရွက်ခဲ့သလဲဆိုတာကို သိရှိပြီး ၎င်းတို့ကဲ့သို့ ဆက်လက်၍ တိုင်းပြည်အပေါ် တာဝန်ယူရန် အားသစ်လောင်းလိုက်နိုင်ခြင်းအတွက် ဤသို့ ရေးသားလိုက်ခြင်းပေါ် ဝမ်းသာကြည်နူးဖြစ်ရပါသည်၊

စာရေးသူတွင် ဤကျမ်းနှင့်ပတ်သက်ပြီး အထောက်အထားပြစရာ စာအုပ်စာတမ်းများရယ်လို့ အထူးမရှိပါကြောင်း။ သို့သော်လည်း (၁၉၆၇)ခု၊ အောက်တိုဘာလက ပုံနှိပ်ထုတ်ဝေခဲ့သည့် မိမိကိုယ်တိုင်ရေးသားခဲ့သော "ဝမ်းဘိုဝမ်းနှင့် မြန်မာ့မြေအောက်တော်လှန်ရေး" စာအုပ်ကိုသာ ကျမ်းကိုးအဖြစ် ဖော်ပြလိုက်နိုင်ပါသည်။

• • • •



www.burmeseclassic.com